
www.burmeseclassic.com

# တောင်တန်းပျောက်နှင့်မာယာရှင်




www.burmeseclassic.com

www.burmeseclassic.com

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

### လူမှုရေး ဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ဘိမာန်ကြာသိုက်

# တောင်တန်းပျော်

နှင့်

# မာယာရှင်

စဆုံးလုံးချင်း
အသစ်စက်စက်

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၁၉၃၀၅၀၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၇၉၇၀၅၀၇ |
| ပုံနှိပ်ခြင်း | - | (ပထမအကြိမ်) |
| ထုတ်ဝေသည့်လ | - | ၂၀၀၅-ခုနှစ်၊ စက်တင်ဘာလ၊ အောက်တိုဘာလ |
| တန်ဖိုး | - | ၁၀၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ |
| အတွင်း+အဖုံးပုံနှိပ်သူ | - | ဦးမောင်မောင်လေး (၀၇၀၅၁) စန္ဒာဝင်းပုံနှိပ်တိုက် ၂၀၉/ ၃၆လမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | - | ဦးနှင်းဆွေ (၀၉၇၃) ပန်းလက်ဆောင်စာပေ ၅၁၆(ခ)၊ ပုလဲ ၄-လမ်း၊ ၄၅-ရပ်ကွက်၊ မ/ဥက္ကလာပ ရန်ကုန်မြို့။ |


သစ်ပင်များ ယိမ်းထိုးနေသည်။ လေပြင်းမုန်တိုင်းကျသောကြောင့် တစ်တောတစ်တောင်လုံးမှာ တဝူးဝူးတဝေါဝေါဖြင့် ဆူညံနေလေသည်။

"ဝေါင်း"

ထိတ်လန့်ကာ ခုန်ထွက်သွားသော ကျားကြီးတစ်ကောင်ကို 'ရာဟု' တွေ့လိုက်ရသည်။ ရာဟု၏ လက်ကို ဦးထွန်းရက ခပ်ကျပ်ကျပ် ဆုပ်ကိုင်ထားသည်။ 'ရာဟု' မှာ စိတ်ကြမ်းကိုယ်ကြမ်းရှိသည်။ ဤတောကြီးထဲသို့ ထွက်ပြေးလာခဲ့ရသည်မှာ မျက်နှာဖြူလူမျိုးတို့၏ ကြေးစားစစ်သား ဂေါ်ရ[illegible]ကုလားနှစ်ယောက်ကို လည်ပင်းလိမ်ချိုးကာ သတ်ခဲ့သောကြောင့်ဖြစ်၏။

www.burmeseclassic.com



အချိန်ကာလမှာ အနှစ်နှစ်ဆယ်ခန့် ရှိပြီဖြစ် သည်။

အင်္ဂလိပ်တို့သည် အနယ်နယ်အရပ်ရပ်မှ ထကြွပုန်ကန်နေကြသော တိုင်းရင်းသားခေါင်းဆောင်တို့ကို ရက်ရက်စက်စက် သုတ်သင်သတ်ဖြတ်နေသော အချိန်ဖြစ်၏။

တကယ်တော့ ရာဟု၏ မိဘများမှာ မန္တလေးနန်းတွင်းမှ 'ကျီဝန်'ခေါ် ဝန်ကြီးအဆင့်ရှိသူများပင် ဖြစ်သည်။ မန္တလေးနန်းတော်ကြီးမှာ ၁၈၈၅–ခုနှစ်မတိုင်မီကတည်းက နန်းတွင်းရေးအခြေအနေ ရှုပ်ထွေးလာခဲ့ရာ တစ်ချိန်ချိန်တွင် ပြဿနာကြီးမားစွာဖြစ်နိုင်၍ မင်းတုန်းမင်းကြီး မြှောက်စားခြင်းခံရသော ကျီဝန်မှာလည်း နန်းတော်ထဲမှ တိတ်တဆိတ် ထွက်ခွာကာ မထင်မရှား နေရာများတွင် ပြောင်းရွှေ့နေထိုင်ရန် ဆုံးဖြတ်ထွက်ခွာသွားခဲ့သည်။

ထိုအချိန်မျိုးတွင် မြန်မာတစ်ပြည်လုံးမှာ စည်းလုံးညီညွတ်မှု မရှိတော့ဘဲ သူပုန်သူကန်များက ထကြွသောင်းကျန်းကြသည်။ အင်္ဂလိပ်အစိုးရက မကြာခင် စစ်တိုက်မည်ကို ကျီဝန်သည် သိ၏။

တိုက်လျှင်လည်း ကင်းဝန်မင်းကြီး ခန့်မှန်းသကဲ့သို့ပင် စစ်လက်နက်အင်အား မညီမျှ၍ မြန်မာများ ရှုံးနိမ့်ကာ တိုင်းပြည်ပျက်ပြားဖို့ ကျိန်းသေလေသည်။

အရှင်နှစ်ပါး၏ အသက်အန္တရာယ်ကို ကယ်ဆယ်လိုသေ... သည်း နန်းတွင်းမှ သွေးကွဲနေသော မှူးမတ်များက ကျီဝန်ကို သိပေါမင်းတရားအား ဖြုတ်ချမည့် ညောင်ရမ်းမင်းသား၏





သူလျှိုများနှင့် ပေါင်းသည်ဟုဆိုကာ သတင်းပေးကြ၍ အသက်အန္တရာယ်ကင်းရာ အရပ်သို့ အိမ်တော်ပါများနှင့် ထွက်ပြေးလာခဲ့ရသည်။

မန္တလေးမှ မထင်မရှားအသွင်ဖြင့် ထွက်၍ ကျီဝန် ဦးရွှေသာသည် မူးမြစ်ကြောင်းအတိုင်း လှေတစ်စီးငှား၍ ဆန်တက်လာခဲ့ရာ မြေဒူးမြို့သို့ ရောက်လေသည်။

ထိုအချိန်က ဦးရွှေသာတွင် သားသမီးမထွန်းကားသေးပေ။ မြေဒူးမြို့ကိုရောက်မှ တစ်ဦးတည်းသောသားဖြစ်သော ရာဟုကို မွေးဖွားသည်။ ရာဟု သည် မွေးကတည်းကပင် ကျန်းမာကြံ့ခိုင်သည်။

မြေဒူးမြို့၌ ဦးရွှေသာသည် သူ၏မိတ်ဆွေ အဝေးတပ်မင်း နန္ဒရဲကျော်နှင့် တွေ့ဆုံသည်။ နန္ဒရဲကျော်မှာလည်း အာသံမဏိပူရဖက်မှ အင်္ဂလိပ်တို့၏ တပ်များ ကျူးကျော်မလာစေရန် စောင့်စား ကာကွယ်နေရသော တပ်မှူးဖြစ်သည်။

သို့သော် အင်္ဂလိပ်တို့၏ လက်ပါးစေ ဂေါ်ရာစစ်သားတို့က မဏိပူရနယ်စပ်မှ မြန်မာပိုင်နယ်ဘက်သို့ ကျူးကျော်စပြုလာသော်လည်း မန္တလေးနေပြည်တော်မှ မည်သို့မျှ အဆက်အသွယ် အကူအပံ့ မပေးသောကြောင့် တိုက်ရင်းခိုက်ရင်း အကျအဆုံးများစွာဖြင့် ဆုတ်ခွာကာ ချင်းတွင်းမြစ်ကိုကူး၍ တပ်ဖျောက်နေရရှာသူ ဖြစ်လေသည်။

မန္တလေးနေပြည်တော်၏ အခြေအနေကို ကျီဝန်ဦးရွှေသာက ရှင်းပြသောအခါတွင်မူ နန္ဒရဲကျော်မှာ ပို၍စိတ်ဓာတ်



www.burmeseclassic.com

www.burmeseclassic.com



ကျဆင်းသွားလေတော့သည်။

"ဒီအတိုင်းဆိုရင် မဖြစ်ဘူး ဦးရွှေသာ၊ ကျုပ်တို့နိုင်ငံဟာ သိုးဆောင်းလူမျိုးတွေနဲ့ ကုလားတွေရဲ့ ဝါးမျိုမှုကို တဖြည်းဖြည်း ခံရလိမ့်မယ်။ ကျုပ်တို့ တတ်နိုင်သမျှ အာသံမဏိပူရနယ်စပ်မှာ တပ်ဖျောက်ပြီး ကျူးကျော်လာတဲ့ ဂေါ်ရာစစ်သားတွေကို ရှင်းပစ်မှ ဖြစ်မယ်"

မျိုးချစ်စိတ်ဓာတ်ရှိသော တပ်မှူးပိပိ ထိုကဲ့သို့ ဦးရွှေသာနှင့် တိုင်ပင်ကာ ချင်းတွင်းမြစ်ကို ကူး၍ တွေ့သမျှ ဂေါ်ရာစစ်သားများကို တိတ်တဆိတ် သုတ်သင်လုပ်ကြံခဲ့ကြလေသည်။ နန္ဒရဲကျော်မှာ တိုက်ရည်ခိုက်ရည်နှင့် ဓားသိုင်းပညာ ကိုယ်ခံပညာတွင် သူမတူအောင် ကျွမ်းကျင်သူဖြစ်ရာ ဦးရွှေသာ၏ သားရာဟုကိုလည်း သင်ကြားပေးခဲ့လေသည်။

မြန်မာ့ထီးနန်း ပျက်သုဉ်းကာ အင်္ဂလိပ်တို့က မြန်မာတစ်ပြည်လုံးအား သိမ်းပိုက်လိုက်ကြောင်း သိသောအခါတွင် နက်လှစွာသော တောတောင်ထဲတွင် စခန်းချလျက် နန္ဒရဲကျော်နှင့် ဦးရွှေသာတို့ နောက်လိုက်နောက်ပါများနှင့်အတူ လျှို့ဝှက်နေထိုင်ခဲ့ကြလေတော့၏။

ဤသို့ဖြင့် ရာဟုမှာလည်း တဖြည်းဖြည်း အရွယ်ရောက်ရှိလာခဲ့ရာ အင်္ဂလိပ်တို့သည်လည်း တွေ့သမျှ ဆန့်ကျင်သူတို့ကို လက်နက်အင်အားဖြင့် လိုက်လံနှိမ်နင်းလျက် ပုန်ကန်သူများကို ရက်စက်စွာ သုတ်သင်ရှင်းလင်းနေကြလေသည်။





ရာဟုမှာ လူကောင်လည်း ထွားကျိုင်းပြီး ခွန်အားဗလကြီးမားကာ ကုလားစစ်သားများကို အလွန်မုန်းတီးသော လူတစ်ဦး ဖြစ်လာခဲ့သည်။ သူတို့သည် တောအုပ်ထဲမှ ချင်းတွင်းမြစ်ကို ကူးလျက် မြေဒူးဈေးတွင် စားစရာသောက်စရာများသွားရောက် ဝယ်ယူကြရသည်။

ဦးရွှေသာမှာ နေပြည်တော်မှပါလာသော ဒေါင်းဒင်္ဂါးကျပ်စေ့နှင့် မူးစေ့များကို သတိထား၍ သုံးနေရ၏။ ဒေါင်းဒင်္ဂါးတစ်ပြား၏တန်ဖိုးမှာ မသေးလှပါ၊ ခဝသာလီဒင်္ဂါ ရှီလင်ဒင်္ဂါးတို့ထက် တန်ဖိုးမြင့်၏ တစ်ပြားသုံးလျှင် သူတို့လူစုအတွက် ဆန်၊ ဆီ၊ ငါးခြောက်၊ ဆတ်သား ချေသားခြောက်များ တစ်လစာလောက် ရတတ်သည်။

ဒီကြားထဲတွင် တောလိုက်ဝါသနာပါသော ရာဟုနှင့် သူငယ်ချင်းကတည်းက ထိန်းလာသော ဦးထွန်းရတို့က မဏိပူရရှိ တောတောင်များကြားသို့ သွားရောက်ကာ ချေ၊ ဒရယ်နှင့်ဆိတ်များကို ပစ်ခတ်လေ့ရှိရာ စားနပ်ရိက္ခာအတွက် မပူရမပင်ရအောင်ပင် ရှိလေသည်။ ရာဟု ပြဿနာပေါ်သည့် နေ့သည်ကား မြေဒူးဈေးသို့ သွားသောနေ့ပင် ဖြစ်သည်။

ဒေါင်းဒင်္ဂါးတစ်ပြားကို သူဌေးတို့လဲနေကျ မြေဒူးများမှ 'ချာပရာစီ' ကုလားဆိုင်တွင် သွားရောက် လဲလှယ်ရာ ထိုဆိုင်ထဲတွင် ဂေါ်ရာစစ်သားနှစ်ဦး သေနတ်လွယ်လျက် ရပ်စောင့်နေသည်ကို တွေ့ရသည်။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"ရာဟု . . လာ ဟိုမှာ ကုလားစစ်သားတွေ ရှိတယ်"

ဦးထွန်းရက သတိပေးပါသေးသည်။

သို့သော် နောက်ကျသွားပြီ၊ ကုန်စုံဆိုင်ရှင် ချာပရာစီ ကုလားကို ထုတ်ပြသော ဒေါင်းဒင်္ဂါးကျပ်ပြားကို ဂေါ်ရာစစ်သားနှစ်ဦးက မြင်သွားသည်။

"ဟေ့ . . ရပ်စမ်း"

လှည့်ထွက်လာသည့် ရာဟုကို ရပ်ခိုင်းလိုက်သည်။ ရာဟုက ဆိုင်ရှေ့တွင် ရပ်လိုက်၏။ ထိုဈေးထဲမှ ဂေါ်ရာစစ်သားများသည် ပုန်ကန်နေသော မြန်မာတို့ကို ရှာဖွေရန် ရောက်နေခဲ့ခြင်းဖြစ်ရာ ရာဟုကို မသင်္ကာဖြစ်သွားလေသည်။

"မင်း ဒါကို ဘယ်ကရသလဲ"

အရပ်ရှည်ရှည် ဂေါ်ရာစစ်သားက ရာဟုကို မာကျောစွာ မေးသည်။

သူ့ပခုံးကွင် လွယ်ထားသော သေနတ်ကို ဖြုတ် လိုက်သည်။

"ဒါ . . ကျုပ်တို့ငွေပါဗျာ၊ ကျုပ်တို့အရောင်းအဝယ် လုပ်ပြီးရလာတာပါ"

ဦးထွန်းရက ကုလားကို ရှင်းပြသည်။

ဂေါ်ရာစစ်သားနှစ်ဦးက ခေါင်းခါလိုက်လေသည်။ သဘောမှာ မဖြစ်နိုင်ဘူးဟူသော သဘောပင် ဖြစ်လေသည်။

"ပေး"



ဂေါ်ရာစစ်သားတစ်ဦးက လက်ဖြန့်ကာ တောင်းသည်။ ရာဟုက လက်မြန်ခြေမြန်ဖြင့် ထိုကုလား၏လက်ကို ဆောင့်ဆွဲယူလိုက်ကာ သူ့မျက်နှာနား ရောက်လာသော ကုလား၏ ခေါင်းကို လက်ဖျံနှစ်ဖက်ဖြင့် ညှပ်ကာ လိမ်ချိုးပစ်လိုက်သည်။

ဖျတ်ခနဲ အသံမြည်ကာ ဂေါ်ရာစစ်သားမှာ ခွေကျသွားလေသည်။ သေနတ်ကို ဖြုတ်ကာ ချိန်ရွယ်နေသော ဂေါ်ရာစစ်သားတစ်ဦးအား ဦးထွန်းရက ခုန်အုပ်ကာ သေနတ်ကျည် ထည့်၍ ပစ်မရအောင် ပွေးလိုက်သည်။ နှစ်ဦးလုံးမြေပြင်ပေါ်တွင် လုံးထွေးနေကြသည်။

ဂေါ်ရာစစ်သားက ပို၍ သန်သောကြောင့် ဦးထွန်းရ၏ ကိုယ်ပေါ်မှ ခွကာ သေနတ်နှင့် လည်ပင်းကို ဖိကာ သတ်နိုင်အောင် ကြိုးစားနေသည်။ ရာဟုမှာ လွှားခနဲ ရောက်ရှိသွားကာ အပေါ်စီးမှ ဖိနေသော ဂေါ်ရာစစ်သားကိုခွလျက် သူ၏ လက်ဖျံနှစ်ဖက်ဖြင့် ညှပ်ကာ ပထမဂေါ်ရာစစ်သားကဲ့သို့ပင် ဇက်ကိုလိမ်ချိုးကာ သတ်လေသည်။

"အား"

ရာဟု၏ သန်မာလှသော လက်များဖြင့် ဂေါ်ရာစစ်သားနှစ်ဦးအား ဇက်ကျိုးအောင် လိမ်ချိုးသတ်လိုက်သည်ကို တွေ့သောအခါ ဆိုင်ရှင်နှင့်အနီးမှ လူများသည် ကြောက်လန့်စွာ ထွက်ပြေးသွားကြသည်။

"ဦးလေး . . သူ့ဆီက ကျည်ကပ်နဲ့ သေနတ်ဖြုတ်ယူလေ၊ ဒီက မြန်မြန်သွားကြမှ ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . အေး ပြဿနာတော့ပေါ်ပြီ ရာဟုရေ"

မြေဒွေးဈေးထိပ်တွင် ဂေါ်ရာစစ်တပ် ရှိသည်။ အစောင့်ချထားခြင်းဖြစ်၍ လူသိပ်မများလှ။ တပ်စိတ်တစ်စိတ်လောက်တော့ ရှိနိုင်သည်။ သူတို့ သိသွားလျှင် မလွယ်။

ထို့ကြောင့် ဈေးကို ဖောက်ထွက်ကာ တောထဲမှ ဖြတ်၍ ချင်းတွင်းမြစ်ဆိပ်သို့ ရာဟုနှင့် ဦးထွန်းရတို့ အပြေးသွားကြလေသည်။

မြစ်ကမ်းစပ်တွင် သူတို့ငှားလာခဲ့သော လှေရှိသည်။ ဦးထွန်းရရော ရာဟုပါ ဂေါ်ရာစစ်သားတို့ကိုင်သော သေနတ်ကို ကျည်ထည့်၍ ကောင်းစွာ ပစ်တတ်ကြသည်။ ဦးရွှေသာနှင့်နန္ဒရဲကျော်တို့က ထိုကဲ့သို့ပင် ဂေါ်ရာစစ်သားများကို တိတ်တဆိတ်လုပ်ကြံကာ ရရှိထားသော ရိုင်ဖယ်သေနတ်များဖြင့် ရာဟုနှင့် နောက်လိုက်နောက်ပါများအားလုံးကို လေ့ကျင့်ပေးထားသောကြောင့် ဖြစ်လေသည်။

သူတို့လှေပေါ်သို့ ရောက်သောအခါတွင် တောအုပ်ထဲမှ သေနတ်သံများ ပေါ်လာသည်။

"ဒိုင်း"

"ဒိုင်း"

သူတို့ရှိမည်ထင်ရာတို့ကို ပစ်ခတ်ကာ မြစ်ဆိပ်ဘက်သို့ ဂေါ်ရာစစ်သားများ လိုက်လာခဲ့ခြင်းပင် ဖြစ်လေသည်။

သူတို့လှေ ကမ်းနှင့်အတော်ဝေးသောအခါ ကမ်းစပ်မှ ဂေါ်ရာစစ်သားများက သေနတ်များဖြင့် ချိန်ရွယ်ကာ ပစ်ခတ်ကြလေသည်။



ရာဟုနှင့် ဦးထွန်းရတို့ကလည်း လှေပေါ်မှ ပြန်လည်ပစ်ခတ်သည်။ လှေသည် ကမ်းနှင့် ဝေးသွားသောကြောင့် ကမ်းစပ်ပေါ်မှ တန်းစီကာ ရပ်နေသော ဂေါ်ရာစစ်သားများကို မြင်တွေ့ရလေသည်။

သူတို့လူနှစ်ယောက် စီးလာသော လှေသည် ချင်းတွင်းမြစ်အထက်သို့ ဆန်တက်လာခဲ့၏။

"ဦးလေး"

"ဟေ"

"ကျုပ်တို့နေတဲ့ စခန်းကို ပြန်သွားလို့ မရဘူး၊ သူတို့ခြေရာခံပြီး လိုက်လာလိမ့်မယ်။ ကျုပ်တို့အုပ်စုကို ခြေမှုန်းချင်လို့ ရှာနေတာကြာပြီ"

"ဟုတ်တယ်ကွ ရာဟု၊ ဆရာကြီးဦးရွှေသာနဲ့ တပ်မှူးကြီးတို့ကလည်း ကျန်းမာရေးသိပ်ကောင်းတာ မဟုတ်ဘူး"

"ဒါကြောင့် ချင်းတွင်းမြစ်အထက်ကို ဆန်နိုင်သမျှ ဆန်တာ အကောင်းဆုံးပဲ",

ဂေါ်ရာစစ်သားများမှာ မကြာမီ သူတို့လူတစ်ယောက်လှော်ခတ်လာသော ဝါးဖောင်တစ်စီးပေါ်သို့ ခုန်ချနေကြသည်ကို လှည့်ကြည့်သော ရာဟုက တွေ့ရှိရလေသည်။

"ရာဟုရေ လိုက်လာကြပြီကွ၊ သူတို့ဖောင်က လူအားနဲ့ လှော်တော့ မြန်တယ် တို့ကို မီလာနိုင်တယ်"

"ရပါတယ်ဗျာ . . ကျုပ်တို့ ဟိုရှေ့ကျရင် တစ်ဖက်ကမ်းကပ်ပြီး တောထဲဝင်ကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ အကောင်းဆုံးပဲ"

သူတို့နောက်သို့ လိုက်လာသည်မှာ ဂေါ်ရာစစ်သား (၈) ယောက်ခန့် ရှိသည်။ ဝါးဖောင်ကို ကြိုးစားကာ လှော်လာနေကြ၍ တဖြည်းဖြည်း နီးလာသည်။

ယခုဆိုလျှင် ချင်းတွင်းမြစ်ဖျားသို့ နီးလာကာ တစ်ဖက်ကမ်းရှိ ထူထပ်သော တောအုပ်ကြီးမှာ မြန်မာ့ပိုင်နက်နှင့် မဏိပူရတို့ ရောနေသော တောအုပ်ကြီးပင် ဖြစ်သည်။

ထိုတောအုပ်ကြီးထဲသို့ ဦးထွန်းရရော ရာဟုပါ တစ်ကြိမ်မှ မရောက်ရှိဖူးပေ။ သူတို့စခန်းချသော နေရာနှင့်ကား အတော်ပင်ဝေးကွာလာပြီ ဖြစ်ရာ သူ့အဖေနှင့်သူ့အဘ နန္ဒရဲကျော်တို့အတွက် ပူစရာမရှိတော့၍ ရာဟုမှာ ကမ်းသို့ကပ်လိုက်လေသည်။

ထို့နောက် ဦးထွန်းရနှင့် ရာဟုတို့သည် ကမ်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်ကြလေတော့သည်။ ကမ်းပေါ်ရှိ သစ်ပင်အကွယ်မှ စောင့်ဆိုင်းချိန်ရွယ်ကာ ဦးထွန်းရနှင့် ရာဟုတို့က ကမ်းကပ်ရန် ကြိုးစားနေသည့် ဂေါ်ရာစစ်သားများရှိရာ ဖောင်သို့ ချိန်ရွယ်ကာ ပစ်ခတ်လိုက်သည်။

"ဒိုင်း" "ဒိုင်း"

ကျယ်လောင်သော သေနတ်သံနှင့် ဂေါ်ရာစစ်သားနှစ်ဦး ရေထဲသို့ ဝုန်းခနဲ ဝုန်းခနဲ ပြုတ်ကျသွားလေတော့၏။ ဖောင်ကို ကမ်းသို့ မကပ်ရဲဘဲ နောက်သို့ပြန်ဆုတ်နေသည်။

× × × × × ×



ကမ်းပေါ်မှ နေရာကောင်း ရထားသော ရာဟုနှင့် ဦးထွန်းရတို့က အခြေအနေကို စောင့်ကြည့်နေကြသည်။ ကျည်ဆန်ကိုလည်း သိပ်မသုံးရဲပေ။ ကျည်ဆန်ကုန်သွားလျှင် ရန်သူက တောနင်းလိုက်လာပါက မကာကွယ်နိုင် ဖြစ်ပေလိမ့်မည်။

"ရာဟု တော်ပြီ၊ တို့က အရင် တောအုပ်ရဲ့အခြေအနေကို သိထားမှ ဖြစ်မယ်"

"ဟုတ်တယ် ဦးလေး၊ သူတို့ ခြောက်ယောက်တောင် ကျန်သေးတယ်၊ ဝေးလည်းဝေးနေတယ်၊ သူတို့ကလည်း ကျုပ်တို့ကျည်ဆန်ကုန်အောင် မျှားနေမှာပ်"

ဦးထွန်းရနှင့်အတူ ရာဟုသည် တောထဲသို့ ပြေးဝင်လာခဲ့သည်။ တောမှာ ထူထပ်သိပ်သည်းလှသည်။ သစ်ပင်များမှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း သူ့သဘာဝနှင့်သူ ပင်ချင်းယှက်ကာ ပေါက်နေကြရာ ရှုပ်ထွေးလှသော တောများကြားတွင် ရှေ့သို့ခရီးပေါက်အောင် အတော်သွားနေရလေသည်။

မကြာမီပင် ချုံနွယ်များပါးကာ သစ်ပင်ကြီးများအောက်မှ မြက်ခင်းပြင်သို့ ရောက်လာသည်။ မြက်ခင်းမှာ လူ၏ခြေသလုံးလောက်ရှိသော်လည်း ချုံနွယ်များနည်းပါးသောကြောင့် သွားရလာရသည်မှာ ခရီးတွင်လာသည်။

အမှန်တော့ သူတို့နှစ်ဦးသည် မည်သည့်နေရာသို့ သွားနေမှန်းပင် မသိပေ။ အရှေ့အနောက် တောင်မြောက်ကိုပင် ခန့်မှန်း၍ မရနိုင်လောက်အောင် မြင့်မားလှသည့် သစ်ပင်ကြီးများက ကိုင်းချင်းယှက်၍ နေမထိုးအောင် အုပ်မိုးထားကြသည်။

"ဖြီး"

"အမယ်လေး"

သစ်ပင်ပေါ်မှ အမြီးချိတ်ကာ ရုတ်တရက် စောက်ထိုးဆင်းလာသော မြွေကြီးကြောင့် ဦးထွန်းရ ထိတ်လန့်စွာ အော်လိုက်သည်။

မြွေကြီးက အမြီးနှင့်ချိတ်ကာ သူ့ကိုယ်ကို လွဲကာ ရန်သူကို တိုက်ခိုက်ဖို့ ပြင်ဆင်နေသည်။ အမြီးကို ဖြုတ်၍ ခုန်ချကာ ပေါက်လိုက်လျှင် အဆိပ်ပြင်းသော မြွေကြီး၏ ပေါက်ချက်ဖြင့် အသက်ကုန်ရမည်မှာ သေချာသလောက် ရှိနေပေသည်

အသင့်ကျည်ထည့်ထားသော သေနတ်ဖြင့် ချိန်ရွယ်ကာ ရာဟုက မြွေကြီး၏ခေါင်းကို ပစ်ချလိုက်သည်။



"ဒိုင်း"

"ဘုန်း"

သစ်ပင်ပေါ်မှ တွဲလောင်းဆွဲနေသော မြွေကြီးမှာ မြက်ခင်းပေါ်သို့ ပြုတ်ကျသွား၏။

သေနတ်သံက ကျယ်လောင်စွာ တစ်တောလုံး ဟိန်းထွက်သွားသည်။ ထိုသေနတ်သံသည် သူတို့ရောက်ရှိနေသောနေရာကို နောက်မှလိုက်ပါလာသော ရန်သူအား အချက်ပေးလိုက်သကဲ့သို့ ဖြစ်သွားလေတော့သည်။

သူတို့နှစ်ဦးမှာ တောင်သုံးလုံးကြားမှ တောအုပ်ထဲသို့ ရောက်ရှိနေခြင်း ဖြစ်ကြောင်း လွင်ပြင်သို့ ရောက်လာသောအခါ သိရှိသွားကြသည်။ မကြာမီ သေနတ်သံနှစ်ချက်တိတိ ထွက်ပေါ်လာလေသည်။

"ဒိုင်း"

"ဒိုင်း"

"ဟင်"

ကျည်ဆန်များက ရာဟုနှင့် ဦးထွန်းရတို့ ခေါင်းအနီးမှ ထွက်ကာ 'ဝီး'ခနဲ မြည်ကာ ထွက်ခွာသွားသည်။ သူတို့နောက်မှ ခြေရာခံလိုက်လာသော ရန်သူသည် တောင်ပူစာတစ်ခုပေါ်မှ ချိန်ရွယ်ကာ ပစ်လိုက်ခြင်း ဖြစ်၏။

"ရာဟုရေ . . သူတို့က အပေါ်စီးက ရထားတယ်၊ ဒီနေရာမှာ ဆက်နေရင် တို့မလွယ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . .ဟိုဘက်တောင်ကြောပေါ်ကို ရောက်အောင်သွားရမယ်"

ရာဟုက သူတို့ရှေ့တည့်တည့်မှ တောင်ကြောကြီးတစ်ခု ရှိရာသို့ လက်ညှိုးထိုးကာ ပြောလိုက်လေသည်။ သစ်ပင်များကို ကာကွယ်ပုန်းလျှိုးကာ တောင်ကြောရှိရာသို့ နှစ်ဦးသား ပြေးလာခဲ့ကြလေသည်။

"ဒိုင်း"

"ဒိုင်း"

သူတို့နောက်မှ ရန်သူကလည်း အဆက်မပြတ် ချိန်ရွယ်ကာ ပစ်ခတ်ရင်း လိုက်ပါလာသည်။ သို့သော် တောင်ပူစာအပေါ်မှ ဆင်းသက်လာသော ရန်သူများမှာ တောအုပ်ထဲဝင်၍ သစ်ပင်ထူထပ်နေသောကြောင့် လူလုံးသဲကွဲစွာ မမြင်ရသောကြောင့် ရမ်းရော်၍ ပစ်နေခြင်းသာ ဖြစ်လေသည်။

ရာဟုတို့မှာ ကျည်ဆန်ကို ချွေတာသုံးစွဲနေရသောကြောင့် ပြန်လှည့်၍ မပစ်အားတော့ပေ။

ထိုအခိုက်မှာပင် မြက်ခင်းအောက်တွင် သွယ်တန်းထားသောကြိုးတန်းကို ဦးထွန်းရသည် ခလုတ်ဝင်တိုက်မိလိုက်လေသည်။

"ဒုတ်"

"အိုး"

'ရာဟု'က အတွေ့အကြုံရှိသူပီပီ အပေါ်သို့ မော့ကြည့်လိုက်ရာ မှောက်လျက် ကျင်းထဲသို့ ကျသွားသော ဦးထွန်းရ





ပေါ်သို့ သစ်ချွန်များ စိုက်ထားသော ထောင်ချောက်အိမ်ကြီးကြီးဖြင့် လျှောကာပြုတ်ကျလာသည်ကို တွေ့ရသည်။

သစ်လုံး လှေ့လက်ကောက်ဝတ်လောက်များကို ချွန်ကာ သစ်သားလုံးလေးထောင့် ကွက်စိပ်များတွင် တပ်ဆင်ထားခြင်းဖြစ်သည်။

ခြောက်ပေပတ်လည်ကျင်းနှင့် ထိုအချွန်များပါသောကြိုးတပ်ထောင်ချောက်ကြီးမှာ တတိုင်းတည်းဖြစ်ရာ တည့်တည့်ပြုတ်ကျလာသည်ကို ဦးထွန်းရမှာ ဘာမျှမတတ်နိုင်ဘဲ တွင်းထဲမှ မျက်လုံးပြူးကာ မော့ကြည့်နေသည်။

ဒီအတိုင်းသာ ပြုတ်၍ တည့်တည့်ကျလျှင် ဦးထွန်းရမှာ မြင်မကောင်းအောင် သစ်ချွန်များစိုက်ကာ အသက်ဆုံးရှုံးသွားပေလိမ့်မည်။

ရာဟုသည် အပေါ်မှ ပြုတ်၍ကျလာသော သစ်ချွန်ချပ်ကြီးကို ကျင်းပေါ်မှ ခုန်ကာ လက်နှစ်ဖက်ဖြင့် ဘေးတိုက်တွန်းချလိုက်တော့၏။

"ဝုန်း"

"အမယ်လေး"

ဦးထွန်းရက ထိတ်လန့်စွာ အော်ဟစ်လိုက်၏။ အချိန်ကိုက်ခုန်ကာ သူ၏အားနှင့် စွန့်စားဆောင်တွန်းလိုက်သောကြောင့် သစ်ချွန်တပ်ထောင်ချောက်ကြီးမှာ ကျင်းပေါ်မှလွဲကာ ဘေးနှုတ်ခမ်းတစ်ထွာကျော်ကျော်တွင် ကျသွားလေတော့သည်။ ကျင်းထဲမှ ဦးထွန်းရမှာ အံ့အားသင့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ရာဟုက ဦးထွန်းရကိုယ်ပေါ်သို့ မှောက်လျက်ကျလာလေသည်။ ရာဟုသည် လက်ထောက်၍ ထကာ ဦးထွန်းရကို ဆွဲထူလိုက်သည်။ သူ၏လက်များမှာ ကျင်းနူတ်ခမ်းနှင့်ထိ၍ ပွန်းပဲ့ကာ သွေးများယိုစီးကျလာလေသည်။

"ရာဟု ငါတော့ ဒီတစ်ခါသေပြီလို့ အောက်မေ့တာ မင်းကယ်ပေလို့ပဲ"

"ကျုပ်လည်း တထိတ်ထိတ်နဲ့ ဖြစ်လိုဖြစ်ငြား စွန့်စားကြည့်ရတာ ကျုပ်လက်တွေတောင် ပွန်းသွားတယ်"

"သွေးတွေ ထွက်နေတယ် ရာဟု၊ သွေးတိတ်အောင် ရှားရွက်နဲ့ကပ်မှ ဖြစ်မယ်"

သူတို့သည် တောထဲတောင်ထဲသို့ သွားနေကြသူ ဖြစ်၍ တောထဲမှ ဆေးရွက်ပင်နှင့် အဆိပ်ပင်များကို သိရှိကျွမ်းကျင်နေကြသည်။

ကျင်းထဲမှ သူတို့ထွက်ခဲ့ကြသည့် အချိန်တွင် ကြောက်မက်ဖွယ်ရာ ကောင်းလှသော မြင်ကွင်းတစ်ရပ်ကို တွေ့မြင်လိုက်ရလေသည်။ ထိုမြင်ကွင်းမှာ သေနတ်များကိုင်ကာ သူတို့အား လိုက်လံရှာဖွေနေသော ဂေါ်ရာစစ်သားနှစ်ဦးကို ဝံပုလွေများက တွေ့မြင်ကာ ခုန်အုပ်ကိုက်ခဲလိုက်ခြင်းပင် ဖြစ်လေသည်။

"ဂူး"

"အား . . အား"



စုစုပေါင်း ဝံပုလွေရှလေးကောင်တိတိ ရှိသည်။ ဝံပုလွေများမှာ ကြီးမားလှ၍ လျင်မြန်လှသည်။ သူတို့သည် အသားစားသတ္တဝါဖြစ်သောကြောင့် ဤတောထဲသို့ မျက်စိလည်လာသော သတ္တဝါများကို စားနေကြဖြစ်ပုံရသည်။

ရုတ်တရက် ခုန်အုပ်လိုက်သော ဝံပုလွေကြီးနှစ်ကောင်ကြောင့် ဂေါ်ရာစစ်သားနှစ်ဦးလုံး ပက်လက်လန်လဲကျသွားသည်။ ထိုအခါ ကျန်နှစ်ကောင်က ရောက်ရှိလာပြီး လည်ပင်းနှင့် ဝမ်းဗိုက်များကို ကိုက်ဖောက်စားနေကြသည်မှာ မကြည့်ရက်စရာပင် ဖြစ်သည်။

ရာဟုက သူ၏သေနတ်နှင့် ချိန်ရွယ်လိုက်သည်။

"မပစ်နဲ့ရာဟု ထိရင်တောင် တစ်ကောင်ပဲ သေမှာ၊ ကျန်တဲ့ကောင်တွေက ရန်မူတိုက်ခိုက်တာတို့ ခံနိုင်မှာ မဟုတ်ဘူး၊ ပြီးတော့ ဝံပုလွေတွေ နောက်ထပ်မရှိဘူးလို့ မပြောနိုင်ဘူး"

ထိုစဉ်မှာပင် သူတို့၏နောက် ဘက်မှ အော်ဟစ်သံ၊ ကိုက်ခဲသံများကို ကြားလိုက်ရပြန်လေသည်။

"ဂူး"

"အား"

"အမယ်လေး"

ဝံပုလွေတစ်အုပ်က လူများအနံ့ကို ရရှိကာ လိုက်လံရှာဖွေ၍ ကိုက်သတ်နေခြင်း ဖြစ်သည်။ ဤအတိုင်းဆိုလျှင် ဦးထွန်းရနှင့် ရာဟုတို့သည်လည်း ဝံပုလွေများ ကိုက်သတ်သည့်ဘေးမှ လွတ်မြောက်တော့မည် မဟုတ်ပေ။

www.burmeseclassic.com



"ဦးလေး"

"ဟေ"

"ဘယ်လိုလုပ်မလဲ"

ကျင်းထဲတွင် ဆင်းကာ နှစ်ဦးသား ဝပ်နေကြရင်းမှ မေးသည်။

"ဘယ်တတ်နိုင်မလဲ ရာဟု၊ တို့က ဒီနေ့ သေနေ့စေ့တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

"မဦးမချွတ်ဗျာ ကျုပ်စိတ်ထဲမှာတော့ ဒီတောထဲကို ရောက်လာတာ သိပ်ပျော်တာပဲ၊ ခု ကျုပ်တို့ ရန်သူတွေကို ဝံပုလွေတွေက ကိုက်သတ်လိုက်ပြီ၊ ဟား . . ဟား . . ဟား"

ရာဟုက အရူးတစ်ယောက်ကဲ့သို့ ရယ်မောလိုက်လေသည်။ သူ၏ရယ်မောသံကြောင့် ဝံပုလွေများက ခေါင်းထောင်ကာ ကြည့်ရှုလိုက်ကြသည်။ ရာဟုနှင့် ဦးထွန်းရတို့က အပေါ်မှ ပြုတ်ကျလာသည့် သစ်သားချွန်များ ပါသည့်ထောင်ချောက်ကို ပက်လက်လှန်ကာ သူတို့ပုန်းနေသည့် ကျင်းပေါ်သို့ ဖုံးထားလိုက်သည်။

ကျင်းနှင့်ထောင်ချောက်များမှာ အံကိုက်ပြုလုပ်ထား၍ ပြောင်းပြန်လှန်လိုက်သောအခါ တန်းများက ကျင်းအပေါ်နှုတ်ခမ်းတွင်တင်ကာ သစ်သားချွန်များက အပေါ်သို့ ထောင်နေကြလေသည်။

ဝံပုလွေများသည် ဂေါ်ရာစစ်သားခြောက်ယောက်လုံးကို ကိုက်သတ်လိုက်ကြပြီးနောက် ရာဟုတို့ရှိရာသို့ အနံ့ခံကာ





ပြေးလာကြသည်။ ခြောက်ပေပတ်လည် ကျင်းထဲတွင် လူနှစ်ယောက် ရှိနေသည်ကို တွေ့ရသောကြောင့် ဝံပုလွေများသည် နီရဲသောမျက်လုံးများဖြင့် ကိုက်သတ်ရန် ငုံ့ကြည့်နေကြသည်။

စုစုပေါင်းဝံပုလွေ ခုနစ်ကောင်တိတိ ရှိသည်။

"ဝူး"

"ဝူး . . ဝူး . . ဝူး"

ဝံပုလွေများသည် ကျင်းနှင့်အတိဖြစ်ကာ ဆူးချွန်များထောင်နေသည့် သစ်လုံးကတ်ကြီး အုပ်ထားသည့်အောက်မှ ဦးထွန်းရနှင့် ရာဟုတို့ကို အမျိုးမျိုး အော်ဟစ်လှည့်ပတ်ကာ ကိုက်သတ်နိုင်ဖို့ ကြိုးစားနေသည်။

သို့သော် သူတို့၏ နှုတ်သီးပင် ထိုးမရအောင် လေးလက်မကွက်မျှ သစ်လုံးများက ကန့်လန့်ဖြတ်နှင့် ထောင့်တန်းဆင့်ကာ ထိုပေါ်တွင် သစ်လုံးချွန်များ ထောင်နေသောကြောင့် ည်သို့မျှ တိုး၍မရပေ။

"ဝူး"

ဝံပုလွေတစ်ကောင်က သစ်လုံးချွန်တစ်ခုကို ပါးစပ်ဖြင့် ကိုက်ကာ ဆွဲသည်။ သဘောမှာ ကျင်းပေါ်မှ ပွင့်သွားရန် ဖြစ်သည်။

"ဟာ . . မလွယ်ဘူး ရာဟု၊ ဒါကြီးရွေ့သွားရင် တို့ဝံပုလွေစာ ဖြစ်မယ်"

"လွယ်ပါတယ် ဦးလေးရာ"



www.burmeseclassic.com

www.burmeseclassic.com



ရာဟုက သူ့ရှိငဲဖယ်သေနတ်ကို သစ်ချွန်အား ကိုက်နေသည့် ဝံပုလွေခေါင်းသို့ ချိန်ရွယ်လိုက်သည်။ ထို့နောက် ခလုတ်ကို နှိပ်ချလိုက်လေသည်။

"ဒိုင်း"

"ဂူး"

သေနတ်သံနှင့်အတူ ခေါင်းကို မိမိရရ ထိသွားသော ဝံပုလွေကြီးမှာ နောက်သို့ လန်ထွက်သွားပြီး မြေပြင်ပေါ်တွင် လူးလိမ့်နေလေသည်။ ထိုအချိန်မှာပင် ထူးဆန်းသော အသံတစ်သံကို ကြားလိုက်ရသည်။

"ရှီ . . ဝီ . . ဝီ . . ဝီ"

သစ်ရွက်ကို ခေါက်၍ မှုတ်သော ငှက်ထောင်သည့် အသံမျိုးနှင့် တူသည်။ သို့သော် ထိုအသံမျိုးကဲ့သို့ ပြတ်တောင်းတောင်းမဟုတ်ဘဲ ဆွဲဆွဲငင်ငင် ရှိလှသော အသံမျိုး ဖြစ်သည်။ အသံမှာ ခပ်ဝေးဝေးတစ်နေရာမှ ထွက်ပေါ်လာခြင်းပင် ဖြစ်လေသည်။ ထိုအသံကို ကြားသည်နှင့် ဝံပုလွေများသည် အသံလာရာဆီသို့ တဝုန်းဝုန်း ပြေးထွက်သွားကြလေတော့သည်။

"ဝုန်း . . ဝုန်း . . ဝုန်း"

ဝံပုလွေများ ထွက်ခွာသွားသည်ကို သိ၍ ရာဟုက ထောင်ချောက်ကြီးကိုမကာ ကျင်းပေါ်သို့ ရွှေ့လိုက်လေသည်။ ပြီးနောက် ကျင်းထဲမှ သူခေါင်းဖော်ကာ ကြည့်လိုက်သည်။

ညနေနေရောင်မှာ အနောက်ဘက်တောင်ပေါ်သို့ ရောက်ရှိနေရာ လှပသော နီညိုရောင်တိမ်သားများသည် ကောင်းကင်တွင် ပန်းချီဆွဲထားသကဲ့သို့ ဖြစ်နေသည်။ သူတို့နှင့် မနီးမဝေး





ရှိ တောင်ကြောလေးပေါ်တွင် လူရိပ်တစ်ရိပ် ရပ်နေသည်ကို တွေ့ရသည်။

အကွာအဝေးအားဖြင့် ခြေလှမ်းသုံးရာခန့်ရှိသောကြောင့် ထိုလူရိပ်ကို ထင်ထင်ရှားရှား မြင်ရသည်။ အဖြူရောင်ဝတ်ရုံမှာ လေထဲတွင် တဖျပ်ဖျပ် လွှင့်ခတ်နေသည်။ ဆံပင်များက လေထဲတွင် ပျံ့ဝဲနေသည်။

နေရောင်က ထိုးဟပ်နေသောကြောင့် တောင်ကုန်းထိပ်တွင် ရပ်နေသည့် မိန်းမသားတစ်ဦး၏ အသွင်ကို ထင်ထင်ရှားရှား မြင်နေရသည်။ စောစောက သစ်ရွက်မှုတ်သံကဲ့သို့ အသံမှာ ထိုမိန်းကလေးထံမှ လာသောအသံဖြစ်ကြောင်း ရာဟုက ရိပ်မိလိုက်သည်။

သူတို့သည် တွင်းနှုတ်ခမ်းမှ မေးတင်ကာ ဘေးတွင် ဝံပုလွေများ ရပ်နေသည့်ကြားမှ မိန်းမပျိုကို တအံ့တသြ ငေးကြည့်နေမိကြသည်။

"ဦးလေး"

"ဟေ"

"မြင်တယ် မဟုတ်လား"

"မြင်တယ်ကွ . . ကြောက်စရာပဲ၊ လူတော့ မဟုတ်ဘူးထင်တယ်"

"ဘာလို့ လူမဟုတ်ရမှာလဲဗျ၊ မိန်းကလေး ခပ်ငယ်ငယ်လေးပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းရက ရာဟု၏ လက်ကိုဖမ်းကာ ဆုပ်ကိုင်ထားရာ သူ့လက်များ အေးစက်နေကြောင်း ရာဟုက သတိထားမိလိုက်သည်။

"ဦးလေး တော်တော်ကြောက်နေလား"

"မင်းရော မကြောက်ဘူးလား"

"ကျွန်တော် မကြောက်ဘူး၊ အဲဒီမိန်းကလေးဆီကို ကျွန်တော် သွားချင်တယ်"

ဦးထွန်းရက ရာဟုမှာ တစ်ဖွတ်ထိုးသမားဖြစ်ကြောင်း သိ၍ လက်ကို မြဲမြဲစွာ ဆုပ်ကိုင်ထားရင်း

"မလုပ်ပါနဲ့ ရာဟုရာ၊ မင်း ဂေါ်ရာစစ်သားတွေ ဝံပုလွေ ကိုက်သတ်တာ မြင်တယ်မဟုတ်လား"

ဟု ပြောလိုက်၏။

"သူက ကျွန်တော်တို့ကိုတော့ သူ့ဝံပုလွေတွေ မကိုက်စေချင်လို့ ပြန်ခေါ်တာ ဖြစ်မှာပေါ့"

သူတို့ကြည့်နေစဉ်မှာပင် မိန်းမပျိုသည် လက်နှစ်ဖက်ကို အပေါ်သို့ မြှောက်လိုက်သည်။

"ဟော . . ဘာလုပ်တာလဲ မသိဘူး"

ဦးထွန်းရက ထိတ်လန့်စွာ ပြောလိုက်သည်။ ထိုသို့ လက်မြှောက်လိုက်သည်နှင့် တောထဲမှ တဝုန်းဝုန်း ဆူညံသံများ ပေါ်လာလေသည်။

"ဝုန်း"

"ဝေါ . . ဝေါ . . ဝေါ"



သာမန်အရပ်ဒေသတို့တွင် မြင်ရခဲသော ငှက်ရိုင်းမျိုးကြီးများ သစ်ပင်များပေါ်မှ ပျံဝဲသွားသည်ကို တွေ့လိုက်ရသည်။ ထိုငှက်ကြီးများမှာ နှုတ်သီးကြီးများကြီးမား၍ ခြေသည်းများမှာ သိမ်းငှက်များနှင့် တူလေသည်။

သစ်ပင်များပေါ်မှ အတောင်ပံခတ်ကာ ပျံဝဲလာခြင်းဖြစ်သောကြောင့် တောအုပ်ထဲတွင် တဝုန်းဝုန်း မြည်ဟည်းနေခြင်းပင် ဖြစ်ပေတော့သည်။ ငှက်အုပ်ကြီးသည် မိန်းမပျို၏ ကောင်းကင်တွင် ဝဲနေ၏။

ထို့နောက် မိန်းမပျိုသည် တောင်ကုန်းပေါ်မှ တရွေ့ရွေ့ဆင်းသွားလေတော့သည်။

× ×     × ×     × ×

www.burmeseclassic.com

www.burmeseclassic.com



ဝံပုလွေသခင်မသည် သူတို့နှစ်ဦးကို မမြင်တွေ့၍ပင်လော၊ သို့မဟုတ် မြင်တွေ့ပါလျက် မသတ်လိုသောကြောင့်ပင်လော မဆိုနိုင်၊ တောင်ကုန်းပေါ်မှ ဆင်းသက်သွားခဲ့ပြီ ဖြစ်သည်။ သူတို့နှစ်ဦး ပုန်းနေရာနှင့် တစ်ဖက်ရှိ တောင်ကြောအောက်သို့ ဆင်းသွားခြင်းပင် ဖြစ်လေတော့သည်။

ရာဟုသည် တွင်းပေါ်သို့ ခုန်တက်လိုက်သည်။

"ရာဟု ဘာလုပ်မလို့လဲ"

"ကျုပ် အဲဒီမိန်းကလေးနောက်ကို လိုက်ကြည့်ချင်တယ်၊ ဦးလေး မလိုက်ရင် ဒီကစောင့်နေ"

ရာဟုက ခပ်တည်တည် ပြောလိုက်၏။

"ဟာ . . ဒီလိုတော့ မလုပ်ပါနဲ့ကွာ၊ လာတုန်းက နှစ်ယောက်အတူတူ လာတာပဲ၊ ပြန်တော့လဲ နှစ်ယောက်အတူတူမှ ကောင်းမှာပေါ့၊ တို့ရန်သူတွေ မရှိတော့ဘူး၊ ဒီက လှည့်ပြန်ရင် ကောင်းမယ် ရာဟု"

ရာဟုက ခေါင်းခါလိုက်သည်။

"ကျုပ် လုံးဝမပြန်ချင်ဘူး ဦးလေး၊ ပြီးတော့ ဒီမိန်းကလေးကို တွေ့ရတာ ကျုပ်စိတ်ထဲမှာ တစ်မျိုးပဲ၊ ကျုပ်နဲ့အရင်က သိခဲ့ဖူးသလိုလိုပဲ"

"ကြံကြံဖန်ဖန်ကွာ"

"ဟုတ်တယ်ဗျ . . ကျုပ် မြေခွေးမှာ နေတုန်းက အိပ်မက်မက်ဖူးတယ်လေ၊ ဦးလေးတောင် ပြောဖူးတယ် မဟုတ်လား၊



ဟိုးတောထဲက ဝံပုလွေဖြူတွေနဲ့ ကောင်မလေးက ကျုပ်ကို လာလာခေါ်တယ်ဆိုတာ"

ရာဟု ပြောတော့မှပင် ဦးထွန်းရ သတိရသွားသည်။ သတိရသွားတော့ ပို၍ကြောက်သွား၏။

ရာဟု အသက်ဆယ် နှစ်နှစ်လောက်က ထိုအိပ်မက်မျိုး မက်သည်ဟု မကြာခဏ ပြောသည်။ နောက်ပြီး လသာနေတဲ့ တောင်ထိပ်ပေါ်က မိန်းကလေးက ရပ်ကြည့်နေသည်ဟုလည်း ပြောသည်။

"ဒါတွေ တွေးမနေပါနဲ့ ရာဟုရာ၊ အစွဲအလမ်းတွေပါ၊ အိပ်မက်ဆိုတာ မက်ချင်တာ မက်တာပေါ့"

ဦးထွန်းရက တုန်လှုပ်သော အသံနှင့် ပြောလိုက်ရာ

"လုံးဝ မဟုတ်ဘူး ဦးထွန်းရ၊ ဒီတောင်ကုန်းရဲ့ ဟိုးဘက်မှာ လွင်ပြင်တွေ ရှိတယ်။ ပြီးတော့ ဂူတွေနဲ့ လူတွေရှိတဲ့ တောကြီးတစ်တော ရှိတယ်၊ ကျုပ် မှတ်မိပြီ"

ပြောပြောဆိုဆို ရာဟုက ပြေးထွက်သွား၍ ဦးထွန်းရမှာ ပြေးလိုက်သွားလေတော့သည်။

"ဟေ့ . . ရာဟု နေပါဦးကွ၊ ရာဟု"

ရာဟုသည် ချုံနွယ်များကြားမှ ဖြတ်ကာ တောင်ကုန်းပေါ်သို့ ပြေးတက်နေသည်။ ဦးထွန်းရမှာ အသက်လေးဆယ်ကျော်အရွယ် မုဆိုးတစ်ဦး၊ တိုက်ခိုက်ရေး ကျွမ်းကျင်သူတစ်ဦး ဖြစ်၍သာ ရာဟုနောက်သို့ မီလိုက်နိုင်သည်။

တောင်ကုန်းအထက်တွင် မြေမညီသောကြောင့် ရာဟုခြေလှမ်းများ နှေးသွားစဉ် ဦးထွန်းရက ရာဟု၏လက်ကို ဖမ်း

www.burmeseclassic.com

www.burmeseclassic.com



ဆွဲထားလိုက်လေသည်။

"ရာဟု သတိထားပါကွာ"

"ကျုပ် ဆုံးဖြတ်ပြီးပါပြီ၊ ကျုပ် အိပ်မက်ထဲက မြစ်ရပ်တွေဟာ ဒီထက်အများကြီး ကျန်သေးတယ်၊ ခုဒါတွေကို ကျုပ်သိအောင်လုပ်ဖို့ ဆုံးဖြတ်လိုက်ပြီ၊ ဒီနေရာတွေဟာ ကျုပ် ရောက်ဖူးတဲ့ နေရာတွေပဲ"

ပတ်ဝန်းကျင်မှ တောင်တန်းများကို လက်ညှိုးထိုးပြကာ

"ဒီနေရာတွေဟာ ကျွန်တော် အရင် ဒီလူတွေနဲ့ တိုက်ခိုက်တဲ့ နေရာပေါ့၊ ကျွန်တော့်မှာ မြားတစ်စင်းထိတယ်။ ပြီးတော့ ကျွန်တော့်ချစ်သူ မိုးချည်လည်း မြားမှန်ပြီး သေသွားတယ်"

ရာဟု ပြောသောစကားများကို ဦးထွန်းရမှာ ပါးစပ်အဟောင်းသားဖြင့် ငေးမောကြည့်နေလေသည်။ ရာဟု၏ မျက်နှာမှာ ဆုံးဖြတ်ချက်ချပြီးသား ဖြစ်နေ၏။

နေက တဖြည်းဖြည်း စောင်းလာပြီ ဖြစ်သည်။ မိုးချုပ်မှောင်မည်းသွားလျှင် တောကြီး တောင်ကြီးထဲ၌ အိပ်စက်၍ လွယ်ကူမည် မဟုတ်ပေ။

"ရာဟု"

ဦးထွန်းရက ရာဟု၏ ပခုံးကို ပုတ်လိုက်သည်။

"မင်းကို ငါ ယယ်ယယ်လေးကတည်းက ထိန်းလာတာ စောင့်ရှောက်လာတာပဲ၊ မင်း တကယ် ဟိုမိန်းကလေးကို ရှာဖွေဖို့ ခရီးဆက်မယ်ဆိုရင် ငါလည်း ဘယ်နောက်ဆုတ်မလဲ"

ရာဟု မျက်နှာတင်းမာသွားသည်။





"ဦးလေး တကယ်ပြောတာလား"

"မင်း ငါဘယ်တုန်းက လိမ်ဖူးလို့လဲ ရာဟုရာ၊ ဒါပေမဲ့ ခုတို့ရောက်လာတဲ့ နေရာက မြန်မာပြည်နဲ့ ဘယ်လောက်ဝေးလာမှန်း မသိဘူး၊ မဏိပူရနဲ့ အာသံရဲ့ တောနက်ကြီးထဲမှာ ဒီနေရာကို တောင်တန်းတွေနဲ့ သားရဲတိရစ္ဆာန်တွေ တောအုပ်တွေများလို့ တော်ရုံအင်္ဂလိပ်စစ်တပ်တွေတောင် အရောက်အပေါက်ရှိပုံ မရဘူး၊ ရှေးကနေခဲ့တဲ့ လူမျိုးစုတွေပဲ ပုန်းခိုနေထိုင်ဘယ်လို့ ငါကြားဖူးတယ်"

စကားပြောရင်း သူတို့ တောင်ထိပ်သို့ ရောက်မှန်းမသိရောက်လာကြသည်။ သူတို့သည် တောင်အရှေ့ဘက်ခြမ်းမှ တက်လာခဲ့ခြင်း ဖြစ်သောကြောင့် အနောက်ဘက်မှတောအုပ်နှင့် လွင်ပြင်များကို တောင်ထိပ်ပေါ်မှ လှမ်းမြင်နေရလေသည်။ နေရောင်ခြည်မှာ တောစပ်သို့ ဆင်း၍ ညနေဆည်းဆာရောင် သမ်းလာသည်။

တောင်ကြောအောက်သို့ ကြည့်လိုက်သောအခါတွင် ဝံပုလွေရှင်မနှင့် ဝံပုလွေများကို မမြင်ရတော့။ လွင်ပြင်ကို ဖြတ်ကာ တောအုပ်ထဲသို့ ဝင်သွားကြဟန် တူသည်။

တောင်ခြေတက်တွင်စမ်းချောင်းလေးတစ်ခု ရစ်ခွေစီးဆင်းနေသည်ကို တွေ့ရသည်။ သူတို့ တက်လာသော အရှေ့ဘက်တောင်ကြောလို မတ်စောက်မှုမရှိ ပြေပြစ်နေသည်။

ကွေ့သွားသော တောင်တန်း၏ တစ်နေရာတွင် ဂူပေါက်တစ်ခုကို မြင်တွေ့လိုက်ရသည်။ ထိုဂူပေါက်မှာ စက်ဝိုင်း

www.burmeseclassic.com

www.burmeseclassic.com



ခြမ်းပုံရှိ၍ ယခင်က လူတို့နေထိုင်ခဲ့ဖူးသည့်ပုံမျိုး ဂူဝတွင် ထင်းစများ မီးတစ်ဝက်တစ်ပျက် ကျွမ်းနေသည်ကို တွေ့ရသည်။

"လာ . . ရာဟုရေ၊ တို့ ဟိုတောင်ခြေက ဂူလေးကို မိုးမချုပ်ခင် ရောက်အောင်သွားရမယ်"

ရာဟုနှင့် ဦးထွန်းရတို့ ထိုဂူလေးရှိရာသို့ ဆင်းလာခဲ့လေသည်။

တောင်ပေါ်မှ လှမ်းကြည့်လျှင် ထင်ထင်ရှားရှား မြင်ရသော်လည်း တောင်ခြေသို့ ဆင်း၍ သွားသောအခါ တော်တော်ဝေးဝေး လျှောက်လှမ်းယူရလေသည်။

ဦးထွန်းရမှာ သတိကောင်းသူ ဖြစ်သောကြောင့် ကျည်ကတ်တစ်ခုကို ဝံပုလွေကိုက်ထားသည့် ဂေါ်ရာစစ်သားထံမှ ဖြုတ်ယူလာခဲ့ပြီး သူ့ရိုင်ဖယ်သေနတ်တွင်လည်း အန္တရာယ်ပေးနိုင်သော သားကောင်ကိုတွေ့က ကာကွယ်နိုင်ရန် ကျည်ကို အသင့်ဖြည့်ထားလေသည်။

နေညို၍ မှောင်ရီသမ်းတော့မှပင် သူတို့နှစ်ဦး ဂူနားသို့ရောက်ရှိလာသည်။ လူသံကြား၍လား မသိ၊ ဂူထဲမှ မဲမဲလုံးလုံး သတ္တဝါတစ်ကောင် ပြေးထွက်လာသည်။

"ဦးလေး . . ဟိုမှာ . . ဟိုမှာ . ."

"ငါတွေ့ပါတယ်ကွ"

ဂူထဲမှ ထွက်လာသည်မှာ တောဝက်ကြီးတစ်ကောင်ပင်ဖြစ်ရာ သူတို့နှစ်ဦးရှိရာသို့ အန္တရာယ်ပေးရန်တစ်ရှူးထိုးပြေး၍လာလေသည်။



ဦးထွန်းရသည် ဒူးထောက်ထိုင်ချလိုက်ပြီး သေနတ်ကို ပခုံးတွင်ထောက်၍ ချိန်လိုက်သည်။ သတိဝင်လာသော ရာဟုကတော့ သဲပြင်ပေါ်တွင် မှောက်လိုက်ကြီး ကျည်ထည့်ထားသောသေနတ်ဖြင့် တောဝက်ကို ထိုးချိန်လိုက်သည်။

တောဝက်၏ အရှိန်နှုန်းက မြန်သည်။ တော်ရုံမှဆိုးများဆိုလျှင် သေနတ်ချိန်ဖို့ပင်မရ၊ တောဝက်က ပြေးဆောင့်၍ ရင်ဘက်ပွင့်ကာ သေရတတ်သည်။

ယခုလည်း နှစ်ဦးလုံး သဲပြင်ပေါ်တွင် လိမ့်ပတ်ကာ ရှောင်လိုက်ရသည်။

"ရှူး"

ဦးထွန်းရကို ထိုးပက်သော တောဝက်မှာ အရှိန်လွန်ကာ သဲပြင်ကို ယက်မိပြီး ပေနှစ်ဆယ်ခန့် အရှိန်လွန်သွားသည်။

ထိုအခါတွင်မှ ရာဟုသည် တောဝက်၏ခေါင်းကို ချိန်ရွယ်ကာ မောင်းကို ဖြုတ်လိုက်သကဲ့သို့ ဦးထွန်းရကလည်း လိမ့်သွားသည့် တောဝက်၏ မေးအောက်သို့ ကျည်တစ်တောင့်ကို ပစ်သွင်းလိုက်တော့သည်။

"ဒိုင်း"

"ဒိုင်း"

ယမ်းပေါက်ကွဲသံမှာ တောင်တန်းများတစ်လျှောက် ပဲ့တင်သံ ထပ်သွားသည်။ တောဝက်မှာ တရှူးရှူး လူးလှိမ့်နေပြီး ခဏကြာသောအခါ ငြိမ်သက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား တောဝက်ကြီးကို ခြေထောက်မှ ဆွဲယူကာ ဂူပေါက်ဝသို့ သယ်ဆောင်ခဲ့ကြ၏။ ဂူပေါက်ဝထဲမှာ မည်းမည်းမှောင်၍ နေလေသည်။

"ရာဟု ဂူထဲကို ဇွတ်မဝင်နဲ့ဦးနော်၊ အထဲမှာ ဘာသတ္တဝါတွေ ခိုအောင်းနေမှန်း မသိဘူး"

"ဦးလေးကလည်း တောဝက်ခိုနေရင် ဘယ်ကောင်နေမှာလဲဗျ၊ ကျားတောင် မနေဘူး"

ဟုတ်သည်။ တောဝက်သည် သန်မာ၏။ အစွယ်နှစ်ခုမှာ ပါးစပ်အပြင်သို့ ထွက်နေ၍ ထက်မြနေသည်။ တော်ရုံသစ်ပင်နှင့် ကျောက်တုံးများပင် ပွဲထွက်သွားအောင် ပက်နိုင်သော စွမ်းအားရှိသည်။

တောဝက်အုပ်နှင့် တွေ့လျှင် ကျားသည် ထိတ်လန့်တကြား ပြေးရတတ်၏။

ထို့ကြောင့် တောဝက်နံ့ရလျှင် ကျားသည် ဂူထဲသို့ မဝင်ခြင်းပင် ဖြစ်လေသည်။ သူတို့သည် ပထမဆုံး ဂူဘေးရှိ သစ်ပင်များမှ သစ်ကိုင်းခြောက်များကို ခုတ်ချကြသည်။ တောခုတ်ဓားနှင့် မီးခဲ့ကို ဦးထွန်းရက အမြဲဆောင်ထားလေ့ရှိ၍ အဆင်ပြေသည်။

တောင်ပေါ်မှ မြင်နေရသော စမ်းချောင်းလေးမှာ သူတို့ရောက်ရှိရာ ဂူဘေးမှ ပတ်ကာ တောင်အောက်သို့ စီးဆင်းသွားခြင်း ဖြစ်ကြောင်း တွေ့မြင်ရ၏။

သစ်ကိုင်းများမှာ စိုသော်လည်း အအေးပိုင်း လွန်ကဲသော ဒေသဖြစ်၍ အဆီပါသော ထင်းရှူးပင်၊ ကညင်ပင်၊ ယူကလစ်ပင်ကဲ့သို့ အပင်မျိုးဖြင့်ရာ မီးတောက်လောင်နိုင်သော သစ်ကိုင်းများဖြစ်နေသည်က သူတို့နှစ်ဦးအတွက် ကံကောင်းပေသည်။

"ကဲ . . ရာဟု မင်းမီးမွှေးထားလိုက်၊ ငါ ဟိုချောင်းခဏသွားပြီး ဟောဒီဝါးကျည်တောက်နဲ့ ရေခပ်မယ်"

သူ့ခါးတွင် အမြဲလွယ်ထားသော ဝါးကျည်တောက်ကို ဖြုတ်ကာ ပြောလိုက်သည်။

'ရာဟု'က ကညင်ကိုင်းခြောက်များ၏ထိပ်ကို ထုနေရင်းမှ

"မီးမွှေးထားမယ်လေ ဂူထဲမှာပဲ လုံခြုံမှုရှိမရှိ ကြည့်ရဦးမယ်"

ဟု သတိပေးလိုက်သည်။

"အေး . . ဟုတ်သားပဲ၊ ရော့ . . ဒီည ဒီဂူထဲမှာ အိပ်ဖို့ နေရာမရရင် မလွယ်ဘူး"

ထိပ်ကို မွှာအောင်ထုထားသော ကညင်ကိုင်းခြောက်ကို မီးခတ်နှင့်ခတ်ကာ ညှိလိုက်ရာ အလင်းရောင်မှာ ပတ်ဝန်းကျင်တစ်ခုလုံးသို့ ဝင်းခနဲ ပျံ့နှံ့သွားလေတော့သည်။

ကညင်ဆီမီးတိုင်ဖြင့် ဂူထဲသို့ ဝင်ကြည့်ကြသောအခါ ဂူပေါက်ဝမှာ ကျောက်ပြားကြီးတစ်ပြားကို ကျောက်စို့ကြီးများဖြင့် အပေါ်အောက်ထွင်း၍စွပ်ကာ ပိတ်၍ရအောင် တံခါးလုပ်ထားသည်ကို တွေ့ရလေသည်။

www.burmeseclassic.com



ဂူထဲတွင် ကျောက်ခုတင်နှစ်လုံး ထိုင်စရာခုံနှင့် ကျောက်တုံးများကို ကုလားထိုင်သဖွယ် ချထားသည်ကို တွေ့ရလေသည်။

ဂူမှာ အတွင်းမှ အပေါ်သို့ တက်၍ရသော လှေကားထစ်များကို တွေ့ရှိရပြီး ကွေ့ကွေ့ပတ်ပတ် တက်သွား၍ ရသည်ကို တွေ့မြင်နေရလေသည်။

ဂူကို ကြည့်ရသည်မှာ လူနေသည့် လက္ခဏာရှိ၍ အပေါ်ဘက်သို့ တက်သောလှေကားအဆုံးတွင် သဘာဝကျောက်ဂူတစ်ထပ်ကို ထပ်၍ တွေ့မြင်ရသည်။

ထိုနေရာတွင် လှံများ၊ ဓားများ ထောင်ထားပြီး သားရေဝတ်စုံနှစ်စုံကို တွေ့မြင်ရလေသည်။

ကျားသစ်ရေကိုယ်တစ်ခြမ်းဖုံးဝတ်စုံဖြစ်၍ ပခုံးတစ်ဖက်တွင်သာချိတ်ပြီး ကျန်ပခုံးတစ်ဖက်ချိုင်းအောက်မသာ သားရေချပ်ရှိ၍ ပခုံးတစ်ဖက်ဖော်ထား သည့် ဝတ်စုံမျိုးဖြစ်သည်။

ထိုဝတ်စုံများမှာ ရန်သူနှင့် တိုက်ခိုက်ရာတွင် လွယ်ကူပြီး လွတ်လပ်စွာ နေထိုင်သည့် ဝတ်စုံမျိုးဖြစ်၍ တောတွင်းတွင် နေထိုင်သူတို့က ထိုဝတ်စုံမျိုးကို နှစ်သက်ကြ၏။

"ဦးလေး ဒီဂူထဲမှာနေတဲ့သူ ရှိတယ်ထင်တယ်"

"ဟုတ်တယ် . . ရာဟု၊ သူ့ဂူထဲကို တို့ဝင်နေတာ ကြိုက်မှာမဟုတ်ဘူး ထင်တယ်"

"မတတ်နိုင်ဘူးဗျာ . . ဒီတစ်ညတော့ ဒီဂူထဲမှာ အိပ်စက်တာ အကောင်းဆုံးပဲ၊ လာတော့လည်း ဖြစ်တဲ့နည်းနဲ့ ရင်ဆိုင်ရတော့မှာပေါ့"





သူတို့သည် မီးပုံတွင် သစ်ကိုင်းခွတင်ကာ တောဝက်ကြီးကို ကင်ကြသည်။

ဂူပြင်တွင် မီးမဖိုတော့ဘဲ ဂူထဲတွင် တံခါးပိတ်ကာ မီးဖိုလုပ်သည့်နေရာတွင် ဝက်ကိုကင်ခြင်း ဖြစ်သည်။ မီးခိုးများ ထွက်စေရန် မီးဖိုနေရာရှိ ဂူအမိုးတွင် အပေါက်ဖောက်ကာ လူနေသည့်နေရာနှင့် ကျောက်ပြားကြီးတစ်ချပ် ကာထားသည်ကို တွေ့ရလေသည်။

ဤအချက်များကို ကြည့်ခြင်းဖြင့် လူတစ်ဦးသည် ဤဂူထဲတွင် နှစ်ရှည်လများ နေထိုင်ခဲ့ကြောင်း သိသာနိုင်လေသည်။ ယခု ထိုသူသည် မည်သို့ ဆက်ဆံမည်နည်းဟု တွေးတောကာ တောဝက်ကို မီးကင်ရင်း စောင့်စားနေကြလေသည်။

www.burmeseclassic.com

ကျောက်စို့များပေါ်တွင် ကျောက်တံခါးချပ်ကြီးကို အံကိုက်တင်ကာ ဖွင့်၍ ပိတ်၍ရအောင် ပြုလုပ်ထားသော ဂူတံခါးကို ပိတ်လိုက်သောအခါ ထိုတံခါးကို အတွင်းမှ ကျောက်တိုင်မင်းတုပ် ဖြင့်ချကာ ပိတ်၍ရအောင် ပြုလုပ်ထားကြောင်း တွေ့ရှိရသည်။

ကညင်ချောင်းကို မီးညှိထား၍ ဂူထဲတွင် လင်းနေသည်။ အမိုးပေါ်မှ လရောင်က ထိုးဝင်လာသည်ကို အံ့သြဖွယ်ရာ တွေ့မြင်ရ၏။

"ဦးလေး"

"ဟေ"

"လရောင်က ဘယ်ကနေ ဝင်လာတာလဲ"





ဂူကို ''ထမခဆုံး နေသွားသူတို့၏ အစီအစဉ် ကောင်းမွန်မှုပင် ဖြစ်သည်။ ဂူ၏အပေါ်တစ်ထပ် အမိုးမှ လရောင်သည် အောက်ထပ်တွင် ဖောက်ထားသော အလင်းပေါက်ငယ်များမှ ဆလိုက်ထိုးသလို ဂူထဲသို့ ဖြာကျနေကြခြင်း ဖြစ်သည်။

လပွက်သည်မှ လအနောက်ဘက်သို့ ပင်သည်အထိ အလင်းရောင်ရရှိစေရန် အပေါက်များကို တိုင်းထွာချိန်ဆဖောက်ထားသည်မှာ ပညာပါလှပေသည်။

နေသွားလမ်းကြောင်း လသွားလမ်းကြောင်းကို သိ၍ ဂူထဲကျင် သဘာဝအလင်းရောင်ရှိစေရန် စီစဉ်ထားခဲ့မှု ဖြစ်လေသည်။ ဝက်သားကင်မှ အမွှေးနံ့ထွက်လာသည်။ အမွေးများကို မီးလောင်ကျွမ်း၍သွားပြီ ဖြစ်လေသည်။

ရာဟုသည် ဝက်ကိုယ်လုံးမှ အမွေးများကို ကုန်စင်အောင် ခြစ်ပစ်လိုက်ပြီးနောက် တန်းနှစ်ဖက်ထိုးကာ ကင်ထားသော ဝက်ကြီးကို အောက်သို့ချကာ ဗိုက်ကို ခွဲလိုက်သည်။

ဗိုက်ထဲမှ ကလီစာများကို ထုတ်ယူကာ အသင့်တွေ့ရသော မြေအိုးကြီးတစ်လုံးထဲသို့ ထည့်ကာ ဘေးတွင်ရှိသော ရေထည့်သည့် မြေအိုးထဲမှ ရေနှင့်ဆေးကြောကာ အူများ၊ အဆုတ်၊ အသည်းများကို သန့်စင်နေလေသည်။

ကညင်ကိုင်းခြောက် မီးငြိမ်းသွားသော်လည်း မီးဖိုမှ မီးနှင့် အလင်းပေါက်များ ဖောက်ထားသော လရောင်ကြောင့် သူတို့သည် ပြတ်ပြတ်သား . . . မြင်တွေ့နေရသည်။ စဉ့်တုံးအဖြစ် သုံးဟန်တူသော ကျောက်ပြားကြီးပေါ်သို့တင်ကာ ဝက်ခေါင်းနှင့် ခြေလက်လေးဖက်ကို ဖြတ်၍ ပစ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဓားရှည်ဖြင့် ခုတ်ပိုင်းဖြတ်ချနေသော ဦးထွန်းရက

"ရာဟုရေ"

ဟု ခေါ်လိုက်၏။

"ဗျာ"

"ဒီခေါင်းနဲ့ ခြေလက်တွေလည်း လွှင့်ပစ်လို့ မရဘူးကွ၊ နူးအောင်ပြုတ်ပြီး မီးနဲ့ကျပ်တိုက်ထားမှ ကောင်းမယ်၊ တို့က ဒီနေရာမှာ ဘယ်လောက်ကြာကြာ နေရဦးမလဲ မသိဘူး"

"ဟုတ်တယ် ဦးလေး"

ဦးထွန်းရက မလိုအပ်သော ဝက်ခွာနှင့်ခေါင်းမှ အညစ်အကြေးများကို သန့်စင်အောင် ထုတ်ယူနေစဉ် ဝတ်အူစုံပြုတ်အိုးကို မီးဖိုပေါ်တွင် တင်၍ ဝက်၏ကိုယ်ထည်ကြီးကိုလည်း လှည့်၍ ကင်နိုင်အောင် ဝါးချွန်ဖြင့် တံစို့ထိုးကာ သစ်ကိုင်းခွပေါ်တွင် ပြန်၍ တင်လိုက်လေသည်။

"မင်းတော့ မပြောတတ်ဘူး ရာဟု၊ ငါတော့ ဆာလောင်လွန်းလို့ အူတကြုတ်ကြုတ် ဖြစ်နေပြီ"

"ခဏနေရင် ရတော့မှာပါ ဦးလေးရာ"

ရာဟု ကင်စရာရှိသည်ကို ကင်ပြီးနောက် အူစုံပြုတ်အိုးကို တင်ထားသည့် အနီးသို့ လိုက်ကြည့်ရာ အိုးတစ်လုံးတွင် သေးငယ်သော အခွံလေးများနှင့် အရွက်များထည့်ထားသည်ကို တွေ့ရလေသည်။

"ဦးလေးရေ ဒီမှာလာကြည့်ပါဦး"

ခြေထောက်နှင့်ခေါင်းကို စို့ထိုးကာ ကင်နေသော





ဦးထွန်းရကို လှမ်းခေါ်လိုက်၏။

"ဘာလဲကွ ရာဟု"

"ကညင်ထင်းတစ်ချောင်းလောက်ပါ မီးရှို့ခဲ့ပါ၊ အထဲမှာ အသီးတွေ အရွက်တွေ တွေ့ရလို့"

"ဟုတ်လား"

ဦးထွန်းရက ကညင်သားခြောက်ကို ဖွာအောင်ထု၍ မီးရှို့ကာ ယူလာလေသည်။ အိုးမှာ သောက်ရေအိုး အငယ်စားခန့်ရှိသည်။ အထဲတွင် အဖြူမှုန့် အနက်စေ့သေးသေးများနှင့် ဖြူဖြူအုမျိုးကို တွေ့ရသည်။

ရာဟုက မီးတုတ်ရောင်ဖြင့် ငုံ့ကြည့်ကာ လက်ဝါးပေါ်သို့ တင်ကြည့်၏။

"ဟာ . . သကြားမှုန့်၊ ကြက်သွန်ဖြူဥတွေနဲ့ ငရုတ်ကောင်းစေ့တွေပဲ ဦးလေးရ"

"ဒါဆို ဟန်ကျပြီပေါ့ကွ၊ တို့ စွပ်ပြုတ်အိုးတော့ အရသာ ရှိပြီပေါ့၊ ဒီအရွက်တွေက ဘာရွက်တွေလဲကွ၊ ခြောက်နေတာ"

အကြောမျိုးထောင်နေသော အရွက်များကို ကြည့်ရင်း မေးလိုက်သည်။

"ကြည့်ရတာ ကရဝေးရွက်နဲ့ တူတယ်ဗျ၊ ဒါတွေက အိန္ဒိယဘက်ကနေ လာတတ်တာပဲ၊ ဒီဂူမှာနေတဲ့လူက အိန္ဒိယပြည်နဲ့ အဆက်အသွယ်ရှိတယ်ထင်တယ်"

ရာဟုက ထင်မြင်ချက် ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်တော့ ဒီဂူမှာ သူစွဲစွဲမြဲမြဲ နေထိုင်တာတော့ သေချာတယ်၊ ခရီးဝေးသွားတာ မဟုတ်ဘူး၊ အကြောင်းရှိလို့ ခဏတစ်ဖြုတ်သွားတာ ဖြစ်ရမယ်"

ဦးထွန်းရက ဝေဖန်လိုက်သည်။ ရာဟုကတော့ ဘာမျှ ပြောမနေတော့ဘဲ ငရုတ်ကောင်းစေ့များကို ကျောက်လုံးဖြင့် ကြိတ်ကာ အူပြုတ်အိုးထဲ ပစ်ထည့်သည်။ သကြားများကိုလည်း ယူကာ ထည့်လိုက်ပြီး ကြက်သွန်ဖြူများကိုပါ ထု၍ ထု၍ ထည့်လိုက်လေသည်။

ထိုအခါ အူစုံပြုတ်အိုးမှာ အမွှေးရနံ့ ထွက်လာပြီး သူတို့ဝမ်းဗိုက်မှာလည်း အလွန်ပင် ဆာလောင်နေလေတော့သည်။

"ရာဟုရေ . . အသားတွေ မနူးသေးရင်လည်း ဆူနေတဲ့အရည် ခပ်ကွာ၊ တစ်ယောက်တစ်ခွက်လောက် သောက်လိုက်ရအောင်"

"ကောင်းတယ် . . အဲဒီအကြံ အကောင်းဆုံးပဲ"

ရာဟုနှင့် ဦးထွန်းရတို့သည် ဗွပ်ပြုတ်နှစ်ပွဲလောက် သောက်ပြီးသောအခါ သေများက တဲခေ့အေ့ဟက်ကာ နေ့သ ထိုင်သာ ရှိသွားလေသည်။

တဖြည်းဖြည်းလှည့်ကာ ကင်ပေးထားသော ဝက်ကောင်လုံးကြီးမှာလည်း နီနီရဲကာ အဆီများကျလျက်ရှိပြီး ထိုအဆီများပေါ်သို့ ရာဟုက အိုးထဲမှ ဆားနှင့်သကြားကို မှုက်ကာ ပွတ်ကာ သုတ်လိမ်းပေးနေသည်။

ပြီးနောက် အခေါက်မှ အတွင်းတွင် ကျက်သွားသော အသားများအထိ အလွှာလေးများကို သူ၏ ဓားမြှောင်ဖြင့် လှီးကာ အပြင်မှ ယူလာသော အင်ဖက်ပေါ်တွင် တင်လိုက်သည်။



ကျက်၍ နီရဲကာ မွှေးနေသော အခေါက်အသား မြှောင်းကြီးလေး မြှောင်း ရလာလေသည်။

ဦးထွန်းရက တံခါးပိတ်ထားသည့် အဝနားတွင် လမ်း လျှောက်ရင်း လရောင်ဖြင့် နံရံများကို ကြည့်နေသည်။ တံခါး၏ တစ်ဖက်တစ်ချက်တွင် နှစ်လက်မခန့်ရှိ ကျောက်စို့ကြီးများ ထွက်နေသည်ကို တွေ့ရသည်။

ထိုကျောက်စို့များမှာ တံခါးပတ္တာ လုပ်ထားသော ကျောက်တိုင်လုံးနှင့် မဆိုင်ဘဲ လူအရပ်လောက်တွင် တံခါးမှ တစ်ပေခန့်ကွာ၍ ရှိနေခြင်း ဖြစ်သည်။

"ဦးလေး ဝက်ကင်စားရအောင်"

"စားတာပေါ့ကွာ . . ဒီကို ခဏလာပါဦး"

"ဘာတွေပြန်ပြီလဲ"

"တစ်ခုခုတော့ တစ်ခုခုပဲကွာ"

ရာဟုက ပေါ့ပါးဖျတ်လတ်စွာ ထကာ ပြေးထွက်လာခဲ့လေသည်။

"ဒီစို့ကို ကြည့်စမ်း လှုပ်နေတယ်"

"ဟုတ်တယ် . . ဒါ အပြင်ကို ကြည့်လို့ရတဲ့ အပေါက် ဖြစ်နိုင်တယ်"

ရာဟုက ပြောပြောဆိုဆို သူ၏ သန်မာသော လက်ကြီးများဖြင့် ကိုင်ကာ ချွတ်လိုက်ရာ ကျောက်စို့ကြီးကျွတ်၍ ထွက်လာလေတော့သည်။

ကျောက်စို့မှာ အဝတွင် အချင်းနှစ်လက်မခန့်ရှိပြီး သန် တော့ပုံအပြင်ဖက်သို့ ကျဉ်းသွား၍ စို့ကို အပြင်မှ ပွဲချွတ်၍ မရနိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



အပြင်မှ အပေါက်မှ ခြောက်လက်မခန့်သာရှိ၍ တံခါး ပိတ်ထားသော ဂူထဲမှ ဂူပြင်တောင်တန်းနှင့် သဲပြင်တို့သာမက ချောင်းကလေးကိုပါ မြင်ရနိုင်သည့်နေရာတွင် ဖောက်ထားခြင်း ဖြစ်၏။

လရောင်အောက် သစ်ပင်များမှာ လေတိုက်ကာ ယိမ်း ထိုး၍ တရှဲရှဲမြည်နေသည်။ ရာသီဥတု အေးသောနေရာ ဖြစ် သောကြောင့် လရောင်ထဲတွင် နှင်းငွေ့ဝိုးတဝါး လွှမ်းခြုံထားရာ မြင်ကွင်းမှာ သာယာစိုလွင်နေလေတော့သည်။

တံခါးတစ်ဖက်ရှိ ကျောက်စို့ကိုလည်း ဦးထွန်းရက ဆွဲ ဖွင့်၍ ကြည့်ရာ လေတိုက်ကာ ဝါးပင်များ၊ ကညင်ပင်များ၊ ယူ ကလစ်ပင်နှင့် ထင်းရှူးပင်များ လှုပ်ယိမ်းနေသည်ကို တွေ့နေရ လေသည်။ တံခါးကို ပိတ်ထားသောကြောင့် သားရဲတိရစ္ဆာန် တို့၏ အန္တရာယ်ကိုလည်း မပူပန်မစိုးရိမ်ရပေ။

ကျောက်တံခါးချပ် တစ်ဝက်ကာထားသော မီးဖို၏ အပူရှိန်က ဂူထဲကို အနွေးဓာတ် ပေးနေလေသည်။

"ဦးလေး . . ရှုခင်းက သာယာတယ်နော်"

"အေး . . ဒီလို အပြင်ကို အပေါက်ဖောက်ထားတာ ရန်သူရဲ့ အခြေအနေကို သိနိုင်တာပေါ့"

"ဟုတ်တယ် . . ကျောက်မင်းတုပ် ချထားတဲ့ဟာ ဒီ တံခါးကြီးကလည်း ဆင်နဲ့တိုက်ရင်တောင် ပွင့်ဖို့မလွယ်ဘူး"

"တို့ ဒီဂူထဲ ရောက်လာတာ ကံကောင်းထောက်မပေ လို့ပေါ့ကွာ"





ရာဟုက ပတ်ဝန်းကျင်ကို လိုက်ရှာရာ ပြောင်အောင် တိုက်ထားသော အုန်းမှုတ်ခွက်လေးငါးခု ထပ်ထားသည်ကို တွေ့ရသည်။

"ခပ်စရာကတော့ ဒါပဲရှိတယ်၊ ဘာသုံးတဲ့ အုန်းခွက် တွေလည်း မသိဘူး"

"ဘာသုံးတဲ့ အုန်းခွက်ပဲဖြစ်ဖြစ် ခပ်သာခပ်စမ်းပါကွာ၊ ငါတော့ သိပ်ဆာနေပြီ"

ရာဟုက အုန်းမှုန့်ခွက်တစ်ခုကို ယူကာ အုန်းမှုတ်ခွက် နှစ်လုံးတွင်ထည့်၍ အအေးခံကာ မော့သောက်ရာ အလွန် ကောင်းသော အုန်းပြုတ်ရေ ဖြစ်နေသည်ကို တွေ့ရသည်။

"ဟာ . . ဘယ်ကဆားပါသလဲကွာ၊ လေးလေးပင်ပင် ရှိသားပဲ"

"ဟား . . ဟား . . ဟား . . ကျုပ်လည်း ဒီလိုပဲ တွေး တာပဲ၊ ဒါပေမယ့် ဖြစ်နိုင်တာက ဟိုအိုးထဲက အမှုန့်တွေဟာ ဆားနဲ့သကြားရောထားတာ ဖြစ်ရမယ်၊ ခုချိုလည်း ချိုတယ် လေးလည်း လေးတယ်"

"ဟုတ်တယ် . . ဘာပဲဖြစ်ဖြစ် ဒီဂူထဲမှာနေတဲ့သူဟာ တို့ရဲ့ ကျေးဇူးရှင် ဖြစ်သွားပြီ၊ သူပြန်လာရင် တို့အတတ်နိုင်ဆုံး ရန်မမူဘဲ တောင်းပန်ရမှာပဲ မရနိုင်တဲ့အဆုံးမှ တိုက်သင့်တိုက် တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတောင် ကျုပ်က ဖွတ်အတင်း ထွက်လာလို့ပါ၊ နို့မို့ အပြန်လမ်းက သစ်ပင်ပေါ်မှာ ခြင်ကိုက် ဖြုတ်ကိုက်နဲ့ ဘာမှ မစားရဘဲ တစ်ညအောင့်နေရမှာ"

"ဟုတ်တယ် . . ရာဟု၊ ဒီတစ်ခုတော့ မင်းမှန်သွားပြီ၊ ဒါပေမယ့် ဒီတစ်ခုကြောင့် ရှေ့မှာ ဘယ်လိုအန္တရာယ်ရှိမယ်ဆို တာကိုတော့ မပြောနိုင်ဘူး"

"ဖြစ်သမျှ ရင်ဆိုင်ကြတာပေါ့ဗျာ၊ လာ . . ဝက်သား ကင်လည်း အေးနေပြီ၊ ကျောက်စို့တွေ ပြန်ပိတ်ပြီး သွားစားကြ ရအောင်"

ချောင်းကြည့်သော ကျောက်စို့များကို ပြန်၍ ပိတ်ထား လိုက်ကြလေသည်။ ထို့နောက် သူတို့နှစ်ဦးသည် ဝက်အူအ သည်းစုံစွပ်ပြုတ်နှင့် ဝက်သားကင်ကို အားရပါးရ စားသောက် ကြလေတော့၏။

စားသောက်ပြီးသောအခါတွင် သူတို့မျက်လုံးများမှာ ခရီးပန်းသောကြောင့်လည်းကောင်း၊ ဝမ်းမိုက်ပြည့်သွားသော ကြောင့်လည်းကောင်း အလိုလိုစင်း၍ သွားလေတော့၏။



ရာသီဥတုက အေးသည်။ မီးဖိုမှာ ပေနှစ်ဆယ်ခန့်မျှ ကျယ်၍ သစ်ရွက်များဖြင့် ပြောင်အောင် လှဲလိုက်သောအခါ အောက်မှ ကျောက်သားပြင်ဖြူဖြူက ထွက်ပေါ်လာလေသည်။

ရာဟုရော ဦးထွန်းရပါ အလွန်ပင် အိပ်ချင်နေကြပြီ ဖြစ်၏။ သို့သော် ဦးထွန်းရက လူကြီးပီပီ

"ရာဟု နှစ်ယောက်လုံး အိပ်လို့တော့ မကောင်းဘူး"

ဟု ပြောလိုက်၏။

"ဘာဖြစ်လို့လဲဗျ"

"ဂူပိုင်ရှင်က အပြင်က ပြန်လာရင် တို့အိပ်ပျော်နေတုန်း လည်ပင်းဖြတ်သတ်လိုက်ရင် ကိစ္စပြတ်မယ်"

မဏိပူရနှင့် အာသံတောထဲရှိ လူမျိုးစုများမှာ ရန်



www.burmeseclassic.com

www.burmeseclassic.com



သူကို ထိုကဲ့သို့ပင် လည်ပင်းဖြတ်ကာ သတ်၍ တောထဲထားခဲ့တတ်ကြကြောင်း သူတို့ ကြားဖူးနားဝရှိသည်။

"ကျုပ်တော့ တော်တော်အိပ်ချင်တယ်ဗျာ၊ ဒါဆိုလည်း အလှည့်နဲ့စောင့်ဖို့ ဦးလေး စီစဉ်ပေတော့"

"ကောင်းပြီ . . ခုလက ဂူရှေ့မှာပဲ ရှိသေးတယ်၊ မင်းအိပ်၊ ဂူအမိုးပေါ်ကို ရောက်ရင် ငါမင်းကို နှိုးမယ်"

"ပြီးရောဗျာ . . ဝါး"

ရာဟုမှာ ခွန်အားပြည့်စုံသော လူငယ်ပီပီ တစ်ချက်သမ်း၍ လှဲချလိုက်ရာ ခပ်ခွေးခွေးမီးဖိုမှလာသော အပူရှိန်ဖြင့် အိပ်ပျော်သွားလေတော့သည်။

"ဝေါ . . ဝေါ . . ဝေါ"

ဦးထွန်းရကတော့ အိပ်ချင်သည့် စိတ်ကို ထိန်းကာ ဂူထဲမှ ချောင်းကြည့်ပေါက်မှ မကြာခဏ အပြင်သို့ ကြည့်နေလေသည်။

ဦးထွန်းရ စိတ်မချသည်မှာ ဤဂူကြီးတွင် ရှေ့ဝင်ပေါက်တစ်ခုသာမက အခြားလျှို့ဝှက်ပေါက် ရှိနေမည်ကို စိုးရိမ်သောကြောင့်ပင် ဖြစ်၏။

အခြားလျှို့ဝှက်ပေါက်ရှိပါက ရန်သူသည် ဂူထဲသို့ အလိုလို ရောက်ရှိလာပြီး သူတို့အိပ်ပျော်နေတုန်းကို ကိစ္စပြတ်အောင် လုပ်နိုင်သောကြောင့်ပင် ဖြစ်၏။

"ဝါး"

သူသည် ချောင်းကြည့်ပေါက်မှ မည်သည့် အရာမျှ ထူး





ခြားမှုမရှိသည်နှင့် နံရံတွင် ကျောမှီကာ ရပ်ရင်း တဖြည်းဖြည်းလျှော့ကာ ပင်ပန်းနွမ်းနယ်မှုကို မခံနိုင်တော့ဘဲ ခြေနှစ်ချောင်းဆန့်ကာ ဂူနံရံကို ကျောမှီ၍ အိပ်ပျော်သွားလေတော့သည်။ ဦးထွန်းရသည် မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိ။

ရာဟုက လှုပ်နိုးမှ နိုးလာသည်။

"ဟေ . . လအမိုးပေါ် ရောက်ပြီလား"

"ရှူး"

ရာဟုက အသံမထွက်ရန် အချက်ပေးလိုက်၍ ဦးထွန်းရက မျက်လုံးကို ပွတ်ကာ ထလာသည်။

"အောက်ဘက်က လူသံတွေ ကြားတယ်၊ စကားကတော့ ကျုပ်တို့ဆီလာပြီး တိရစ္ဆာန်ချိုတွေ၊ တိရစ္ဆာန်သားရေတွေ ရောင်းတဲ့ တောင်ပေါ် သားစာစ်မျိုးရဲ့ စကားသံပဲ"

"ရာမူးတွေလား"

ရာဟုက လေသံဖြင့် ပြော၍ ဦးထွန်းရက လေသံဖြင့် ပြန်မေးလိုက်သည်။

"ဟုတ်တယ် . . ရာမူးတို့ တဲ့ပင်တို့ ပြောတဲ့လေသံမျိုး စကားလုံးမျိုးပဲ"

"အောက်ထပ်က ဟုတ်လို့လား"

"ဟုတ်တယ် . . ကျုပ် နိုးနိုးချင်း အပေါ်ထပ်က ဂူခန်းကို သွားကြည့်ပြီးပြီ၊ အဲဒီမှာ လူမရှိဘူး"

"ဟ . . ဒီတံခါးကြီးကလည်း ပိတ်ထားတာပဲ"

"ဟုတ်တယ် . . အဲဒါကြောင့် အံ့သြစရာကောင်းတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ ဟိုထောင့်နားကိုသွားရင် အသံပိုကျယ်ကျယ်ကြားရမယ်"

ရာဟုမှာ အလွန်နားပါးသူ ဖြစ်သောကြောင့် အောက်မှ ပြောသော စကားများကို ကြားရခြင်း ဖြစ်သည်။ အခန်းထောင့်တွင် ကျောက်ခုတင်နှစ်လုံး ရှိသည်။ ထိုခုတင်အောက်သို့ နားကပ်ကာ ရာဟုက ထောင်သောကြောင့် ဦးထွန်းရကပါ နားကပ်၍ ထောင်လိုက်လေသည်။

"မနက်ဖြန်ကို မင်း ကျန်းကျန်းနဲ့ ယှဉ်ပြိုင်တိုက်ခိုက်ရမှာ တုန်းချိ၊ ဒီည မင်းပျော်သလို နေပါ၊ ချန်ကောင်း ဘာနှာခေါင်းရှုံ့မှ ရှုံ့မှ လုပ်နေတာလဲ"

"ဂူရဲ့ မြေပြင်ဝင်ပေါက် မီးဖိုကလား မသိဘူး၊ အသားကင်နံ့ရတယ် ချောင်းချောင်း အနံ့ခံကြည့်စမ်း"

စကားသံများက သဲကွဲစွာ ကြားနေရသည်။ နားကပ်ထောင်ရာမှ တစ်ဦးမျက်နှာတစ်ဦး ကြည့်လိုက်ကြ၏။

"ဒါ . . ရာမူးတွေရဲ့ အသံပဲ ရာဟု၊ ဟုတ်တယ် မဟုတ်လား၊ လူတွေ မမြင်ရတာ ခက်တယ် ဘယ်နှစ်ယောက်ရှိမှန်း မသိဘူး"

"ဂလပ်"

"ဒေါက်"

ကျောက်စားပွဲပေါ်သို့ အိုးချသံ၊ သောက်သံ ကြားနေရသည်။ အောက်တွင် ရာမူးလူမျိုးစုမှ လူများရှိနေသည်မှာ သေချာလေသည်။

"ကဲ . . တုန်းချိနဲ့ ချန်ကောင်း မြေပြင်ညီဂူပေါက်ဝကို





တက်ကြည့်စမ်း၊ တင်းတီနဲ့ ပါးအိုတို့ တောလိုက်မယ်ဆိုပြီး ထွက်သွားတာ ပြန်မလာဘူး၊ ဒီဂူကို စောစောရောက်ပြီး တောင်ခြေအပေါက်ဝက ဝင်တယ်ထင်တယ်"

"ဂူထဲကို သူတို့ပြန်ရောက်ဖို့တော့ မလွယ်ဘူး ချောင်းချောင်း၊ တဲ့ပင်တွေရဲ့ အရှင်မ 'ရှင်းလွယ်'က ဝံပုလွေတွေနဲ့ ထွက်တတ်တဲ့အချိန်မို့ သူတို့ ဝံပုလွေစာဖြစ်ပြီး သေသွားတာသာ ဖြစ်နိုင်တယ်"

အသံစူးစူးနှင့် လူတစ်ယောက်က ပြောသည်။

"ကဲပါ . . ငါလည်း ဒီလိုပဲ ထင်တာပဲ၊ ဒါပေမယ့် ဒီကောင်တွေက လျင်ပါတယ်၊ သစ်ပင်တွေပေါ် တက်ပုန်းပြီး ဂူကို ပြန်ရောက်နေတာ ဖြစ်ချင်ဖြစ်မှာပါ၊ ကဲ . . တုန်းချိနဲ့ ချန်ကောင်း သွားကြည့်ကွာ"

"ချောင်းချောင်း"ဆိုသူ၏ စကားသံ ဖြစ်နိုင်သည်။ သူတို့ဘာသာစကားမှာ သားရေရောင်းလာသူများထံမှ ဦးရွှေသာက သင်ပေးထားရာ ရာဟုရော ဦးထွန်းရပါ ကောင်းကောင်းနားလည်နေသည်။

ထသံ၊ လှေကားတက်သံ ကြားရသည်။ လှေကားမှာ သူတို့၏ အနီးလေးမှပင် ဖြစ်လေသည်။ အပေါက်မရှိ မည်သည့်နေရာမှ ထွက်လာသည်ကို စောင့်ကြည့်နေစဉ် ကျောက်ခုတင်ကြီး လှုပ်လာသည်ကို အံ့သြစွာ တွေ့မြင်လိုက်ရလေတော့သည်။

"ဟော"

"ထိမယ် နောက်ဆုတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

ကျောက်ခုတင်ကြီးက သူ့တို့ဘက်သို့ စောင်းလဲကျလာသည်။ ထိုကျောက်ခုတင်အောက် ခြေလေးချောင်းနှင့် ဖိထားသော ကျောက်ချပ်လွှာမှာ လေ့ကားမှ တက်သည့် ထွက်ပေါက်ဖြစ်၏။

သူတို့နှစ်ယောက် နံရံလို စောင်းလဲလာသော ကျောက်ခုတင်နှင့် ပွန်ရံကြားတွင် ဝပ်၍ နေလိုက်လေသည်။ သူတို့မှာ တစောင်းခြေလေး ဖက်ထောင်နေသော ကျောက်ခုတင်းဘေးတွင် ပုန်းနေသော ရာဟုနှင့် ဦးထွန်းရတို့ကို မမြင်ပေ။

"တုန်းချိရေ အငွေ့တလူလူနဲ့ ဒီကောင်တွေ အကောင်တစ်ကောင်ကောင် ကင်စားနေတာတော့ သေချာပြီ"

"အေး . . ချောင်းချောင်းနဲ့ တို့အုပ်စု စားဖို့သွားယူကြတာပေါ့"

သူတို့ကို ကျောပေးကာ မီးဖိုဘက်နံရံသို့ကျော်ကာ ဝင်သွားသည်။ ဦးထွန်းရနှင့် ရာဟုတို့က တစ်ဦးနှင့်တစ်ဦး အချက်ပြကာ ခြေဖွ၍ နောက်မှ လိုက်ပါသွားလေသည်။ ဦးထွန်းရကဲ့သို့ တစ်ဦးမှာ အရပ်ရှည်၍ တစ်ဦးက ရာဟုကဲ့သို့ပင် တောင့်တင်းသည်။

သူတို့ဆံပင်များမှာလည်း ရာဟုကဲ့သို့ပင် မညီမညာနားရွက်အုပ်နေ၍ အဝတ်အစားများမှာ ဝက်ဝံနက်ရေကိုကိုယ်တစ်ခြမ်း ဝတ်ဆင်ထားပြီး မျက်နှာတွင် အနက်ရောင်ရှည်





မွေးမျက်နှာဖုံးကို စွပ်ကာ မျက်လုံးပေါက်ပေါ်ရုံ ဖောက်ထားသည်။

"တုန်းချိရေ"

"ဟေ"

"တို့ အရင်တီးလိုက်ရအောင်"

"ကောင်းတယ် . . ငါလည်း အရက်သောက်ထားလို့ ရင်ပူနေတယ်"

အနီးမှ ဓားမြှောင်ကို ယူကာ တုန်းချိဆိုသော ရာဟုနှင့် အရပ်အမောင်းတူသူက ဝက်ကောင်မှ အသားကို လှီးနေသည်။

"ဒီကောင်တွေ ဘယ်ရောက်နေပါလိမ့်"

"ဟာ . . ဒီကောင်တွေလား ပြောမနေနဲ့ သောက်စားပြီး အပေါ်တက်အိပ်နေရောပေါ့"

×× ×× ××

မီးဖိုနံရံနားသို့ ရောက်လာသော ဦးထွန်းရနှင့် ရာဟုတို့က လက်သီးဆုပ်သာသာ ရှိသော ကျောက်ခဲတစ်လုံးစီကို ကိုင်လာခဲ့သည်။ ဝက်ပေါင်သားကို လှီးကာ စားနေသော တုန်းချိနှင့် ချန်ကောင်းတို့ကို တစ်ချက်စီ ပြိုင်တူ ခေါင်းကို ကျောက်ခဲနှင့် ထုချလိုက်တော့၏။

"ခွပ်"

"အု"

"ခွပ်"

"အ"



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုဘေးတွင် နှစ်ဦးလုံး လဲကျသွားလေသည်။ ရာဟုက တုန်းချီကို မကာ သူအိပ်သည့် နေရာသို့ ဆွဲသွားသည်။ ဦးထွန်းရကလည်း အရုပ်ရှည်ရှည် ချန်ကောင်း၏ ကိုယ်ကြီးကို ဆွဲယူလာခဲ့တော့၏။

"မြန်မြန် ဦးထွန်းရ"

ရာဟု၏အကြံကို ဦးထွန်းရ မျက်ရိပ်ပြသည်နှင့် သဘောပေါက်သည်။ သူတို့အဝတ်အစားများကို ချွတ်ကာ ဝက်ဝံနက်ရေနှင့် ရှဥ့်နက်မွေးပါသော မျက်နှာဖုံးများကို ချွတ်လိုက်သည်။

"တုန်းချီ . . ကြာလှချည်လား"

"လာပြီ"

အောက်မှ အော်လိုက်သော အရက်မူးသံ သြသြကြီးကို ကြားရသည်။ ရာဟုက သူ၏ဓားရှည်ဖြင့် ဝက်ပေါင်တစ်ခြမ်းကို ခုတ်ပိုင်းကာ မယူလာသည်။

တောင့်တင်းသော ကိုယ်လုံးချင်း ရာဟုနှင့် တုန်းချီမှာ တူနေသကဲ့သို့ပင် ဦးထွန်းရနှင့်ချန်ကောင်းတို့မှာ အရုပ်အမောင်းချင်း တူနေ၍ မျက်နှာဖုံးများစွပ်ကာ ဝက်ခေါင်းကို ယူလာခဲ့သည်။

သူတို့စီးသော ဖိနပ်မှာ ခြေသလုံးတွင် ကြိုးပတ်ထားသည့် သားရေပြားသုံးလေးချပ်ကို တွဲထားသည့် တောစီးဖိနပ်များ ဖြစ်သွားသည်။





"ဟာ . . တယ်ဟုတ်ပါလား တုန်းချီ၊ ဝက်ပေါင်ကြီး တစ်ပေါင်တောင်ပါလား"

ချောင်းချောင်းဆိုသော လူဝကြီးမှာ မူးနေပြီဖြစ်လေသည်။

မျက်နှာဖုံးများစွပ်၍ အဝတ်လဲကာ လာကြသော 'ရာဟုနှင့် ဦးထွန်းရ'တို့ကို တုန်းချီနှင့်ချန်ကောင်းဟူ၍ပင် ထင်မြင်နေလေသည်။ အောက်ထပ်လှေကားမှ ဆင်းလိုက်လျှင် ခန်းမကျယ်တစ်ခုတွင် ထိုင်နေသူလေးဦး ရှိသည်။ သူတို့၏ရှေ့တွင် အရက်ထည့်သော ဝါးကျည်တောက်တစ်ခုစီရှိ၍ စားပွဲအလယ်တွင် မြေအိုးတစ်လုံး ရှိသည်။

"လာ . . တုန်းချီ ဒီမှာတင်"

ချောင်းချောင်းဆိုသော လူဝကြီးက သူ့ရှေ့စားပွဲတွင် ပုတ်ပြလိုက်သည်။ ကျန်လူများမှာလည်း အတော်ပင် မူးနေပြီဖြစ်ရာ

"တုန်းချီ . . မနက်ဖြန် မင်း တဲ့ပင်တွေရဲ့အရှင်မ ရှင်းလွယ်ရဲ့လူ ကျုန်းကျုန်းကို နိုင်အောင် တိုက်နိုင်မှ မင်းကို ရှင်းလွယ်က လက်ခံမှာနော်"

ဟု မူးသံနှင့် တစ်ယောက်က ရာဟုကို ပုတ်၍ ပြောသည်။ ရာဟုက ရပ်ကာ စကားမပြောဘဲ ကြည့်နေရာ

"ရော့ . . သောက်၊ အိပ်ရေးဝဝအိပ်၊ ဝက်ပေါင်ကောင်းတား"



www.burmeseclassic.com

www.burmeseclassic.com



ချောင်းချောင်းက သူလိုးစားနေသော ဓားနှင့်ရာဟုကို ဝက်ပေါင်ကင်တစ်လွှာ ပစ်ပေးသည်။

"ဟိုကောင်တွေ ဘာလုပ်နေလဲ"

"စားသောက်ပြီး အိပ်နေတယ် ထင်တယ်၊ အဲဒီအခန်း ထဲမှာ မရှိဘူး"

ရာဟုက အသံကို အတတ်နိုင်ဆုံး တုန်းချီနှင့် တူအောင် ပြောသည်။ သို့သော် အသံချင်း မတူပေ။

"တုန်းချီ . . မင်းအသံက ပိုကြီးလာသလိုပဲ၊ မင်းအား တွေ ပြည့်လာပြီ"

"ဟား . . ဟား . . ဟား"

အားလုံးတာ ရယ်မောလိုက်ကြသည်။ တုန်းချီက အရက် ကျည်ထောက်ကို မော့သောက်လိုက်သည်။ ရင်ထဲတွင် ပူဆင်း သွား၏။ ချက်အရက်အပြင်းစား ဖြစ်သည်။ ဦးထွန်းရကလည်း ချန်ကောင်းဟန်မျိုးဖြင့် ကျောက်ခုံတွင် ဝင်ကာထိုင်သည်။

ခဏအကြာတွင် သူတို့လေးဦးလုံး စားပွဲတွင် မှောက် ကာ မူး၍ အိပ်သွားကြလေတော့သည်။ ရာဟုနှင့် ဦးထွန်းရတို့ အလုပ်ရှုပ်သွားသည်။

သူတို့သည် အပေါ်သို့ ပြန်တက်ကာ သတိမေ့နေသော တုန်းချီနှင့် ချန်ကောင်းတို့ မထနိုင်စေရန် ဂူတံခါးကိုဖွင့်၍ နွယ်ကြိုးများခုတ်ကာ ချည်နှောင်ပြီး ပါးစပ်ထဲသို့ အဝတ်များကို ဆို့ပစ်ခဲ့လေတော့သည်။





သူတို့နှစ်ဦးက အိပ်ရေးဝနေပြီ ဖြစ်သည်။ အောက်ထပ် သို့ ပြန်ဆင်းလာသည်။ လရောင်က ဂူနောက်သို့ တဖြည်းဖြည်း ပြေးသွားနေသည်။ အောက်ထပ်တွင် ထွန်းထားသော ကညင် ဆီမီးတုတ်ကြီးက အလျှံတညီးညီးဖြင့် လင်းနေသည်။ သူတို့ နှစ်ဦး ရှေ့ဘာဆက်လုပ်ရမည်ကို တိုင်ပင်ရလေတော့မည်။

"ဒီလူတွေနဲ့ မိုးလင်းလို့ လိုက်သွားရင်တော့ ဟိုတဲ့ပင် လူမျိုးစုရဲ့ သခင်မရှင်းလွယ်ရဲ့လူ ကျန်းကျန်းနဲ့ မင်းရင်ဆိုင်ရ မှာပဲ"

"ကောင်းတာပေါ့ . . ကျုပ်က သူနဲ့တွေ့ချင်နေတာ"

ရာဟုက မကြောက်မရွံ့ ခပ်တိုးတိုး ပြောလိုက်လေ သည်။

"ကျန်းကျန်းဆိုတဲ့ကောင်ကို မင်းနိုင်ရင်တော့ ဟုတ်တာ ပေါ့၊ မနိုင်ရင် မင်းဘာယ်လိုလုပ်မလဲ"

"ကျုပ်ရဲ့ တိုက်ရည်ခိုက်ရည်ကို ဦးလေး သိပါတယ်ဗျာ၊ ကျုပ် ဒီလူ တွေကို တစ်ယောက်ချင်းသတ်ဖို့ မကြောက်ဘူး"

"ငါကတော့ ဒီလိုမဆုံးဖြတ်စေချင်ဘူး"

"ဒါဖြင့် ဘာလုပ်ရမှာလဲ"

"မင်း တစ်နေရာရာကို ထွက်ပြေးသင့်တာပေါ့ ရာဟု ရာ၊ တို့ ဒီအချိန် ဂူတံခါးဖွင့်ပြီး ထွက်သွားရင် ပြီးပြီပေါ့"

ရာဟုက ခေါင်းခါလိုက်သည်။

ရာဟုသည် တစ်ခုခုကို ဆုံးဖြတ်ပြီးလျှင် နောက်ဆုတ် တတ်သူမဟုတ်ကြောင်းကို ဦးထွန်းရ ငယ်ငယ်ကတည်းက ထိန်း



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသူမို့ သိသည်။

သူတို့စခန်းရှိ မည်သူကမျှ ရာဟုကို နိုင်အောင် တိုက်ခိုက်မှု၌ မယှဉ်ပြိုင်နိုင်။ ရာဟုက ကျွဲပေါက်တစ်ကောင်လို သန်မာ၍ ကျားတစ်ကောင်လို လျင်မြန်ဖျတ်လတ်သည်ကိုတော့ ဦးထွန်းရ ယုံသည်။

ရာမူးလူမျိုးစုမှ အရောင်းအဝယ်လာသူများနှင့်လည်း ရာဟုသည် မကြာခဏ စကားများကာ ရန်ဖြစ်သည်။ နှစ်ဦးသဘောတူ ယှဉ်ပြိုင်တိုက်ခိုက်မှု ဖြစ်ခဲ့ဖူးသည် အကြိမ်ကြိမ်။ ထို့ကြောင့် ရာမူးတို့ လူစုလောက်ကို ရာဟုက အရေးထားဟန်

မတူပေ။ သို့သော် နေရာတ ကာတွင် မိုက်မဲစွာ စွန့်စားခြင်းသည် ဒုက္ခရောက်တတ်ကြောင်း လူကြီးပီပီ ဦးထွန်းရက သိသည်။

တဲ့ပင်လူမျိုးစုတို့က လုံနှင့်ပေါက်ဆိန်ကို အသုံးပြု၍ တိုက်ခိုက်ရာတွင် သူမတူအောင် ကျွမ်းကျင်ကြသူများ ဖြစ်လေသည်။ သူတို့ပေါက်ဆိန်များမှာ အရိုးရှည်ကြီးများဖြစ်၍ အသွားမှာ လက်တစ်ထွာသာသာခန့် ကျယ်၍ အရိုးနေရာတွင် ချိုင့်ဝင်ကာ နေသော ပေါက်ဆိန်မျိုး ဖြစ်သည်။

လည်တိုင်ကိုထိလျှင် ထိခနဲ ပြတ်သွားနိုင်လေသည်။ ရာဟုသည် တုန်းချိုကျောတွင် လွယ်လာသော ထိုပေါက်ဆိန်မျိုးကို သူ့ကျောတွင် လွယ်ထားပြီး ဖြစ်သည်။ သူသည်လည်း ပေါက်ဆိန်တိုက်ကွက် အမျိုးမျိုးကို တစ်ကိုယ်တည်း လေ့ကျင့်ခဲ့ဖူးသည်။





ပေါက်ဆိန်မှာ အသွားလေး၍ လက်တစ်ဖက်တည်းနှင့် ကိုင်နိုင်ဖို့မလွယ်။ သို့သော် လက်မောင်းသန်မာ ကျစ်လျစ်သော ရာဟုက ထိုပေါက်ဆိန်ကို လက်တစ်ဖက်တည်းဖြင့် ကိုင်နိုင်သောသူ ဖြစ်၏။

ခြင်္သေ့တစ်ကောင်လို အပေါ်ပိုင်းလက်မောင်းအိုးနှင့် ရင်အုံကြီးမားလှသော ရာဟုက ပေါက်ဆိန်ကို ဖြတ်ကာ လက်တစ်ဖက်တည်းဖြင့် ဖွေ့ယမ်းလေ့ကျင့်နေလေသည်။

ဦးထွန်းရကတော့ ပြောမရသည့်အဆုံး နောက်မှလိုက်ပါကာ တတ်နိုင်သမျှ ကူညီရန် ကြိုးစားရပေတော့မည်။ သူတို့သည် အောက်ထပ်ခန်းမကျယ်မှ ထွက်ပေါက်လမ်းစတွင် ရောက်ရှိနေကာ လှသုံးယောက်သွားသာရုံ ဂူလမ်းမှာ အတော်ရှည်ပုံရလေသည်။

"ဦးလေး"

"ဟေ"

"သူတို့ဝင်လာတာ ဒီလမ်းက ဖြစ်ပုံရတယ်၊ လာ . . သွားကြည့်ရအောင်"

ရာမူးလူမျိုးစုတို့ အိပ်ပျော်နေစဉ် သူတို့သည် မြေအောက်ဂူလမ်းအတိုင်း ထွက်လာခဲ့ကြသည်။ အပြင်မှ အေးမြသော လေက တိုးဝေ့လာသည်ကို တွေ့ထိလိုက်ကြရလေသည်။

ကွေ့ကွေ့ကောက်ကောက်ဖြင့် သူတို့ထွက်ပေါက်သို့ ရောက်လာကြသည်။

× ×   × ×   × ×



www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ မြေအောက်ဂူသို့ ဝင်သည့်လမ်းမှာ ချောင်းကမ်းပါးစပ်ရှိ ချုံတစ်ခုထဲတွင် အဆုံးသတ်သွားလေသည်။ ထိုနေရာမှာ ချောင်းက စီးကျလာသည့် အနိမ့်ပိုင်းဖြစ်သကဲ့သို့ တောင်ကမရှိတော့ဘဲ မြေသားပေါ်သို့ လှေကားထစ်များမှ ပြန်လှမ်းတက်ရခြင်း ဖြစ်၏။

အပြင်သို့ ရောက်တော့မှ လေအေးက တဟူးဟူး တိုက်ခတ်နေသည်။ လရောင်မှာ ချောင်းထဲတွင် ဟပ်နေရာ ငွေရောင်တလက်လက် ထနေ၏။ အဝေးမှ ကြက်တွန်သံများကို ကြားရ၏။

"ဒါ . . မြေနိမ့်ပိုင်းပဲ၊ ဟိုက တောင်ကြီးတွေကို ကြည့်စမ်း ရာဟု"

လရောင်ကြောင့် တောင်ကြီးသုံးလုံးကို လှမ်းမြင်နေရသည်မှာ ထီးထီးမားမားပင် ဖြစ်သည်။ သူတို့သည် ဂူပေါက်ဝရှေ့သို့ ရောက်စဉ် ထိုတောင်ကြီးများကို မမြင်ရပေ။ တောင်ကြီးသုံးလုံးမှာ ဂူပေါက်ဝ၏ အနောက်ဘက်ထွက်သည့် လှို့ဏှက်ပေါက်မှ မြင်တွေ့ရခြင်း ဖြစ်ကြောင်း သဘောပေါက်မိကြသည်။

လွင်ပြင်တောအုပ်ထဲမှာ တောင်ကြီးသုံးလုံးမှာ မြေအိုးကြီးများ မှောက်ထားသကဲ့သို့ လုံးလုံးဝိုင်းဝိုင်းဖြင့် မြင့်မားလှသည်။ သစ်ပင်များက တောင်များကို လွှမ်းခြုံပေါက်ရောက်နေပုံရပြီး အလယ်မှ တောင်လုံးကြီးမှာ အမြင့်ဆုံးနှင့် အကြီးဆုံးဖြစ်နေလေသည်။





"မိုးတောင် လင်းတော့မယ်၊ ဒီအချိန်မှာ မင်းသေချာစဉ်းစားပါ ရာဟုရာ"

"ဦးလေးပေါက်ဆိန် ချွတ်လိုက်ပါဗျာ၊ ဦးလေးနဲ့ကျွန်တော် ကချာနယ်ကလာတဲ့ လူကြီးတွေဆီက သင်ထားတဲ့ပေါက်ဆိန်စကြာသိုင်းကွက်ကို လေ့ကျင့်ကြရအောင်"

"မိုးလင်းသွားရင် ချောင်းချောင်းတို့က တစ်မျိုးထင်နေမယ်"

"မထင်ပါဘူးဗျာ . . သူတို့ပြောတယ် မဟုတ်လားတုန်းချီ၊ မင်း ရှင်းလွယ်ရဲ့လူ ကျန်းကျန်းနဲ့ တိုက်ရမယ်လို့ ပြောတာ ရှင်းနေတာပဲ၊ ဒီမနက်မှာ ကျုပ်က ဝံပုလွေသခင်မ ရှင်းလွယ်နဲ့ တွေ့ချင်တာနဲ့ အသက်လုပွဲ လုပ်ရတော့မှာ"

မတတ်သာတော့သည့် အဆုံးတွင် ဦးထွန်းရက သူ့ကျောတွင် လွယ်ထားသော အရိုးရှည်ပေါက်ဆိန်ကြီးကို ဆွဲနှုတ်လိုက်ရတော့သည်။

တစ်ထွာကျော်ကျော် စက်ဝိုင်းခြမ်းအသွားမှာ သွေးထားသောကြောင့်ထက်မြည်နေကာ ဝင်လုဆဲလရောင်တွင် လင်းလက် တောက်ပနေလေသည်။

"ဦးလေး"

"ဟေ"

"ကျုပ်ကို မညှာနဲ့နော်"

"ငါ နားလည်ပါတယ်ကွာ၊ ကဲ . . လာပြီဟေ့ ဖွတ်အောင်သာ ရှောင်ပေတော့"



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းရမှာလည်း အသက်အရွယ်ပင် ကြီးရင့်လင့်ကစား ပေါက်ဆိန်ကို ဘယ်လက်ညာလက်ပြောင်းကာ ဝှေ့ယမ်း၍ ခုတ်ပိုင်းနေသည်။

"ထန်"

"ချွမ်"

ဦးထွန်းရက တကယ်လည်း မညာ၊ ဒီအချိန်တွင် သူညာနေပါက ရန်သူနှင့်တွေ့လျှင် ရာဟု ဒုက္ခရောက်တော့မည်မှာ အမှန်။ ထို့ကြောင့် ရာဟု၏ လည်တိုင်နှင့် ဦးခေါင်းနေရာကို ခုန်ပျံကာ ခုတ်ချနေသည်။

'ရာဟု'ကလည်း ပါးနပ်စွာ လိမ့်ဝပ်ရှောင်ရင်း ဦးထွန်းရ၏ ပေါက်ဆိန်ချက်များကို သူ့ပေါက်ဆိန်ချက်နှင့် ရိုက်ပင့်တင်ထုတ်နေသည်။ ဦးထွန်းရ ဆုတ်သွားလျှင် ရာဟုက ခုန်တက်ကာ ပေါက်ဆိန်ကြီးကို ဘယ်လက်ညာလက်ပြောင်းကာ ခုတ်ချလိုက်သည်။

"ချွမ်"

ပေါက်ဆိန်သွားချင်းထိ၍ မီးပွင့်သွားသည်။ အသံမှာလည်း ကျယ်လောင်စွာ ထွက်သွားသည်။ ရာဟုက ကိုယ်ကိုတစ်ပတ်လှည့်ကာ ခုန်၍ ဦးထွန်းရ၏ ပေါက်ဆိန်ကို အောက်မှဝင့်ကာ ကန်ထုတ်လိုက်သည်။

"ဖောင်း"

"အိုး"

ထို့နောက် မြောက်ကာလက်လွတ်သွားသော ပေါက်





ဆိန်ကိုယူကာ ဦးထွန်းရ၏လည်တိုင်ပေါ်သို့ ပေါက်ဆိန်သွားနှစ်လက်ကိုဆင့်ကာ ချိန်ရွယ်ထားလိုက်လေတော့သည်။

ဦးထွန်းရမှာ အလွန်အံ့အားသင့်သောမျက်နှာနှင့် ရာဟုကို မျက်လုံးပြူး ကြည့်နေလေသည်။

×× ×× ××

ထိုအချိန်မှာပင် မထင်မှတ်သော လက်ခုပ်သံများက ထွက်ပေါ်လာသည်။

"ဖြောင်း . . ဖြောင်း"

"ဖြောင်း . . ဖြောင်း . . ဖြောင်း"

"သိပ်ကောင်းတယ် တုန်းချီ၊ ပေါက်ဆိန်နဲ့တိုက်တဲ့လူတိုင်းဟာ ကိုယ့်ပေါက်ဆိန်နဲ့ သူများကို ခုတ်ဖို့ သူများပေါက်ဆိန်ချက်ကို ခုခံဖို့လောက်ပဲ တွေးတောပြီး တိုက်ခိုက်တာ၊ ခုမင်းက ပေါက်ဆိန်ကို ဟန်ပြပြီး တစ်ဖက်လူ ငေးနေတုန်းမှာ လက်ထဲက ပေါက်ဆိန်လွတ်သွားအောင် လုပ်ပြီး ခုန်ဖမ်းတာ သိပ်ကောင်းတဲ့ တိုက်ကွက်ပဲ"

လက်ပိုက်ကာ လူဝကြီးချောင်းချောင်းက ရာဟုကို တုန်းချီအမှတ်နှင့် ချီးကျူးစကား ပြောဆိုလိုက်လေသည်။ ဦးထွန်းရ၏ ပခုံးကိုလည်း ချောင်းချောင်းက ပုတ်လိုက်သည်။

"မင်း ဒီလောက်ပေါက်ဆိန်တိုက်ကွက် တိုးတက်နေတယ်ဆိုတာ ငါမသိဘူး ချန်ကောင်း၊ မင်းခုလို တိုးတက်လာတော့ တို့ရာမူးလူမျိုးစု ခေါင်းဆောင်တွေအဖြစ် လုပ်နေတာကို

www.burmeseclassic.com



တို့နဲ့လူမျိုးတွေက ဂုဏ်ယူစရာဖြစ်ပြီ''

ဦးထွန်းရက

"ကျုပ် တုန်းချီနဲ့ တိတ်တိတ်တောထဲမှာ လေ့ကျင့်ထားလို့ပါ၊ ချောင်းချောင်း စိတ်မဆိုးဘူး မဟုတ်လား''

"ဟား . . စိတ်မဆိုးပါဘူး၊ မင်းတို့နှစ်ယောက်လုံး အရက်တွေသောက် အသံတွေပြောင်းပြီး တစ်မျိုးတွေတောင် ဖြစ်နေပြီ၊ ကဲ . . သွားစို့ နေထွက်တာနဲ့ တောင်ခြေမှာ တို့လူမျိုးစုတွေ စောင့်နေကြလိမ့်မယ်''

မည်သည့်တောင်ခြေဟု မသိရပေ။ ဦးထွန်းရနှင့်ရာဟုတို့က မီးစင်ကြည့်ကရမည်ဟူသော သဘောဖြင့် လိုက်ပါသွားလေတော့သည်။ သူတို့ပြောပုံ စကားများအရ သူတို့နှစ်ဦးမှာ လူမျိုးစုခေါင်းဆောင် ခြောက်ဦးထဲတွင် ပါဝင်နေသူဖြစ်ကြောင်း ရိပ်မိလိုက်သည်။

ချောင်းရိုးအတိုင်း လူသွားလမ်းမှ ဆင်းသွားကြရာ အရှေ့ဘက်မှ ရောင်နီလည်းသမ်းကာ အလင်းရောင် ပေါ်လာသည်ကို တွေ့ရသည်။

"တဲ့ပင်လူမျိုးစုရဲ့ သခင်မရှင်းလွယ်က ကတိစကား အမြဲတည်တယ်၊ တကယ်လို့ မင်း သူအားကိုးရတဲ့ ကျန်းကျန်းကို အနိုင်ရလိုက်ပြီဆိုရင်တော့ သူ့ကတိအတိုင်း မင်းကို သူ့ကိုယ်ရံတော်ခန့်ပြီး တို့ရာမူးလူမျိုးစုတွေနဲ့ သူတို့တဲ့ပင်လူမျိုးစုတွေဟာ ပူးပေါင်းမိကြလိမ့်မယ်''



ရာဟုက ဘာကြောင့် ကိုယ်ရံတော်လုပ်ရမှာနည်း၊ ဘာကြောင့် ရာမူးလူမျိုးနဲ့ တဲ့ပင်လူမျိုးစုတို့ ပူးပေါင်းရမည်နည်းဆိုသည်ကို နားမလည်ပေ။ တုန်းချီ သိပြီးသားကိစ္စ သဘောမျိုးဖြင့် ပြောနေသောကြောင့် တုန်းချီမှာ မေးမနေတော့ဘဲ ဆက်၍ နားထောင်နေလိုက်သည်။

"တို့လူမျိုးစုထဲက ကျန်းကျန်းနဲ့တိုက်ဖို့ လူရွေးခဲ့ရတာ သုံးနှစ်ရှိပြီ၊ ကျန်းကျန်းရဲ့ လက်ချက်နဲ့ ငါတို့ရဲ့ တိုက်ရည်ခိုက်ရည်ရှိတဲ့ လူသုံးယောက် သုံးနှစ်တိတိ ဆက်တိုက်ကျဆုံးသွားတာ၊ ဒါကြောင့် ဒီနှစ်လည်း ဒီကတိနဲ့ သူ့ရဲ့ကျန်းကျန်း စွမ်းရည်ကို ပြချင်လို့ ချိန်းဆိုကတိပြုတာ မင်းသိတယ် မဟုတ်လား''

ချောင်းချောင်း၏ အသံမှာ စကားပြောရင်း စိုးရိမ်သံပေါ်လာ၍ ရပ်ဆိုင်းသွားသည်။

"ကျုပ် ကျန်းကျန်းကို နိုင်အောင်တိုက်မယ်လို့ ဆုံးဖြတ်ထားပါတယ်''

"မင်းလည်း ကျန်းကျန်းရဲ့ လက်ရည်ကို မြင်တွေ့ခဲ့ဖူးတာပဲ တုန်းချီ၊ မင်းကို ငါသိပ်စိုးရိမ်တယ်၊ တကယ်လို့ မင်းသာ ကျဆုံးသွားရင်တော့ တို့ရာမူးလူမျိုးစုတွေဟာ တဲ့ပင်လူမျိုးစုခေါင်းဆောင် သခင်မရှင်းလွယ်ရဲ့လက်အောက်ခံ လူမျိုးစုဘဝက လွတ်မှာမဟုတ်ဘူး''

ဦးထွန်းရက နည်းနည်းသဘောပေါက်စ ပြုလာသည်။ တောတောင်ထဲတွင် အုပ်စုဖွဲ့၍ နေကြသော လူမျိုးစုများ



www.burmeseclassic.com

www.burmeseclassic.com



သည် အင်အားကြီး၍ တိုက်ခိုက်မှုစွမ်းရည်ရှိသော လူမျိုးစုအား သူ့ကို မယှဉ်နိုင်သော လူမျိုးစုများက အခွန်ပေးကြရသည်။

အခွန်မှာ သစ်မွှေးငါးပိသား၊ ဆင်ဆယ်ကောင်နှင့် ကျွားငါးကောင် စသဖြင့် နှစ်စဉ်ပေးဆက်ကြရခြင်း ဖြစ်သည်။

ထိုသို့ အခွန်မဆက်နိုင်ပါက လူမျိုးစုကြီးကခေါ်၍ ခိုင်းရန် လူငါးဆယ်တစ်ရာကို ထားရပြီး သစ်ခုတ်ခြင်း၊ အဆောက်အဦ ဆောက်ခြင်း၊ စားသောက်ခင်းစိုက်ပျိုးခြင်းတို့ကို လုပ်ရသည့် သဘောမျိုးရှိလေသည်။



တောင်ခြေသို့ ရောက်သောအခါ မြေပြန့်လွင်ပြင်တွင် အလွန်များပြားသော လူများ စုဝေးနေကြသည်ကို တွေ့ရသည်။ စုစုပေါင်းလူဦးရေ တစ်ထောင်ထက် နည်းလိမ့်မည် မဟုတ်ပေ။ အဝတ်အစားများ၊ တိရစ္ဆာန်အရေအမျိုးမျိုးကို ဝတ်ဆင်ထားပြီး ဝတ်စုံမှာ ပေါင်လယ်လောက်အထိ တစ်ဆက်တည်း ဖြစ်၏။

ယောကျ်ားများချည်းသာ မဟုတ်၊ မိန်းမများ၊ အပျိုအရွယ်များနှင့် ကလေးများပါ ပါဝင်နေလေသည်။

"ဟေး . . ဟေး . . ဟေး"

သူတို့တောင်ပေါ်မှ ဆင်းလာသည်ကို တွေ့သည်နှင့် တောင်အောက်မှ လူစုလူဝေးကြီးမှာ အော်ဟစ်ကာ လက်များကို ဝှေ့ယမ်းပြကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟေး . . ချောင်းချောင်းကြီး အသက်ရှည်ပါစေ၊ တုန်းချီ အနိုင်ရပါစေ"

အဝေးမှ နားထောင်စဉ်က ဆူညံအော်ဟစ်သံများကို မသဲမကွဲ ဗလုံးဗထွေး ကြားနေကြရသော်လည်း တောင်ခြေရှိ ညီညာအောင် ပြုလုပ်ထားသောတောင်ကမူပေါ်သို့ ရောက်သောအခါ ရာမူးလူမျိုးစုတို့၏ သဲသဲကွဲကွဲ အော်ဟစ်သံကို ပြတ်သားစွာ ကြားလိုက်ရတော့၏။

သူတို့အော်သည်မှာ သူတို့ခေါင်းဆောင် အကြီးဆုံးဖြစ်သော "ချောင်းချောင်း အသက်ရှည်ပါစေ" ဟူသော စကားနှင့် "တုန်းချီ တိုက်ပွဲမှာ အနိုင်ရပါစေ"ဟူသော စကားပင် ဖြစ်လေသည်။

ရာဟုနှင့် ဦးထွန်းရတို့သည် အခြားလူများ၏ နေပုံထိုင်ပုံကို ကြည့်ရင်း ချောင်းချောင်း၏ နောက်တွင် ငါးယောက်တန်းစီ ရပ်မိပြီးသား ဖြစ်သွားကြလေသည်။တောင်ကမူကို ညီညာအောင် ပြုလုပ်ထားသည်။

ကုန်းမြေပေါ်သို့ သူတို့ခေါင်းဆောင်များ ရောက်ရှိလာသောအခါ အားလုံးက ဦးညွှတ်ကာ လှံရှည်များကို ထောင်၍ အရိုအသေပေးလိုက်ကြသည်။

ထို့နောက် မိန်းမနှင့်ကလေးများသည် နောက်ဆုံး ခပ်ယို့ယို့ ဆုတ်သွားကြပြီးနောက် လူငါးဆယ်စီ လှံများထောင်ကာ စီတန်းရပ်နေသော ယောကျ်ားကြီးများသာ ကျန်ခဲ့ကြလေသည်။

"ဒီနေ့ဟာ ကျုပ်တို့ရဲ့ ခေါင်းဆောင်ထဲက တုန်းချီနဲ့ တဲ့ပင်လူမျိုးစု ဝံပုလွေသခင်မ ရှင်းလွယ်ရဲ့လူ ကျန်းကျန်းတို့





သူသေကိုယ်သေ ယှဉ်ပြိုင်တိုက်ခိုက်ရမယ့်ပွဲ ဖြစ်တယ်၊ ဒီတော့ ကျုပ်တို့ရဲ့လူတွေဟာ သုံးနှစ်တိတိ အသက်စွန့်ပြီးပြီ၊ ဒီနှစ်တော့ ဒီရာဇဝင်ကြွေးကို တုန်ချီက ပေးဆပ်ဖို့ တာဝန်ယူလိုက်ပြီ"

"ဖြောင်း . . ဖြောင်း . . ဖြောင်း"

"အောင်မြင်ပါစေ"

"အနိုင်ရပါစေ"

လက်ခုပ်သံများနှင့်အတူတစ်ခဲနက် အားပေးသံများ ပေါ်လာသည်။

"ဒီတော့ စကားကို သိပ်ပြောဖို့ အချိန်မရှိတော့ဘူး၊ သူတို့နဲ့ တိုက်ခိုက်နေကျ နှင်းမခလွင်ပြင်ကို ကျုပ်တို့ ခုပဲ ထွက်ခွာကြပါစို့"

ချောင်းချောင်းသည် လူ့ခန္ဓာကိုယ်ဝသလောက် အသံက အောင်မြင်သည်၊ သြဇာသံပါသည်။ ပြီးနောက် ကုန်းမြင့်ပေါ်မှ ဆင်းကာ ရာမူးလူမျိုးစုများရှိရာသို့ ဆင်းသွားရာ နောက်မှ ဦးထွန်းရ၊ ရာဟုနှင့် မျက်နှာဖုံးစွပ်ထားသူများလည်း လိုက်ပါသွားရလေတော့၏။

ရာမူးလူမျိုးစုများမှာ သူတို့အကြီးအကဲ ခေါင်းဆောင်ဖြစ်သူ ချောင်းချောင်းနှင့် မျက်နှာဖုံးစွပ်ထားသော ခေါင်းဆောင်များကို အလွန်လေးစားရှိသေကြသည်။

လွင်ပြင်တွင် လှံများကို တန်းစီထောင်ကာ ရပ်နေသောလူများသည် စည်းကမ်းညီညွတ်လှစွာ အလယ်မှနေ၍ နောက်သို့ ဆုတ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်ကြီးများ သူတို့အလယ်မှ ဖြတ်သွားနိုင်ရန် လမ်းကို ရှင်းပေးလိုက်ခြင်း ဖြစ်သည်။ ရာဟုနှင့် ဦးထွန်းရတို့မှာလည်း ချောင်းချောင်း၏နောက်မှ အခြားမျက်နှာဖုံးစွပ်လေးဦးနှင့်အတူ နှစ်ယောက်စီယှဉ်ကာ လိုက်ပါသွားကြသည်။ အလယ်မှ အုပ်စုနှစ်စုခွဲကာ လမ်းဖယ်ပေးလိုက်ကြသော ရာမူးတို့မှာ ခေါင်းဆောင်များဘက်သို့လှည့်ကာ ဦးညွတ်နေကြသည်။

အခြားသူများ၏ အမူအရာကို ကြည့်၍ လိုက်ရသည် ဖြစ်ရာ ရာဟုတို့သည်လည်း ခေါင်းမော့ရင်ကော့ကာ လူအုပ်စုနှစ်စုကြားမှ ဖြတ်သန်းရလေသည်။

လူအုပ်စုပြီးဆုံးသောအခါတွင် ချောင်းချောင်းသည် ရှေ့သို့ ဆက်လက်လျှောက်လှမ်းသွားရာ နံနက်နေရောင်ခြည်ဖြင့် စိမ်းလန်းသော တောင်ကုန်းကြီး တစ်ခုရှိရာသို့ ဖြစ်၏။ ထိုတောင်ကုန်းကြီးမှာ ကျယ်ဝန်း၍ ပြန့်ပြူးနေသည်။

တောင်ကုန်း၏ နောက်ဘက်တွင် ကျောက်ဖြူအဆောက်အဦ ကြီး၏အမိုးသည် တဖြည်းဖြည်း ပေါ်လာသည်။

အမိုးကိုလည်း ကျောက်သားဖြင့်ပင် ပြုလုပ်ထား၍ တောင်ကုန်းပေါ်သို့ တရွေ့ရွေ့ တက်လာမိကြမှ တစ်ဖက်ရှိ ကျောက်ဖြူစံအိမ်ကြီးက မြေကြီးထဲမှ တဖြည်းဖြည်း ပေါ်လာသည်။

ကျောက်ဖြူစံအိမ်ကြီး ဝန်းကျင်တွင် သဘာဝအလျောက် ပေါက်သော အလွန်အဆိပ်ပြင်းသည့် ဆူးပန်းပင်ကြီးများကို စိုက်ပျိုးထားသည်။





အလယ်တွင်ရှိသော ဝင်းတံခါးကြီးမှာ အလွန်ခိုင်ခံ့သော သစ်လုံးတံခါးကြီးဖြင့် ဆောက်လုပ်ထားလေသည်။ ကျောက်ဖြူစံအိမ်ကြီးရှေ့ ခြေလှမ်းသုံးရာခန့်အကွာတွင် ချောင်းချောင်းသည် ရပ်တန့်လိုက်၏။

ရာဟုကား ကျန်းကျန်းနှင့် တိုက်ခိုက်ရန်အတွက်လည်းကောင်း တဲပင်လူမျိုးစုခေါင်းဆောင် ဝံပုလွေသခင်မရှင်းလွယ်ကို တွေ့မြင်လိုသောကြောင့်လည်း ရင်များ တထိတ်ထိတ်ခုန်နေလေတော့သည်။

ဆူးများမှာ ခြောက်လက်မမျှရှိ၍ ဝါးပင်လို အကိုင်းဆန်ဆန်အပင်များမှ ထွက်လျက်ရှိရာ ထိပ်တွင် မည်းနက်နေလေသည်။ ဆူးထိပ်တွင် ကင်းမြီးကောက် အမြီးကဲ့သို့ အနက်ရောင်သမ်းနေသည်ကို တွေ့ရသည်။

ဆူးများမှာ အဆစ်တိုင်းမှ ထွက်၍ အလုံးသီးများအခက်များထွက်နေရာ မည်သူတစ်ဦးတစ်ယောက်မျှ ထိုဆူးပင်ထရံကြီးကို ကျော်ဖြတ်၍ မရပေ။

ထိုဆူးမှအဆိပ်မိလျှင် ဆေးကု၍ မရ။ အသားများပုပ်ကာ တစ်လအတွင်း တဖွဲဖွဲကြွေ၍ သေသွားတတ်သည်။ ထို့ကြောင့်လည်း ဝံပုလွေများ၏ရန်၊ ဆူးဝင်းထရံ၏ ရန်တို့ကို ကြောက်ရွံ့သောကြောင့် တဲပင်လူမျိုးစုတို့ကို မည်သူမျှ မလေးမစား မလုပ်ရဲကြပေ။

ဤနက်ရှိုင်းသော တောင်ကြောကြီးတွင် တဲပင်လူမျိုးစုတို့မှာ ဒုတိယအင်အားအကြီးဆုံး လူမျိုးစုကြီး ဖြစ်၏။ တဲပင်



www.burmeseclassic.com

www.burmeseclassic.com



လူမျိုးစုတို့ကို မျိုးရိုးအလိုက် အုပ်ချုပ်လာရာ ရှင်းလွယ်၏ မိဘများသည် သားမထွန်းကားသောကြောင့် ရှင်းလွယ်မှာ ကျောက်ဖြူစုံအိမ်၏ အရှင်သခင်မ အကြီးအကဲ ဖြစ်နေခြင်းပင် ဖြစ်သည်။

ရှင်းလွယ်မှာ အသက်နှစ်ဆယ်ဝန်းကျင် မိန်းမပျိုတစ်ဦးဖြစ်၍ သူ၏ကြင်ယာတော်ကို စိတ်တိုင်းကျ မရွေးချယ်ရသေးပေ။

ယခု သူ၏စစ်သူကြီး ကျန်းကျန်းမှာ ရာမူးလူမျိုးစု၏ နှစ်စဉ်တိုက်ခိုက်ရေးသမားများကို သုံးကြိမ်အနိုင်ရခဲ့ပြီဖြစ်၍ ယခု တစ်ကြိမ် အနိုင်ရလျှင် လူမျိုးစုအကြီးအကဲများ (မှူးမတ်များကဲ့သို့ ဖြစ်သည်)က ရှင်းလွယ်ကို ကျန်းကျန်းနှင့် လက်ဆက်ပေးကြတော့မည်မှာ သေချာသည်။

ရှင်းလွယ်မှာ ကျန်းကျန်းကို သဘောမကျ။ တိုက်ရည်ခိုက်ရည် ကောင်းမွန်သော်လည်း ကြမ်းတမ်းရက်စက်သည်။ မိန်းမများကို တန်ဖိုးမထား၊ တဲ့ပင်လူမျိုးစုထဲမှ အချောအလှမိန်းမများကိုလည်း ခြေတော်တင်လေ့ ရှိသည်။

ရှင်းလွယ်က အာဏာဖြင့် တားမြစ်ထားသောကြောင့်သာ ပေါ်ပေါ်ထင်ထင် မလုပ်ရဲဘဲ ခိုးကြောင်ခိုးဝှက် လုပ်နေကြောင်း သတင်းရရှိ၏။

တဲ့ပင်လူမျိုးစု ရှင်းလွယ်သည် သူတို့တစ်ဦးတည်း၏ အင်အားဖြင့် တောင်သုံးလုံးဒေဝီ 'စာမရီ'ကို တိုက်ခိုက်၍ မနိုင်နိုင်ကြောင်း သိသည်။





တောင်သုံးလုံးလူမျိုးစုမှာ အင်အားများသည်။ သို့သော် မည်သည့်လူမျိုးများကိုမျှ ကျူးကျော်တိုက်ခိုက်ခြင်းမရှိ' သူမကဲ့သို့ပင် စာမရီဆိုသော ဆယ်ကျော်သက် မိန်းကလေးက အုပ်ချုပ်၍ စည်းကမ်းစနစ်ကျနစွာ နေထိုင်သည်။

စာမရီဆိုသော တောဘုရင်မက ဤကဲ့သို့ စိတ်သဘောထားရှိသော်လည်း သူ၏စစ်သူကြီးများ နောင်တွင်လက်ခံမည့် ခေါင်းဆောင်များက တဲ့ပင်လူမျိုးစုကို ချေမှုန်းကောင်း ချေမှုန်းနိုင်ပေသည်။

ထို့ကြောင့် တဲ့ပင်လူမျိုးစု၏ လက်အောက်ခံဖြစ်ခဲ့သော ရာမူးလူမျိုးစုကို ပူးပေါင်းထားခြင်းပင် ဖြစ်သည်။

တိုက်ရည်ခိုက်ရည်ကောင်းသောလူများ ပေါ်ထွက်လာစေရန်လည်း နှစ်စဉ်လေ့ကျင့်လျက် ရှိနေကြလေသည်။

ချောင်းချောင်းတို့လူမျိုးစု ကျောက်ဖြူစုံအိမ်ေ၊ ဝင်းအပြင်တွင် ရောက်ရှိနေကြောင်း တံခါးပေါ်မှ တဲအတွင်းရှိ ဝင်းစောင့်က သံချောင်းသုံးချက်ခေါက်၍ အချက်ပေးလိုက်လေသည်။

"ဒေါင် . . ဒေါ်ဲ . . ဒေါင်"

မကြာမီ ဆူးပင်များကြားရှိ ကြီးမားသော သစ်လုံးဝင်းတံခါးကြီး ပွင့်ဟသွားလေ ည်။ ထိုအခါတွင်မှ ရာဟု၏ခေါင်းကို အနေတော် သားရေပြားတစ်ပြားစွပ်ကာ နောက်စေ့တွင် အနီရောင်ငှက်မွေးရှည်တစ်ချောင်းကို ချောင်းချောင်းကိုယ်တိုင် စိုက်ပေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သဘောမှာ ကျောက်ဖြူစံအိမ်ရှိ ၀ံပုလွေသခင်မရှင်းလွယ်က ယခုနှစ် တိုက်ခိုက်မည့် ရာမှုးလူမျိုးစုခေါင်းဆောင်ဘက်မှ လူမှာ မည်သူမည်ဝါဖြစ်ကြောင်း သိရှိစေရန် အမှတ်အသားပေးလိုက်ခြင်းပင် ဖြစ်သည်။

ချန်ကောင်းအဖြစ် ဟန်ဆောင်ထားရသော ဦးထွန်းရမှာ ရာဟု၏ လက်များကို ဆုပ်ကိုင်လိုက်သည်။ ဦးထွန်းရ၏လက်များ အေးစက်နေ၏။



ဝင်းတံခါး၏ တစ်ဖက်တစ်ချက်တွင် အရိုးရှည်ပေါက်ဆိန်ကြီးများကို ကိုင်ဆောင်၍ အမွေးပါသော အဖြူရောင်သိုးရေကို ဝတ်ဆင်ထားသူများမှာ မျက်နှာချင်းဆိုင် တန်းနေသည်။ သူတို့၏ ခေါင်းပေါ်တွင် ပြာလဲ့လဲ့အမိုးတစ်ခုရှိရာ အကိုင်းချင်းယှက်နေသော ဝါးပင်များကို ဆက်တွဲချည်နှောင်ထားပြီး အပြာရောင်သစ်ခွပွင့်နှင့် အခြားထူးဆန်းသော သစ်ခွများ စိုက်ပျိုးထားသောကြောင့်ပင် ဖြစ်သည်။

ဝင်းတံခါးဝနှင့် ကျောက်ဖြူစံအိမ်မှာ ပေနှစ်ရာခန့် ကွာဝေးလျက်ရှိရာ ထိုနေရာတွင် အကိုင်းချင်းယှက်ကာ သစ်ခွများချိတ်ဆွဲထားသည့် ဝါးပင်များသည် ဝင်းတံခါးဝမှ ကျောက်ဖြူစံအိမ်၏ အပေါက်ဝလှေကားထစ်များအထိ စီတန်းနေသည်၊



www.burmeseclassic.com

www.burmeseclassic.com



သိုးရေအဖြူရောင်ကို ခေါင်းဖောက်ကာ စွပ်၍ ဝတ်ဆင်ထားသော ထောင်ထောင်မောင်းမောင်း လူကြီးတစ်ဦးက ပေါက်ဆိန်ကို ထောင်၍ကိုင်ကာ ထွက်လာပြီး ရာမူးလူမျိုးစုခေါင်းဆောင်မျက်နှာဖုံးစွပ်များအား လက်တစ်ဖက်ဖြင့် အတွင်းဘက်သို့ ဇော့ယမ်းပြလိုက်သည်။

သဘောမှာ ကျောက်ဖြူစံအိမ်သခင်မက ဝင်ခွင့်ပြုပါပြီဆိုသော သဘောပင် ဖြစ်လေသည်။ ဝင်ခွင့်ပြုသည်မှာ ပါလာသော လူများအားလုံးကို မဟုတ်ပေ။ ချောင်းချောင်းနှင့် အနက်ရောင်မျက်နှာဖုံး စွပ်ထားသော ရာဟုတို့ခေါက်ဦး စုစုပေါင်း လူ(၇)ဦးသာ ဖြစ်သည်။

ရာမူးလူမျိုးစုများမှာ ယခုရပ်နေသည့် နေရာတွင် ရပ်လျက် တိုက်ပွဲ၏အရှုံး၊ အနိုင်ကို စောင့်စားရမည် ဖြစ်ပေသည်။ အကယ်၍ မိမိတို့ဘက်မှ တုန်းချို(ရာဟု)နိုင်လျှင်ကား အတွင်းသို့ဝင်ခွင့်ရကာ ကျောက်ဖြူစံအိမ်အတွင်းရှိ စားသောက်ပွဲသို့ တက်ရောက်ရမည် ဖြစ်သည်။

တုန်းချိုသည် ကျန်းကျန်းနှင့် တိုက်ခိုက်၍ ရှုံးနိမ့်သွားပါက ချောင်းချောင်းနှင့်ပါလာသူ လူတစ်စုသာ စားသောက်ပွဲတက်ရမည်ဖြစ်ပြီး ကျောက်ဖြူစံအိမ်သခင်မ၏ရှေ့တွင် ဒူးထောက်ကာ နောက်တစ်နှစ်လည်း သခင်မအား အခွန်ဆက်သပါမည်ဖြစ်ကြောင်း ပြောဆိုကာ ညိုးငယ်စွာ ပြန်သွားကြရမည်ဖြစ်လေသည်။

အရေးကြီးသော တိုက်ပွဲဖြစ်၍ နောက်လိုက်နောက်ပါလက်ရွေးစင် လူတစ်ရာတို့မှာလည်း ရင်တထိတ်ထိတ်ဖြင့် စိတ်





မောစွာ စောင့်စားနေရမည်သာ ဖြစ်လေသည်။ ချောင်းချောင်းက ရှေ့မှဦးဆောင်လျက် နှင်းမခလွင်ပြင်ခေါ် နေရောင်မထိုးသော စံအိမ်ထဲမှ မြက်ခင်းပြင်ကို ဖြတ်ကာ ကျောက်ဖြူလှေကားထစ်များပေါ်သို့ တက်သွားကြသည်။

ခန်းမကျယ်ကြီးတစ်ခုထဲသို့ ဝင်မိကြလျှင် ခန်းမထိပ်၌ ထိုင်လျက် ရှိနေသော ကျောက်ဖြူသခင်မနှင့် သူမ၏ညာဘက်တွင် ခပ်စောင်းစောင်းထားသော ခုံတစ်လုံး၌ ထိုင်နေသော ဘီလူးသဘက်လို ထွားကျိုင်းလှသည့် ခေါင်းတွင် ငှက်မွေးအနီစိုက်ထားသော ကျန်းကျန်းကို တွေ့ရသည်။

ကျောက်ဖြူစံအိမ်သခင်မ ရှင်းလွယ်မှာ စူးရဲတောက်ပသော မျက်လုံးများရှိပြီး သူမတစ်ကိုယ်လုံးမှာ မည်သည့်သားကောင်ကဟု မသိနိုင်သော အဖြူရောင်အမွေးနုများပါသည့် ဝတ်ရုံကြီးကို လွှမ်းခြုံထားလေသည်။

ဝတ်ရုံကြီးမှာ ယုန်မွေးကဲ့သို့ အမွေးနုများရှိ၍ ရင်လွှာအထက်မှ ခြေသလုံးအထိ ရှည်လျားစွာ ရှိသည်။ ပခုံးသားများနှင့် လက်နှစ်ဖက်မှာမူ ကြော့ရှင်းလှပစွာ ထင်ထင်ရှားရှား ပေါ်လွင်နေသည်။

ကျန်းကျန်း၏ နောက်တွင် တဲ့ပင်လူမျိုးတို့၏ အကြီးအကဲ ဆယ်ဦးခန့် ကျောက်ဖြူထိုင်ခုံများဖြင့် ထိုင်နေကြ၏။ သူတို့လက်ထဲတွင် လက်နက်မရှိပေ၊ ကျောတွင် တစောင်းပေါက်ဆိန်ရှည်ကြီးများကို လွယ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်းလွှယ်၏ ဘယ်ဘက်ခြမ်းတွင် ကျန်းကျန်းထိုင်သည့် ညာဘက်မှ ကျောက်ဖြူခုံကဲ့သို့ ခုံလွတ်တစ်လုံးရှိ၍ ထိုခုံများ၏ နောက်တွင်လည်း ကျောက်ဖြူကုလားထိုင် အလွတ်ခြောက်လုံး ခုနစ်လုံးခန့် ရှိ၏။ ချောင်းချောင်းက ရာဟုကို သခင်မအနီးရှိ ကုလားထိုင်တွင် ထိုင်ရန် ညွှန်ပြ၍ ဝင်ထိုင်ပြီး ရာဟုနောက်မှ ကုလားထိုင်မြင့်မြင့်တွင် ချောင်းချောင်းက ထိုင်လိုက်သည်။

ကျောက်ဖြူစံအိမ်သခင်မ ရှင်းလွှယ်က ရာဟု၏ ကျစ်လျစ်သန်မာသော ကိုယ်လုံးကိုယ်ထည်နှင့် မျက်နှာဖုံးစွပ်ထားသော မျက်နှာကို အကဲခတ်ကြည့်ရှုသကဲ့သို့ ရာဟုမှာလည်း ချောမောလှပသော ရှင်းလွှယ်၏ မျက်နှာကို စူးစိုက်ကြည့်နေရာ မျက်လုံးချင်းဆုံမိကာ ရင်များပင် ဖိုသွားမိတော့၏။

×× ×× ××

ကျောက်ဖြူစံအိမ်သခင်မ ရှင်းလွှယ်သည်လည်း မျက်နှာဖုံးအောက်မှ စူးရှတောက်ပြောင်သော ရာဟု၏ မျက်လုံးများနှင့်ဆုံမိကာ မျက်လွှာချလိုက်ရပြီး ချောင်းချောင်းရှိရာသို့ လှမ်းကြည့်လိုက်သည်။

"ချောင်းချောင်း ရှင်ဟာ တိုက်ပွဲရဲ့ စည်းကမ်းကိုတော့ ဒီနှစ်ရွေးချယ်တဲ့သူကို ပြောပြပြီးပြီပေါ့"

ဘာသာစကားမှာ ရာမူးလူမျိုးစုတို့ ပြောသော စကားနှင့် တူညီနေသောကြောင့် ရာဟု ကောင်းကောင်းနားလည်လိုက်လေသည်။ ဦးထွန်းရမှာလည်း ချောင်းချောင်း၏ နောက်ဘက်





ကျောက်ခုံတွင် ထိုင်ရင်း အခြေအနေ အရပ်ရပ်ကို အကဲခတ်နေသည်။

"ပြောတော့ ပြောပြီးပါပြီ၊ ဒါပေမယ့် သခင်မက ညွှန်ကြားစရာရှိတာ ညွှန်ကြားပါ"

ချောင်းချောင်းမှာ လက်အောက်ခံလူမျိုးစု ခေါင်းဆောင်ပီသစွာ မိမိထက်ငယ်ရွယ်သော မိန်းမပျိုကို ရိုးသေယဉ်ကျေးစွာ သခင်မဟု ခေါ်လိုက်သံကြားရသည်။

"ကျွန်မသဘောကတော့ ရိုးရိုးသားသား ကိုယ့်စွမ်းရည်ကို အသုံးပြုပြီး တိုက်ခိုက်တာကို အမိကထားတာပါပဲ သူ့နာမည်ကို ဘယ်လိုခေါ်လဲ"

ရာဟုက သူမနှင့် အနီးဆုံးထိုင်နေသည့်တိုင် အဖက်မလုပ်သေးသည့် သဘောဖြင့် ချောင်းချောင်းကို လှမ်း၍ မေးမြန်းလိုက်သည်။ ချောင်းချောင်းက

"သူက ကျုပ်ရဲ့လက်ရုံး တုန်းချီ"

"အင်း . . လူကတော့ တိုက်ခိုက်မှု အတော်အတန် အလေ့အကျင့်ရှိပုံပါပဲ၊ ဒါဆိုရင် ထုံးစံအတိုင်း နှင်းမခလွှင်ပြင်ကို ထွက်နှင့်ကြပါ"

စကားအဆုံးတွင် ကျောက်ဖြူစံအိမ်သခင်မသည် ထ၍ ရပ်ကာ ကျောခိုင်းထွက်ခွာသွားသည်။ ရာဟုသည် ရှည်လျားသော ဆံပင်နှင့် ကြော့ရှင်းသော ခန္ဓာကိုယ်ကို ငေးမော၍ကာ ကြည့်ရှုမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖြူစံအိမ်သခင်မ ရှင်းလွယ်သွားရာနောက်သို့ ကျန်းကျန်းနှင့် သူ၏မူးမတ်ခေါင်းဆောင်များက လိုက်ပါသွားကြလေသည်။ ကျောက်ဖြူစံအိမ်၏ တံခါးပေါက်ကြီးတစ်ခုထဲသို့ ဝင်သွားကြခြင်း ဖြစ်ကြောင်း သိရသည်။

ချောင်းချောင်းနှင့် ရာဟုတို့သည် စံအိမ်တံခါးဝမှ ပြန်ထွက်လာခဲ့၍ ဝါးကိုင်းများယက်ကာ နေပြောက်ပင် မထိုးနိုင်ဘဲ စိမ်းမြပြာလွင်နေသော နှင်းမခလွင်ပြင်တွင် သေသပ်လှပစွာ ပြုလုပ်ထားသော ဝါးကုလားထိုင်များ ချထားသည်ကို တွေ့ရသည်။

တစ်ဖက်ခြမ်းတွင် ရာမူးလူမျိုးစုခေါင်းဆောင်များနှင့် တိုက်ပွဲဝင်သူရဲကောင်း ထိုင်ရန်နေရာနှင့် တစ်ဖက်ခြမ်းတွင်လည်း တဲ့ပင်လူမျိုးစုခေါင်းဆောင် စံအိမ်သခင်မရှင်းလွယ်နှင့် တဲ့ပင်လူမျိုးစုမှ တိုက်ပွဲဝင် သူရဲကောင်းကျန်းကျန်း ထိုင်ရန် တိုင်ခုံကို ချထားသည်။

လူမျိုးစုခေါင်းဆောင်များ၏ ရှေ့တွင် တိုက်ပွဲဝင်သူရဲကောင်း၏ ထိုင်ခုံက ရှိသည်။ ချောင်းချောင်းက နှစ်စဉ်အတွေ့အကြုံရှိသူဖြစ်သောကြောင့် တောင်စောင့်နတ်ကြီးကို တတွတ်တွတ်ရွက်ဆို ဆုတောင်းလျက် သူ့နေရာတွင် ဝင်ထိုင်လိုက်သည်။

တုန်းချီအသွင်ဆောင်ထားသော ရာဟု၏ နောက်တည့်တည့်တွင် ချန်ကောင်းဟန်ဆောင်ထားသော ဦးထွန်းရတို့မှ ရှေ့နောက်ကပ်ကာ ထိုင်မိသည်။

× × ×



ဦးထွန်းရမှာ စိတ်လှုပ်ရှားလျက် ရှိသည်။ တိုက်ပွဲတွင် သူကိုယ်တိုင် ဝင်ရောက်တိုက်ခိုက်ရမည်ဆိုလျှင် ထိုမျှပူပန်စိတ်လှုပ်ရှားမိမည် မဟုတ်ဘဲ သူငယ်စဉ်ကတည်းက ထိန်းသိမ်းစောင့်ရှောက်လာခဲ့ရသော ရာဟု သူ့ရှေ့တွင် ရန်သူ့လက်ချက်ဖြင့် မရှူမလှ သေပွဲဝင်ရမည်ကို စိုးရိမ်နေမိသည်။

ထိုပူပင်မှုမှာ အလွန်ပင်ကြီးမားလှ၍ အသက်ရှူ၍ မကောင်းအောင်ပင် ကတုန်ကယင်ကြီးဖြစ်နေမိသည်။ ရာဟု၏ အနီးသို့ ကပ်ကာ သတိပေးစကား ပြောလိုက်သည်။

''ရာဟု အစစအရာရာ သတိထားနော်၊ မင်း နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



လေး သတိလွှတ်တာနဲ့ အသက်ပါသွားမှာ

အသံမှာ တုန်နေ၏။ ထိတ်လန့်မှုန်း သိသာနေ၏။ သူများမကြားအောင် ခပ်တိုးတိုး ပြောသော်လည်း ရာဟုက ကောင်းစွာကြားနေရသည်။

"ဦးလေး သိပ်စိတ်မလှုပ်ရှားပါနဲ့ဗျာ"

"ငါနဲ့မင်း လူချင်းလဲလို့ရရင် လဲချင်တယ်"

"မဖြစ်နိုင်တာပဲဗျာ . . ကျုပ်ယောက်ျားပါ၊ သူများတွေ ရိပ်မိရင် မကောင်းဘူး"

ရာဟု၏ စကားကြောင့် ဦးထွန်းရသည် နောက်သို့ ပြန်ဆုတ်ကာ တွန့်ခြေရရ နေလိုက်သည်။ ထိုစဉ်မှာပင် ကျောက်ဖြူစံအိမ်အဝင်အဝမှ အသံတစ်သံ ပေါ်လာသည်။

"စံအိမ်သခင်မ ကြွလာပြီ"

အသံမှာ ရှုးရှကျယ်လောင်လှသည်။ အသံနှင့်အတူ အဖြူရောင်ပေါ်တွင် ဝံပုလွေခေါင်းပုံပါသော အလံများကို ကိုင်ထားသည့်လူများ ဆင်းလာသည်။ ထိုသူများသည် ပြိုင်ပွဲကွင်းကို ပတ်ကာ နေရာယူပြီး သူတို့လက်ထဲမှ အလံများကို မြေပြင်တွင် စိုက်ထောင်ထားလိုက်၏။

အလံတိုင်များမှာ သူတို့၏ ဝံပုလွေအလံများကို ပြိုင်ကွင်းပတ်ပတ်လည်တွင် စိုက်ထူပြီးသောအခါတွင် စံအိမ်အတွင်းသို့ဘေး ဘက်တံခါးမှ ပြန်၍ ဝင်သွားကြလေသည်။ မကြာမီ ကျောက်ဖြူစံအိမ်သခင်မသည် လေ့ကားထစ်များပေါ်မှ တစ်လှမ်းချင်းဆင်းလာရာ သူမ၏နောက်မှ ကိုယ်ရံတော်လုံ့ရှည်ကိုင် သမားများလည်း ပါလာကြသည်။





ရာဟုတို့နှင့် မျက်နှာချင်းဆိုင်ပြိုင်ပွဲကွင်း တစ်ဖက်တွင် ဝင်ရောက်ကာ ထိုင်လိုက်သည်။ ကျန်းကျန်းမှာ အနီရောင်နွားသားရေအင်္ကျီကြီးကို ဝတ်ဆင်လျက် ပေါက်ဆိန်ရှည်ကြီးကို လွယ်ကာ ကျောက်ဖြူစံအိမ်သခင်မ ရှင်းလွယ်၏နောက်တွင် ထိုင်လိုက်လေသည်။

သူ၏ ခန္ဓာကိုယ်ကြီးမှာ ကြီးထွားလွန်းလှသောကြောင့် ဒူးခေါင်းကြီးများထောင်လျက် ရှိနေလေသည်။ မေးရိုးကားကားနှာ ခေါင်းပွပွနှင့် ပြူးကျယ်သော မျက်လုံးများကြောင့် သာမန်လူမျိုးအဖို့ဆိုလျှင် သူနှင့်ယှဉ်ပြိုင်တိုက်ခိုက်ဖို့ဝေးစွ သူ့ကိုမြင်သည်နှင့်ပင် ထိတ်လန့်ကြောက်ရွံ့ကာ ထွက်ပြေးသွားဖွယ် ဖြစ်လေသည်။

ကျောက်ဖြူဘုရင်မ ရှင်းလွယ်သည် အကယ်၍ ယခုနှစ် ကျန်းကျန်းသာ အနိုင်ရရှိမည်ဆိုလျှင် ကျန်းကျန်းနှင့် သူတို့လူမျိုးစုတို့ ထုံးစံအရ လက်ထပ်ထိမ်းမြားကာပင် ယောကျ်ားအဖြစ် ပေါင်းသင်းရတော့မည် ဖြစ်သည်။ မိန်းမ ရုပ်ပွေ၍ ကြမ်းတမ်းလှသော ကျန်းကျန်းကို မနှစ်မြို့ပေ။

သို့သော် မတတ်နိုင် ကံကြမ္မာဖန်တီး စီမံရာကို ခံရတော့မည် ဖြစ်၏။ တစ်ဖက်မှ တုန်းချီခေါ် ယှဉ်ပြိုင်သူသူရဲကောင်းလေး အနိုင်ရလျှင်ကား သူမ၊ဝမ်းမြောက်ဝမ်းသာ ဖြစ်မိမည် အမှန်ပင်။

×× ×× ××



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်"

ပြိုင်ပွဲကွင်းထိပ်မှ ခေါက်လိုက်သော သံချောင်းသံကြောင့် ကိုယ့်အုပ်စုနှင့်ကိုယ် စကားပြောဆိုနေကြသော ပြိုင်ပွဲကွင်းပြင်မှ လူများ၏ စကားသံ တိတ်ဆိတ်ငြိမ်သက်သွားသည်။

ပြိုင်ပွဲကြီးကြပ်သူ ကျောက်ဖြူစုံအိမ်၏ အသက်အရွယ်ကြီးရင့်သော မျက်ခုံးဖြူဖြူနှင့် သိုး ရေဝတ်စုံရှည်ကို ဝတ်ဆင်ထားသူက ပြိုင်ပွဲစတင်ရန် အချိန်ကျပြီဖြစ်၍ သူ၏နေရာ ပြိုင်ပွဲထိပ်တည့်တည့်ရှိ ဝါးပင်တွင် ချိတ်ထားသော သံချောင်းကို တစ်ချက်တည်း ခေါက်လိုက်သည်။

ထိုသံချောင်းခေါက်သံမှာ မရဏမင်း၏ သတိပေးသံပင် ဖြစ်လေသည်။ မကြာမီ နှင်းမခလွင်ပြင်တွင် ပြိုင်ပွဲဝင်တစ်ဦးဦး သေဆုံးရတော့မည် ဖြစ်လေသည်။ ကျောက်ဖြူစုံအိမ်မှတဲ့ပင်လူမျိုးစုများက ကျောက်ဖြူလှေကားထစ်များတွင် ထွက်ထိုင်ကာ ကြည့်နေကြသည်။

နှစ်စဉ် သူတို့သည် ကျန်းကျန်း၏ အောင်မြင်မှုကို လာရောက်အားပေးသော ဧည့်ပရိသတ် ဖြစ်ခဲ့ကြရသည်။ ယခုနှစ်လည်းသူတို့ဘက်မှ လူဘီလူးကြီးကျန်းကျန်းပင် အနိုင်ရရှိလိမ့်မည်ဟု ထင်မြင်ယူဆနေလေသည်။

ပထမသံချောင်းတစ်ချက် ခေါက်သည်နှင့် ပြိုင်ပွဲဝင်ရန် လူနှစ်ဦးထရပ်လိုက်ရသည်။ ထိုသို့ရပ်ရန်အတွက် ပြိုင်ပွဲ





ကွင်းထဲသို့ ရောက်နေသော ကြီးကြပ်သူနှစ်ဦးက လက်ဟန်ခြေဟန်ဖြင့် ထနိုင်းခြင်း ဖြစ်သည်။ သံချောင်းသံ နောက်တစ်ချက်ပေါ်လာပြန်လေသည်။

"ခေါင်"

ထိုအခါတွင်ကား ရင်ဆိုင်တိုက်ခိုက်မည့်သူ နှစ်ဦးလုံးသည် ပြိုင်ပွဲကွင်းထဲသို့ ဆင်းသက်ကာ မျက်နှာချင်းဆိုင်လိုက်ကြရပြီ ဖြစ်လေသည်။ သို့သော် တိုက်ခိုက်ခွင့်ကိုမူ မရရှိသေးပေ။ သူတို့နှစ်ဦးကြားတွင် ကွင်းစောင့်ပြိုင်ပွဲကြီးကြပ်သူ နှစ်ဦးက လက်ချင်းဆက်ကာ တားမြစ်ထားလေသည်။

"ရိုးရိုးသားသားနဲ့ အနိုင်ရရှိဖို့ ကြိုးစားကြပါ၊ နောက်ကပါလာတဲ့ မရိုးသားတဲ့ အကူအညီ ဝှက်ယူလာတဲ့ လက်နက်ကိရိယာကို သုံးခဲ့ရင် အဲဒီလူကို ချက်ချင်းအရှုံး သတ်မှတ်ပြီး ပြိုင်ပွဲကွင်းထဲက ထွက်ခွာရမယ်"

ရိုးသားစွာ ယှဉ်ပြိုင်တိုက်ခိုက်ဖို့အတွက် နှင်းမခလွင်ပြင်ထောင့်မှ မျက်ခုံးဖြူကြီးနှင့်ပြိုင်ပွဲကြီးကြပ်သူက သြဝါဒစကားပြောကြားနေသည်။ သူတို့နှစ်ဦးလုံး ထိုအသံကို နားစိုက်ကာ နားထောင်နေကြ၏။

ပြိုင်ပွဲမှာ တိုက်ခိုက်ရင်း ကျဆုံးရတာဟာ ကိုယ့်လူမျိုးအတွက် ဂုဏ်သိက္ခာရှိစွာ အသက်စွန့်ရတာ ဖြစ်တယ်။ တစ်ဖက်လူကို အနိုင်ရရင် အနိုင်ရသူက အသေသတ်ခွင့် ရှိတယ်၊ ကျေနပ်လို့ ဒဏ်ရာနဲ့အရှုံးပေးတဲ့လူကို အသက်ရှင်စေချင်ရင်လည်း ရှင်ဖို့အတွက် အနိုင်ရတဲ့သူမှာပဲ ဆုံးဖြတ်ခွင့် ရှိတယ်၊ ဒါပါပဲ"

"ခေါင်"



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး အချက်ပေးသံချောင်း ခေါက်သံကို တီးခတ်လိုက်လေတော့သည်။ ကျန်းကျန်းသည် သူ၏ကျောဘက်မှ အရိုးရှည်ပေါက်ဆိန်ကြီးကို ဆွဲချွတ်လိုက်သည်။ ထိုပေါက်ဆိန်၏ အသွားမှာ စက်ဝိုင်းခြမ်းပုံရှိ၍ အရိုးမှ ခပ်သေးသေးနှင့် ပေါ့ပါးလှသော ကျွန်းသားကို တပ်ဆင်ထားသည်။

"ဗိုး . . ဗိုး"

ပေါက်ဆိန်ကြီးကို ဘယ်လက်ညာလက်ပြောင်းကာ ကိုင်ရင်း ဝှေ့ယမ်းလိုက်၏။

× ×   × ×   × ×



ပြိုင်ပွဲဝင်သူ နှစ်ဦးကြားမှ ကြီးကြပ်သူနှစ်ဦးက လက်ဆက်ပေးလိုက်သည်။ ရာဟုသည် သူ့ပေါက်ဆိန်ကို ညာလက်နှင့်ကိုင်ကာ သတိဝီရိယဖြင့် စောင့်ကြည့်နေသည်။

နှစ်ဦးသား လှည့်လည်ကာ ကျားချောင်းသကဲ့သို့ ချောင်းနေကြသည်။

လူလုံးလူထည်အားဖြင့် ကြည့်လျှင် ကျန်းကျန်းနှင့် ရာဟုတို့မှာ ဆင်နှင့်ကျွဲလောက် ကွာခြားနေလေသည်။

ကျန်းကျန်းက ခန္ဓာကိုယ်ကြီးမား တုတ်ခိုင်သလောက် သန်စွမ်းလှသော ကြွက်သားများနှင့် အရပ်အမောင်း မြင့်မားလှသည်။

ပေါက်ဆိန်ကြီးကို ဘယ်ညာပြောင်းကိုင်ကာ ခါးကုန်း



www.burmeseclassic.com

www.burmeseclassic.com



၍ ရာဟု၏ လွတ်ကွက်ဟာကွက်ကို ကြည့်သည်။

ရာဟုကလည်း ကျန်းကျန်း၏ တိုက်ခိုက်လာမည့် အခြေအနေနှင့် သူ့ဘက်မှ ခုခံရှောင်တိမ်းနိုင်ရန် စောင့်ကြည့်နေခြင်း ဖြစ်လေသည်။

ရာဟုမှာ ကျန်းကျန်းထက် အရပ်ပုကာ ကိုယ်လုံးကိုယ်ထည်သေးသော်လည်း သာမန်လူများထက် စာရင်တော့ အလွန်ထွားကျိုင်းသူတစ်ဦး ဖြစ်လေသည်။

"ဗိုး"

"ထန်"

"ချွမ်"

အကွက်ကောင်းရသည်နှင့် ကျန်းကျန်းသည် ရာဟုကို ညာလက်ဖြင့် ကိုင်ထားသော ပေါက်ဆိန်ဖြင့် ပြေးကာ ခုတ်ပိုင်းချလိုက်သည်။

ရာဟုကလည်း သတိကောင်းလှသူ ဖြစ်၍ သူ၏လည်တိုင်ကို ပိုင်းချလာသော ကျန်းကျန်း၏ ပေါက်ဆိန်ချက်ကို ကိုယ်ကို ဒူးကွေး၍ နောက်သို့ ဇက်လှန်ကာ ရှောင်ပေးလိုက်သည်။ သူထင်သည့်အတိုင်း လည်တိုင်နားမှ သီသီလေးပေါက်ဆိန်သွားက အားလွန်ကာ လွဲချော်သွားသည်။

အားလွန်ကာ ကိုယ်စောင်းသွားသော ကျန်းကျန်း၏ နံကြားသို့ သူ၏ပေါက်ဆိန်ဖြင့် လက်ပြန်ခုတ်ချသည်။ ကျန်းကျန်းက လျှင်မြန်စွာ သူ့ပေါက်ဆိန်သွားဖြင့် လှည့်ကာ ခုတ်သော ပေါက်ဆိန်ကို လှည့်ခံလိုက်သည်။





"ထန်"

"ချွမ်"

အသံများမြည်ကာ နှစ်ဦးလုံး နောက်သို့ ခုန်ဆုတ်လိုက်ရလေသည်။ သည်တစ်ကွက်မှာပင် သူတို့နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး သတိထားမိသွားကြလေသည်။

ကျန်းကျန်းသည် ပေါက်ဆိန်တိုက်ကွက် ကျွမ်းကျင်သကဲ့သို့ ရာဟုမှာလည်း ပေါက်ဆိန်တိုက်ကွက် မခေလှကြောင်း ကျန်းကျန်း ရိပ်မိသွားသည်။

"ဝေး"

"သူ့ရဲ့ကောင်းကျန်းကျန်းကွ"

"ဝေး"

"ကျန်းကျန်း ရာမူးတွေရဲ့ခေါင်းကို ဖြတ်လာတာ သုံးခေါင်းရှိပြီ၊ လေးခေါင်းပြည့်အောင် ထပ်ဖြတ်လိုက်ပါ"

ကျောက်လှေကားထစ်များတွင် ထိုင်နေသော တဲ့ပင်လူမျိုးများက ဝမ်းသာအားရဟာစ်ကြွေးကြသည်။

ထိုဟစ်ကြွေးသံကြောင့် ကျန်းကျန်းဆိုသော လူ့ဘီလူးကြီးမှာ စိတ်အားတက် ကြွလာကာ ညာလက်တွင် ကိုင်ထားသော ပေါက်ဆိန်ကြီးကို ဝှေ့ယမ်းကာ ရာဟုအား တရကြမ်း ခုတ်ပိုင်းလေတော့၏။

"ဗိုး"

"ထန်"

"အိုး"



www.burmeseclassic.com

www.burmeseclassic.com



ရာဟုကလည်း သတိဖြင့် စောင့်ကြည့်နေသူ ဖြစ်ရာ သူ့ထံသို့တစ်ဟုန်ထိုး ခုန်ဝင်လာသော လူ့ဘီလူးကြီး ကျန်းကျန်း၏ ပေါက်ဆိန်ခုတ်ချက်ကို သူ၏ပေါက်ဆိန်သွားနှင့် ခံပေးလိုက်ပြီး ညာဘက်ခြေဖနောင့်က လူ့ဘီလူးကြီး၏ ပေါက်ဆိန်ကိုင်သော ချိုင်းအောက်သို့ လှမ်းဆောင့်ပေါက်လိုက်လေသည်။

လူ့ဘီလူးကြီးမှာ ထိုကဲ့သို့ ရာဟုက လျင်မြန်စွာ သူ့ကို ပြုလုပ်နိုင်လိမ့်မည်ဟု မထင်မှတ်သောကြောင့် နောက်ဘက်သို့ ခြေလှမ်းသုံးလေးလှမ်း ယိုင်ထွက်သွားရာ ရာဟုက ပေါက်ဆိန်နှင့် ပြေးကာ ခုတ်ပိုင်းတော့၏။

"ဝိုး"

"အိုး"

"ဝှစ်"

"ချွမ်"

လူ့ဘီလူးကြီးမှာ ကန်ချက်ထိထား၍ အသက်ရှူမဝသည့်ကြားမှ ကြောက်လန့်တကြား ခုခံနေရှာလေသည်။

ချောင်းချောင်းနှင့် ရာမူးလူမျိုးစုခေါင်းဆောင်များ အပါအဝင် ချန်ကောင်း ဟန်ဆောင်ထားသော ဦးထွန်းရတို့မှာ ဝမ်းသာလျက် ရှိကြ၏။

"တုန်းချီ"

"တုန်းချီ နိုင်အောင်တိုက်"

ရာမူးခေါင်းဆောင်များဘက်မှ အားပေးသံ ပေါ်လာသည်။ ကျောက်ဖြူစံအိမ် သခင်မရှင်းလွယ်ကမူ ဣန္ဒြေကြီးတ





ခွဲသားဖြင့် သူမလက်ထဲမှ သားမွေးယပ်ကို ကိုင်ကာ လက်ပိုက်၍ ကြည့်လျက် ရှိနေလေသည်။

ကျန်းကျန်းမှာ ဒယိမ်းဒယိုင် ဖြစ်နေသည်။

× × × × × ×

သို့သော် ထင်သလို ရာဟုက ဖိစီးတိုက်ခိုက်ခြင်းကိုကား မပြုနိုင်ပေ။ သူ့ကိုယ်သူ ခုခံကာကွယ်လျက်ရှိရာမှ ရာဟု၏ လွှတ်ကွက်ဟာကွက်ကို ကြည့်နေသည်။

ရာဟုသည် အသာစီးရချိန်တွင် အကွက်ဝင်အောင် တိုက်ရမည်ဟူသော ဇောဖြင့် သူ၏ပေါက်ဆိန်ကို ဘယ်ညာ လက်ပြောင်းကာ အဆက်မပြတ် တိုက်ခိုက်နေရာ အကွက်ကောင်းကို စောင့်နေသော ကျန်းကျန်းသည် ရာဟု၏ ပေါက်ဆိန်ခုတ်ချက်ကို သူ၏ပေါက်ဆိန်ကြီးဖြင့် ခုခံလိုက်ပြီး လျင်မြန်စွာ ရာဟု၏ လက်ပြင်သားကို ပေါက်ဆိန်သွားဖြင့် ဆွဲလှီးလိုက်လေသည်။

"အို"

"အိုး"

"ဟာ"

ရာဟုက ခါးကိုစောင်းကာ အသာအယာ ကွေး၍ ရှောင်လိုက်သော်လည်းထက်မြည့်လှသော ပေါက်ဆိန်သွားက ရာဟု၏ လက်ပြင်မှ ကြွက်သားကို ဆွဲ၍ ရှပ်ကာ လှီးမိသွားလေတော့သည်။

"အို"



www.burmeseclassic.com

www.burmeseclassic.com



ရာဟုကို ပေါက်ဆိန်သွား ထိသွားသောကြောင့် ကျောက်ဖြူစုံအိမ် သခင်မရှင်းလွယ်ပင် အံ့အားသင့်ကာ အိုခနဲ ပါးစပ်ဝိုင်းသွားသည်။

ချောင်းချောင်းက လည်ပင်းရှည်ကာ ဆန့်ကြည့်လိုက်သကဲ့သို့ ဦးထွန်းရမှာလည်း စိုးရိမ်ထိတ်လန့်ကာ ရှေ့သို့ ကိုယ်ကြီးကိုင်းကာ စိုးရိမ်ထိတ်လန့်စွာ ကြည့်နေမိသည်။

"ကျန်းကျန်း"

"ကျန်းကျန်း အသေသတ်လိုက်ပါ"

"မြန်မြန်သတ်လိုက်ပါ"

တဲ့ပင်လူမျိုးစု တိုက်ခိုက်ရေးသမားများက သူတို့ တိုက်ခိုက်ရေးခေါင်းဆောင် ကျန်းကျန်းအား အားပေးစကားများ အော်ဟစ်ကြသည်။

အင်အားများသော တဲ့ပင်လူမျိုးစုအသံ ဆူဆူညံညံ ဖြစ်နေသောကြောင့် ကျောက်ဖြူစုံအိမ် သခင်မရှင်းလွယ် နောက်မှ သားမွေးအင်္ကျီ အဝါရောင်ဝတ်ဆင်ထားသော လူကြီးက သူ၏လုံ့ရှည်ကြီးကို ထကာ ဝှေ့ယမ်းပြလိုက်တော့မှ အသံများ တိတ်ဆိတ်သွားသည်။

ရာဟု၏ ခန္ဓာကိုယ်မှာ ကြွက်သားများဖြင့် သန်မာကျစ်လျစ်နေ၍ ကျန်းကျန်းက ရည်ရွယ်ကာ ခွဲလှီးလိုက်သော ခါးပိုင်းကို မထိဘဲ လက်ပြင်ဘေးသားကိုသာ ရှပ်ထိသောကြောင့် ပူခနဲ ဖြစ်ကာ သွေးများယိုစီးထွက်လာသည်။

ဒဏ်ရာက မပြင်းထန်သော်လည်း ကျန်းကျန်း၏ ပထ





မဆုံး အနိုင်ရသည့်အကွက် ဖြစ်နေသည်။ ရာဟုက နောက်သို့ ခုန်ဆုတ်လိုက်သည်။ သူသည် နောက်တစ်ကြိမ် ထိုအကွက်မျိုး မမိဖို့လိုကြောင်း နားလည်သွားသည်။

များသောအားဖြင့် ပေါက်ဆိန်သမားများသည် ခုတ်ပိုင်းခြင်း၊ ပင့်ပက်ခြင်း၊ တွတ်ခြင်း၊ ဝှေ့ခြင်းတို့ကို ကျွမ်းကျင်သူက များသည်။

ယခု ကျန်းကျန်း အသုံးပြုသည့် တိုက်ကွက်မှာ အတော်ကြောက်စရာကောင်းလှသော ပေါက်ဆိန်သွားကို အားနှင့်ဖိလျက် ခွဲလှီးချသော တိုက်ကွက်မျိုး ဖြစ်သည်။

မိမိရရသာ ထိမိလျှင် သူ၏ပေါက်ဆိန်သွား ထက်မြက်မှု၊ အင်အားကြီးမားမှုတို့ကြောင့် နံရိုးများပါထိ၍ ရင်ခေါင်းထဲမှ အသည်းနှလုံးများကိုပါ ပေါက်ဆိန်သွားက လှီးဖြတ်နိုင်သော အကွက်မျိုး ဖြစ်သည်။

သေကံမရောက် သက်မပျောက်ဆိုသကဲ့သို့ ရာဟုမှာ ကွေးသွတ်လျက် ကိုယ်ကို စောင်းကာ ရှောင်တိမ်းလိုက်နိုင်၍ အပေါ်ယံလက်ပြင်ကြွက်သားကိုသာ အနည်းငယ် လှီးဖြတ်မိသွားခြင်း ဖြစ်လေသည်။

ကျန်းကျန်းသည် ထိုတိုက်ကွက်ကြောင့် အားတက်သွားပြီး အနည်းငယ် ယိမ်းယိုင်သွားသည့် ရာဟုကို သူ၏ပေါက်ဆိန်ဖြင့် ဘယ်ညာလက်ပြောင်းကာ ဝမ်းဗိုက်နှင့် လည်တိုင်တို့ကို ထိုးခုတ်ကာ ခွဲလှီးနိုင်ရန် ကြိုးစားလျက် ရှိလေသည်။

"ထန်"



www.burmeseclassic.com

www.burmeseclassic.com



"ချွမ် . . ချွမ် . . ချွမ်"

ပြင်းထန်သောအားနှင့်ဖိကာ တိုက်နေသောကြောင့် ရာဟုမှာ ပေါက်ဆိန်ချက် မမိစေရန် လေထဲသို့ ခုန်တက် ခါ နောက်ကျွမ်းတစ်ပတ်ပစ်လျက် ဆုတ်ခွာလိုက်၏။

ခန္ဓာကိုယ်နှင့် မလိုက်အောင်ပင် လူ့ဘီလူးကြီးကျန်း ကျန်းသည်လည်း လေထဲသို့ ခုန်တက်ကာ ရာဟုနောက်သို့ လိုက် ပါသွားလေသည်။

ဤသည်ကား ကျန်းကျန်း၏ အမှားပင် ဖြစ်လေတော့ သည်။ မြေပြင်ပေါ်သို့ ကျကာ ပြန်ခုန်တက်လာသော ရာဟုနှင့် ကျန်းကျန်းတို့သည် လေထဲတွင် ရင်ဆိုင်မိသွားလေတော့သည်။

ရာဟုက ထိုအကွက်ကို စောင့်ဆိုင်းနေသူပင် ဖြစ်ရာ မျက်နှာချင်းဆိုင် ဆုံမိသည်နှင့် ခုတ်ပိုင်းရန် သတိလက်လွှတ် ဖြစ်နေသော ကျန်းကျန်း၏ ပေါက်ဆိန်ရိုးကို သူ၏ဘယ်လက် ဖြင့် ဖမ်းဆုပ်ကိုင်လိုက်သည်။

သူ့ညာလက်မှ ပေါက်ဆိန်သည် ကျန်းကျန်း၏ ပေါင်တွင်းကြောကိုထိုးကာ ဆွဲလှီးချလိုက်လေတော့သည်။

"အိုး"

နာကျင်ကျယ်လောင်စွာ အော်ဟစ်ရင်း ကျန်းကျန်း သည် မြေပြင်ပေါ်သို့ ဝက်တစ်ကောင်လို ပြုတ်ကျသွားသည်။ ဒဏ်ရာကြောင့် နာကျင်သွားသည့်အတွက် ဆွဲအားမရှိဖြစ်နေ သော ပေါက်ဆိန်ကို လက်လွှတ်လိုက်ရရာ မြေပြင်ပေါ်တွင် ပက်လက်ကား ရှုံးကြီး ဖြစ်နေသည်။





သူ့ကိုယ်ပေါ်သို့ ရာဟုက ခွကာ ခုန်ချလိုက်သည်။ ကျန်းကျန်းမှာ သေရမည်ကို ကြောက်သောမျက်နှာနှင့် ရာဟု ကို မျက်လုံးပြူးကာ ကြည့်လိုက်သည်။

"တုန်းချီ"

"တုန်းချီ အသေသတ်လိုက်ပါ"

တုန်းချီက မတ်တတ်ရပ်လျက်မှ ပေါက်ဆိန်သွားနှစ်ခု နှင့် ကျန်းကျန်းကို ခုတ်ပိုင်းရန် ရွယ်မိုးထားလေသည်။

"ကျုပ် . . ကျုပ်ကို မသတ်ပါနဲ့"

ပေါင်တစ်ဖက် လုံးဝလှုပ်ရှား၍ မရတော့သော ကျန်း ကျန်းက ရာဟုကို တောင်းပန်သည်။

ရာမူးလူမျိုးစုခေါင်းဆောင်နှင့် ဦးထွန်းရတို့ကတော့ ရန်ငြိုးကျန်နေမည် စိုးသောကြောင့် ကျန်းကျန်းကို အသေသတ် လိုက်စေချင်ကြသည်။

"ကျုပ်ကို မသတ်ပါနဲ့ . . ကျုပ် မင်းရဲ့ကျေးဇူးကို မမေ့ ပါဘူး၊ ကျုပ်ကို အသက်ရှင်ခွင့်ပေးပါ"

ကျန်းကျန်းက နောက်ဆုံးအခြေအနေဖြစ်၍ ရာဟုကို မရှက်နိုင်ဘဲ တောင်းပန်နေသည်။

ရာဟုသည် လက်နှစ်ဖက်လုံးတွင် ခုတ်ပိုင်းရန် ကိုင် မြှောက်ထားသော ပေါက်ဆိန်နှစ်လက်ကို ပြိုင်တူပင် ခုတ်ချ လိုက်လေတော့သည်။

"ရှီ"

"ရှီ"



www.burmeseclassic.com

www.burmeseclassic.com



အသည်းယားစရာ ကောင်းလှသည်။ ရာဟုက ခုတ်ပိုင်းချလိုက်သည်ကို သခင်မသည် သူမ၏မျက်နှာကို အဖြူရောင်သားမွေးယပ်လေးဖြင့် ကွယ်ကာ တစ်ဖက်သို့ လွှဲလိုက်သည်။

တဲ့ပင်လူမျိုးစု အကြီးအကဲများသည်လည်း မျက်လုံးများကို မှိတ်ထားလိုက်ကြ၏။

ချောင်းချောင်းကတော့ ရာဟု ကျန်းကျန်းကို အပြတ်ရှင်းလိုက်သည်ကို မျက်ဝါးထင်ထင် မြင်ချင်သောကြောင့် ရှုနေလေသည်။ ဦးထွန်းရကမူ သူ၏စိုးရိမ်ပူပန်မှုများ လျော့ကျသွားပြီး ဝမ်းသာပီတိဖြစ်နေရာ ဘာကိုမှ သဲသဲ ကွဲကွဲ မမြင်နိုင်အောင်ပင် ဖြစ်လေတော့သည်။

ရာမူးလူမျိုးစု ခေါင်းဆောင်များက ထရပ်ကြည့်လိုက်ကြသည်။ ရာဟုသည် ပေါက်ဆိန်နှစ်လက်လုံးကို ဘယ်ညာနှစ်ဖက်ကိုင်ကာ ကျန်းကျန်း၏ လဲကျနေသောခေါင်းရှိရာသို့ ခုတ်ပိုင်းချလိုက်ခြင်း ဖြစ်၏။

သို့သော် ခေါင်းပေါ်သို့ မကျဘဲ ဦးခေါင်းဘေးနှစ်ဖက်၌ကပ်ကာ သဲမြေတွင် ပေါက်ဆိန်နှစ်လက်က စိုက်ဝင်သွားခြင်း ဖြစ်လေသည်။





ပေါင်တွင်းမှ အကြောများ ပြတ်သွားခြင်း၊ သွေးများ တရဟော စီးယိုနေခြင်းကြောင့် ကျန်းကျန်းမှာ သတိမေ့လုနီးပါး ဖြစ်နေရာ သူ့အားမသတ်ကြောင်း သိလိုက်ရသည်နှင့် စိတ်လျှော့လိုက်သောကြောင့် သတိမေ့သွားလေတော့သည်။ ပြိုင်ပွဲကြီးကြပ်သူများ ရောက်လာကြသည်။ ကြီးကြပ်သူက နှစ်ဖက်လူမျိုးစုများကို ဟစ်အော်ကာ အသိပေးလိုက်သည်။

"အခု ရာမူးလူမျိုးစုခေါင်းဆောင် 'တုန်းချီ'နဲ့ တဲ့ပင်လူမျိုးစု သခင်မရွေးချယ်ထားတဲ့ ခေါင်းဆောင်ကျန်းကျန်းတို့ကို တိုက်ခိုက်ရာမှာ ရာမူးလူမျိုးစုခေါင်းဆောင် တုန်းချီ အနိုင်ရရှိသွားပါပြီ"

"ဝေး . . ဟေး . . ဟေး"

"တုန်းချီ . . တုန်းချီ . . သူရဲကောင်း တုန်းချီ အနိုင်ရသွားပြီ"

အားပေးအော်ဟစ်သည့် အထဲတွင် ဦးထွန်းရ၏ အသံက အကျယ်ဆုံး ဖြစ်လေသည်။ ထိုသို့ အော်ဟစ်အားပေးနေကြသောသူများထဲတွင် တဲ့ပင်လူမျိုးစုများထဲမှ ဖြစ်ကာ ကျောက်ဖြူစံအိမ်လှေကားထစ်တွင် ထိုင်နေသည့် ကျန်းကျန်းလက်အောက်မှ တပ်မှူးများပင် ပါလေသည်။

သူတို့အချင်းချင်းသည် အောက်ပါကဲ့သို့ ပြောဆိုနေကြ၏။

"သူရဲကောင်းတုန်းချီကကွာ . . ဒီအကောင်ကြီးကိုအသေသတ်လိုက်ပြီးရော"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ . . သူအနိုင်ရတဲ့နှစ်ဆို ရာမူးလူမျိုးသူရဲကောင်းက တောင်းပန်တာ လက်မခံဘူး၊ ပေါက်ဆိန်နဲ့ခေါင်းကို ထက်ခြမ်းခွဲ ခုတ်သတ်တာ မင်းအတွေ့ပဲ"

"ဒီလူယုတ်မာ အသက်ရှင်နေတာ အန္တရာယ်ပဲကွ"

"ဒါပေမယ့် သခင်မက ဉာဏ်ရှိပါတယ်ကွာ၊ သူ့ကို စစ်သေနာပတိရာထူးက လိမ်လိမ်မာမာနဲ့ အနားယူခွင့် ပေးလိုက်မှာပါ"

"မပေးလို့လည်း မရဘူး၊ ဒီဒဏ်ရာဒဏ်ချက်တွေက ခြောက်လလောက်ကုလို့ လမ်းလျှောက်နိုင်ရင် ကံကောင်းပဲ"

"ဘာပဲဖြစ်ဖြစ် ငါတော့ ရာမူးလူမျိုးစုက သူ့ရဲကောင်း တုန်းချီ အနိုင်ရတာ သဘောကျတယ်ဟေ့"

"တိုးတိုးပြောပါကွာ . . ကျန်းကျန်းရဲ့လူတွေ ကြားသွားပါဦးမယ်"

"သူ့နားကပ်နေတဲ့ လူတွေကလည်း အခွင့်အရေးရလို့ ဟန်ဆောင်နေတဲ့ကောင်တွေပါကွာ၊ ဘာမှ သိပ်ကြောက်စရာ မလိုပါဘူး"

တဲ့ပင်လူမျိုးစုထဲ ကျောက်ဖြူလေ့ကားထစ်တွင် နှစ်ယောက်တွဲ ထိုင်ကာ စကားပြောနေသော ပင်စိမ်းနှင့် ပေါက်ကြီးတို့သည် ပြိုင်ပွဲကျင်းပသည့် ကွင်းပြင်ထဲမှ အငြ :အကဲ၏ အော်ဟစ်ပြောဆိုသံကြောင့် စကားသံများ ရပ်သွားသည်။

"တဲ့ပင်လူမျိုးစုဝင်အားလုံး နားထောင်ကြပါ၊ ဒီနေ့ဟာ ရာမူးလူမျိုးစုက သူရဲကောင်းတုန်းချီကို စံအိမ်သခင်မက ဂုဏ်





ပြုပွဲကျင်းပမှာ ဖြစ်တဲ့အတွက် သူတို့ခေါင်းဆောင်တွေသာမက နောက်လိုက်နောက်ပါ လူတွေအတွက်ပါ ချက်ပြုတ်ပြင်ဆင်ကြ ရလိမ့်မယ်၊ ဒီတော့ ချက်ပြုတ်ရေး တာဝန်ခံတွေ ကိုယ်စားလှယ်တွေ ဒီအချိန်ကစပြီး လုပ်ငန်းစတင်လို့ ရပါပြီ"

ပြိုင်ပွဲကြီးကြပ်သော အနီရောင်သား ရေကာက်စုံနှင့် မျက်ခုံးဖြူဖြူလူကြီး အမိန့်အရ ဒဏ်ရာရကာ သ ံမေ့နေသော ကျန်းကျန်းကို သမားတော်နှင့် အမြန်ဆုံးဆေးဝါး ကုသရန် လာရောက်သယ်ယူဖို့ပြော၍ ကျန်းကျန်း၏ လက်ထောက်တပ်မှူးလေးဦးက သားရေချပ်စွပ် ဝါးနှစ်လုံးနှင့် လုပ်ထားသည့် လူနာတင်ကတ်နှင့် ဆင်ဆင်တူသော အရာဖြင့် လာရောက်ကာ ယူဆောင်သွားလေတော့သည်။

"ဒီအချိန်ကစပြီးတော့ ရာမူးလူမျိုးစုတွေနဲ့ တဲ့ပင်လူမျိုးစုတွေ နှစ်စဉ်ပြိုင်ပွဲ လုပ်ခဲ့တဲ့ အစဉ်အလာအရ ကျောက်ဖြူစံအိမ်ရဲ့ စားသောက်လွင်ပြင်မှာ ညစာစားပွဲနဲ့ တည်ခင်းဧည့်ခံမှာ ဖြစ်ပါတယ်၊ တုန်းချီသူရဲကောင်းကြီး ကျန်းမာပါစေ အသက်ရှည်ပါစေ"

ရာဟု၏ လက်တစ်ဖက်ကို ပြိုင်ပွဲကြီးကြပ်အုပ်ချုပ်သူ မုတ်ဆိတ်ဖြူကြီးက ဆွဲယူကာ ထောင်ရင်း ပြောဆိုလိုက်သည်။ လက်ခုပ်သံများ ဆူညံသွားလေသည်။

'ရာဟု' ကိုပွေ့၍ ထမ်းကာ သူတို့လူမျိုးစုများ အနိုင်ရပြီဖြစ်ကြောင်း စိတ်အားထက်သန်စွာ ပြောကြားလိုသော ချောင်းချောင်း၊ ဦးထွန်းရနှင့် ခေါင်းဆောင်တစ်စုသည် နေရာမှ ထလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူတို့ခြေလှမ်းများသည် ရုတ်တရက် ရပ်တန့်သွားလေတော့၏။ ပြိုင်ပွဲကြီးကြပ်သူနှင့် ကျောပေးရပ်နေသည့် နေရာသို့ ရောက်ရန် ခြေလှမ်း ၁၀-လှမ်းစာမျှ အကွာတွင် တုံ့ ခနဲ ရပ်ဆိုင်းသွားလေတော့၏။ အဘယ်ကြောင့်ဆိုသော် အဖြူရောင်

သားမွေးဝတ်စုံရှည်ကြီးဖြင့် သားမြီးယပ် ကိုင်ထားသော သခင်မက ပြိုင်ပွဲကွင်းပြင်ကို လျှောက်လှမ်းလာနေသည်ကို တွေ့ရသောကြောင့်ဖြစ်၏။ ပြိုင်ပွဲကြီးကြပ်သူက ဦးညွှတ်ကာ အရိုအသေပြုလိုက်သည်။

တုန်းချိကတော့ ဦးညွှတ်ခြင်း၊ ဒူးထောက်ခြင်း မပြုဘဲ ခပ်တည်တည် ခပ်စိမ်းစိမ်းပင် စံအိမ်သခင်မကို စိုက်ကြည့်လျက်ရှိသည်။

"သခင်မကို ဦးညွှတ်ပါ သူရဲကောင်း"

×× ×× ××

ပြိုင်ပွဲကြီးကြပ်သူက တုန်းချိကို သတိပေးစကားပြောကြားလိုက်သည်။ တုန်းချိက လိုက်နာနားထောင် ခြင်း မပြုပေ။

"နေပါစေ . . ပိုးပ၊ သူက သူတို့သုံးနှစ် ဘိတိ ရှုံးထားတဲ့ ကျုန်းကျုန်းကို အနိုင်ရလိုက်တော့ သူရဲကောင်းမာန်တက်နေမှာပေါ့"

ကျောက်ဖြူစံအိမ်သခင်မ ရှင်းလွှယ်က ချိုသာယဉ်ကျေးစွာ ပြောလိုက်သည်။





"ကျုပ်မှာ ဘာမှမာန်တက်စရာ မရှိပါဘူး၊ ကျုပ်ဦးမညွှတ်တာက မိန်းမတွေကို ကျုပ်တစ်သက်မှာ တစ်ခါမှ ဦးမညွှတ်ခဲ့ဖူးဘူး" ရာဟု၏ စကားမှာ ဘုရင်မ၏ အသည်းနှလုံးကို ထိခိုက်သွားသည်။ သူ့အား ကြိုက်နှစ်သက်၍ အနားသို့ ကပ်နေကြသော သူတို့လူမျိုးစုမှ တပ်မှူးကြီး၊ တပ်မှူးလေး၊ စစ်ခေါင်းဆောင်တို့မှာ ထိုသို့တစ်ကြိမ်မျှ မပြောဆိုခဲ့ဖူးသောကြောင့် ဖြစ်၏။

ရှင်းလွှယ်၏ မျက်နှာထားမှာ တင်းမာသွားသည်။ သူမသည် ချက်ချင်းပင် မျက်နှာထားကို ပြင်လိုက်လေသည်။

"ရှင့်ရဲ့ ပခုံးက ကြွက်သားမှာ ဒဏ်ရာရထားတယ် မဟုတ်လား၊ သမားတော်ဆောင်မှာ ရှင် ဆေးဝါးကုသရမယ်"

"ဒဏ်ရာက သိပ်မပြင်းပါဘူး"

"ပြင်းပြင်း မပြင်းပြင်း ရှုံးနိမ့်သွားတဲ့ ကျွန်မတို့လူရဲ့လက်ချက်ကြောင့် ရှင့်ဒဏ်ရာရထားတာ၊ ရှင့်ရဲ့ရာမူးလူမျိုးစုတွေနဲ့တွေ့ပြီးရင် ကျောက်ဖြူစံအိမ်က အထူးဆောင်ကို လိုက်ခဲ့ပါ၊ ရှင့်ကို လူတစ်ယောက် လွှတ်ခေါ်လိမ့်မယ်"

ထိုစကားဆုံးသည်နှင့် ကျောက်ဖြူစံအိမ်သခင်မ ရှင်းလွှယ်သည် ချာခနဲ လှည့်ကာ သူ့ကိုယ်ရံတော် ဆယ်ဦးနှင့်အတူ ကျောက်ဖြူစံအိမ်ဖက်သို့ လှည့်ကာ ထွက်သွားလေတော့သည်။ ရာဟုသည် မည်သို့မျှ ပြန်လည်စကားပြောခွင့် မရလိုက်ပါ။

ပြိုင်ပွဲကြီးကြပ်ရေး ခေါင်းဆောင်မှာလည်း မှာစရာရှိတာများ မှာကြားပြီးနောက် အတွင်းသို့ လှည့်ဝင်လိုက်လေ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

"တုန်းချီ သူရဲကောင်းကြီး"

"ဒါမှ တို့လူမျိုးစုရဲ့ ခေါင်းဆောင်ကွ"

ဦးထွန်းရ၊ ချောင်းချောင်းနှင့် ရာမူးလူမျိုးစု ခြောက်ဦးတို့သည် ရာဟုကို လက်များဖြင့် တွန်းကာ ခေါင်းပေါ်၌ ပက်လက်မြှောက်ပြီး စံအိမ်ဝင်းတံခါးဝမှ အပြင်သို့ သယ်ယူလာခဲ့သည်။

"ရာမူး နိုင်ပြီ"

"သူရဲကောင်းတုန်းချီ နိုင်ပြီ"

ဝင်းတံခါးဝမှ ဟစ်အော်ကြွေးကြော်လိုက်သောကြောင့် ကိုက်သုံးရာခန့် အကွာမှ လှံရှည်ကိုင်ထားသော ရာမူးလူမျိုးစုများမှာ ဝမ်းသာအားရ အော်ဟစ်ကာ ပြေးလွှားလာကြလေသည်။

"ဟေး . . တို့ခေါင်းဆောင်နိုင်ပြီ၊ တို့ရဲ့ခေါင်းဆောင် နိုင်ခဲ့ပြီ"

ဝမ်းသာအားရ ခုန်ပေါက်ကာ သူတို့ရှိရာသို့ ပြေးလွှားလာကြလေတော့၏။

× ×　× ×　× ×



ကျောက်ဖြူစံအိမ်သခင်မ စံအိမ်အတွင်းသို့ ရောက်သည်နှင့် သူ၏လူမျိုးစုခေါင်းဆောင်များကို အမိန့်ကြေညာချက်တစ်ရပ် ထုတ်ပြန်လိုက်လေသည်။

မင်းတို့အားလုံး သိထားကြရမှာက အခု ရာမူးလူမျိုးစုတွေဟာ ဒီတစ်နှစ်အတွင်းမှာ တို့ရဲ့လက်အောက်ခံ မဟုတ်တော့ဘူး. တို့ကသာ ရာမူးလူမျိုးစုတွေရဲ့ အကြံပေးညွှန်ကြားတာကို လိုက်နာရလိမ့်မယ်၊ တို့ရဲ့သူရဲကောင်း ကျန်းကျန်းဟာ ရာမူးသူရဲကောင်းတုန်းချီကို ရှုံးနိမ့်သွားခဲ့ပြီ၊ ခု သူရဲကောင်းတုန်းချီဟာ သူ့ရဲ့ကြီးမားတဲ့ စိတ်စေတနာကို ပြခဲ့တာ အားလုံးမျက်မြင်ကိုယ်တွေ့ပဲ"

"ဒါပေမယ့် သခင်မကိုတော့ သူဟာ ဦးညွှတ်ပြီး နှုတ်



www.burmeseclassic.com

www.burmeseclassic.com



မဆက်တဲ့အတွက် ရိုင်းစိုင်းတဲ့ အလေ့အထရှိတယ်လို့ ပြောရဲပါတယ် သခင်မ''

ပြိုင်ပွဲကြီးကြပ်ခဲ့သူ သက်တော်ရှည်လူမျိုးစုခေါင်းဆောင်၏ စကားကို သခင်မက ခေါင်းခါလိုက်သည်။

''ဒီစကားမျိုး မပြောသင့်ဘူး၊ တက်ကြွတဲ့ မာနရှိတဲ့ သတ္တိရှိတဲ့ ခေါင်းဆောင်ကောင်းတစ်ယောက်ဟာ ကိုယ့်လူမျိုးစုက လွဲပြီး တ ခြားလူမျိုးစုခေါင်းဆောင်ရှေ့မှာ ဦးမညွတ်တာဟာ မှန်ကန်မြင့်မြတ်တယ်လို့ ကျွန်မ ထင်ပါတယ်''

ပြိုင်ပွဲကြီးကြပ်ရေး ခေါင်းဆောင်မှာ မျက်နှာပျက်သွားသည်။

''ရှင်တို့ ကျောက်ဖြူစံအိမ်ရဲ့ အလယ်က ကျောက်စားပွဲတွေမှာ အဆင့်သင့် စားသောက်စရာတွေ ပြင်နိုင်အောင် စီစဉ်ကြပါ၊ မီးပုံးတွေကို ထွန်းညှိဖို့ အဆင်သင့်လုပ်ထားကြ၊ ရာမူးသူရဲကောင်းနဲ့ သူ့နောက်လိုက်နောက်ပါတွေကို လွတ်လပ်စွာ ပျော်ပွဲဝင်တာ ကျွန်မ မြင်ချင်တယ်''

ယခင်က ကျောက်ဖြူစံအိမ် သခင်မရှင်းလွယ်မှာ ဤမျှသဘောကောင်းသည်ကို မတွေ့ခဲ့ဘူးသော လူမျိုးစုခေါင်းဆောင် အကြီးအကဲများမှာ အံ့အားသင့်နေကြသည်။

''ပြီးတော့ အရှေ့ဆောင်က အခန်းတစ်ခန်းကို သီးသန့်ပြင်ဆင်ပါ၊ သမားတော်ကြီးကျို့ကိုလည်း ဆေးဝါးအပြည့်အစုံနဲ့ ဒီအဆောင်မှာ စောင့်နေဖို့ အကြောင်းကြားထားကြပါ''

''ကောင်းပါပြီ''





အားလုံးမှ ကျောက်ဖြူစံအိမ်သခင်မကို ဦးညွှတ်ကာ အရိုအသေပြုလျက် အခန်းထဲမှ တစ်ယောက်ပြီးတစ်ယောက် ထွက်ခွာသွားကြသည်။ ကျောက်ဖြူစံအိမ်သခင်မ ရှင်းလွယ်ကတော့ ခန်းမကျယ်ထဲတွင် တစ်ကိုယ်တည်းရပ်ကာ တွေဝေစဉ်းစားနေမိသည်။

''ငါ ဘာဖြစ်နေတာလဲ၊ ငါ ဘာတွေကို မကျေနပ်နေတာလဲ၊ ရာမူးလူမျိုးစု သူရဲကောင်း နိုင်သွားတာကို မကျေနပ်တာလား၊ ဒီလိုလည်း မဟုတ်ပါဘူး၊ ကျန်းကျန်းကို ငါသဘောမကျလို့ ဒီအဖြစ်မျိုးကို ငါ လိုလားတောင့်တခဲ့တာပဲ''

တစ်ကိုယ်တည်း တွေးရင်း ရှင်းလွယ်သည် ခန်းမထဲတွင် ဖြည်းညင်းစွာ လမ်းလျှောက်လျက် ရှိသည်။ သူမသည် တွေးတောငေးမောကာ လမ်းလျှောက်နေသောကြောင့် အိပ်မက်ထဲတွင် လမ်းလျှောက်သကဲ့သို့ ဖြစ်နေလေသည်။

သူမကား ပတ်ဝန်းကျင်ကို ဂရုမစိုက်နိုင်၊ ယခုနှစ် အနိုင်ရသွားသည့် ရာမူးသူရဲကောင်းတုန်းချီ၏ မျက်နှာဖုံးအောက်မှ မျက်လုံးရူးရူးရဲရဲကြီးများကို မြင်ယောင်နေမိလေသည်။

× ×      × ×      × ×

လူမျိုးစုခေါင်းဆောင် အကြီးအကဲများနှင့် ပြောဆိုဆွေးနွေးနေလျှင် ခန်းမထဲသို့ ဝင်ခွင့်မရသော ကျောက်ဖြူစံအိမ်သခင်မ၏ အထိန်းတော် ပြာဝေနှင့် ဝါမိုးတို့သည် သူတို့သခင်မကို ခေတ္တနားနေဆောင်ထဲမှ ချောင်းကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦးလုံးသည်လည်း ကျောက်ဖြူစံအိမ် အပေါ်ထပ်မှ မိန်းကလေးများ ချောင်းမြောင်းကြည့်ရှုရမည့် နေရာမှ အခြားမိန်းကလေးများနှင့်အတူ တိုက်ပွဲကို ကြည့်ရှုခဲ့ကြသူများဖြစ်သောကြောင့် ရာမူးလူမျိုးစုခေါင်းဆောင် တုန်းချီ၏ စိတ်နေသဘောထားနှင့် တိုက်ခိုက်အနိုင်ရပြီး အသက်ကို မသတ်ဘဲ ခွင့်လွှတ်နိုင်မှုကို လေးစားချီးကျူးနေမိကြသည်။

"ဟိုစစ်သူကြီးကျန်းကျန်းဆို ရာမူးလူမျိုးစုခေါင်းဆောင်တွေကို အနိုင်ရအောင် ခေါင်းခွံကို နှစ်ခြမ်းကွဲအောင် ပေါက်ဆိန်သွားနဲ့ ပေါက်ခွဲသတ်ပြတ်ပစ်တတ်တယ်"

ကျန်းကျန်း၏ ရက်စက်မှုကို ရာမူးလူမျိုးစုများသာမက တဲ့ပင်လူမျိုးစုမိန်းကလေးများပါ မကြည့်ရက်နိုင်အောင် ဖြစ်ကြရလေသည်။

ကျန်းကျန်း၏ ရိုင်းစိုင်းမှု၊ ကျန်းကျန်း၏ လူမျိုးစုများအပေါ် မတရား အနိုင်ကျင့်မှုတို့ကို ကျောက်ဖြူစံအိမ်သခင်မ သိရှိခဲ့သော်လည်း ထိပ်တိုက်ရင်မဆိုင်ခဲ့ပေ။

အဘယ်ကြောင့်ဆိုသော် သူ၏ လူမျိုးစုအကြီးအကဲများသည် ကျန်းကျန်းကို မနှိမ်နင်းနိုင်မှန်း သိရှိနေသောကြောင့် ဖြစ်၏။

"သူ ကျန်းကျန်းကို အသေသတ်လိုက်ဖို့ ကောင်းတာ၊ ဘာဖြစ်လို့ မသတ်တာလဲ၊ အနိုင်ရရင် ပြီးရော သူများအသက်ကို မညှာမတာ ရက်ရက်စက်စက် မသတ်ချင်ဘူးဆိုတဲ့ စိတ်မျိုး သူ့မှာ ရှိတယ်၊ ဒါဆိုရင် ကြင်နာသနားတတ်တဲ့ လူမျိုးပဲ"



တစ်နေရာထဲတွင် ရပ်ကာ ကျောက်ဖြူသခင်မ စဉ်းစားနေသည်ကိုတွေ့ကာ လှမ်း၍ ခေါ်လိုက်သည်။

"သခင်မ"

"ရှင်းသခင်မ"

အတွေးလွန်နေသောကြောင့် ဝါမိုးနှင့်ပြာဝေတို့ ခေါ်သည်ကို ရုတ်တရက် မကြားမိပေ။ ကျောက်ဖြူစံအိမ် သခင်မသည် ရောဂါဝေဒနာတစ်ခုကိုပင် ခံစားနေရပြီလောဟု တွေးကာ ပြေးထွက်လာကြသည်။

"သခင်မ"

"သခင်မ"

"ဟင်"

တစ်ဖက်တစ်ချက်မှ လက်မောင်းကို ကိုင်လှုပ်ကာ ခေါ်သောကြောင့် ကျောက်ဖြူသခင်မ ရှင်းလွယ်သည် ရုတ်သွေးဖြာသွားသည်။

"မင်းတို့ကလည်း အသံမပေး ဘာမပေးနဲ့"

"ဘယ်နှယ့် အသံမပေးရမှာလဲ သခင်မရဲ့၊ ကျွန်မတို့ ခေါ်နေတာ ကြာပြီ၊ သခင်မ အာရုံတစ်ခုခုကို စိတ်ရောက်နေတာ ဖြစ်ရမယ်"

ရှင်းလွယ်က ထိုစကားကြောင့် ပို၍မျက်နှာထားရ ခက်သွားသည်။

"ညီ့သည်တွေကို ညစာစားပွဲနဲ့ ညီ့ခံဖို့ကိစ္စတွေ အစီအစဉ်ချဖို့ တွေးနေတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"အို . . ဒါ . . သခင်မအလုပ်မှ မဟုတ်ဘဲ၊ ပင်းပိတို့ လုပ်ရမယ့် အလုပ်ပဲ၊ ဟိ . . ဟိ . . မဟုတ်တာမှလွဲရော ရာမူးလူမျိုးစု သူရဲကောင်းတုန်းချီဆီ စိတ်ရောက်နေတာ ဖြစ်ရမယ်"

ကျောက်ဖြူစံအိမ် သခင်မ၏ မျက်နှာတစ်ပြင်လုံး ရဲသွားပြီး ချက်ချင်း ရှက်ဒေါသထွက်လာသည်ကို တွေ့ရလေသည်။

"ဝါမိုး . . မင်း သခင်မကို ဒီစကားမျိုး ပြောရဲသလား"

"ကျွန်တော်မျိုးမ သေသင့်ပါတယ်"

ဝါမိုးက ဒူးထောက်လိုက်သည်။

ကျောက်ဖြူစံအိမ်သခင်မက သက်ပြင်းတစ်ချက် ချလိုက်သည်။ ထို့နောက် ခန်းမကျယ်ကြီးထဲမှ ထွက်ခွာသွားရာ ပြာဝေနှင့် ဝါမိုးတို့လည်း ကျောက်ဖြူသခင်မ ရှင်းလွယ်၏နောက်သို့ ပြေး၍ လိုက်သွားကြလေတော့သည်။ ကျောက်ဖြူစံအိမ်ဝင်းကြီး၏ အပြင်ဘက်တွင်ကား ညီညာသော ဗုံသံနှင့် လက်ခုပ်တီးကာ သီချင်းဆိုသံများ ထွက်နေသည်။

သူတို့သည် နေမထွက်မီကပင် ချက်ပြုတ်သယ်ယူလာကြသော သေရည်အရက်နှင့် ငှက်သား၊ ချေသား၊ ငါးကင်စသည်များကို ခေါင်းဆောင်ကြီးများအတွက် ဦးဦးဖျားဖျား ချပေးကာ သူတို့သည်လည်း နံနက်စာအဖြစ် အရိပ်ကောင်းလှသော ကျောက်ဖြူစံအိမ်၏ ခြေရင်းထောင့်ရှိ ယူကလစ်နှင့် ဝက်သစ်ချပင်များအောက်တွင် အားရပါးရစားကြလေသည်။





သေရည်သေရက်နှင့် အစားအသောက် အများဆုံးမှာ လတ်တလော ကျန်းကျန်းကို အနိုင်ရရှိခဲ့သည့် တုန်းချီရှေ့တွင်ပင်ဖြစ်၍ ချောင်းချောင်းအပါအဝင် ကျန်လူများက ဝိုင်းဝန်းကာ ဂုဏ်ပြုသည့်အနေဖြင့် အရက်တစ်ခွက်စီ တုန်းချီကို တိုက်လိုက်သည်။

"ရာမူးလူမျိုးစုတွေ အားလုံးကိုယ်စား ကျုပ်က တုန်းချီကို ဂုဏ်ပြုပါတယ်"

ရာမူးလူမျိုးစု ခေါင်းဆောင်ကြီး ချောင်းချောင်းက တုန်းချီကို အရက်တစ်ခွက် ပေးလိုက်သည်။ တုန်းချီက မော့သောက်လိုက်၏။

တုန်းချီ ဟန်ဆောင်ထားသော ရာဟုသည် အရက်ခွက်ကို မော့သောက်ပစ်လိုက်သည်။ သူ၏စိတ်ထဲတွင် အလွန်ပင် လှုပ်ရှားထကြွလျက် ရှိသည်။ သူသည် ကျန်းကျန်းကို အနိုင်တိုက်ခိုက်ခဲ့သော်လည်း လက်ပြင်ဘေးသားတွင် ပေါက်ဆိန်ချက်ဒဏ်ရာ ရရှိခဲ့၏။ ထိုပေါက်ဆိန်ချက် ဒဏ်ရာမှ သွေးများ ယိုစီးနေသည်။

ဦးထွန်းရက စိုးရိမ်သံနှင့်

"တုန်းချီရဲ့ ဒဏ်ရာက သွေး ထွ သိပ်ထွက်နေတယ်၊ သွေးတိတ်ဆေးရွက် မရှိကြဘူးလား"

လူများအားလုံး လှုပ်လှုပ်ရှား ား ဖြစ်သွားကြသည်။ သူတို့သည် မည်သူမျှ သွေးတိတ်ဆေး က် ယူ မိကြပေ။



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် . . ကျုပ် ဘာမှမဖြစ်ပါဘူး၊ ပျော်ပျော်ပါး ပါး စားကြသောက်ကြပါ"

တုန်းချီက အားတင်းကာ ပြောကြားလိုက်သည်။ သူ့ခေါင်းထဲတွင် မူးရိပ်ရိပ် ဖြစ်လာသည်ကိုတော့ သူရိပ်မိလေသည်။ ကျောပြင်တွင် သွေးများက တရဟော ယိုစီးထွက်ကျနေသည်။

တုန်းချီက အရက်နောက်တစ်ခွက်ကို ထပ်၍ သောက်လိုက်၏။

"ကျုပ် တစ်ခု မေးပါရစေ ချောင်းချောင်း"

"မေးပါ တုန်းချီ"

"ကျုပ်တို့ဟာ ဒီကျောက်ဖြူစံအိမ် သခင်မနဲ့ မပူးပေါင်းလို့ မဖြစ်ဘူးလား"

တုန်းချီ၏ အမေးကြောင့် ချောင်းချောင်း အံ့အားသင့်သွားသည်။

"မင်းလည်း သိသားနဲ့ တောင်သုံးလုံးဒေဝိရဲ့ လူတွေဟာ အင်အားနဲ့ လာပြီး တိုက်ခိုက်ခဲ့ရင် တဲ့ပင်လူမျိုးတွေလည်း တစ်စုထဲ ခုခံလို့ မနိုင်နိုင်ဘူး၊ ဒီလိုပဲ ကျုပ်တို့ရာမူးစုတွေချည်းပဲ ခုခံလို့ မနိုင်နိုင်ဘူးလေ၊ ဒါ့ကြောင့် အမြဲတမ်း လူမျိုးစုနှစ်စု ပေါင်းပြီး ခုခံနိုင်ဖို့ ပူးပေါင်းရတယ်။ မင်းကလည်း မသိတာကျနေတာပဲ၊ စစ်ရေးအရ ဆုံးဖြတ်ရင် ဘယ်သူက ဦးဆောင်မလဲဆိုတာ ပြဿနာရှိလို့ သူရဲကောင်းချင်း ပြိုင်ရတာပဲ"

ရာဟုနှင့် ဦးထွန်းရတို့သည် ယခုမှ သူတို့လူမျိုးစုနှစ်စု၏ အန္တရာယ်ကို သိရှိရသည်။





"တောင်သုံးလုံး ဒေဝိက အင်အားတော်တော်များသလား"

ထိုအမေးအဆုံးတွင် ရာဟု လဲကျသွားလေသည်။

× ×    × ×    × ×

ကျောက်ဖြူစံအိမ်သခင်မထံသို့ ရာဟု ဒဏ်ရာမှ သွေးထွက်များ၍ သတိမေ့သွားကြောင်း သတင်းပို့လိုက်သည်နှင့် ချက်ချင်းပင် လူလေးဦးက ထမ်းစင်ဖြင့် ရောက်လာကာ သတိမေ့နေသော ရာဟု၏ ခန္ဓာကိုယ်ကြီးကိုမ၍ တင်ကာ ထမ်းယူသွားကြလေတော့သည်။

"သူတို့က တုန်းချီကို တိတ်တဆိတ် သွားလုပ်ကြံသတ်ဖြတ်လိုက်ကြမလား"

ဦးထွန်းရက စိုးရိမ်မကင်းသံဖြင့် နောက်မှ ပြေးလိုက်ရင်း ပြောလိုက်သည်။ ချောင်းချောင်းက

"အို . . ကျောက်ဖြူစံအိမ်သခင်မ ရှင်းလွယ်က အဲဒီလို ယုတ်မာတဲ့ စိတ်မျိုး ဘယ်တော့မှ မရှိဘူး၊ သူ့ဆီမှာ ထက်မြက်ပြီး အစွမ်းရှိတဲ့ သမားတော်တွေ ရှိတယ်၊ ချက်ချင်း ဆေးဝါးကုသပေးဖို့ ခေါ်တာပါ"

ရုတ်တရက် ရာဟု၏ဒဏ်ရာ အရေးကြီးသောကြောင့် စံအိမ်တွင်းသို့ ဝင်ရန် သံချောင်းသုံးချက်ခေါက်၍ အချက်မပေးမိမှာပင် ရာမူးလူမျိုးစုများအား ဧည့်ဆောင်တွင် နေရာချထားပေးရန် ကျောက်ဖြူစံအိမ်သခင်မက အမိန့်ပေးလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တဲ့ပင်လူမျိုးစုခေါင်းဆောင် ပိုးပသည် ကြီးမားလှသော ကျောက်ဖြူစံအိမ်ကြီး၏ ဘေးရှိ အဆောင်ကြားတွင် လှပစွာ ခင်းကျင်းထားသော စားပွဲကုလားထိုင်များ ခင်းကျင်းထားရာသို့ သူ့လက်ထောက်များက အသီးသီးလိုက်ပါ ပို့ဆောင်ပေးကြလေသည်။

နားနားနေနေ နေနိုင်ရန် ထိုအဆောင်ကြားရှိ ပန်းခြံနှင့် မျက်နှာချင်းဆိုင်ခန်းမများထဲတွင် လဲလျောင်းအိပ်စက်နိုင်သည့် ကျောက်ခုတင်များ ရှိနေလေသည်။

"အားလုံးပဲ နားနားနေနေ နေကြပါ၊ လဲလျောင်းချင်ရင်လည်း ဒီခန်းမထဲတွေက ခုတင်တွေပေါ်မှာ လဲလျောင်းနိုင်ပါတယ်"

ပန်းခြံထဲရှိ စားပွဲနှင့် ကုလားထိုင်ခုံများမှာ ပန်းရနံ့များနှင့် မွှေးပျံ့နေ၍ စိတ်ကို ကြည်လင်လန်းဆန်းစေလေသည်။ များသောအားဖြင့် နှင်းဆီဖြူ၊ နှင်းဆီဝါစသည့် အရောင်အမျိုးမျိုးနှင့် နှင်းဆီရနံ့တို့က သင်းပျံ့မွှေးကြိုင်လျက် ရှိနေပေတော့သည်။

"အကြမ်းအိုးနဲ့ စားစရာတွေကို သုံးဆောင်ကြပါ၊ လိုအပ်တာတွေရှိရင်လည်း ပြောပါ"

ခေါင်းဆောင်မျက်နှာဖုံးစွပ်များကို ရည်ရွယ်၍ အရပ်ရှည်ရှည်နှင့် ဧည့်သည်များကို နေရာထိုင်ခင်း စီစဉ်ပေးသူက ပြောကြားလိုက်သည်။

"ကျုပ် တစ်ခုမေးပါရစေ"

ဦးထွန်းရက ထ၍ရပ်ကာ ပြောလိုက်လေသည်။





"မေးပါ ကျုပ်တို့ဖြေနိုင်တာရှိရင် အဖြေပေးပါ့မယ်"

"တ ခြားမဟုတ်ပါဘူး . . ကျုပ်တို့ရဲ့ သူရဲကောင်း တုန်းချီရဲ့ ကျန်းမာရေး အခြေအနေကို သိချင်ပါတယ်။ ပြီးတော့ သူဘယ်အခန်းမှာ ရှိသလဲဆိုတာ သိချင်တယ်"

ရာဟုအတွက် စိတ်ပူသော ဦးထွန်းရမှာ ထ၍ မေးလိုက်သောကြောင့် ဧည့်သည်များအား နေရာချထားပေးသည့် အရပ်ရှည်ရှည်နှင့် တာဝန်ခံမှာ ခေတ္တမျှ တွေဝေသွားသည်။

"ဟုတ်ပါတယ် . . ကျုပ်တို့ရဲ့ သူရဲကောင်း အခြေအနေကို ကျုပ်တို့ သိချင်ပါတယ်"

ချောင်းချောင်းကပါ ဝင်၍ထောက်ခံလိုက်လေသည်။ တာ

ဝန်ခံက ပြုံးလျက်

"စိတ်ချပါ . . ကျုပ် လူလွှတ်ပြီးတော့ အမြန်ဆုံး စုံစမ်းပေးပါ့မယ်၊ ပြီးတော့ ကြည့်ရှုခွင့်ရမယ်ဆိုရင်လည်း ကျုပ်တို့ စီစဉ်ပေးပါ့မယ်၊ ဒါပေမယ့် ခင်ဗျားတို့လူတွေ အများကြီးတော့ စံအိမ်သခင်မအဆောင်ကို ဝင်ခွင့်မရှိပါဘူး"

ဧည့်ခံဖို့ တာဝန်ကျသူက ထိုသို့ပြောကာ ထွက်ခွာသွားသည်။ ဦးထွန်းရမှာ တာဝန်ခံ ပြောသွားသည့် စကားကြောင့် ရာဟုမှာ စံအိမ်သခင်မ အဆောင်တွင် ရောက်ရှိနေကြောင်း သိရှိရသည်။

"လက်စသတ်တော့ ရာဟုက စံအိမ်သခင်မ အဆောင်ကို ရောက်နေတာကိုး ကျောက်ဖြူစံအိမ်ကြီးကလည်း အကြီး



www.burmeseclassic.com

www.burmeseclassic.com



ကြီး အကျယ်ကြီးဆိုတော့ စံအိမ်သခင်မအဆောင်က ဘယ်နေရာမှာပါလိမ့်''

မြင့်မားသော နံရံကြီးများနှင့် လေး ဖက်လေးတန် ပတ်ပတ်လည်လည် ဆောက်လုပ်ထားသော စံအိမ်ကြီးကို ကြည့်ကာ ဦးထွန်းရ သက်ပြင်းချမိ၏။

× × ×

ကျောက်ဖြူစံအိမ်၏ ဆောက်လုပ်ပုံမှာ ရန်သူများ ရုတ်တရက် ဝင်ရောက်တိုက်ခိုက်က ကာကွယ်နိုင်ရန် လေးဖက်လေးတန် ထူထဲသော အုတ်နံရံတွင် ခန်းမများပတ်ပတ်လည် ဆောက်လုပ်၍ ထိုခန်းမများမှာ သုံးထပ်ဖြစ်သည်။ ဝင်ဝင်ချင်း အခန်းများတွင် တံခါးလျှို့ဝှက်ပေါက်များ ရှိသည်။

ထိုလျှို့ဝှက်ပေါက်များသည် အလယ်ထပ်သို့ တက်ခြင်းဖြစ်ပြီးနောက် ဘက်ရှိ အခန်းသို့လည်း ဝင်နိုင်သည့် တံခါးရှိသည်။ ဒုတိယနောက်ဘက် ဝင်ဝင်ချင်းအခန်း၏အနောက်ဘက်ခန်းကို ရုတ်တရက်ရှိသည် မထင်ရ။

ထိုအခန်းထဲတွင် အစဉ်သတိနှင့် နေထိုင်သော တဲ့ပင်တိုက်ခိုက်ရေးသမားများ တစ်ခန်းလျှင် သုံးဦးစီ လက်နက်အပြည့်အစုံနှင့် ရှိ၏။

ရန်သူများက ဝင်းထဲသို့ ရုတ်တရက် ပြေးဝင်လာခဲ့သည့် ပထမအခန်းသို့ ရောက်သည်။ ထိုအခါ ထိုအခန်းအထက်





မှ မြားပစ်ပေါက်သုံးပေါက် ပွင့်ဟကာ မြားဖြင့် ရန်သူကို ချေမှုန်းနိုင်ရန် အသင့်လုပ်ထားလေသည်။

အချို့ခန်းမများမှာ ထောင်ချောက်သဖွယ် အပြင်မှပိတ်၍ထားလိုက်ပြီး ပတ်လည်တံခါးပေါက်များမှ လှံသွား၊ လေးမြားတို့ဖြင့် ရန်သူကို ချေမှုန်းနိုင်ရန် စီစဉ်ထားလေသည်။

ထိုအစီအစဉ်အားလုံးကို ကျောက်ဖြူစံအိမ်သခင်မ တစ်ဦးတည်းကသာ ကြီးကြပ်ကွပ်ကဲပြီးလျှင် ရှေ့ခန်းနှင့် နောက်ခန်းကို အပေါ်ထပ်လျှို့ဝှက်ပေါက်များမှ သတင်းပေးနိုင်ရန် လူမျိုးစုခေါင်းဆောင်ငယ်များ သွားနိုင်ရန် အထပ်လည်း ရှိလေသည်။

လေးထောင့်စတုရန်းပုံ ပတ်လည်ဆောက်လုပ်ထားသော ကျောက်ဖြူစံအိမ်ကြီး၏အလယ်တွင် ညစာစားပွဲ၊ အခါအားလျော်စွာ ပြုလုပ်သည့် မီးပုံပွဲ၊ လက်ထပ်ပွဲတို့အတွက် ပန်းပင်များ ဝေဆာစွာ ပွင့်နေသည့်ပန်းခြံ ရှိသည်။

ပန်းခြံထဲတွင် ကျောက်စားပွဲနှင့် ကျောက်ကုလားထိုင်များ များပြားစွာ ရှိနေပြီး လူပေါင်းငါးရာခန့်ကို ချောင်ချိစွာ ကျွေးမွေးဧည့်ခံနိုင်သော နေရာဖြစ်သည်။

ထို့အပြင် ထောင့်ချိုးများ၌ အတွင်းဘက်သို့ချိုင့်ကာ အပြင်ဘက်သို့ စက်ဝိုင်းပုံဝိုင်း၍ ကျယ်သွားသော ပန်းခြံလေးခုကလည်း ရှိသေး၏။

ယခု ရာမူးလူမျိုးစုတို့ကို ထိုပန်းခြံလေးခုရှိအရှေ့ဘက်မှ ထောင့်ချိုးကြား ပန်းခြံထဲတွင် နေရာချထားခြင်း ဖြစ်လေသည်။



www.burmeseclassic.com

ထိုထောင့်တစ်ထောင့်မှာလည်း လှုငါးရာ၊ တစ်ထောင်ခန့်ဆံ့ အောင် လေးထောင့်ပုံကျောက်ဖြူစံအိမ်၏ ထောင့်ချိုးတွင် အပြင်သို့ ကြီးမားသော စက်ဝိုင်းလုံးအုတ်နံရံကြီးကာလျက် ဖွဲ့တည်ထားခြင်း ဖြစ်လေသည်။

ပန်းခြံ၏ အလယ်မှကြည့်လျှင် ထူထဲကာ မြင့်မားလသော ကျောက်ဖြူစံအိမ်ကြီးမှာ လေး ဖက်လေးတန် တူညီနေသည်။ အရှေ့အနောက် တောင်မြောက်ခွဲခြားဖို့ပင် မလွယ်လှပေ။

အတွင်းပန်းခြံထဲသို့ ရောက်အောင်ဆိုခဲ့သည့်အတိုင်း အရှေ့တံခါးဝမှ ဖွင့်ပေးထားသည်။ ခန်းမကျယ်ကြီးနောက် အခန်းနှစ်ခန်းကို ဖြတ်ကာ ရောက်ရှိလာကြရခြင်း ဖြစ်လေသည်။

ချောင်းချောင်းက လွန်ခဲ့သော လေးနှစ်က ဆုံးပါးသွားခဲ့သည့် ရာမူးသူရဲကောင်းတု၏ အောင်ပွဲရချိန်က ဤညှော်ခံပွဲကို တစ်ကြိမ်တက်ရောက်ဖူး၍ မြင်ကွင်းများကို မှတ်မိနေသည်။ ဦးထွန်းရမှာမူ အလွန်အသစ်အဆန်း ဖြစ်နေတော့သည်။

"စံအိမ်သခင်မရဲ့ အဆောင်တော်က ဘယ်နေရာမှာလို့ ထင်သလဲ"

ချောင်းချောင်းကို ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်ရင်း ဦးထွန်းရက မေးလိုက်သည်။

"ကျုပ်တို့ ဘယ်သိခွင့်ရှိပါ့မလဲ ချန်ကောင်း"

ဦးထွန်းရကို ချန်ကောင်းအနေဖြင့်ပင် ချောင်းချောင်းက ထင်မှတ်ဆက်ဆံနေသည်။



"စောစောက မင်းပဲ မေးလိုက်တယ်မို့လား၊ မင်းက မင်းသူငယ်ချင်းတုန်းချိကို သူရဲကောင်းဖြစ်မှ အနားက မခွာချင်ဘူး ထင်တယ်၊ စိတ်ချ . . တုန်းချိနားမှာ လူပိုတစ်ယောက် နေခွင့်ပြုမယ်ဆိုရင် မင်းကို လွှတ်ပေးလိုက်မယ်"

"ကောင်းတယ် . . ကျုပ်က ဂုဏ်မက်လို့ မဟုတ်ပါဘူး၊ ခုတစ်လော သူက ကျုပ်ကို သူ့ရဲ့အကြောအချဉ်တွေတက်ရင် နှိပ်နိုင်းတတ်လို့ပါ"

"အေးပါ . . ချန်ကောင်းရာ၊ သူနဲ့အတူနေတာ မင်းတိုးတက်ပါတယ်၊ တကယ်တော့ မင်းရဲ့ပေါက်ဆိန်ပညာလည်း တုန်းချိကို အကြောင်းပြုပြီး ထက်မြက်လာတယ်ဆိုတာကို ညကတည်းက ငါရိပ်မိပါတယ်"

ပန်းလက်ဆောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ညှိသည်တော်များထားသည့် ပန်းခြံထဲတွင် ဦးထွန်းရနှင့် ချောင်းချောင်းတို့ စကားပြောနေကြစဉ်မှာပင် ရာဟုတစ်ယောက်ကတော့ အနီရောင်ဖဲကတ္တီပါ မွေ့ရာပေါ်တွင် ငြိမ်သက်စွာ မှေးမြောလျက် ရှိနေလေသည်။ မုတ်ဆိတ်ဖြူနေသော သမားတော်ကြီး ရင်ကောင်းသည် တုန်းချိ(ရာဟု)၏လက်ကို သွေးစမ်းကြည့်လိုက်ကာ

"သွေးတိတ်ဆေး လိမ်းလိုက်တော့ အသက်ရှူတာမှန်သွားတယ်၊ဒါပေမယ့်သွေးထွက်လွန်သွားလို့ သွေးအားသိပ်နည်းနေတယ်။ သူ့ပါးစပ်ထဲကို ဒီအားဆေးရည် အဆက်မပြတ်တစ်စက်စီ ချပေးပါ"

အားဆေးဖျော်ထားသော ဆေးခွက်ကို ကျောက်ဖြူစံအိမ်သခင်မ ရှင်းလွယ်၏ လက်ထဲသို့ ထည့်ပေးလိုက်သည်။

"တတ်နိုင်ရင်တော့ သူ့မျက်လုံးနဲ့ နှာခေါင်းပါ ဖုံးထားတဲ့ မျက်နှာဖုံးစွပ်ကို ချွတ်ပစ်လိုက်ရင် ပိုပြီးသက်သာလိမ့်မယ်"

"ရှင်"

"ဟုတ်တယ် သခင်မ၊ ဒါမှ သူ့မျက်နှာ ချောလား၊ရုပ်ဆိုးလားဆိုတာ ကျွန်မတို့ မြင်ရတာပေါ့"

ဝါမိုက သူ့စိတ်ကူးကို ပြောလိုက်သည်။

"ကဲ . . ကျုပ်ကို ခွင့်ပြုပါဦး အနည်းဆုံးရက်နှစ်ဆယ်လောက်တော့ အနားယူပြီး ကုသမှ ပုံမှန်အတိုင်း သွေးအားပြန်ပြည့်လာမယ်၊ ကျုပ် တစ်နေ့တစ်ခေါက်တော့ လာမှာပါ"





"ကျေးဇူးတင်ပါတယ် သမားတော်ကြီး၊ သမားတော်ကြီးကို ညစာဧည့်ခံစားသောက်ပွဲကို လိုက်ပို့လိုက်ပါ ပြာဝေ၊ အဆောင်ထိပ်မှာ အစောင့် ပင်စိမ်းနဲ့ ပေါက်ကြီးတို့ ရှိတယ်၊ သမားတော်ကြီးကို အရှေ့တောင်ထောင့် ပန်းခြံထဲမှာ ရာမူးလူမျိုးစုတွေရှိတဲ့ နေရာမှာ နေရာချထားပေးလိုက်ပါ"

"ဟုတ်ကဲ့ပါ သခင်မ"

ပြာဝေဆိုသော ဖြူဖြူသွယ်သွယ် ကောင်မလေးက သမားတော်ကြီး၏ ဆေးအိတ်ကို ဖျတ်လက်ပေါ့ပါးစွာ ယူဆောင်၍ လိုက်ပါသွားလေသည်။

အားဆေးကို စတင်၍ တိုက်ရန် ကျောက်ဖြူစံအိမ်သခင်မသည် ကျောက်ခုတင်ပေါ်ရှိ ဖဲမွေ့ရာ ပေါ်တွင် တင်ပါးလွှဲထိုင်လိုက်သည်။

"ဝါမိုးတို့က သူ့မျက်နှာဖုံးကို ခွာပြီးတော့ ဆေးတိုက်တာကို သူသတိရလာရင် နှစ်သက်ပါ့မလား"

"အို . . ဒါဆိုလည်း သခင်မရယ်၊ ဒီလိုမလုပ်ရင် မဖြစ်လို့လို့ ပြောပြလိုက်ရုံပေါ့၊ ပြီးတော့ သူတို့လက်အောက်ငယ်သားတွေ ရှိတာမှ မဟုတ်ဘဲ"

ကျောက်ဖြူစံအိမ်သခင်မ ရှင်းလွယ်က ခေတ္တစဉ်းစားလိုက်သည်။

"သမားတော်ကြီးက အားနည်းတဲ့အချိန်မှာ နားသယ်အကြောသွေးကြောတွေကို ပိတ်ထားသလို ဖြစ်နေတယ်၊ တတ်နိုင်ရင်ဖြုတ်ပါလို့ ပြောတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ဘာစဉ်းစားစရာရှိလဲ သခင်မရယ်၊ ခု ပဲ ဖြုတ်လိုက်တာပေါ့"

ဝါမိုးက လက်မြန်ခြေမြန် နားထင်ဘေးတွင် စည်းနှောင်ထားသည့် ကြိုးစကို ဖြေရန် ပြင်ဆင်လိုက်သည်။

"အို . . ခဏနေဦး . . ခဏနေဦး"

"ဘာလဲ သခင်မရဲ့"

"ဒီအတိုင်း ငါဆေးတိုက်ကြည့်မယ်၊ ရရင်တော့ မျက်နှာဖုံးကို ခွာချွတ်စရာ မလိုဘူး"

"သခင်မကလည်း အတွေးခေါင်နေပြီ၊ လောလောဆယ် ဒီအခန်းထဲမှာ ဘယ်သူမှ မရှိဘူး၊ အဆောင်တံခါးစောင့်တွေလည်း ရှိတယ်၊ ဘယ်သူမှလည်း ဝင်လာလို့ မရဘူး၊ ပြီးတော့ သူ့ရဲ့ကောင်းတုန်းချိကလည်း လုံးဝသတိမေ့နေတယ်၊ မျက်နှာဖုံးကို ချွတ်ရင် ကျွန်မတို့ သူ့မျက်နှာကို ခဏမြင်ရမယ်"

"အို"

ကျောက်ဖြူစံအိမ်သခင်မ ရှင်းလွယ်သည် ထိုနေရာသို့ အရောက်တွင် သူမ၏ရင်ဘတ်ကို သူမဖိကာ ရင်များပင် ဖိုသွားပုံရလေသည်။

"ကောင်းတယ် . . ဝါမိုးပြောတာ ကောင်းတယ်၊ ကျွန်မလည်း ထောက်ခံတယ်"

တံခါးဝမှ ပြာဝေက ဝင်လာသည်။

"ကြည့်စမ်း . . ပြာဝေ နင်ကပါ အားပေးအားမြှောက်ပေါ့"





"ကဲပါ . . သခင်မ ဟိုဖက်ကို ထရပ်ပြီး ကျောပေးနေပါ၊ ကျွန်မတို့က လှည့်ဆိုရင် လှည့်လိုက် ဒါပဲ"

× ×     × ×     × ×

သူတို့၏ ဖွတ်တရွတ် အလိုကို လိုက်တတ်ခြင်း၊ ယခုနှစ်အတွက် လူစိမ်းဖြစ်ရုံမျှမက အနိုင်ရသော သူ့ရဲကောင်းတစ်ဦးဖြစ်ခြင်းတို့ကြောင့် ကျောက်ဖြူသခင်မက သူမတို့နှစ်ဦးကို အရေးမယူနိုင်ဟု ဝါမိုးနှင့်ပြာဝေတို့က သိသည်။

"မင်းတို့လုပ်တာနဲ့ သခင်မတော့ ဘာပြောရမှန်း မသိတော့ဘူး၊ ပြဿနာတစ်ခုခု ဖြစ်လာရင် မင်းတို့နှစ်ယောက် တာရားခံနော်"

"ကျွန်မတို့ လုပ်တာလို့သာ သခင်မ လွှဲချလိုက်ပါ၊ သူ့ရဲကောင်းတုန်းချိပေးတဲ့ အပြစ်ဒဏ် ကျွန်မတို့ခံမယ်"

"ကဲ . . လုပ်ကြ . . လုပ်ကြ သဘော"

တုန်းချိ၏ ပကတိမျက်နှာကို ကြည့်ချင်စိတ်ရှိသော်လည်း ဣန္ဒြေဆယ်နေရသော ကျောက်ဖြူစံအိမ်သခင်မ ရှင်းလွယ်သည် အားဆေးခွက်ကို ခုတင်ဘေးရှိ စားပွဲရှည်ပေါ်တွင် တင်ကာ ပြတင်းပေါက်ရှိရာသို့ ကျောပေးထွက်ခွာသွားလေသည်။

ကျောက်ဖြူစံအိမ်သခင်မ၏ အဆောင်တော်မှာ အနောက်တောင်ထောင့် ပန်းခြံအပေါ်ထပ်တွင်ရှိရာ အရှေ့မြောက်



www.burmeseclassic.com

www.burmeseclassic.com



ထောင့်ရှိ ဧည့်သည်များ နေရာချထားသော ပန်းခြံနှင့် ထောင့်ဖြတ်တန်းလျက် ရှိနေလေသည်။

ကျောက်ဖြူသခင်မ ရှင်းလွယ်၏ ပြတင်းပေါက်မှ ကြည့်လျှင် ညစာစားပွဲအတွက် တက်ရောက်ရန် နေရာချထားသည့် ဧည့်သည်များ အချို့အချဉ်များစားကာ စကားပြောဆိုနေ

သည်ကို တွေ့ရသည်။

ရာမူးလူမျိုးစုများကြားတွင် ဧည့်ဝတ်ပြုနေသော တဲ့ပင်လူမျိုးတာဝန်ခံများကိုလည်း တွေ့ရ၏။ ဧည့်ခံနေသည့် ထောင့်ပန်းခြံမှ ကြည့်လျှင်ကား ပြတင်းတံခါးတွင် ရပ်နေသော စံအိမ်သခင်မကို မြင်ရမည်မဟုတ်ပေ။

အဘယ်ကြောင့်ဆိုသော် ပြတင်းပေါက်ရှေ့ဝရန်တာတွင် ကြက်သွေးရောင် ပန်းပွင့်များနှင့် ပန်းပင်ရှည်များ ရှိနေသောကြောင့် ဖြစ်သည်။

ထိုကဲ့သို့ ဖြစ်စေရန် အမြော်အမြင်ကြီးမားလှသော ကျောက်ဖြူစံအိမ်သခင်မကိုယ်တိုင် စီစဉ်ထားခဲ့ခြင်း ဖြစ်သည်။ ဧည့်ခံပွဲတက်ရောက်သူများက မရိုးမသား အကြံရှိလျှင် သူမ၏ အခန်းတံခါးစောင့်နှစ်ဦးမှတစ်ဆင့် ဒုတိယထပ်လျှို့ဝှက်ပေါက်တာဝန်ခံများကို အကြောင်းကြားကာ ရန်သူကို ခြေမှုန်းဖို့ အသင့်ပြင်ထားနိုင်သောကြောင့်ပင် ဖြစ်လေသည်။

ပြတင်းပေါက်ပေါင်ပေါ်ကို လက်တင်၍ ရာမူးလူမျိုးစုများကို ကြည့်ကာ တွေးနေသည်။





"အင်း . . . သူတို့လူမျိုးတွေကတော့ သူတို့ရဲ့ သူ့ရဲကောင်း အနိုင်ရသွားလို့ ပျော်နေကြတာပဲ၊ ဒါပေမယ့် သူ့ရဲကောင်းတုန်းချီရဲ့ ဒဏ်ရာက သွေးလွန်လို့ သတိမေ့နေတာ ပြန်ကောင်းမယ် မကောင်းဘူးဆိုတာ ဘယ်သူမှ မသိနိုင်ဘူး"

ထိုသို့ ကျောက်ဖြူစံအိမ်သခင်မ တွေးတောနေသော အခိုက်မှာပင် ပြာဝေသည် ဆံပင်များကို နောက်သို့ ပျံ့လွင့်နေအောင် ပြေးလာသည်။

"သခင်မ"

"ဟင်"

"လာကြည့်ပါဦး သခင်မ၊ တုန်းချီသူရဲကောင်းဟာ တစ်ကယ်ကို ယောကျ်ားပီသပြီး ချောမောလှပတဲ့ လူငယ်တစ်ယောက်ပဲ"

ကျောက်ဖြူစံအိမ်သခင်မက ပြာဝေကို မျက်စောင်းထိုးလိုက်၏။

"တော်စမ်းပါ ပြာဝေရယ်၊ သူစိမ်းယောကျ်ားတစ်ယောက် မတွေ့လိုက်နဲ့ တွေ့လိုက်တာနဲ့ နင့်မျက်လုံးထဲမှာ ချောနေတာပဲ၊ နင်မချောဘူးပြောတဲ့ ယောကျ်ားက အင်္ဂါချို့တဲ့မှပဲ မဟုတ်လား"

ကျောက်ဖြူစံအိမ်သခင်မက အငေါ်တူးလိုက်ခြင်း ဖြစ်လေသည်။ သို့သော် ရှင်းလွယ်သည် တုန်းချီ၏ မျက်နှာကို ကြည့်ရှုလို၏။ သူမသည် ဧကန္တခြေဆယ်ကာ တရွေ့ရွေ့ လျှောက်ပှမ်းလာသည်။ ခုတင်ပေါ်တွင် ကိုယ်တစ်စောင်းထိုင်နေသော ဝါမိုး



www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့ရသောအခါ ဒေါသထွက်သွား၏။

တုန်းချိကို ကပ်ကြည့်နေသည်မှာ မျက်နှာနှင့် ထိတော့မတတ်။ ကျောက်ဖြူစံအိမ်သခင်မ ရှင်းလွယ်သည် ထိုမျှလောက် တွေ့နွေပျက်သည်ကိုတော့ မနှစ်သက်လှပေ။

"ဝါမိုး"

"ရှင်"

"ဘာလဲ မင်းက သူရဲကောင်းတုန်းချိကို ကိုက်စားတော့မလို့လား"

"အို . . သခင်မကလဲ"

× ×   × ×   × ×

ဝါမိုးက ရှက်၍ ခုတင်ပေါ်မှ ဆင်းသွားမှ စံအိမ်သခင်မ ရှင်းလွယ်သည် တုန်းချိကို အနီးကပ်ကြည့်လိုက်မိတော့သည်။ ယောကျ်ားများထဲတွင် တစ်ထောင်မှာ တစ်ယောက်၊ တစ်သောင်းမှာ တစ်ယောက် တွေ့ရခဲသည့် မျက်နှာမျိုး ဖြစ်သည်။ သူမ၏ တစ်သက်တာမှာပင် ဤတောတောင်ထဲ၌ သူရဲကောင်း တုန်းချိနှင့်တူသော ယောကျ်ားမျိုးတစ်ဦးတ လေမျှပင် မတွေ့မိ။

များသောအားဖြင့် လူမျိုးစုခေါင်းဆောင်တို့သည် ရုပ်ရည်ကြမ်းတမ်းကြသည်။ နှာခေါင်းပွသည်၊ နှုတ်ခမ်းမောက်သည်၊ မေးရိုးကားသည်၊ ပါးရိုးကြီးများ ထောင်ကာ ကြမ်းတမ်းသော ရုပ်သွင်များ ရှိကြသည်သာ များလေသည်။





ယခု တုန်းချိမှာကား မျက်ခုံးထူထူ၊ မျက်နှာပြည့်ပြည့်နှင့် နှာတံပေါ်လွင်သည်။ သတိမေ့၍ ပိတ်ထားသော မျက်ခွံမှ မျက်တောင်မွေးများက ရှည်၍ အောက်မျက်ခမ်းကို အုပ်နေသည်။ နှုတ်ခမ်းအစုံကလည်း နှင်းဆီဖူးပွင့်စသဏ္ဍာန် နီတျာရဲ၍ လှနေချောနေသည်။

ဆေးခွက်ကိုယူကာ ကျောက်ဖြူစံအိမ်သခင်မသည် ခပ်ဟဟလေးဖြစ်နေသော နှုတ်ခမ်းနှစ်လွှာကြားသို့ တစ်စက်စီ ချပေးသည်။ ဆေးတိုက်နေပြီဖြစ်၍ ဝါမိုးနှင့်ပြာဝေတို့မှာ စကားမပြောကြတော့ချေ။

"မင်းတို့နှစ်ယောက် ချက်ပြုတ်ဆောင်မှာ စွပ်ပြုတ်ပြုတ်နေတဲ့ လူတွေကို သွားကြီးကြပ်၊ ငါလိုအပ်ရင် ခေါင်းလောင်းတီး ခေါ်လိုက်မယ်"

ချက်ပြုတ်ဆောင်ဆိုသည်မှာ စံအိမ်သခင်မအဆောင်အတွက် ချက်ပြုတ်သည့် အဆောင်ဖြစ်၏။ ထိုအဆောင်ထဲတွင် ဟင်းချက်သူသုံးဦး ရှိသည်။ အားလုံးမှာ ကျောက်ဖြူစံအိမ်သခင်မ၏ လူယုံများကမွေးသော သမီးများပင် ဖြစ်သည်။

သက်တော်ရှည်လူမျိုးစုခေါင်းဆောင် ပိုးပ၏သမီးပင်းပိ၊ လူမျိုးစုခေါင်းဆောင် ထောင်ထို၏သမီး ထုထိနှင့် စစ်သူကြီးကျန်းကျန်း၏သမီး ကျန်းဖြူတို့ ဖြစ်လေသည်။

ကျန်းဖြူမှာ သူမ၏ဖခင် ရှုံးနိမ့်ကာ ပေါင်ကြေများပြတ်ကာ ဒဏ်ရာရရှိသွားကြောင်း တွေ့မြင်ရ၍ ထိုနေရာ ချက်



www.burmeseclassic.com

www.burmeseclassic.com



ပြုတ်ဆောင်သို့ မလာတော့ပေ။ ပင်းပိနှင့် ထုထိတို့သာ သူ့ရဲ ကောင်းတုန်းချိ သတိရလာပါက တိုက်ကျွေးရန် တောင်ဆိတ် ရိုးစွပ်ပြုတ်ကို အမွှေးအကြိုင်များဖြင့် ပြုတ်နေခြင်းပင် ဖြစ်လေ သည်။

ချက်ပြုတ်ဆောင်တွင် နောက်ဘက်တံခါးပေါက် ရှိ သည်။ ထိုတံခါးပေါက်မှာ ချက်ပြုတ်ဖို့ တာဝန်ကျသူများသာ ဝင်ခွင့်ရှိသည်။ အတွင်းမှ ကျောက်မင်းတုပ် သုံးချက်ဖြင့် ပိတ် ရသည်။ မည်သူမျှ ထိုတံခါးမှ ဝင်ခွင့် မရှိပေ။ ချက်ပြုတ်ဆောင် သို့ လှမ်းလျှောက်သွားရင်း ဝါမိုးနှင့်ပြာဝေတို့က စကားတွတ် ထိုးသွားကြ၏။

"တော်တော်ချောတယ်နော်"

"အေးကွာ . . ဒီလိုယောကျ်ားမျိုး ငါလည်း တစ်ခါမှ မတွေ့ဖူးဘူး၊ သူ ဒီတောင်ကြိုတောင်ကြားက လူတော့ မဖြစ် နိုင်ဘူး"

ဝါမိုက တောထဲတောင်ထဲတွင် မျက်နှာကြမ်းတမ်းသူ နှင်းဒဏ်၊ နေဒဏ် ရာသီဥတုဒဏ် ခံရသူတို့ကိုသာ တွေ့ဖူးသော ကြောင့် ပြောလိုက်၏။

"အေး . . ငါတို့ဖေဖေက ပြောဖူးတယ်၊ ဒါ မြေပြန့်က နေ တောင်ပေါ်တက်လာတဲ့လူတွေ ဖြစ်နိုင်တယ်၊ မြေပြန့်က တောင်ပေါ်ကို ခုမှရောက်လာတဲ့သူဆိုရင် အသားအရေက မ ကြမ်းတမ်းသေးဘူး ချောမွေ့တယ်"





"မျက်နှာကလည်း အချိုးကျပါတယ်၊ မျက်လုံးတွေက ကျန်းကျန်းနဲ့တိုက်တုန်းက တောက်ပပိုင်းစက်နေတာပဲ၊ သခင်မ တော့ ဟီဟိ"

ပြာဝေက စကားတစ်ဝက်တစ်ပျက်တွင် ရပ်ထားလိုက် သည်။

"နင့်စကားက ဘာလဲ"

"တို့တောင် ဒီလောက်သဘောကျရင် သခင်မကတော့ ဒီနှစ်အိမ်ထောင်ပြုရမယ့်နှစ်ဆိုတော့ ပိုပြီးသဘောကျမှာ ပဲ"

"ကဲ . . တို့စကားတွေ ရပ်ကြတော့၊ ချက်ပြုတ်ဆောင် မှာ ကျန်းကျန်းရဲ့သမီး ကျန်းဖြူ ရှိတယ်၊ သူ့အဖေ ရှုံးသွား တော့ သူကြားရင် စိတ်ကောင်းမှာ မဟုတ်ဘူး"

× × × × × ×



www.burmeseclassic.com

www.burmeseclassic.com

ပန်းခြံထဲတွင် ပိုးမီးပုံးများ ပတ်ပတ်လည် ထွန်းညှိထားသောကြောင့် အလင်းရောင်ဖြင့် ပန်းများ၊ စားသောက်စားပွဲများမှာ သာယာလှပလျက် ရှိနေလေသည်။

ချောင်းချောင်း၊ ဦးထွန်းရနှင့် ရာမူးလူမျိုးစုခေါင်းဆောင်တို့၏ ကျောက်စားပွဲကြီး ပတ်ပတ်လည်တွင် အဖြူရောင်နှင့် အဝါရောင် ပိုးမီးပုံးများ ထွန်းညှိထားသောကြောင့် အလင်းရောင်အားပိုများကာ စားပွဲဝိုင်းများကြားတွင် ထင်ရှားလျက် ရှိနေလေသည်။

ညနေပိုင်းက တွေ့လိုက်ရသော တာဝန်ခံကို မြင်ရ၍ ဦးထွန်းရ အားတက်သွားသည်။

"ဒီမှာ . . ဒီမှာ"





ထိုသူက လက်ကာပြသည်။ ပြီးနောက် ပြိုင်ပွဲကြီးကြပ်ရေးမှူး ပိုးပန့်အတူ ရာမူးခေါင်းဆောင်များ၏ ဝိုင်းတွင် ဝင်ထိုင်လိုက်လေသည်။

"သူ့ရဲကောင်းတုန်းချိရဲ့ အခြေအနေကို သိပါရစေ"

ဦးထွန်းရက အသံကို တတ်နိုင်သမျှ နှိမ့်ချကာ ပြောလိုက်သည်။ ပိုးပက

"ကျောက်ဖြူစံအိမ်သခင်မကိုယ်တိုင် သမားတော်ကြီးနဲ့ ဂရုတစိုက် ကုသနေတယ်လို့သိရပါတယ်၊ အသက်အန္တရာယ်ကိုတော့ မစိုးရိမ်ရတော့ပါဘူး၊ ဒါပေမယ့် သူသတိမရသေးတော့ ဘာမှသိပ်ပြောလို့ မရဘူး"

ဟု ပြော၏။

"ကျုပ်တို့ ရာမူးခေါင်းဆောင်တွေထဲက တစ်ယောက်ယောက် သူ့အနားမှာ အဖော်ရှိနေဖို့ ကောင်းတယ်၊ ကျောက်ဖြူစံအိမ်သခင်မကို ပြောရင် မရဘူးလား"

ထိုစကားကို ချောင်းချောင်းက ပြောလိုက်ခြင်း ဖြစ်၏။ ပိုးပက ပြောသည်။

"သခင်မ သိပ်စိတ်ပူနေတယ်၊ ခင်ဗျားတို့ရဲ့ သူရဲကောင်းအတွက် ဂရုစိုက်နေရလို့ ဒီဧည့်ခံပွဲကိုတောင် ရောက်မလာနိုင်သေးဘူး၊ မပူပါနဲ့ ဒီညအတွင်း သတင်းကောင်းကြားရမှာပါ၊ ခင်ဗျားတို့အားလုံး တစ်ညတာ တည်းခိုဖို့ အိပ်ဆောင်တွေ လုပ်ပေးထားပြီးပြီပဲ"

"ဟုတ်ပါတယ် . . ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ချောင်းချောင်းက အလိုက်သင့် ပြောလိုက်သည်။

"ကဲ . . ပျော်ပျော်ပါးပါး စားကြသောက်ကြပါ၊ ဟင်းလျာတွေက အများကြီး၊ ကျောက်ဖြူစံအိမ်ရဲ့ နှစ်ချို့အရက်ကိုလည်း မြည်းစမ်းကြပါဦး"

တာဝန်ခံက အရက်အိုးထဲမှ အရက်များကို လိုက်ဖြည့်ပေးသည်။ ကျောက်ဖြူစံအိမ်တွင် အုပ်ချုပ်မှုကောင်းသောကြောင့် ဧည့်ဝတ္တရားကို ကျေပွန်စွာ ပြုစုကျွေးမွေးနိုင်သည်။

ရိက္ခာစုဆောင်း ရှာဖွေသောအဖွဲ့က အမြဲလို တောင်ဆိတ်၊ တောဝက်၊ ချေ၊ ဒရယ် အစရှိသော သားကောင်များကို နေ့စဉ်လို ဖမ်းဆီးကာ ကျပ်တင်ခြင်း၊ မီးကင်ခြင်း၊ အခြောက်လှမ်းခြင်းကို ပြုလုပ်ထား၏။

အမဲလိုက်ရာတွင် ဝံပုလွေများကလည်း အားကိုးရသည်ဖြစ်ရာ ယနေ့ဧည့်ခံပွဲရှိသည့် နေ့၌ပင် တောဝက်ငါးကောင်၊ တောင်ဆိတ်ငါးကောင်နှင့် ယုန်နှစ်ဆယ်လောက် ရရှိခဲ့ရာ စွပ်ပြုတ်များ၊ အကြော်များ၊ အကင်များဖြင့် စားသောက်ပွဲမှာ စည်ကားနေလေတော့သည်။

ခဏကြာသောအခါတွင် အားလုံးမှာ ပျော်ရွှင်စွာ မူးယစ်လာကြလေတော့သည်။ ဦးထွန်းရတစ်ယောက်သာ ရှေ့ဆက်လက်ဖြစ်ပွားလာမည့် အခြေအနေကို အတိအကျ မသိနိုင်သောကြောင့် သူများတွေ သောက်သလောက် မသောက်နိုင် မစားနိုင် ဖြစ်နေသည်။





ဦးထွန်းရကဲ့သို့ပင် မစားနိုင်၊ မသောက်နိုင် ဖြစ်နေသူတစ်ဦးရှိနေပေသေးသည်။ ထိုသူကား အခြားသူမဟုတ်၊ ရာဟုနှင့် ယှဉ်ပြိုင်ကာ ရှုံးနိမ့်သွားခဲ့သော ကျန်းကျန်းပင် ဖြစ်သည်။ ကျန်းကျန်းသည် သမားတော်ကြီးကို ဒေါသထွက်သော မျက်လုံးများဖြင့် ကြည့်လိုက်၏။

"ပေါင်ရင်းက ပြတ်သွားတဲ့ အကြောတွေက တစ်သက်လုံး မဆက်နိုင်တော့ဘူးလား"

သူ၏ အော်ဟစ်သံကြောင့်

"ခုတော့ ဆေးနဲ့စည်းပြီး ချုပ်ပေးထားပါတယ်၊ ခြောက်လကြာရင်တော့ ဆက်သွားမှာပါ"

"ဘာ . . ခြောက်လ . . ခြောက်လ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

ကျန်းကျန်းက ခုတင်ပေါ်မှ ထရန် ပြင်လိုက်သည်။ သို့သော် ဒဏ်ရာရှိသော သူ့ပေါင်ရင်းမှ သိပ်နာကျင်သောကြောင့်

"အား"

အားခနဲအော်ကာ ပြန်လဲကျသွားလေသည်။ သူ၏တပည့် ပိုးပေါင်နှင့် ဖိဖေးတို့သည် လက်တစ်ဖက်တစ်ချက်ကို ကိုင်ထား၏။

"ကျန်းသခင်ကြီး ဒီအချိန်မှာ စိတ်ကို ငြိမ်အောင်ထားပါ၊ ဒဏ်ရာက သိပ်အရေးကြီးတယ်"

"ဟိုကောင်က ပိုအရေးကြီးတယ်"

ကျန်းကျန်းက ရာဟုကို ရည်ရွယ်ကာ ပြောလိုက်ခြင်း



ဖြစ်သည်။ သမားတော်ကြီးက

"ကဲ . . သိပ်နာနေရင် သူ့ကို ဒီဆေးလုံး တိုက်ပါ၊ သိပ်ပြီးတော့ ကိုက်ခဲနေရင်တော့ စောစောကကြိုထားတဲ့ သံဆိပ်ကျဆေးကို တိုက်ပေးပါ၊ မနက်ဖြန် တစ်ခေါက်လာခဲ့မယ်"

"ကောင်းပါပြီ . . သမားတော်ကြီး"

စွပ်ပြုတ်သွား၍ ယူလာသော ကျန်းကျန်း၏ သမီးက စားပွဲပေါ်သို့ စွပ်ပြုတ်ပန်းကန်ကို တင်လိုက်သည်။ ကျန်းကျန်းမှာ စစ်သူကြီးတစ်ဦး ဖြစ်သောကြောင့် သူ့တွင်လည်း ချက်ပြုတ်ခန်းတစ်ခု ရှိလေသည်။

ကျန်းဖြူ၏ မျက်လုံးအိမ်တွင် မျက်ရည်များ စို့ရွဲနေသည်။ သူမ၏အဖေသည် ရာမူးလူမျိုးစုခေါင်းဆောင်များကို သုံးနှစ်ဆက်တိုက် အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် ယခုနှစ်တွင်လည်း အနိုင်ရရှိလိမ့်မည်ဟု ထင်မှတ်နေခဲ့၏။

မထင်မှတ်ဘဲ အရှုံးကြီး ရှုံးနိမ့်သည်ကို တွေ့ရသောအခါ ဝမ်းနည်းယူကျုံးမရ ဖြစ်သွားလေသည်။

"သမီး အဖေဟာ အသုံးကျတဲ့ လူတစ်ယောက် မဟုတ်တော့ဘူး"

ကျန်းကျန်းက သူ့သမီးကို ယူကျုံးမရသော အသံဖြင့် ပြောလိုက်သည်။ သက်တော်ရှည်လူမျိုးစု ခေါင်းဆောင်ကြီး ပိုးပ၏ညီ ပိုးပေါင်မှာ ကျန်းကျန်း၏ လက်ထောက်တပည့်တစ်ဦး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလည်း ဘယ်ဟုတ်မလဲ ဖေဖေရယ်၊ ခုလို အဖေ အသက်ရှင်အောင် ဆေးကုလို့ရတာကိုပဲ သမီးတို့ ဝမ်းသာတယ်"

"ဟုတ်ပါတယ် သခင်ကြီး"

"ဒါအမြတ်ပါပဲ"

ဖိုဖေးကလည်း ဝင်ပြောလိုက်၏။

"ဘယ်က မြတ်ရမှာလဲ၊ အဲဒါ သေတာထက် ပိုဆိုးတယ်ကွ၊ သူက သနားငဲ့ညာလို့ ငါက အသက်ရှင်ရတာ အသေသတ်တာထက် အရှက်ကွဲတာပေါ့၊ ငါ့မျက်နှာကို ရှင်းလွယ်ကို ဘယ်လိုပြမလဲ"

"သခင်ကြီး မျက်နှာကိုလည်း ရှင်းလွယ်သခင်မက ကြည့်မှာမဟုတ်တော့ဘူး"

"အေး . . ဟုတ်တယ်၊ ခု ဟိုကောင်ကို သူကိုယ်တိုင် ဆေးကုပေးနေတယ် ပြောတယ်၊ ဒဏ်ရာလေး မဖြစ်စလောက်လေးကို"

ကျန်းကျန်းမှာ ပြိုင်ပွဲတွင် ရှုံးနိမ့်ရခြင်းထက် အလွန်လှပချောမွေ့သော ကျောက်ဖြူစုံအိမ်သခင်မ ရှင်းလွယ်နှင့် တဲ့ပင်လူမျိုးစုများအားလုံး၏ ခေါင်းဆောင်ဘဝမှ ပြုတ်ကျရခြင်းအတွက် နာကြည်းနေခြင်းပင် ဖြစ်ပေသည်။

ဖိုဖေးသည် မျက်ခုံးကုပ်ကုပ်နှင့် ခါးကုန်းကုန်း အသွင်ရှိပြီး အလွန်ကောက်ကျစ်စဉ်းလဲသော အကြံညာဏ်မျိုးရှိသူ ဖြစ်လေသည်။

"သခင်ကြီး"





"ဘာလဲ"

"သခင်ကြီး ဒီကောင့်ကို အမြန်ဆုံး သခင်မရှေ့က ပျောက်သွားစေချင်တယ် မဟုတ်လား"

အနားနားသို့ကပ်ကာ ဖိုဖေးက ကျန်းကျန်းကို ခပ်တိုးတိုး မေးသည်။

"မင်းမှာ အကြံညာဏ်ကောင်းရှိလို့လား"

"ရှိတာပေါ့"

သူ၏အကြံကို ဖိုဖေးက ခပ်တိုတိုပင် ပြောပြလိုက်လေသည်။ ကျန်းကျန်းမှာ စစ်သူကြီးတစ်ဦး ဖြစ်သောကြောင့် သူပြောသောအကြံ ဖြစ်နိုင်မဖြစ်နိုင်ကို စဉ်းစားကြည့်၏။

ဖိုဖေးပေးသော အကြံညာဏ်မှာ ကျန်းကျန်းသမီးဖြစ်သူမှာ ကျောက်ဖြူစုံအိမ်သခင်မ အဆောင်တွင် ချက်ပြုတ်သည့်ဘက်မှ တာဝန်ထမ်းဆောင်ရသူဖြစ်၍ ကျန်းကျန်းသမီး ကျန်းဖြူကို အဆိပ်ယူဆောင်သွားစေပြီး အဖော် ထုထိနှင့် ပင်းပိတို့ မသိမီ ရာဟုအား တိုက်မည့်စွပ်ပြုတ် သို့မဟုတ် ဆေးကြိုသည့်အထဲသို့ ထည့်လိုက်ရန် ဖြစ်လေသည်။

ထိုအလုပ်မှာ အလွန်အန္တရာယ်များလေသည်။ အဘယ်ကြောင့်ဆိုသော် သူ၏သမီးဖြစ်သူ ကျန်းဖြူအား စောင့်ကြည့်ရန် တစ်စုံတစ်ယောက်ကို တာဝန်ပေးထားခဲ့ပါက သူ့သမီးရောသူပါ ထောင်ချောက်မိကာ အသတ်ခံရဖို့ကိန်း ရှိနေသည်။

ကျန်းကျန်းသည် မျက်မှောင်ကုတ်ကာ ခေါင်းခါလိုက်လေသည်။

www.burmeseclassic.com



"ဖိဖေး ငါပြောမယ် လာ . . မင်းအကြံထက် ငါ့အကြံကောင်းတယ်"

ကျန်းဖြူကတော့ သူ့အဖေနှင့် တပည့်များ တိုင်ပင်နေသည်ကို ယို့ယို့လေး နောက်ဆုတ်ကာ ကြည့်နေလေသည်။

"ကျောက်ဖြူစံအိမ်သခင်မ အဆောင်မှာ နောက်ဖက်ချက်ပြုတ်ဆောင်ကို ဝင်တဲ့တံခါး ရှိတယ်၊ အဲဒီချက်ပြုတ်ဆောင်ထဲကို ရောက်အောင် မင်းနဲ့ပိုးပေါင် လိုက်ဝင်၊ အစားအသောက်တောင်းတွေ၊ အိုးတွေကြားမှာ မင်းတို့ပုန်းနေလို့ ရတယ်၊ မင်းတို့ပုန်းနိုင်အောင် ကျန်းဖြူက စီစဉ်ပေးလိမ့်မယ်"

"ကျန်းဖြူ"

ကျန်းကျန်းက သူ့သမီးကို လှမ်းခေါ်လိုက်သည်။

"ရှင်"

"သူတို့နှစ်ယောက်ကို ခေါ်သွား၊ ချက်ပြုတ်ဆောင်ကို ရအောင် သွင်းထားလိုက်၊ သူတို့အလုပ် သူတို့ ဆက်လုပ်လိမ့်မယ်"

"ဟုက် . . ဟုတ်ကဲ့ ဖေဖေ"

ကျန်းဖြူမှာ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ခေါင်းညိတ်လိုက်ရသည်။ သူမအဖေကို ပေါင်တစ်ဖက် ပြတ်လုအောင် တိုက်ခိုက်အနိုင်ယူသွားသော ရန်သူကို လက်စားချေရာတွင် သူမ၏အသက်ပင် စွန့်ရသည်ဖြစ်စေ ကူညီရပေလိမ့်မည်။



စစ်သူကြီး၏ အခွင့်အာဏာဖြင့် အဆောင်တိုင်းသို့ ဖြတ်သန်းခွင့် ရှိသောကြောင့် ပိုးပေါင်နှင့်ဖိဖေးတို့ကို လမ်းတွင် အစစ်အဆေးမရှိပေ။

ကျန်းဖြူသည် တံခါးအနီးသို့ ရောက်သည်နှင့် ဘေးသို့ ကပ်၍ ပိုးပေါင်နှင့်ဖိဖေးတို့ကို အချက်ပြလိုက်၏။ အတွင်းတွင် လူရှိနေပါက သူတို့ကို မတွေ့မြင်ရန် ဖြစ်ပေသည်။

www.burmeseclassic.com

ရုတ်တရက် ချက်ပြုတ်ဆောင်သို့ ကျန်းဖြူ တံခါးခေါက်လိုက်သည်နှင့် ချက်ပြုတ်ဆောင်ထဲမှ မိန်းကလေးလေးယောက် အံ့အားသင့်သွားသည်။ ပြာဝေက

"ဒီအချိန်ကျမှ သခင်မ ချက်ပြုတ်ဆောင်ကို ဘယ်သူလာတာလဲဟေ့"

ဟု ပြောလိုက်၏။ ပင်းပိမှာ ဖြစ်နိုင်သည့် ကိစ္စကို စဉ်းစားလိုက်သည်။ ယခင်နေ့တိုင်း သူနှင့်ထုထိတို့ အတူရှိသကဲ့သို့ ကျန်းဖြူလည်း ရှိနေသည်။

"ကျန်းဖြူ ဖြစ်လိမ့်မယ် မမ၊ သခင်မကို ကြောက်လို့ ချက်ပြုတ်ဖို့လာတာ ထင်တယ်"

ပင်းပိ၏ အဖြေကြောင့် ဖြတ်ထိုးဉာဏ်ကောင်းသော





ဝါမိုးက မျက်မှောင်ကြုတ်၍ သွားသည်။

"ဖွင့်မပေးနဲ့ ပင်းပိ၊ သူ့အဖေက အခု သခင်မ ဆေးကုပေးနေတဲ့လူကို ရှုံးသွားတာ မကောင်းတဲ့အကြံတစ်ခုခုနဲ့ လာရင် ဒုက္ခရောက်နိုင်တယ်"

"ဒေါက် . . ဒေါက်"

အပြင်မှ ကျောက်တံခါးကို ခပ် ဆတ်ဆတ် ထပ်ထုနေသည်။ ချက်ပြုတ်ဆောင်ထဲတွင် ထိုသို့ဖြစ်နေသကဲ့သို့ပင် ကျောက်ဖြူသခင်မ၏ အဆောင်တော်ရှိ သီးသန့်ခန်းခုတင်ပေါ်တွင်ရှိနေသော ရာဟုမှာ မျက်လုံးများ ပွင့်ဟလာလေသည်။

ထိုအချိန်တွင် အားဆေးတစ်ခွက်ကို တိုက်ပြီးပြီ ဖြစ်၍ ကျောက်ဖြူသခင်မသည် ကျောပေးကာ ပြတင်းပေါက်မှ ညည့်ခံပွဲရှိ တပျော်တပါး စားသောက်နေသူများကို ငေးမောကြည့်ရှုနေသည်။

"တကယ်လို့သာ သူ့ရဲ့ကောင်းတုန်းချိရဲ့ ဒဏ်ရာဟာ ဘာမှမဖြစ်ခဲ့ရင် ငါရောသူပါ ဒီပွဲမှာ အတူတူ နွဲပျော်လို့ ရတာပဲ"

သူမ ထိုသို့တွေးနေစဉ်မှာပင် အခန်းထဲမှ ချောင်းဟန့်သံ ကြားလိုက်ရသည်။

"အဟမ်း"

"အို"

စံအိမ်သခင်မရှင်းလွယ်သည် ချောင်းသံကြောင့် တစ်ကိုယ်လုံး တုန်သွားမိသည်။ သူမသည် မရဲတရဲ အခန်းထဲသို့

www.burmeseclassic.com



လှည့်ကြည့်လိုက်ရာ မျက်လုံးများ ပွင့်ဟကာ သူမကို စူးစိုက်ကြည့်နေသော ရာဟုကို တွေ့မြင်လိုက်ရသည်။

ရာဟုသည် ဒေါသထွက်သွားသည့် မျက်နှာလည်း မဟုတ်၊ ကျေနပ်နှစ်သက်သည့် မျက်နှာလည်း မဟုတ်၊ ပျော်ရွှင်ဝမ်းမြောက်သည့် မျက်နှာလည်း မဟုတ်၊ အေးစက်စက်အကြည့်ဖြင့် စံအိမ်သခင်မရှင်းလွယ်ကို စိုက်ကြည့်နေသည်။

သူမပင်လျှင် သူမအဆောင်ထဲရှိ ဖဲကတ္တီပါလိုက်ကာများ ကာရံလျက် ဖဲမွေ့ ရာနှင့် လှပသော ပန်းအိုးစားပွဲတို့ ရှိသည့် ဤသီးသန့်ခန်းထဲသို့ ရာဟုကို သယ်ဆောင်ခိုင်းခဲ့ခြင်း ဖြစ်သည်။ အခန်းတွင်းသို့ ခြေတစ်လှမ်း လှမ်းဝင်ရခြင်းသည် သူမအဖို့တော့ အလွန်လေးလံသည့် ကျောက်ခဲကြီးကို ခြေထောက်တွင် ချည်နှောင်ကာ မ,နေရသကဲ့သို့ ထင်မှတ်မိသည်။

ရာဟု၏ မျက်လုံးများကို ရင်မဆိုင်ရဲသောကြောင့် မျက်လွှာချထားရသည်။ ဤသို့ဖြင့်ပင် နံတင်ဘေးရှိ ထိုင်ခုံလေးသို့ ကျောက်ဖြူစံအိမ်သခင်မ ဝင်ထိုင်လိုက်မိတော့သည်။

× ×　× ×　× ×

"ကျုပ် ဘယ်ကိုရောက်နေတာလဲ"

ရာဟုက အသံမာမာ မေးလိုက်သည်။

"ရှင် ဆေးကုသဖို့ အဆောင်ကို ရောက်နေတာပါ၊ ဒီနေရာဟာ လုံခြုံစိတ်ချရပါတယ်"





ရာဟုကို မျက်နှာချင်းမဆိုင်ဘဲ ကျောက်ဖြူစံအိမ်သခင်မရှင်းလွယ်က မျက်နှာလွှဲ၍ ပြောသည်။

"ကျုပ် မျက်နှာက မျက်နှာဖုံးကို ခင်ဗျား ချွတ်တာလား"

သူမ ကြောက်ရွံ့နေသည့် မေးခွန်းကို ရာဟုက တိုက်ရိုက်မေးလိုက်၍ ရှင်းလွယ် တွန့်ခနဲ ဖြစ်သွားသည်။

"ဟို"

သူမသည် လက်ကို အခန်းပြင်သို့ ထိုးပြနေသည်။

"မျက်နှာဖုံးချွတ်တာကို ကျုပ်က ဘယ်လိုမှ သဘောထားလို့ မေးတာ မဟုတ်ပါဘူး၊ တစ်ချိန်လုံး ခေါင်းနာနေတာ ခုမှ သက်သာသွားလို့"

"ဩော်. . ကျွန်မရဲ့ ကောင်မလေးတွေ ဖြုတ်လိုက်တာပါ၊ ရှင့်အတွက် စိုးရိမ်စရာများ ရှိသလား"

"မရှိပါဘူး . . ဒီမျက်နှာဖုံးကြီးက ကျုပ် မစွပ်ချင်ဘဲ စွပ်ထားရတာပါ"

"အို . . ဒါရှင်တို့ ရာမှုးလူမျိုးစုတွေရဲ့ အစဉ်အလာပဲ၊ အကြီးအကဲ ဖြစ်သွားရင် မျက်နှာကို သူတစ်ပါးလူမျိုးနဲ့ ကိုယ့်လက်အောက်ငယ်သားတွေ မမြင်အောင် ဖုံးကွယ်ထားရတယ်လေ၊ ပြီးတော့ ဒီမျက်နှာဖုံးဟာ ရှင်တို့လူမျိုးစုရဲ့ အသက်ပဲ၊ ရန်သူက တိုက်လို့ဖြစ်ဖြစ် တောရိုင်းသတ္တဝါနဲ့တွေ့လို့ ဖြစ်ဖြစ် မျက်နှာဖုံး ပျက်စီးသွားခဲ့ရင် လူမျိုးစုအကြီးအကဲ ခေါင်းဆောင်အဖြစ်က နှုတ်ထွက်ရတာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



ချိုသာနူးညံ့သော အသံဖြင့် ကျောက်ဖြူစံအိမ်သခင်မက ရှင်းပြနေသည်။ သူမ၏အသံက အေးမြလျက် ဒေါသမာနကင်းရှင်းနေသည်။ အမှန်တော့ ကျောက်ဖြူစံအိမ်သခင်မ ရှင်းလွယ်ကသာ ရှင်းမပြခဲ့လျှင် ထိုအကြောင်းအရာများကို ရာဟုလုံးဝသိမည် မဟုတ်ပါ။ ယခုမှ ရာမူးလူမျိုးစုများ အဘယ်ကြောင့် မျက်နှာဖုံးစွပ်ကာ ခေါင်းဆောင်လုပ်ကြသည်ကို ရိပ်မိလာသည်။

"ရှင့်မျက်နှာဖုံးက ရှင့်ရဲ့ ခေါင်းအုံးအောက်မှာ ရှိပါတယ်"

မျက်နှာဖုံးစွပ် ပျောက်ဆုံးမှုကို စိုးရိမ်နေမည်စိုးသောကြောင့် ကျောက်ဖြူစံအိမ်သခင်မ ရှင်းလွယ်က ပြောကြားလိုက်သည်။

"အား . . ကျွတ် . . ကျွတ် . . ဒဏ်ရာက ခုမှ နည်းနည်းနာလာတယ်၊ တိုက်ပွဲဖြစ်ခါစမှာတော့ သွေးပူနေတော့ သိပ် မသိသာဘူး"

စံအိမ်သခင်မ ရှင်းလွယ်က မခို့တရို့ ပြုံးလိုက်သည်။

"ကျွန်မ သိပါတယ်၊ ရှင့်ကို သတိပေးမလို့ လာတာပဲ၊

ဒါပေမယ့် ရှင်က ကျွန်မ အကြီးအကဲတွေရဲ့ရှေ့မှာ ဦးညွတ်အရိအသေမပြုတော့ ကျွန်မ သိပ်စကားအများကြီးပြောလို့ မကောင်းဘူး၊ ခု ရှင်ဘယ်လိုနေလဲ"

"အားတွေ ပြည့်လာသလိုပဲ၊ ဒဏ်ရာက နည်းနည်းနာတာလွဲရင် ဘာမှမဖြစ်ပါဘူး"



"ခဏနေဦးနော် . . ကျွန်မ ဆိတ်ရိုးစွပ်ပြုတ်နဲ့ ကြက်သားပေါင်း လုပ်ခိုင်းထားတယ်၊ ရှင် အားရှိအောင် သောက်ထားလိုက်ပါ"

ထိုအခါတွင်မှ သူ့ပေါက်ဆိန်ချက်ဖြင့် ဒဏ်ရာရရှိသွားသော ကျုန်းကျုန်းကို သူသတိရလိုက်မိသည်။

"သခင်မရဲ့ စစ်သူကြီး ကျုန်းကျုန်း ဒဏ်ရာရော သက်သာရဲ့လား"

"ရှင်က ကိုယ့်ရန်သူကိုတောင် အသေမသတ်ဘဲ စိုးရိမ်နေသေးတယ်၊ သူ ဘယ်လောက်ရက်စက်တယ်ဆိုတာ ရှင်တို့ရာမူးလူမျိုးစုတွေ သိပါတယ်၊ ကျွန်မ သူနဲ့ဘာမှ မဆက်သွယ်ရသေးဘူး၊ ဒါပေမယ့် သူ့ကိုလည်း သမားတော်ခေါ်ကုဖို့ ခေါင်းဆောင်တွေက စီစဉ်မှာပါ"

ခုတင်ပေါ်တွင် တင်ပါးလွှဲထိုင်နေရာမှ ထလိုက်ပြီး စံအိမ်သခင်မ ရှင်းလွယ်သည် နံရံမှ ကြိုးအဖြူလေးကို ဆွဲလိုက်လေသည်။ ထိုကြိုးဖြူလေးမှာ ချက်ပြုတ်ဆောင်ရှိ မျက်နှာကြက်ခေါင်းလောင်းကို လှုပ်ခါ၍ အသံမြည်စေခြင်း ဖြစ်သည်။

"ဒေါင် . . ဒင်"

"ဒေါင် . . ဒင်"

"ဟော . . သခင်မ ခေါ်နေပြီ"

ခေါင်းလောင်းသံ ကြားသည်နှင့် ပြာစေနှင့် ဝါမိုးတို့က သီးသန့်အခန်းလေးထဲသို့ ပြေးဝင်လာခဲ့လေသည်။

× ×   × ×   × ×

www.burmeseclassic.com

www.burmeseclassic.com



"အမိန့်ရှိပါ သခင်မ"

"ညြှသည် သတိရလာပြီ၊ စွပ် ပြုတ်၊ ကြက်ပေါင်းနဲ့ စားစရာတွေ ယူခဲ့တော့"

စံအိမ်သခင်မ ရှင်းလွယ်က တည်ကြည်သော အသံဖြင့် ပြောဆိုလိုက်သည်။

"သခင်မ ကျုပ်အတွက် အလုပ်တွေ များနေပြီ၊ ကျုပ် ဒီလောက် အားမယုတ်ပ၊ ၊ုး"

"အို . . အားမယုတ်ရင် ရှင်ဘယ်သတိမေ့ပါ့မလဲ၊ သမားတော်ကြီးက ပြောတယ်၊ ရှင့်ကိုယ်ထဲက သွေးတွေ နောက်ထပ် ၁၅-မိနစ်လောက် ဆက်ထွက်နေမယ်ဆိုရင် နှလုံးသွေးတွေ ရှိတော့မှာ မဟုတ်ဘူး၊ အသက်ရှူလည်း ရပ်သွားလိမ့်မယ်တဲ့"

ရာဟုက လက်ထောက်ကာ ထ၍ ကျောတွင် ဖဲခေါင်းအုံးခုကာ ထိုင်လိုက်လေသည်။

ကျန်းဖြူမှာ သူ့အဖေ စီစဉ်လွှတ်လိုက်သည့် ပိုးပေါင်နှင့် ဖိဖေးတို့ တံခါးပြင်ဘက်တွင် ရှိသည်ကို သိနေ၏။ တံခါးကို အတွင်းမှ မင်းတုပ် ချထားသည်။ ပိုးပနှင့် ထုထိတို့က ချက်ပြုတ်ဆောင်ထဲတွင် ရှိနေ၍ ထိုသူနှစ်ယောက်ကို အထဲသို့ သွင်းရန် အခက်အခဲ တွေ့နေသည်။

မီးဖိုလေးဖိုတွင် စွပ် ပြုတ်များ၊ ဆေးရည်များ၊ ကြက်ပေါင်း၊ ဘဲပေါင်း၊ ငါးပြုတ်ရည်များမှ အငွေ့တထောင်းထောင်း ထွက်လျက် ရှိသည်။

ပန်းလက်ဆောင်စာပေ



"သူရဲကောင်း တုန်းချိ သတိရလာပြီဟေ့၊ စွပ်ပြုတ်တွေ၊ ငါးပြုတ်တွေ၊ ကြက်ပေါင်းတွေ၊ ဆေးရည်တွေထည့်တော့"

ပေါ့ပါးစွာပင် ကျန်းဖြူသည် သူလုပ်နေကျ ဝတ္တရားအတိုင်း ပန်းကန်များထဲသို့ ခပ်ထည့်ပေးနေသည်။

"မမတို့ သွားပို့ကြပါ၊ ကျွန်မတော့ မလိုက်တော့ဘူး၊ ဒီအခန်းထဲမှာပဲ စောင့်နေပါရစေနော်"

ကျန်းဖြူက အားငယ်သံလေးဖြင့် ပြောလိုက်၏။ ကျန်းဖြူ၏ဘဝကို သခင်မရှင်းလွယ် အနီးတွင်နေသော ပြာဝေနှင့် ဝါမိုးတို့က စာနာနားလည်ကြသည်။

"ကဲ . . ကျန်းဖြူက မီးကို စောင့်ကြည့်ပါစေ၊ သူ့အဖေအတွက် သူ စိတ်မကောင်း ဖြစ်နေတဲ့ အချိန်မှာ တုန်းချိကို ဘယ်မျက်နှာချင်းဆိုင်ချင်ပါ့မလဲ"

"ဆေးရည်ပန်းကန်နဲ့ ငါးပြုတ်ပန်းကန်ကို ယူပြီး လိုက်ခဲ့"

"အရက်အိုးနဲ့ ခွက်ကျတော့ရော"

ထုထိက သတိရ၍ မေးသည်။

"သခင်မမှာတဲ့ အထဲမှာ အဲဒါမပါသေးဘူး ထုထိ၊ လိုရင် တို့နောက်တစ်ခေါက် ပြန်လာယူကြတာပေါ့"

နောက်ဆုံး ပြာဝေ၏ အမိန့်စကားကို နားထောင်ကာ သူတို့လေးဦးသည် ပူလောင်သော ပန်းကန်လေးလုံးကို ကိုင်ကာ အခန်းထဲသို့ တန်းစီလာခဲ့ကြလေသည်။

ပန်းလက်ဆောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အော် . . လူစုံတက်စုံပါလား၊ စားဖို့ဆောင်မှာ ဘယ်သူကျန်သေးလဲ"

"ကျန်းဖြူ ရောက်နေတယ် သခင်မ"

ခုတင်ဘေးရှိ ကျယ်ပြန့်သော အနက်ရောင်စားပွဲလေးပေါ်တွင် ပန်းကန်လုံးများကို တင်လိုက်ကြသည်။ ပန်းကန်လုံးတိုင်းတွင် ဇွန်းတစ်ချောင်းစီ ပါလေသည်။

"ကဲ . . တုန်းချီ၊ ရှင် ခုလောက် မြန်မြန်သက်သာလာတာ ကျွန်မ ဝမ်းသာပါတယ်၊ သမားတော်ကြီးရဲ့ အားဆေးကလည်း စွမ်းတယ်၊ ဒီတော့ ဒီငါးပြုတ်နဲ့ စွပ် ပြုတ်တွေ သောက်ပြီးရင် ဒီပန်းကန်လေးထဲက အနာကျက်ဆေးရည်ကို သောက်လိုက်ပါ၊ ကျွန်မတို့ တိုက်ပေးဖို့လိုလား"

"ဟာ . . မလိုပါဘူး၊ ကျွန်တော့်ခြေတွေလက်တွေ လှုပ်ရှားလို့ ရပါတယ်"

ဝမ်းဗိုက်က ဆာလောင်နေ၍ ခုတင်ပေါ်မှ ခြေတွဲလောင်းချထိုင်ကာ အောက်တွင် ပန်းကန်ပြားခံထားသော ကြက်ပေါင်းကို စတင်ကာ စားလိုက်သည်။

ထိုအချိန်မှာပင် အခွင့်ကောင်းကို စောင့်နေသော ကျန်းကျန်း၏သမီး ကျန်းဖြူကလည်း စားသောက်ဆောင်နောက်ဘက်တံခါးကို ဖွင့်ကာ အသင့်မျက်နှာကို အဝတ်စုတ်စည်းကာ စောင့်နေသော ပိုးပေါင်နှင့် ဖိဖေးတို့ကို အတွင်းသို့ သွင်းလိုက်သည်။





အတွင်းတွင် အိုးကြီးများ၊ အသားခြောက်ထည့်သောခြင်းကြီးများ အခန်းထဲတွင် အဆင်သင့်ရှိနေရာ ပိုးပေါင်တို့သည် ထိုအထဲသို့ ပြေးဝင်ရင်း ဖိဖေးက

"အခြေအနေ ဘယ်လိုလဲ"

ဟု မေးလိုက်သည်။

"ပြောလို့ မရဘူး၊ သူတို့ ပြန်လာလိမ့်မယ်၊ ရှင်တို့ရန်သူက သီးသန့်ခန်းထဲမှာ ရှိတယ် ပြောတယ်၊ အခြေအနေကြည့်လုပ်ကြပေါ့"

"စိတ်ချပါ ကျန်းဖြူ၊ တစ်ဇွန်းတစ်ရပေါ်တာနဲ့ ကျုပ်တို့လူစုတစ်စုလုံး ကျောက်ဖြူစံအိမ်သခင်မ သေဒဏ်ပေးတာခံရမယ်ဆိုတာ နားလည်ပါတယ်"

"ကဲ . . ဒါဆိုလည်း လုံခြုံတဲ့ နေရာမှာ စောင့်နေကြ၊ အထဲရောက်ပြီပဲ၊ သခင်မက ဒီတုန်းချီအခန်းမှာ တစ်ညလုံး ဘယ်နေပါ့မလဲ၊ သူသွားလို့ တစ်ယောက်တည်းကျန်ရင် ရှင်တို့ ဝင်လုပ်ကြရုံပဲ"

"စိတ်ချပါ . . ကျုပ်တို့ ပြန်ပြေးလာရင်လည်း ဒီတံခါးကို ဖွင့်ထားပေးပါ"

"ကျွန်မ ဒီအခန်းထဲမှာ ဆက်နေခွင့်ရရင်တော့ တာဝန်ယူမှာပါ၊ ကျွန်မကို ဒီအခန်းထဲမှာ သခင်မက မထားဘူးဆိုရင်တော့ ရှင်တို့ဟာ ရှင်တို့ ထွက်ပေါက်ရှာကြ၊ ဒီကထွက်ရင် အထင်လွဲစရာ ကျွန်မပဲ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . အဲဒီပြဿနာရှိတယ်၊ တစ်ခုပဲ ရှိတယ်၊ ဖွင့်ထားတဲ့ ပြတင်းပေါက်ကနေ အောက်ဘက်ကို ခုန်ချပြေးတာ အကောင်းဆုံးပဲ"

"ကြည့်လုပ်ပေါ့ . . ဟော . . ဝါမိုးတို့ ပြန်လာနေကြပြီ"

ပင်းပိနှင့် ထုထိတို့က ရှေ့မှ ဝင်လာသည်။ ပြာဝေနှင့် ဝါမိုးတို့က နောက်မှလိုက်လာ၏။ ပင်းပိမှာ တုန်းချိ၏ ယောက်ျားပီသပုံကို သဘောကျလျက်

"ကျွန်မသာ ဒီတုန်းချိဆိုတဲ့လူနဲ့ အတူနေရမယ်ဆို ကျွန်ခံရ၊ ကျွန်ခံရ ငြင်းမှာ မဟုတ်ဘူး"

ဟု မအောင့်နိုင် မအီးနိုင်ဘဲ ပြောသံပေါ်လာသည်။

"ပင်းပိ ပါးစပ်ပိတ်ထားစမ်း၊ နင်က ကျုန်းဖြူကို အားနာရကောင်းမှန်း မသိတော့ဘူး၊ ကဲ . . အဝတ်အစားလဲထား သခင်မက တော်ကြာ အောက်က ညှော်ခံပွဲကို သွားဖို့ခေါ်မယ်လို့ ပြောပြီးပြီ မဟုတ်လား"

စားသောက်ချက်ပြုတ်သည့် အဆောင်အပေါ်ထပ်သို့ ဘေးလှေကားသေးသေးလေးမှ တက်ရလေသည်။ အပေါ်ထပ်တွင် မိန်းကလေး အဝတ်အစားများနှင့် မှန်တစ်ချပ်၊ အလှပြင်စရာများ ရှိသည်။

"ကျုန်းဖြူ"

"ရှင်"

ပြာဝေက ခေါ်လိုက်ခြင်း ဖြစ်၏။



"သခင်မက ကျုန်းဖြူကို ရာမူးလူမျိုးစုတွေရဲ့ ညှော်ခံပွဲ လိုက်မလား၊ အဖေ့ကို ပြုစုဖို့ အဆောင်ကို ပြန်ချင်လားလို့ မေးနေတယ်"

ကျုန်းဖြူက စဉ်းစားသည်။ သူ သူ့အဖေထံ ပြန်သည်ဆိုလျှင် ကျောက်ဖြူစံအိမ်သခင်မ ငြိုငြင်မှာ စိုးရလေသည်။

"ကျွန်မ လိုက်ခဲ့ပါ့မယ်၊ ဒီမှာ တစ်ယောက်တည်း နေခဲ့လို့လည်း မသင့်တော်ဘူး၊ ပြန်တော့လည်း သခင်မက သူ့အဖေကြောင့် စိတ်ကွက်တယ် ထင်မှာစိုးရတယ်"

"ဟုတ်တယ် . . ကျုန်းဖြူ ဒီအချိန်မှာ သိပ်ပြီးတော့ သခင်မကို သဘောထားဆက်ဆံဖို့ လိုတယ်၊ လာ . . သခင်မခေါ်ရင် အဆင်သင့်ဖြစ်အောင် အဝတ်လဲထားကြရအောင်"

× × ×

ပင်းပိနှင့်ကျုန်းဖြူတို့ အပေါ်ထပ်သို့ တက်သွားကြသည်။ မိန်းကလေးငါးယောက်လုံးသည် အခြံအရံလုပ်၍ သခင်မနှင့်လိုက်ရမည် ဖြစ်၍ လှလှပပ လိမ်းခြယ်နေကြသည်။

ရာဟုသည်လည်း စွပ်ပြုတ်နှင့် ဆေးများကို စားသောက်၍ ပြီးသွားသည်။ သူတစ်ကိုယ်လုံးတွင် ချွေးများပြန်လာသည်။

"ကဲ . . ရှင်လည်း သက်သာသွားပြီ၊ ဒီညတော့ အောက်မဆင်းပါနဲ့တော့ရှင်၊ ရှင့်ဒဏ်ရာက သိပ်လှုပ်ရှားရင် ကောင်းမှာ မဟုတ်ဘူး၊ ကျွန်မ မိန်းကလေးတွေ အကုန်ခေါ်သွားမယ်၊

www.burmeseclassic.com

www.burmeseclassic.com



ရှင်တို့ ရာမူးလူမျိုးတွေကို ကျွန်မ ဒီညဂုဏ်ပြုစကားပြောဖို့ ရှိသေးတယ်လေ"

"ကျုပ် လိုက်လို့ မဖြစ်ဘူးလား"

"ကျွန်မတော့ မလိုက်စေချင်ဘူး"

"သခင်မက ကျုပ်ကို အမိန့်ပေးနေတာလား"

"အို . . ရှင် ဒီလိုမထင်ပါနဲ့၊ ကျွန်မကိုလည်း ရှင်က သခင်မလို့ မခေါ်ပါနဲ့ ရှင်က ကျွန်မလူမျိုးစုလက်အောက်ခံမှ မဟုတ်ဘဲ၊ ကျွန်မတို့ဆီက စစ်သူကြီးကို အနိုင်ရထားတဲ့ သူရဲကောင်းပဲ၊ ကျွန်မကို ရှင်းရှင်းလို့ပဲ ခေါ်ပါ၊ ရှင့်အတွက် ဝတ်စုံနဲ့ ချွေးသုတ်ဖို့ အဝတ်တွေ လိုတယ်။ ကျွန်မ အဆောင်အပြင်က အစောင့်တွေကို စီစဉ်ပြီး မှာခဲ့မယ်၊ ရှင်ရော ကျွန်မကို ရှင့်ရဲ့လူတွေဆီ ဘာမှာချင်သေးလဲ"

ရာဟုက အပြေးအလွှား စဉ်းစားသည်။ ထိုအခါတွင်မှ သူ၏အထိန်းတော်ကြီးဦးထွန်းရကို တွေ့ချင်သည်။

"ကျုပ် . . ကျုပ်ရဲ့လူယုံတစ်ယောက်လောက် ဒီအခန်းထဲကို ခေါ်ထားရင် ရမလား"

"ရှင်"

ကျောက်ဖြူစံအိမ်သခင်မက မျက်လုံးများ ဝိုင်းသွားလေသည်။

"ကျုပ်ရဲ့အရင်းနှီးဆုံး အနီးကပ်ပြုစုမယ့်သူ တစ်ယောက်ပေါ့ဗျာ"

ကျောက်ဖြူစံအိမ်သခင်မက သက်ပြင်းချလိုက်လေ





သည်။

"ဒါ . . ကျွန်မရဲ့ အဆောင်ရှင့်၊ ယောကျ်ားလေးအဆောင် မဟုတ်ဘူး၊ ရှင့်ကို ဒဏ်ရာပြင်းထန်လို့ လုံခြုံတဲ့ နေရာမှာ ဆေးကုဖို့ထားတာ၊ ဘယ်ယောကျ်ားမှ ကျွန်မအဆောင်ကို ဝင်ခွင့် မပေးနိုင်ဘူး၊ ကျွန်မက ဟိုဘက်ကအခန်းမှာ အိပ်စက်တာ ရှင့်ကိုသာယုံလို့"

ထိုစကားအဆုံးတွင် စံအိမ်သခင်မ ရှင်းလွယ်၏အသံက တိုးဝင်သွားသည်။

"ဗျာ . . ကျုပ်ကိုတော့ ယုံတယ်၊ တ ခြားယောကျ်ားတွေတော့ မယုံဘူးပေါ့၊ ဒီလိုလား"

"အို . . ရှင့်စကားက . . "

ရှင်းလွယ်က ရှက်ရွံ့ကာ ခေါင်းငုံ့လိုက်သည်။

"ခင်ဗျားပြောတာ ဒီအဓိပ္ပာယ်ပဲ၊ ကျုပ်က ခင်ဗျားတို့နဲ့ ယှဉ်ပြိုင်တဲ့ ရာမူးလူမျိုးစုခေါင်းဆောင်ဆိုတာ ခင်ဗျား သိပြီးသားပဲ ရှင်းရှင်း၊ ကျုပ်ကရော ဒီအဆောင်ထဲမှာနေပြီး ခင်ဗျားကို လုပ်ကြံမှု မပြုဘူးလို့ ခင်ဗျား အာမခံနိုင်လား"

စံအိမ်သခင်မရှင်းလွယ်က ခေါင်းညိတ်လိုက်သည်။

"အာမခံတယ် . . ကျွန်မက လူတွေရဲ့ မျက်လုံးကို ကြည့်တာနဲ့ သူတို့ရဲ့ အတွင်းစိတ်ကို သိနိုင်အောင် ကျင့်ထားတဲ့ သမထအကျင့် ရှိတယ်၊ ရှင့်မှာ ဒီလိုကောက်ကျစ်တဲ့ စိတ်မျိုးမရှိဘူးဆိုတာ ရှင့်မျက်လုံးတွေက ဖော်ပြနေတယ်"

ဒီတစ်ခါတော့ ရာဟု မည်သို့ပြန်ပြောရမှန်း မပေး



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ကူညီနိုင်တာ တစ်ခုရှိတယ်၊ ရှင့်လူကို ဟောဒီအဆောင် အပြင်ဘက်ယောက်ျားအစောင့်ဆောင်မှာ ထားလို့ရတယ်၊ သူ့နာမည် ဘယ်သူလဲ"

"ချန်ကောင်း"

× ×   × ×   × ×

"ခေါင် . . ဒင်"

ခေါင်းလောင်းသံ ကြားသည်နှင့် ပြာဝေခေါင်းဆောင်သော မိန်းမပျိုငါးဦးသည် အစိမ်းနုရောင် သားရေအင်္ကျီရှည်နှင့် လှလှပပ ဝတ်ဆင်ကာ ရောက်လာကြသည်။ အခန်းတံခါးဝတွင် ရပ်နေရာ စံအိမ်သခင်မ ရှင်းလွယ်ကို ကျော်ကာ ခုတင်ပေါ်တွင် ထိုင်နေသည့် ရာဟုရှိရာသို့ စူးရဲသော မျက်လုံးများဖြင့် ကြည့်နေကြသည်။

မျက်ခုံးထူထူ၊ မျက်လုံးတောက်တောက်၊ နှာတံပေါ်ပေါ်နှင့် ယောက်ျားပီသသည့် ရာဟုကို ပင်းပိသည့် အထူးသဖြင့် ထူးခြားမဆောင်နိုင်ဘဲ ကြည့်သည်။

စံအိမ်သခင်မက မျက်စောင်းထိုးလိုက်မှ ပင်းပိမှာ ထိတ်လန့်ကာ ရုတ်တရက် မျက်လွှာချလိုက်သည်။

"ခဏကြာရင် ရှင့်ဆီကို အဝတ်အစားလာပို့တဲ့သူ လာလိမ့်မယ်၊ ဪ . . ရှင့်လူတွေရဲ့ ပျော်ရွှင်မှုကို တွေ့ချင်တယ်ဆိုရင် ဟောဒီပြတင်းပေါက်က ထွက်ပြီး ပန်းအိုးတွေကြားက ကြည့်လို့ရတယ်"





"ဟုတ်လား"

"ဟုတ်တယ် . . တုန်းချီ"

"ဒါပေမယ့် လမ်းသိပ်မလျှောက်ပါနဲ့၊ ဒဏ်ရာက လှုပ်ရှားမှုနည်းမှ မြန်မြန်ကျက်မှာ၊ ရှင်ပြောတဲ့ ချန်ကောင်းကို ကျွန်မအပြင်က ဂိတ်စောင့် ပေါက်ကြီးတို့အခန်းမှာ နေခွင့်ပြုမယ်။ ကိစ္စရှိရင် အတွင်းကို မခေါ်နဲ့ ရှင်ထွက်ပြီးတော့ စကားပြောပေါ့"

"ဒီလောက် အဆင်ပြေရင် တော်ပါပြီ ရှင်းရှင်းရယ်"

မိန်းကလေးငါးယောက်က သူတို့စံအိမ်သခင်မကို ရှင်းရှင်းဟု ခေါ်လိုက်သောကြောင့် ပြုံးမိကြသည်။ အရိပ်အကဲ သိနေသော သခင်မကြောင့်သာ သူတို့မျက်နှာထားများကို အမြန်ပြင်လိုက်ရသည်။

ထိုအထဲတွင် အလွန်မုန်းတီးသော မျက်နှာဖြင့် ကြည့်ရှုသော မိန်းကလေးတစ်ဦးကို ရာဟု သတိထားမိသွားသည်။ ကျန်းကျန်း၏သမီး ကျန်းဖြူပင် ဖြစ်လေသည်။

"သူ ဘာလို့ ငါ့ကို ရန်ငြိုးရှိတဲ့ မျက်နှာနဲ့ ကြည့်ပါလိမ့်၊ အင်း . . သူတို့လူမျိုးစုစိတ်ဓာတ် ပြင်းထန်လို့ ထင်ပါရဲ့"

တွေးနေသော ရာဟု၏ မျက်လုံးများကို တွေ့၍ မိန်းကလေးများဘက်သို့ လှည့်ကြည့်လိုက်ရာ ကျန်းဖြူမှာ ခေါင်းငုံ့သွားသည်ကို တွေ့လိုက်ရလေသည်။

"ကဲ . . ကျွန်မတို့ သွားတော့မယ်၊ ဆေးက မနက်လင်းမှ အနာကိုလိမ်းပြီး၊ သောက်ဆေးသောက်ရမယ်၊ ရှင့် အနားယူပေတော့"



www.burmeseclassic.com

www.burmeseclassic.com



စံအိမ်သခင်မ ရှင်းလွယ်က စကားဆုံးသည်နှင့် လှည့်ထွက်သွားလေတော့သည်။ အဖြူရောင်ဝက်ဝံရေ သို့မဟုတ် သိုးသားရေကို အစိမ်းရောင်ဆေးဆိုး၍ ဝတ်ဆင်ထားသော ဝါမိုးတို့သည် သူတို့သခင်မ၏ နောက်မှ တ ကောက်ကောက် ပါသွားလေတော့သည်။

ကျောက်ဖြူစံအိမ်သခင်မမှာ အလွန်စေ့စပ်သေချာသူဖြစ်လေသည်။ သူမသည် ခန်းမနှစ်ခုကို ဖြတ်ကာ သူမအဆောင်ပြင်ပမှ စောင့်သည့် အမျိုးသားလုံခြုံရေးခန်းမသို့ ရောက်သောအခါ သူမအားရပ်ကာ ဦးညွှတ်ဂါရဝပြုနေသော ပင်စိမ်းနှင့် ပေါက်ကြီးတို့နှစ်ဦးကို

"မင်းတို့အခန်းက လူနာကို မြင်ရအောင် ဒီတံခါးတွေဖွင့်ပြီးတော့ မကြာခဏ လမ်းလျှောက်ပေးပါ၊ အတွင်းမှာ ဘယ်မိန်းကလေးမှ မရှိဘူး၊ နားလည်လား"

ဟု ပြောလိုက်၏။

"ဟုတ်ကဲ့ပါ သခင်မ၊ သူ့ရဲကောင်းတုန်းချိ သက်သာလား"

"သက်သာတယ် . . ခုတော့ သတိရနေတယ်၊ ဒါပေမယ့် အနာနဲ့သံဆိပ်က ပြောလို့ရတာ မဟုတ်ဘူး၊ လောလောဆယ် ပေါက်ကြီး ဝတ်စုံတစ်စုံနဲ့ ချွေးသုတ်စရာကို ယူသွားပြီးတော့ ယောကျ်ားချင်း အကူအညီ ပေးလိုက်ပါ"

"စိတ်ချပါ သခင်မ"





ပေါက်ကြီးမှာ ရိုးသားသည်။ လူတစ်ဖက်သားအပေါ် စေတနာ ရှိသည်။ ပျော်ပျော်ပါးပါး နေတတ်၍ နောက်တတ်ပြောင်တတ်သည်မှအပ သူတစ်ပါးအပေါ်တွင် မကောင်းကြံလိုသောစိတ်မျိုး ပေါက်ကြီးတွင် မရှိပေ။

ထို့ကြောင့်လည်း ပေါက်ကြီးမှာသောခေါင်းတုံးနှင့်ပုပုဝဝ မျက်နှာချိုချိုလူရွှယ်ကို သူမ အခန်းများ၏ အပြင်မှ လုံခြုံရေးအဖြစ် အများထက် အခွင့်အရေးပေးကာ ခန့်ထားခြင်း ဖြစ်လေသည်။

× ×    × ×    × ×



www.burmeseclassic.com

www.burmeseclassic.com



အသံများက တိတ်ဆိတ်သွားသည်။ မီးများကိုလည်း ပြာထဲတွင် ထိုးကာ ငြိမ်သတ်သွားကြပြီ ဖြစ်သည်။ ချက်ပြုတ်ဆောင်ရှိ အသီးအနှံတောင်းကြီးများကြားတွင် ပုန်းနေသော ပိုးပေါင်နှင့်ဖိဖေးတို့မှာ လူတို့အိပ်ချိန်ကို ကြည့်၍ ထွက်လာသော ကြွက်သူခိုးများကဲ့သို့ အပြင်ထွက်လာကြသည်။

"စံအိမ်သခင်မက ရာမူးလူမျိုးစုတွေရဲ့ ညှိခံပွဲကို သွားပြီလို့ သိရတယ်"

ပိုးပေါင်က အသံခပ်အုပ်အုပ် ပြောလိုက်သည်။

"ဒါဆို ဟိုကောင့်ကို ထားတဲ့အခန်းထဲမှာ လူမရှိတော့ဘူးပေါ့"

"ဟုတ်တယ် . . ဒီအချိန်ကို ဝင်ပြီး လုပ်ကြံရင် အတော်ပဲ၊ ဒါပေမယ့် ဒီလူသွားစကြံရဲ့ထိပ်မှာ သခင်မရဲ့ ယောကျ်ား လုံခြုံရေးအစောင့်တွေ ရှိတယ်၊ သူတို့ကို လွှဲထားခဲ့ ဘယ်နှယ့်လုပ်မလဲ"

ဖိဖေးက အရာရာကို စဉ်းစားရာတွင် အစီအစဉ် ကျသည်။ အကွက်ကျနသည်။ အတွက်အချက် ကောင်းသည်။

"နေဦး . . ငါ ဒီနေရာကနေ ချောင်းကြည့်လိုက်ဦးမယ်"

သူတို့၏ ပွင့်ဟနေသော စဖိုဆောင်အခန်းတံခါးမှာ စင်္ကြံလမ်းတစ်လျှောက်ရှိ အခန်းများနှင့် ထိပ်ဆုံးအထိ မြင်နေရသည်။ ထိုစဉ်မှာပင် ပေါက်ကြီးသည် အထုပ်တစ်ထုပ်ကို ပိုက်ကာ လျှောက်လာသည်ကို တွေ့လိုက်သည်။





ပေါက်ကြီးက လှည့်ကြည့်သည်။ စဖိုဆောင်မှ တံခါးဟကာ ပွင့်နေသည်ကို သူသတိထားမိသည်။ ကိစ္စမရှိ၊ မည်သူမျှ မရှိ၍ ဖွင့်ထားပေးခဲ့ခြင်းသာ ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် သူသည် ဘုရင်မက အထူးညှိသည်များကို ထားတတ်သည့် သီးသန့်ဆောင်သို့ ကွေ့ဝင်လိုက်သည်။

ထိုအခါ ခုတင်ပေါ်မှ ဆင်းကာ ပြတင်းပေါက်မှ ကျောပေး၍ ပန်းအိုးများကြားမှ ရာမူးလူမျိုးများနှင့် တဲ့ပင်လူမျိုးများ အော်ဟစ်ပျော်ပါးနေသည်ကို တွေ့ရှိရသည်။

စံအိမ်ရှင်သခင်မက စကားတစ်ခွန်း ပြောလိုက်သည်တွင် ရာမူးလူမျိုးများနှင့် အတူထိုင်နေသော တဲ့ပင်လူမျိုးစုတို့က လက်များ ဝှေ့ယမ်းပြသည်။ ပန်းရနံ့များက အပြင်မှလေပြည်နှင့်အတူ ရာဟု၏ နှာခေါင်းကို တိုးခတ်သွားသည်။

သို့သော် တံခါးဝမှ ပိုးမီးပုံးအဖြူတွင် ရိပ်ခနဲ မြင်လိုက်ရ၍ လှည့်ကြည့်လိုက်ရာ သူ့အား ပြုံးကြည့်နေသော ပုပုဝဝ ခေါင်းတုံးနှင့်လူကို တွေ့လိုက်ရလေသည်။

"အဝတ်အစားလဲဖို့နဲ့ ချွေးတွေ သုတ်ဖို့ လာပေးတာပါ သခင်လေး"

"ဩော် . . လာပါ ဝင်ပါ၊ ကျုပ်ကို သခင်လေးလို့ မခေါ်ပါနဲ့၊ ကျုပ်နာမည်ကို တုန်းချိလို့ပဲ ခေါ်ပါ"

"မဝံ့ပါဘူး . . သခင်လေး၊ သခင်မက ကြားရင် အသက်ဘေးနဲ့ နီးပါတယ်"

"ကဲ . . လာပါကွာ ဝင်ထိုင်ပါ၊ ငါလည်း ခုမှ သတိရပြီး လန်းလန်းဆန်းဆန်း ဖြစ်လာတော့ ငါ့ကို နည်းနည်းကူ



www.burmeseclassic.com

www.burmeseclassic.com



ညီပါ''

သူ ဝတ်ထားသည့် သားရေကိုယ်တစ်ခြမ်း အင်္ကျီကို ချွတ်ရန် ဒဏ်ရာရထားသည့် လက်ပြင်ဘက်ခြမ်းမှ လက်မှာ မြှောက်၍ မရပေ။

''ဒီအင်္ကျီကိုမပြီး အပေါ်ဆွဲပေးပါ'' ''ဟုတ်ကဲ့''

''အား . . ဖြည်းဖြည်း ဒီဘက်က ဒဏ်ရာက ဆေးထည့်ထားတော့ သွေးစေးနဲ့ ကပ်နေတယ်၊ လက်ကလည်း မြှောက်လို့ မရဘူး၊ အိုး . . အိုး''

''သခင်လေး နည်းနည်းတော့ လက်ကိုမ,မှ ရမယ်၊ ဒါမှ တံတောင်ကျွတ်မှာ''

''လုပ်ကွာ . . နာတော့ နာတယ်၊ ဒီလိုလုပ်လို့မှ မဖြစ်ရင် လုပ်ရမှာပေါ့၊ အိုး''

ပေါက်ကြီးမှာ ဒဏ်ရာရရှိသူများကို ပြုစုရာတွင် အတွေ့အကြုံရှိသူ ဖြစ်သည်။ သူသည် နှစ်ခါသုံးခါ မလုပ်ရအောင် ဆတ်ခနဲ ရာဟု၏လက်ကို မကာ တစ်ချက်တည်းဆွဲချွတ်လိုက်ရာ တစ်ဖက်ခြမ်းမှ အင်္ကျီကျွတ်သွားလေတော့သည်။

ပေါက်ကြီး၏ ကိုင်တွယ်မှုကို ပထမ ဒေါသထွက်မိသော်လည်း သူ့ရည်ရွယ်ချက်ကို နားလည်သွားပြီးနောက် ရာဟုက သဘောပေါက်သွားသည်။

ခဏအတွင်းမှာပင် နွေးထွေးသော သိုးမွေးအင်္ကျီကို ဝတ်ဆင်ပေးရာ သားရေကဲ့သို့ မမာဘဲ ပျော့ပျောင်းကာ အဖြူရောင်တောက်ပနေသည်ကို တွေ့ရသည်။

× × × × × ×



ထိုအင်္ကျီမျိုးမှာ တစ်နယ်ရပ်ခြားမှ စံအိမ်သခင်မ၏ မိတ်ဟောင်းဆွေဟောင်းများလာလျှင် ပေး၍ ဝတ်ဆင်သော သိုးမွေးနှင့် ပိုးခြည်ကို ရက်ကာ ပြန်၍ နူးညံ့အောင် ပြုလုပ်ထားသည့် အင်္ကျီဖြစ်သည်။

အပေါ်ယံမှ အဖြူရောင် အမွေးများမှာ သိုးမွေးများ မဟုတ်ဘဲ ပိုးချည်များကို အနေတော်ဖြတ်ထားသောကြောင့် မီးရောင်တွင် တစ်လက်လက် ဖြစ်နေသည်ကို တွေ့ရသည်။

''ဟား . . ဟား . . ဟား . . သခင်လေးနဲ့ ဘယ်လိုလိုက်မှန်း မသိဘူး၊ တောင်သုံးလုံးဒေဝီရဲ့ နောင်တော်မင်းသားနဲ့ သိပ်တူတာပဲ၊ သခင်မတွေ့ရင်လည်း ဒီလိုပဲ ထင်မှာပဲ''

ထိုစကားကြောင့် ရာဟုမှာ အံ့အားသင့်သွားလေသည်။

''မင်းနာမည် ဘယ်လိုခေါ်လဲကွ၊ မင်းက ပျော်တတ်ပုံရတယ်''

''ကျုပ်နာမည်က ပေါက်ကြီးပါ၊ ကျုပ်ရဲ့ အဖော်က ပင်စိမ်းတဲ့၊ ဒီကောင် ဖြူဖျော့ဖျော့ကောင်ပါ၊ အခန်းထဲ ခွေနေဖို့တတ်တဲ့ကောင် စားစရာရှိ ထစားပြီး ပြန်အိပ်တာ၊ အကြောင်းမရှိရင် ဒီကောင်က မထဘူးဗျ၊ ထရင်လည်း ခဏပဲ၊ သူ့ကိုတွေ့ရင် သခင်လေး သဘောကျမှာပဲ''

''ကဲပါ ပေါက်ကြီးရာ၊ ငါနဲ့မင်း စကားအေးအေးဆေးဆေး ပြောရအောင်နော်၊ ငါလည်း အိပ်ရတာ ကြာလို့လား မသိဘူး၊ ခုမျက်လုံးတွေ ကြောင်နေတယ်''

''မဖြစ်ဘူး ထင်တယ် သခင်လေး''

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ မဖြစ်ရမှာလဲကွ"

"ကျုပ်က တံခါးပေါက်ဝက သူခိုးသူဝှက် မဝင်ဖို့ တာဝန်လည်း ရှိသေးတယ်။ သခင်မက ကျုပ်ကို အခန်းထဲဝင်နေရမယ်လို့ မပြောဘူး"

"မင်းတို့သခင်မ မပြောလည်း ငါပြောတယ်ကွ၊ သခင်မ လာရင် မင်းအစား ငါအသေခံမယ်၊ ဘယ်လိုလဲ"

"ဒါဆိုလည်း ဟိုကောင့်ကို သွားနိုးပြီး မှာထားမှရမှာ"

"အရက်အိုးလေး ဘာလေး ရှိလားကွ"

"ဟာ . . ရှိတာပေါ့၊ သခင်လေးရဲ့ စားဖိုခန်းထဲမှာဆို အများကြီး"

"ဒါဆို အဲဒါကို အရင်သွားယူပေးခဲ့ကွာ၊ ငါ ပျင်းတယ်၊ စားစရာ ကြက်ဖျပေါင်လေး၊ ငါးလေးပါ ရှိတယ်၊ သူတို့ချက်သွားတယ် ယူလာခဲ့"

"ကောင်းပါပြီ"

ပထမဆုံး ပေါက်ကြီးလုပ်ရမည့် အလုပ်မှာ အနီးဆုံး စဖိုဆောင်ရှိရာသို့သွားကာ အရက်အိုးလေးနှင့် ရေခွက်တစ်လုံး၊ ဈေးတောင်းတစ်ဘူးနှင့် စားစရာများ သွားယူပေးရမည်ဟူသော သတိဖြင့် စားဖိုဆောင်ဘက် ထွက်လာခဲ့သည်။

သူ အခန်းဖွင့်ကာ စကြံသို့ ဝင်လာစဉ်က စဖိုဆောင် တံခါးပွင့်ဟနေသည်ကို သတိပြုမိသည်။ ပေါက်ကြီးက မျော်တတ်ပေမယ့် မှတ်ဉာဏ်ကောင်းသည်။ သူသည် တံခါးက ပြ



တင်းပေါက်တံခါးမှာ လေများကြောင့် ပိတ်သွားခြင်းဟု ထင်မိသည်။

"ဒီတံခါးက စောစောက ပွင့်နေပါတယ်၊ ခု ဘာလို့ ဒီတံခါးက ပိတ်နေရတာလဲ"

သူ့ပါးစပ်ကလည်း ရေရွတ်လိုက်သည်။ အတွင်းမှ ရာဟုကို ထွက်၍ လုပ်ကြံရန် စောင့်ဆိုင်းနေသော ပိုးပေါင်နှင့် ဖိဖေးတို့မှာ ဇက်ပုသွားသည်။

"လာ . . လာ . . ဟိုကောင် ဒီအထဲလာမှာ၊ ထို့ချောင်ကျကျမှာ ပုန်းနေမှ"

တံခါးမင်းတုပ်းကို အသာမချကာ တိုးဝင်၍ ခြင်းများ ထပ်ထားသည့် ချောင်းကြည့်ထဲသို့ ဝင်ကာ ပုန်းနေကြပြန်သည်။

ပေါက်ကြီးက နားပါးသည်။ မင်းတုပ်းမှာ ကျောက်သားနှင့် ညှပ်နေ၍ 'ချပ်'ဟူသည့် ပွတ်သံကို သူကောင်းကောင်းကြားလိုက်ရသည်။

"အင်း . . ဒါမိန်းကလေးတွေနေတဲ့ နေရာနော်၊ ဘယ်က တစ္ဆေသရဲတွေ ခြောက်ချင်နေလဲ"

"ဝုန်း"

တံခါးကို ခြေသံပြင်းပြင်းဖြင့် ဆောင့်ကန်လိုက်ရာ ဝုန်းခနဲ ကျယ်လောင်စွာ မြည်သွားသည်။ ထိုအသံမှာ ကျယ်လောင်လှသောကြောင့် ခပ်ဝေးဝေးအခန်းထဲမှ ရာဟုက ကြားသွားသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဒဏ်ရာကို ဂရုမစိုက်ဘဲ အခန်းပြင်သို့ လှမ်းထွက်လာသည်။ ညာလက်တွင်လည်း ခုတင်ဘေး၌ ချထားသော သွေးစွန်းသည့် ပေါက်ဆိန်ကြီးကို ကိုင်ဆောင်ထားသည်။

ပေါက်ကြီးမှာ စေ့စေ့ပေါက်ပေါက် ရှာတတ်ဖွေတတ်သူဖြစ်၍ ပိုးပေါင်နှင့်ဖိဖေးမှာ သူတို့မလွတ်မြောက်နိုင်ကြောင်းကို သိသွားသည်။

"ဟေ့ကောင် ပေါက်ကြီး၊ မင်း မသေချင်ရင် ဒီအခန်းထဲက ထွက်သွား၊ ဒီကိစ္စ မင်းနဲ့မဆိုင်ဘူး၊ မင်း မသိချင်ယောင်ဆောင်နေလိုက်ရင် ငါတို့ အသက်ရှင်ခွင့်ပေးမယ်"

ပြောပြောဆိုဆို ဂေါ်ဖီထုပ်တောင်း သုံးဆင့်ပေါ်မှ မျက်နှာကို အဝတ်စုတ်အုပ်ထားပြီး မျက်လုံးသာ ဖော်ထားသော လူတစ်ယောက် ဆင်းလာသည်။

ပေါက်ကြီးသည် သူ့ကျောတွင် အသင့်ထိုးထားသည့် သံရိုးတပ်ပေါက်ဆိန်ရှည်လေးကို ဆွဲထုတ်လိုက်သည်။

"ဟင် . . မင်းတို့ ဒီအခန်းထဲအထိတောင် ဝင်ရဲတယ်ဟုတ်လား၊ မင်းတို့ဇာတိရပ် အမြန်ပေါ်ပြီး မင်းတို့သေဒဏ်ပေးခံရမှာပဲ"

"မင်းကို အရင်သတ်ခဲ့မယ်ကွ"

ပိုးပေါင်က ခုန်ဝင်ကာ ပေါက်ကြီးကို ပေါက်ဆိန်ကွက်ဖြင့် တိုက်လိုက်သည်။

"ထန်"





"ချွမ်"

ပေါက်ကြီးမှာ အားချင်းမယှဉ်သာ၍ အပြင်သို့ လွင့်ထွက်လာခဲ့လေသည်။ ပေါက်ကြီးနောက်သို့ ခုန်လိုက်လာသော ပိုးပေါင်မှာ ရင်ကော့ကာ ရပ်နေသော ရာဟုကို တွေ့သောအခါ ထိတ်လန့်သွားသည်။

"ကျုပ် . . ကျုပ်"

ထပ်၍ မတိုက်ရဲဘဲ မည်သို့ ပြေးရမည်မှန်း မသိဖြစ်ကာ အထစ်ထစ်အငေါ့ငေါ့ ဖြစ်နေသည်။

"သခင်လေး ဒီကောင်တွေဟာ သခင်လေးကို လာလုပ်ကြံတာပါ၊ သူတို့ကို ခွင့်မလွှတ်ပါနဲ့"

ရာဟုက သူ့လက်ထဲမှ ပေါက်ဆိန်ကြီးကို လွှဲမြောက်လိုက်သည်။ သူသည် ဘယ်လက်တစ်ဖက် မလှုပ်နိုင်သော်လည်း ထိုလက်တစ်ဖက်ကို နောက်တွင်ကပ်ကာ ညာလက်ဖြင့် ဇွတ်ယမ်းတိုက်နိုက်လိုက်သည်။

"ထန်"

"ချွမ်"

"အိုး"

ရာဟု၏ ကြီးမားလှသော အားကို မယှဉ်နိုင်သောကြောင့် မရဲတရဲ ခုခံကာ နောက်သို့ လွှန့်၍ ဆုတ်နေစဉ် ရာဟုက ပိုးပေါင်၏ လက်ထဲမှ ပေါက်ဆိန်ကို ညာခြေဖြင့် ခုတ်ထုတ်လိုက်သည်။

"ဝိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဒုတ်"

"အမယ်လေး"

ပိုးပေါင်မှာ လက်နက်မရှိတော့ဘဲ ပန်းအိုးများရှိရာ ဝ ရန်တာသို့ ခုန်ထွက်ကာ ထိုပန်းခြံထဲမှ မြက်ခင်းပေါ်သို့ ခုန်ချသွားလေတော့၏။

"နောက်ထပ် လူရှိသေးလား"

ရာဟုက ဖွင့်ထားသော အခန်းကို ကြည့်ကာ မေးလိုက်သည်။

"မပြောတတ်ဘူး သခင်လေး ရှိချင်လည်း ရှိမှာ"

ပြောပြောဆိုဆို ချက်ပြုတ်ဆောင်ထဲသို့ ဝင်လိုက်ရာ အတွင်းမှ ပုန်းစောင့်နေသော ဖိဖေးက ပေါက်ကြီး၏ နဖူးကို သူ့ပေါက်ဆိန်နှင့် ပေါက်ချလိုက်တော့၏။

"ဗိုး"

"အား"

တော်သေးသည်။ ပေါက်ချက် အမှန်အတိုင်းသာ ထိလျှင် နဖူးသည် ထက်ခြမ်းကွဲကာ တံခါးဝမှာပင် သေပွဲဝင်စရာရှိသည်။ သို့သော် ပေါက်ကြီးက တံခါးဝရောက်မှ ထိုင်ချလိုက်ရာ ပေါက်ဆိန်နှင့် ခုတ်ချသော ဖိဖေးမှာ လေကိုသာ ခုတ်မိပြီး ပေါက်ကြီးကိုယ်ပေါ်သို့ မှောက်လျားထိုးကျလာ၏။

ပေါက်ကြီး၏ ကိုယ်ပေါ်မှ လဲကျနေသော ဖိဖေးသည် မျက်လုံးပေါ်အောင် အဝတ်စုတ်စည်းထားပြီးနောက် သူ့လက်ကို ရာဟု တက်နင်းလိုက်သည်ကို သိသည်နှင့် ပေါက်ဆိန်သွားကို





လွှတ်ချပေးလိုက်၏။ ပေါက်ကြီးက ဖိဖေးကို ထမ်းကာ ကိုင်ပေါက်ပစ်လိုက်လေသည်။

"ဘုန်း"

ထိုအချက်သည်ပင် ပေါက်ကြီး၏ အမှားအယွင်း ဖြစ်လေတော့သည်။

ဖိဖေးသည် သူတစ်ယောက်တည်း အဖမ်းခံရပါက ကျန်းကျန်းကလည်း သေဒဏ်ပေးမည်ဖြစ်ပြီး သခင်ကလည်း ခွင့်လွှတ်မည် မဟုတ်ပါချေ။

ဖိဖေးသည် လဲကျရာမှ ပြတင်းပေါက်သို့ ထွက်ပြေးရာ လျှင်မြန်လှသော ပေါက်ကြီးက သူ့ပေါက်ဆိန်ဖြင့် လှမ်းကာ ပစ်ထည့်လိုက်တော့၏။

"ဒုတ်"

ပေါက်ဆိန်သွားက သုံးလေးပတ်လည်ကာ ဖိဖေး၏ ညာဖက်ပခုံးသားတွင် စိုက်ဝင်သွားသည်။ ပြတင်းပေါက်ပေါ်င်ပေါ်တွင် သွေးစက်များ ကျသွားသည်။ ဝရန်တာပန်းအိုးတွင်လည်း သွေးစက်များ ကျန်ခဲ့၍အောက်ဘက်ပန်းခြံထဲသို့ ခုန်ချကာ ဖိဖေးသည် ပိုးပေါင်၏ နည်းလမ်းအတိုင်း ထွက်ခွာသွားခြင်းပင် ဖြစ်လေတော့သည်။

"တောက် . . ကျုပ်အမှားပဲ"

ပိုးပေါင်က မကျေမနပ်ဖြင့် ပြောလိုက်သည်။

"ကဲ . . ထားပါကွာ၊ အထဲမှာ ရှိမရှိ မင်းမကြည့်နဲ့တော့၊ ငါဝင်ကြည့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . သခင်လေးက ဒဏ်ရာနဲ့ ကျုပ်လည်း ဝင်ကြည့်ပါ့မယ်၊ ကျုပ်အသက်ကိုလည်း သခင်လေးက ကယ်ထားတာပဲ"

စောစောက သူသည် တံဆိပ်ပြားတစ်ခုကို တွေ့၍ ထိုင်ကောက်လိုက်သောကြောင့် ဖိဖေး၏လက်ချက်မှ သီသီလေး ပွတ်သွားခြင်းပင် ဖြစ်လေသည်။

"စောစောက မင်း သေပြီ အောက်မေ့တာ၊ မင်း ဘာထိုင်လုပ်တာလဲ"

တံဆိပ်ပြားလေးကို ထုတ်ကာ ပြလိုက်သည်။ အနက်ရောင်သားရေပြားပေါ်တွင် မျက်လုံးကို အနီရောင်ဆေးဆိုးထားသော အဖြူရောင်ဝံပုလွေ တံဆိပ်ပြားပင် ဖြစ်လေသည်။

သူတို့နှစ်ဦး အထဲတွင် ဝင်ရှာကြသောအခါဖုန်များထဲမှ မီးရောင်ဖြင့် ခြေရာထင်နေသည်ကို တွေ့ရ၍ သူတို့ခြေရာနှင့် ရောမည် စိုးသောကြောင့် ဆက်၍ မကြည့်ဘဲ တောင်းများအိုးများပေါ်မှ တက်ကြည့်ရာ ကျုပ်တိုက်ထားသော ဝါးခြမ်းစင်ပေါ်မှ အစ မည်သည့်အရာမျှ မရှိကြောင်းကို တွေ့လိုက်ရလေသည်။

"ကဲကွာ . . စားစရာနဲ့ အရက်သာ ယူခဲ့ပါ၊ မင်းနဲ့ငါ အပန်းဖြေရအောင်"

အရက်အိုးသေးလေးနှင့် ခွက်တစ်ခွက်ကို ပေါက်ကြီးက ယူလိုက်သည်။

"နှစ်ခွက်ယူကွာ"

"ဟာ . . ကျုပ်သခင်လေးနဲ့အတူ မသောက်ရဲပါဘူး"





"မလိုပါဘူးကွာ . . ငါက ယူဆိုရင် ယူခဲ့စမ်းပါ၊ စကားများမနေနဲ့"

"ပေး . . ငါလည်း ကိုင်မယ်"

"ဟာ . . သခင်လေး မလုပ်ပါနဲ့"

မြေသားကို အချောကိုင်ကာ လုပ်ထားသော အခန်း ထဲသို့ စားစရာပန်းကန်များ ကြက်ပေါင်၊ ငါးကင်တို့ ထည့်ကာ ယူလာခဲ့လေသည်။

အခန်းထဲတွင် နေရာချထားခဲ့ပြီး ပေါက်ကြီးသည် တံခါးဝသို့ ပြေးကာ သူ့အဖော်သခင်မ လုံခြုံရေးဆောင်မှ ပင်စိမ်းကို နှိုး၍ အကျိုးအကြောင်းပြောဖို့ သွားရာ ပင်စိမ်းမှာ ထူးထူးဆန်းဆန်း လတ်ဆတ်စွာ ထိုင်နေသည်ကို တွေ့ရသည်။

"ဟ . . ဒီတစ်ခါ မင်းမအိပ်ပါလား"

"ဘယ်အိပ်မလဲကွာ . . မင်းတို့လူဆိုးနဲ့ ရင်ဆိုင်နေရတာ ငါသိတယ်၊ ဒီဘက်ကို ပြေးလာရင် ထွက်ဆော်ဖို့ ငါဒီလှံနဲ့ စောင့်နေတာ"

သူ့ဘေးတွင် ထောင်ထားသော လှံရှည်ကြီးကို ပြကာ ပြောဆိုလိုက်လေသည်။

"မင်း အထဲတော့ ဝင်မကူဘူး"

"သူရဲကောင်းတုန်းချိရော မင်းရော ရှိနေတာ၊ ငါက အခြေအနေ စောင့်ကြည့်ရုံပေါ့"

"အေး . . မင်းဆက်စောင့်ကြည့်၊ ငါသခင်လေး ကုန်းချိကို အဖော်လုပ်ပေးလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကတော့ တွေ့တဲ့လူနဲ့ ဟန်ကျတဲ့ လူမျိုးပါပဲကွာ၊ သွား . . သွား . . ငါဒီည မအိပ်တော့ပါဘူး"

× ×　× ×　× ×

စောစောက လှုပ်ရှားလိုက်၍ ရာဟု၏ လက်ပြင်မှ ဒဏ်ရာမှာ သွေးနည်းနည်းစို့ချင်လာသည်။ ခုတင်ထောင့်တွင် လိမ်းဆေးသွေးတိတ်ဆေးနှင့် ကပ်ရန် ဆေးရွက်ရှိကြောင်း စံအိမ်သခင်မရှင်းလွယ်က သူ့ကို ပြောပြခဲ့ပြီးဖြစ်ရာ ပေါက်ကြီး ပြန်အလာကို စောင့်ရင်း ရာဟု အရက်နှင့်ငါးကင်ကို စားသောက်နေလေသည်။

မကြာမီ ပေါက်ကြီးသည် ရောက်လာ၏။ ခုတင်ပေါ်တွင် ရာဟုက ထိုင်၍ ပေါက်ကြီးက ကြမ်းပြင်တွင် ဒူးထောက်သည်။

"ဟ . . ဟ . . ပေါက်ကြီး၊ ဒီခုံမှာ ထိုင်လေ"

"သခင်မတွေ့ရင် အပြစ်ပေးခံရပါလိမ့်မယ်"

"မခံရပါဘူးကွာ . . မင်းကို ငါအကူအညီ တောင်းစရာရှိလို့ပါ၊ ကဲ . . မထိုင်ခင် ဟိုက သွေးတိတ်ဆေးမှုန့်နဲ့ ကပ်တဲ့ သစ်ရွက်တစ်ရွက်ပါ ယူခဲ့"

ပေါက်ကြီးက သဘောပေါက်သွားသည်။

"ငါ့ဒဏ်ရာက ပူခနဲ အရည်တွေ စီးကျတာ သွေးထင်တယ်ကွ၊ စောစောက ဟိုကောင်တွေကို တိုက်ထုတ်လိုက်လို့ အနာက ပြန်ဟသွားတာ မင်းလှန်ကြည့်စမ်း"





မတ်တတ်ရပ်ကာပေါက်ကြီးဘက်ကို ကျောပေးလိုက်သည်။ ပေါက်ကြီးက သိုးမွေးခံပိုးအင်္ကျီကို လှန်လိုက်ရာ စီးကျနေသော သွေးကြောင်းကို တွေ့ရသည်။

"ဟုတ်တယ် . . သခင်လေး၊ အနာက အကြောတွေ လှုပ်လို့ ရွေ့ပြီး သွေးပြန်ထွက်နေတယ်"

"အေး . . အဲဒီသွေးတွေကို သုတ်ပြီး သွေးတိတ်ဆေးထည့်ကွာ၊ ပြီးရင် ဆေးရွက်ကို ကပ်လိုက် သွေးဆက်မထွက်ရင် ပြီးတာပဲ မဟုတ်လား"

"ဟုတ်ပါတယ် သခင်လေး"

ပေါက်ကြီး၏ ကျွမ်းကျင်မှုကြောင့် ထိုကိစ္စရပ်မှာ ခဏချင်း နှင့် ပြီးစီးသွားလေသည်။

"ကဲ . . မင်း အဲဒီမှာပဲ ဆက်ထိုင်ပါ၊ ရော့ . . အရက်သောက်၊ မင်းကို ငါက ဂုဏ်ပြုတာ"

"မခံယူဝံ့ပါဘူး"

"အို . . လုပ်မနေနဲ့ သောက်"

ပေါက်ကြီးမှာ ကြောက်ကြောက်နှင့် အရက်တစ်ခွက်ကို မော့သောက်လိုက်၏။ ရာဟုသည်လည်း အရက်အနည်းငယ် သောက်ထား၍ သွေးများ နွေးလာကာ အနာအရှိန် သက်သာသွားလေသည်။

"စောစောက မျက်နှာအုပ်ထားတဲ့ လူနှစ်ယောက်က ဘယ်သူ့လူတွေလဲ မင်းသိလား"

ပေါက်ကြီးက ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အခု ဒီမှာ စစ်သူကြီးထုတ်ပေးတဲ့ အထောက်တော်တံဆိပ်ပြား ကျန်ခဲ့တာပဲ၊ ဒီတော့ ကျန်းကျန်းရဲ့ လူတွေပေါ့"

"ကျန်းကျန်းက ဒီလိုပဲ လုပ်လေ့ရှိသလား"

"ရှိတယ် . . သူနဲ့မတည့်တဲ့ လက်အောက်ငယ်သားတွေကိုလည်း ခုလိုပဲ လူယုံလွှတ်ပြီး သတ်တတ်တယ်၊ သခင်လေးစိတ်မပူပါနဲ့၊ စံအိမ်သခင်မက ဒီတံဆိပ်ပြားတွေ့တာနဲ့ ဘယ်သူဆိုတာ သိပါလိမ့်မယ်"

"ဩော် . . ပေါက်ကြီး မင်းက လူနာကို မအိပ်ရအောင်ကူပြုး အဖော်လုပ်နေတယ်ပေါ့လေ"

အခန်းဝမှ စံအိမ်သခင်မအသံကြောင့် ပေါက်ကြီးမှာ အထိတ်တလန့် ထရပ်လိုက်သည်။

"ကျုပ်က သူ့ကို အဖော်လုပ်နိုင်းတာပါ ရှင်းရှင်း"



လရောင်သည် ထိန်ထိန်သာနေ၏။

လပြည့်လုပြီဖြစ်သောကြောင့် တိမ်သားကင်းစင်သည့်အခါ တောရိပ်တောင်ရိပ်များကို ထိုးဖောက်၍ လမ်းကြောင်းတစ်လျှောက် ရှင်းရှင်းလင်းလင်း မြင်တွေ့နေရသည်။

မြင်းခြောက်ကောင်ဆွဲသော လှည်းကြီးတစ်စီးသည် တောင်သုံးလုံးဘက်ရှိတောင်ကုန်းပေါ်မှ အောက်သို့နိမ့်ဆင်းလာသည့် တောင်ကြောအတိုင်း စိုင်းနှင်လာသည်။ မြင်းခြောက်ကောင်ဆွဲလာသော လှည်းအိမ်ကြီးမှာ ကြီးမားလှသည်။

အတွင်းတွင် ကတ္တီပါလိုက်ကာနှင့် ပြတင်းများ လေးဖက်လေးတန်ရှိပြီး သက်သောင့်သက်သာ ထိုင်နိုင်ရန်အတွက် မှို့သွတ်ထားသော ကတ္တီပါမှိုအုံးများ ထိုင်ခုံများပါသည်။ အေးနှစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်တွင် တပ်ဆင်ထားသော လှည်းဘီးကြီးများမှာ အပြားလိုက် သစ်သားကိုဝိုင်း၍ သံခွေပတ်ထားပြီး သာမန်လှည်းဘီးများ ထက် သုံးဆမျှပင် ကြီးလေသည်။

လှည်းကြီးထဲတွင် အလွန်ချောသော နုနယ်သော မိန်း ကလေးတစ်ဦးနှင့် သူမ၏အစောင့်အရှောက် မိန်းမပျိုနှစ်ဦးတို့ လိုက်ပါလာ၏။ မိန်းမပျို၏ဆံပင်များမှာ ပင်ကို ကပင် ကြက် တောင်ပျံ့ကဲ့သို့ ခေါင်းပေါ်မှလွင့်ပျံနေပြီး ကျောတစ်လျှောက် သို့လည်း ထိုသို့ပင် ဆင်းသွားသည်။

မျက်နှာဝိုင်းဝိုင်းဖြူဖြူနှင့် နီတျာရဲသော နှုတ်ခမ်းအစုံ က ထင်ရှားသည်။ ဝိုင်းစက်သော မျက်လုံးများနှင့် ပေါ်လွင် သောနှာတံတို့က မိန်းမပျို၏အလှကို မည်သူမျှ မယှဉ်သာအောင် ဖြည့်စွက်ပေးထားသကဲ့သို့ ရှိ၏။

တောင်ကြောပေါ်တွင် လှည်းမှာ မြင်းခြောက်ကောင် ဆွဲအားကြောင့် ခုန်၍ခုန်၍ ပြေးနေသည်။ လှည်းကြီး၏ထိပ် တွင် မြင်းခြောက်ကောင်၏ ဇက်ကြိုးကိုကိုင်ကာ မောင်းနှင် နေသူမှာကား နှုတ်ခမ်းမွေးကားကားနှင့် ကိုယ်လုံးကိုယ်ထည် အလွန်ကြီးမားလှပြီး လက်မောင်းများမှာ သံတိုင်များလို ခိုင်ခန့် မာကျောလှသူပင် ဖြစ်သည်။

ရှေ့တွင် တောင်ဆင်းလမ်းသွယ်နှစ်ခု ရှိသည်။ ထို့ ကြောင့် လှည်းမောင်းလာသော လူထွားကြီးသည် လှည်းကို ခေတ္တရပ်နားထားလိုက်လေသည်။ လှည်းအိမ်ထဲမှ တောင်သုံး လုံးသခင်မ စာမရီက





"ဘာဘဝါမန ဘာဖြစ်လို့ လှည်းကိုရပ်လိုက်ရတာလဲ" ဟု မေးလိုက်သည်။

ရှေ့မှလှည်းကြီး ရပ်သွားသောကြောင့် တောင်သုံးလုံး သခင်မ စာမရီ၏ကိုယ်ရံတော်ဖြစ်သည့် နောက်မှမြင်းစီးသမား သည်လည်း ရပ်ဆိုင်းလိုက်ရတော့သည်။

"ရှေ့မှာ လမ်းနှစ်သွယ် ဖြစ်နေလို့ သခင်မ"

တောင်သုံးလုံးသခင်မ စာမရီသည် လှည်းရှေ့မှပြတင်း ပေါက်ကိုဖွင့်ကာ လရောင်ထိန်ထိန်သာနေသော လှည်းလမ်း ကြောင်းနှစ်ခုကို ကြည့်လိုက်သည်။

ဤလမ်းကြောင်းနှစ်ခုမှာ တောင်သုံးလုံးတွင် နေထိုင် သော သူ့လူမျိုးစုတို့ တောထဲသို့ အမဲလိုက်ခြင်း၊ သစ်သီးရှာခြင်း ပြုလုပ်သော လမ်းကြောင်း ဖြစ်သည်။

တောခရီးထွက်ရခြင်းကို တောင်သုံးလုံးသခင်မ စာမရီ သည် အလွန်ဝါသနာပါသည်။ သူမ၏ဖခင်ကြီးရှိစဉ်ကလည်း သူမသည် ဤအရပ်ဒေသများသို့ အလည်လိုက်ခဲ့ဖူးလေသည်။

လမ်းကြောင်းတစ်ခုမှာ တောင်ကြောပေါ်သို့ ခပ်ပြေ ပြေတက်သွားခြင်းဖြစ်၍ လမ်းကြောင်းတစ်ခုမှာ လွင်ပြင်သို့ ဆင်းသက်သွားခြင်းပင် ဖြစ်လေသည်။

"ကျွန်မသိပြီ ဘာဘဝါမန လွင်ပြင်ကိုဆင်းတဲ့ လမ်း ကြောင်းကိုမောင်းပါ၊ အဲဒါဆိုရင် ကျောက်ဖြူစုံအိမ်ပိုင်နက် နယ်စပ် ရောက်ပြီ"

"သခင်မ ဘာလုပ်မလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"တောင်ထိပ်ကကြည့်တာ ကျောက်ဖြူစံအိမ်မှာ မီးတွေ လင်းနေတယ်၊ သူတို့ တစ်ခုခုကြံစည်လုပ်ကိုင် နေကြပုံရတယ်၊ အရင် ကျွန်မရဲ့ဖေဖေကို ချောင်းမြောင်းလုပ်ကြံတုန်းကလည်း ဒီလိုပဲ ကျောက်ဖြူစံအိမ်မှာ မီးရောင်တွေလင်းနေတယ်လို့ ပြောဖူးတယ်"

ဝါမနမှာ ထိုအခါမှ သဘောပေါက်သွားသည်။ ညကြီး အချိန်မတော် ရုတ်တရက်လှည်းပြင်ကာ ခရီးထွက်နိုင်းခြင်းသည် ကျောက်ဖြူစံအိမ်မှ တဲ့ပင်လူမျိုးစုများ အခြေအနေကို ထောက် လှမ်းဖို့ဖြစ်ကြောင်း ရိပ်မိလာလေတော့သည်။

"ကောင်းပါပြီ သခင်မ၊ အဲဒီလမ်းကြောင်းအတိုင်းပဲ ဆင်းပါတော့မယ်"

နောက်မှလိုက်ပါလာသော မြားနှင့်လေးကိုလွယ်ကာ လုံ့ရှည်ကိုင်ဆောင်သော လူပေါင်းတစ်ရာတို့လည်း မြင်းများ နှင်ကာ လိုက်ပါလာကြတော့၏။

× × ×

ညဖက်တွင် ခရီးထွက်ခြင်းသည် လုံခြုံမှုအရှိဆုံး ဖြစ် ကြောင်း အတွေ့အကြုံအရ တောင်သုံးလုံးသခင်မ စာမရီက သိရှိထားလေသည်။

နေ့ဘက်တွင် သူတို့တောင်သုံးလုံးဘက်မှ နေရောင် ကြောင့် မြေနိမ့်တောင်တန်းပေါ်မှ လူများက သူတို့၏ လှည်းများ မြင်းများနှင့် ကိုင်ဆောင်လာသော လှံ၊ ဓားတို့မှအရောင်များကို မြင်တွေ့ခန့်မှန်းမိသွားနိုင်ပေသည်။



ယခုညအခါတွင် အေးချမ်းမှုလည်းရှိ၍ မြင်းများရော လူများပါ ပင်ပန်းနွမ်းနယ်မှု သက်သာလျက် ခရီးတွင်ကျယ် သည်။ မကြာမီ မြေနိမ့်လွင်ပြင်ရှိ တောအုပ်ထဲသို့ မြင်းခေါက် ကောင်ကသော လှည်းကြီးက ဝင်ရောက်လာသည်။

အလင်းရောင်က အားနည်းသွားသည်။ သစ်ပင်များ ကြားမှ ထိုးဖောက်လာသော လရောင်ဖြင့်သာ လမ်းကြောင်းကို မြင်ရလေသည်။ နံနက်လေပြည်အေး၏ တိုးခတ်မှုကိုပင် ခံစား လာရပြီဆိုတော့ မိုးလင်းတော့မည်။

တောပန်းများ၏ အမွှေးနံ့သည် လေထဲတွင် လွင့်ပျံ့ လာ၏။

"ပန်းနံ့တွေ သိပ်မွှေးတာပဲနော် သခင်မ၊ တောင်ပေါ်မှာ ဒီလို ပန်းရနံ့ မရဘူး"

"ရှေ့ရောက်ရင် ပိုပြီးတောင်မွှေးဦးမယ်၊ ရေတံခွန်ကြီး တစ်ခု ရှိတယ်၊ တောင်ကွဲရေတံခွန်လို့ အရင်ကတော့ ခေါ်ကြ တာပဲ၊ အဲဒီ ရေတံခွန်မှာ တို့ရဲ့နယ်နိမိတ်က ဆုံးတာပဲ"

"ဪ . ဟုတ်တာပေါ့၊ ရေစာတ်ရှိလို့ ပန်းတွေ သစ် ပင်တွေက စိမ်းလန်းပြီး အပွင့်တွေပွင့်ကြတာပေါ့နော် သခင် မ"

"ဒါပေါ့ကွယ်၊ ဘယ်အရာမဆို သဘာဝတရားကို မကျော်လွန်နိုင်ဘူး၊ သဘာဝတရားက လောကကြီးကို လှပ အောင် စိုပြည်အောင် ဆောင်ရွက်ထားတာပဲ ထူးတာရဲ့"

www.burmeseclassic.com

www.burmeseclassic.com



ထူးတာဆိုသော ကောင်မလေးက သူမအတွေးနှင့် သူမ ပြုံးသွားလေသည်။

"ဒါဆိုရင် သခင်မက ဘာဖြစ်လို့ 'ကျူးရဲ'ကို လက်မထပ်သေးတာလဲ"

ထူးတာ၏ဘေးမှ ကြေးကြေးက ရုတ်တရက်ပင် မေးလိုက်သည်။ ထိုစကားကြောင့် တောင်သုံးလုံးသခင်မ စာမရီသည် မျက်နှာတည်ငြိမ်သွား၏။

"ကျူးရဲဟာ တောင်သုံးလုံးလူမျိုးစုထဲမှာ အရည်အချင်းရှိတဲ့ ယောကျ်ားတစ်ဦးပါ၊ သူဟာ တိုက်ရည်ခိုက်ရည်နဲ့ ပြည့်စုံပြီးတော့ သတ္တိစွမ်းအားလဲ ရှိပါတယ်၊ဒါပေမယ့်သခင်မစိတ်ထဲမှာ ကျူးရဲပေါ်မှာ ဘယ်လိုမှ စိတ်မတိမ်းညွတ်ပဲကွယ်"

ကြေးကြေးက ခပ်အေးအေး ပြောပြနေသော တောင်သုံးလုံးသခင်မ၏စကားကို ငေးကာနားထောင်နေသည်။ သခင်မကို ငေးကြည့်နေသော ထူးတာကလည်း

"သခင်လေး ကျူးရဲကလွဲလို့ သခင်မမှာ နှစ်သက်တဲ့သူများ ရှိသေးလို့လား"

ဟု မေးလိုက်၏။ စာမရီက ပြုံးလိုက်သည်။

"ဒီလိုတော့လည်း မဟုတ်ပါဘူး၊ဒါပေမယ့်သခင်မစိတ်ထဲမှာ သူ့ကို ယောကျ်ားတစ်ယောက်အဖြစ်နဲ့ ပေါင်းသင်းလက်ထပ်လိုစိတ် ခုထိမှ မရှိသေးဘဲ"

"သခင်မကသာ မရှိသေးတာ၊ သခင်လေး ကျူးရဲကတော့ သခင်မကို အမျိုးမျိုးလိုတာ ပြည့်စွမ်းပြီး နှစ်သက်သ





ဘောကျနေတာ သခင်မအသိပါပဲ"

"လူမျိုးစုအကြီးအကဲတွေကလဲ သခင်မကို ဒီလိုစိတ်လိုက်မာန်ပါ လှုပ်ရှားသွားလာနေတာထက် အိမ်ထောင်ဘက်ရှိသင့်တယ်လို့ ပြောနေကြတယ်"

ထူးတာနှင့် ကြေးကြေးတို့ကလည်း သူတို့သခင်မကို အဖော်စုံစေလိုလှပြီ ဖြစ်သည်။ သခင်မ၏ အိမ်ထောင်ဖက်ကို လူကြီးများကလည်း သဘောတူ၍ ဆွေမျိုးသားချင်းများကလည်း နှစ်သက်သဘောကျကြသည်။

ထို့ပြင် ကျူးရဲသည် တောင်သုံး လုံးလူမျိုးစုများထဲတွင် တိုက်ရည်ခိုက်ရည် အထက်မြက်ဆုံး လူစွမ်းကောင်းဖြစ်သည်။

ကောင်ခြေမှ ရာမူးလူမျိုးစုနှင့် တဲ့ပင်လူမျိုးစုများ ရန်ပြုလာလျှင် ကျူးရဲကိုပင် ခေါင်းဆောင်ထားကာ အားကိုးရမည် ဖြစ်လေသည်။ မကြာမီ မြင်းခြောက်ကောင်ဆွဲလာသော လှည်းကြီးသည် ရေတံခွန်ကြီးရှိရာ နေရာသို့ ရောက်ရှိကာ ထိုးရပ်သွားလေတော့၏။

× × ×

ကျောက်ဖြူစံအိမ်သခင်မ ရှင်းလွယ်သည် ရာမူးလူမျိုးစုများအား ချော့ခံရာမှ သတင်းတစ်ခုကို ရရှိခဲ့လေသည်။ ထို့ကြောင့် ချက်ချင်းပင် သူမ၏အဆောင်တော်သို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကြီးမှာ ကျောက်ဖြူစံအိမ်သခင်မကို တွေ့လိုက်ရသောကြောင့် ထိတ်လန့်စွာ ထိုင်ခုံမှထကာ ဦးညွှတ်အရိုအသေပြုလိုက်သည်။

"မင်း အချိန်မီရောက်လာပြီး တုန်းချိကို ကူညီနိုင်ခဲ့တယ်ဆိုတာ သိရပါတယ်၊ ဘာသက်သေ အထောက်အထား ကျန်ခဲ့သလဲ"

တုန်းချိကမူ ကျောက်ဖြူစံအိမ်သခင်မ၏ အခြေအနေကို အကဲခတ်နေသည်။ ဝံပုလွေတံဆိပ်ပြားကို ပြသလိုက်သောအခါ ကျောက်ဖြူစံအိမ်သခင်မ ရှင်းလွယ်၏နှုတ်ခမ်းထောင့်စွန်းတွင် လှပသောသော အပြုံးတစ်ခု ပေါ်လာသည်။

"ပိုးပက ပြတင်းပေါက်က ခုန်ချတဲ့လူတစ်ယောက်ကို အထောက်တော်ကတွေ့လို့ လိုက်ပြီးကြည့်တော့ သွေးစက်တွေ တွေ့တယ်ပြောတယ်၊ ဒဏ်ရာရသွားသလား"

စံအိမ်သခင်မ ရှင်းလွယ်က ပေါက်ကြီးထံမှ မျက်လုံးလွှဲကာ ရာဟုထံသို့ ဖျတ်ခနဲကြည့်ရင်း မေးလိုက်လေသည်။

"ဟုတ်တယ်၊ သူ့လက်ပြင်မှာ ပေါက်ဆိန်တစ်ချောင်း စိုက်ဝင်သွားတယ်"

ရာဟုက ဝင်၍ပြောလိုက်သည်။

"ဘယ်နှစ်ယောက်လာတာလဲ"

"နှစ်ယောက်ပါ . . မျက်နှာတွေကို မျက်လုံးပေါ်ရုံ အဝတ်နက်စည်းထားကြတယ်၊ သူတို့က ကျွန်တော့်ကို ဦးအောင် ထွက်တိုက်တာ သခင်လေးတုန်းချိက ကူညီလို့ပါ"





"အို . . ဒါဆို ဒဏ်ရာက အတော်ထိခိုက်နာကျင် သွားမှာပေါ့ ကဲ . . မင်းသွားတော့"

ပေါက်ကြီးကို သူ့လုံခြုံရေးအစောင့်ခန်းသို့ ပြန်၍လွှတ်လိုက်လေသည်။

"ရှင့်ဒဏ်ရာက သွေးတွေပြန်ယိုစီး မလာဘူးလား"

ပေါက်ကြီး ထွက်ခွာသွားပြီးမှ စံအိမ်သခင်မ ရှင်းလွယ်က မေးလိုက်သည်။

"သွေးနည်းနည်းပြန်ထွက်လို့ ပေါက်ကြီး သွေးတိတ်ဆေးထည့်ပြီး ဆေးရွက်ကပ်ပေးထားပါတယ်"

"အင်း . . တော်သေးတာပေါ့၊ ရှင့်မှာ ဒဏ်ရာရှိနေတဲ့အချိန်မှ လုပ်ကြံတဲ့သူက လာသေးတယ်၊ ဒီတော့ ရှင့်ကို ဒီအခန်းထဲမှာ တစ်ယောက်ထဲထားလို့ မဖြစ်တော့ဘူး"

"ဘာဖြစ်လို့လဲ ရှင်းရှင်း"

"နောက်ထပ် ဒီလိုပြဿနာဖြစ်လာရင် ရှင်သေသွားနိုင်တယ်"

"ဒါဆိုရင် ကျုပ် ဘယ်ကိုပြောင်းရမှာလဲ"

"ကျွန်မအဆောင်ရဲ့ အပြင်မှာ လျှို့ဝှက်ခန်းတစ်ခန်း ရှိတယ်၊ အဲဒီမှာဆိုရင် ရှင့်နားမှာ လုံခြုံရေးလဲရှိမယ်၊ ပြီးတော့ ရှင့်မိတ်ဆွေ ချန်ကောင်းကိုလဲ ကျွန်မ အပြင်ယောကျ်ားလုံခြုံရေး အခန်းမှာ ခေါ်ထားပြီးပါပြီ"

ရာဟုမှာ ဦးထွန်းရ သူရှိရာသို့ ရောက်ရှိလာပြီဆိုသောကြောင့် ဝမ်းသာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို အဲဒီကိုရွှေ့ဖို့အတွက် ကျွန်မ စီစဉ်ထားပြီးပြီ၊ ရှင့်မိတ်ဆွေကိုလဲ ရှင့်အခန်းထဲမှာ စောင့်ရှောက်နိုင်အောင် ခေါ်ထားလို့ ရပါတယ်"

"ဟာ . . အဲဒါ အကောင်းဆုံးပါပဲ၊ နို့မို့ရင် ကျုပ်တာဝန်ကို ရှင်းရှင်းနဲ့ မိန်းကလေးတွေက ဆောင်ရွက်ပေးနေရတာ ကျုပ်သိပ်အားနာတယ်"

"အားနာစရာ မလိုပါဘူး၊ ကျွန်မကို ရှင့်ရဲ့မိတ်ဆွေရင်းတစ်ယောက်လို သဘောမထားနိုင်ဘူးလား"

ရှင်းလွယ်က ရာဟု၏မျက်လုံးများကို စူးစိုက်ကြည့်ရင်း ပြောလိုက်သည်။ ရှင်းလွယ်၏မျက်လုံးများတွင် ညို့ဓာတ်ပါနေသည်။ ထို့ထက်ကြောက်မက်ဖွယ်ရာ ကောင်းလှသော ရက်စက်မှု အပြုံးမျိုးလည်း ရှိသည်ဟု ရာဟု ထင်မိသည်။

"ကျုပ်ရဲ့မိတ်ဆွေရင်းချာတစ်ယောက်လို သဘောထားနိုင်ပါတယ်၊ ဒါပေမဲ့ တစ်ဖက်သတ်အကူအညီတော့ အမြဲမယူချင်ပါဘူး"

"ကျွန်မ ရှင့်ရဲ့စိတ်သဘောထားကို နားလည်ပါတယ်၊ ရှင်နဲ့ကျွန်မ စကားတွေ နောက်တော့ အများကြီးပြောဖြစ်မှာပါ"

ထိုချိန်မှာပင် ထမ်းစင်နှင့် လူလေးယောက်က ရာဟုကို ထမ်းစင်ပေါ်သို့တက်ကာ သူတို့ခေါ်ရာလိုက်ဖို့ ပြောလိုက်လေတော့၏။



ကျောက်ဖြူစံအိမ်သခင်မ ရှင်းလွယ်မှာ ချက်ဆိုလျှင် နားခွက်က မီးတောက်သော လူမျိုးဖြစ်သည်။ သူမသည် လျှို့ဝှက်ခန်းသို့ ရာဟုကို ပို့ဆောင်လိုက်ပြီးနောက် ရာဟုအား လာရောက်လုပ်ကြံသည့် တရားခံကို ဖော်ထုတ်ရန် စဉ်းစားလိုက်လေသည်။

အမိကအတောက်အထားအရ စစ်သူကြီး ကျန်းကျန်း၏ လူယုံများက လာရောက်လုပ်ကြံသည်ကို စံအိမ်သခင်မ ရှင်းလွယ်သည် ရိပ်မိနေသည်။

နံနက်မိုးသောက်မှ ခေါင်းဆောင်အကြီးအကဲများနှင့် စည်းဝေးကာ ထိုပြဿနာ၏အဖြေကို ဖော်ထုတ်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် လျှို့ဝှက်ခန်းတွင်း၌ ရာဟုကို သူ့မိတ်ဆွေက အနိုးကပ်စောင့်ရှောက်မည်ဖြစ်ကြောင်း သိ၍ စိတ်ချသွားသည်။

ထို့ကြောင့် အဆောင်တံခါးများ လုံခြုံစွာပိတ်ကာ ညသန်းခေါင်အထိ ပင်ပန်းနွမ်းနယ်နေသော သူမ၏ခန္ဓာကိုယ်ကို အဝတ်အစားများလဲလှယ်ပြီး အိပ်ရာပေါ်သို့ ပစ်လှဲချလိုက်တော့၏။

သို့သော် သူမ၏မျက်လုံးထဲတွင် ရာဟု၏ပုံရိပ်များက ပျံ့ဝဲနေကြလေသည်။ ရာဟုသည် သူမကို မျက်နှာတည်တည်ကြီးဖြင့် ကြည့်လျက်ရှိနေသည်။

"အို ဘာလို့ သူ့ရုပ်ပုံကိုပဲ မြင်နေရတာလဲ"

ရှင်းလွှယ်သည် တစ်ဖက်သို့စောင်းကာ အာရုံမှ အတင်းဖျောက်ဖျက်ပစ်လေသည်။

သို့သော် ရက်စက်လှသော ကျန်းကျန်းကို တိုက်ခိုက်ပုံ၊ ကျန်းကျန်း ရှုံးနိမ့်သွားပြီး မသတ်ဘဲ သဘောထားကြီးစွာ အသက်ရှင်ခွင့်ပေးပုံတို့ကို မြင်လာပြန်လေသည်။

"ရှင်က အသက်ရှင်ခွင့်ပေးပေမယ့်ရှင့်ကိုတော့ သူက အသက်ရှင်ခွင့်ပေးမှာ မဟုတ်ဘူး၊ တုန်းချီ . . ရှင့်ကို အန္တရာယ်ပေးဖို့လာတာလဲ သူ့လူတွေပဲ"

စိတ်ထဲမှ ရေရွတ်ပြောဆို နေမိပြန်လေသည်။

စံအိမ်သခင်မ ရှင်းလွှယ်သည် သူမ၏အခန်းထဲတွင် အိပ်စက်၍မရသောကြောင့် ထကာ ရေတကောင်းထဲမှ ရေကိုငှဲ့





ကာ စားပွဲပေါ်မှ ပန်းသီးတစ်လုံးကို စားသောက်နေလေတော့သည်။

"ကေန္ဒာ ဒီလူနှစ်ယောက် ဝင်လာတာဟာ ဘေးပြတင်းပေါက်ကတော့ မဟုတ်ဘူး၊ ဘေးပြတင်းပေါက်က လူနှစ်ရပ်ကျော်မြင့်တာပဲ၊ ဖြစ်နိုင်တာက ဝါမိုးတို့ ပြာဝေတို့ ကျန်းဖြူတို့ လာတဲ့ မီးဖိုဆောင်တံခါးပေါက်က ဖြစ်ရမယ်၊ ဒါဆိုရင် ဒီလူနှစ်ယောက်ကို ဘယ်သူဖွင့်ပေးသလဲ၊ တံခါးဖွင့်ပေးတာ ဘယ်သူလဲ"

ဉာဏ်ကောင်းသော စံအိမ်သခင်မ ရှင်းလွှယ်သည် ခေါင်းထဲတွင် လက်ခနဲ အကြံတစ်ခု ပေါ်လာသည်။

"အင်း ပြာဝေနဲ့ ဝါမိုးတော့ မဖြစ်နိုင်ဘူး၊ ဒီလူနှစ်ယောက်ကို တံခါးဖွင့်ပေးတာ ကျန်းကျန်းရဲ့သမီး ကျန်းဖြူပဲ ဖြစ်ရမယ်၊ ဟုတ်တယ် . . သူ့အဖေအတွက် ရန်သူကို လက်စားချေဖို့ သူကူညီတာ၊ မနက်ကျလို့ သူ့ကိုစစ်ဆေးရင် အကုန်ပေါ်မှာပဲ"

အကြောင်းစတစ်စကို တွေ့လိုက်ရ၍ ရှင်းလွှယ် ဘဝင်ကျသွားသည်။ သူမသည် ရေတစ်ခွက်သောက်ကာ အိပ်ရာပေါ်သို့ ပစ်လှဲလိုက်သောအခါ မျက်ခွံများလေးလံကာ အတွေးစများပြတ်၍ တဖြည်းဖြည်း အိပ်ပျော်သွားလေတော့သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



၅

ကျောက်ဖြူစံအိမ်မှ မြောက်ဘက်ရှိတောင်းဒုံးလုံးသို့ သွားရာလမ်းတွင် နွံအိုင်ကြီးများ ရှိလေသည်။

လသာနေသောညတွင် ကျောက်ဖြူစံအိမ်၏ အနောက်ပေါက်မှ လူတစ်စုသည် မြင်းများဆွဲလာကာ မြည်းလှည်းတစ်စီးကိုလည်းဆွဲ၍ မှောင်ရိပ်မှ ထွက်လာကြခြင်း ဖြစ်သည်။

ထိုထွက်ပေါက်မှာ အလွန်အရေးကြီးသောအခါ စစ်ရေးအရ ရန်သူကို တင်ကြိုတိုက်ခိုက်ရန် စစ်သူကြီးတစ်ဦးတည်းသာ သိခွင့်ရှိ၍ စံအိမ်သခင်မနှင့် စစ်သူကြီးမှတစ်ပါး မည်သူတစ်ဦးတစ်ယောက်မျှပင် သိခွင့်ရှိသော လမ်းမဟုတ်ပေ။

ထို့ကြောင့်လည်း လမ်း၏ဘေးနှစ်ဖက်တွင် အကိုင်းချင်းယှက်နေသော သစ်ပင်ကြီးများကို စိုက်ထားသည်။

လုံးပတ်ကြီးသော ပင်စည်နှင့် သစ်ပင်များကြားတွင်လည်း နေရာလွတ်မရှိအောင် အတွင်းဘက်မှ သစ်လုံးများဖြင့် ကာထားခဲ့သည်။

ထိုလမ်းသို့ထွက်သည့် ကျောက်ဖြူစံအိမ် နောက်ပေါက်တွင် မြင်းလှည်းအိမ်များနှင့် တစ်ဖက်တစ်ချက်စီတွင် မြင်းဇောင်းများ ရှိနေလေသည်။

ထိုလူစုသည် လှည်းတစ်စီးနှင့် မြင်းများကို အသံမကြားရအောင် ပွတ်သပ်ချော့မော့ကာ တဖြည်းဖြည်းခြင်း ထွက်ကြသည်။ လှည်းများများ မယူခြင်းမှာ ခရီးမတွင်သောကြောင့် ဖြစ်သည်။





အမိုးပါ၍ လူငါးယောက် ချောင်ချောင်စီးနိုင်သော လှည်းပေါ်တွင် ပက်လက်စန့်စန့် အိပ်နေသော လူတစ်ယောက်၊ မုတ်ဆိတ်ဖြူဖြူနှင့် အဘိုးကြီးတစ်ယောက်၊ မျက်လုံးပြူးပြူးနှင့် မိန်းကလေးတစ်ယောက် ပါလာသည်။

ကျောက်ဖြူစံအိမ်မှ ရှည်လျားသော လှိုဏ်ခြသည့်လမ်းအတိုင်း ထွက်လာကြပြီးနောက် တံခါးသုံးချပ်ကို တစ်ချပ်ချင်းဖွင့်လိုက်တော့၏။ ပထမတံခါးမှာ ကျောက်တံခါးဖြစ်၍ လူပေါင်းဆယ်ယောက်လှောက်တွန်းမှ ဘီးလိမ့်ကာ ပွင့်သွား၏။

ထိုကျောက်တံခါးကို ပြန်တွန်းပိတ်ခဲ့ပြီး နောက်ထပ်ဆူးတံခါးတစ်ချပ်ကို ကြိုးစား၍ ဖွင့်ကြရသည်။ ဆူးတံခါးကိုမူ သတ်မှတ်ချက်အတိုင်း သေသေချာချာဖွင့်၍ ဆူးများကို အသာအယာတွန်းရလေသည်။

နောက်ဆုံးတံခါးကတော့ အပြင်မှ ကြည့်လျှင် တံခါးမရှိဟု ထင်ရလောက်အောင် ဝါးပင်များစိုက်ထားသည့် နေရာဖြစ်သည်။

ဝါးပင်များမှာ စိမ်းလန်းစိုပြည်နေသည်။ သို့သော် ထိုဝါးပင်များမှာ မြေထဲတွင် စိုက်ထားခြင်းမဟုတ်ဘဲ အောက်တွင် သံချိုင့်ခံကာ အပေါ်မှ မြေအုံ၍ အတွဲလိုက်စိုက်ထားခြင်း ဖြစ်သည်။

ဝါးပင်များ၏အလယ်မှ အဝါရောင်ဝါးလုံးကို တွန်းသွင်းလိုက်သောအခါ လှည်းသုံးစီးစာမျှသော အပေါက်အဖြစ် ဝါး



www.burmeseclassic.com

www.burmeseclassic.com



ပင်များမှာ ဘေးတိုက်ထပ်ကာ ပွင့်ဟသွားခဲ့သည်။

လရောင်က ဝါးပင်များပေါ်မှ ထိုးဟပ်နေသည်။ ဝါးတံခါးကို သူ့မူရင်းအတိုင်း နောက်ဆုံးမှ လူကပြန်၍စေ့ပိတ်လိုက်သောအခါ သူတို့လူစုမှာ လူငါးဆယ်ခန့်မျှရှိပြီး ထိုလူငါးဆယ်ကို ပိုးပေါင်နှင့် ဖိဖေးတို့က အုပ်ချုပ်ကာ ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်၏။

လူသုံးယောက် မြင်းဆွဲသည့်နေရာတွင် ဆွဲလာသော လှည်းအိမ်ကို ဒေါက်ထောက်လိုက်သည်။

ထို့နောက် လည်ဆံတဖားဖားနှင့် သန်မာလှသော မြင်းသုံးကောင်ကို လှည်းထိပ်တွင်ရှိသည့် တံပိုးတုံးများတွင်စွပ်ကာ ဇက်ကြိုးကို မြင်းလှည်းပေါ်သို့ရောက်နေသော ဖိဖေးကို ပိုးပေါင်က ပစ်ပေးလိုက်လေသည်။

အလုံပိတ်ထားသော မြင်းလှည်းပေါ်တွင် ပါလာသူမှာ သမားတော်ကြီး တိုးဖုန်းနှင့် စစ်သူကြီး ကျန်းကျန်းတို့ ဖြစ်၏။ ထိုမြင်းလှည်းထောင့်၌ ငိုရှိုက်နေသော မိန်းကလေးမှာ ကျန်းကျန်း၏သမီး ကျန်းဖြူပင် ဖြစ်လေသည်။

မြင်းများပေါ်သို့တက်ကာ ပိုးပေါင်က စိုင်းနှင်၍သွားသည်။ နောက်မှ စစ်သူကြီးကျန်းကျန်းကို ကြောက်ရွံ့ရသော အနီးကပ်လူယုံငါးဆယ်နှင့် နောက်ဆုံးမှ ဖိဖေးမောင်းလာသော လှည်း ဖြစ်သည်။ အတတ်နိုင်ဆုံး မြင်းလှည်းဆောင့်လျှင် ဒဏ်ရာကိုမထိခိုက်နိုင်ရန် စီစဉ်ခဲ့ကြသည်။





သမားတော်ကြီး တိုးဖုန်းက ဆေးလူးကာ ဆေးရွက်ကပ်၍ အဝတ်စည်းထားသော ပေါင်မှဒဏ်ရာကို ဝါးပိုးခြမ်းနှစ်ပြားဖြင့် အထက်အောက် စည်းထားသည်။

ပေါင်အောက် ဒူးဆစ်မှ ခါးလယ်အထိ တစ်ထွာခန့်ရှိသော ဝါးပိုးပြားက ကျန်းကျန်း၏ပေါင်ကို မလှုပ်ရှားနိုင်အောင် ထိန်းထား၍ လှည်းဆောင့်လျှင်လည်း ထူး၍မနာဘဲ အခြားကိုယ်အင်္ဂါမှ ်ကဲ့သို့ လှုပ်ယမ်းခြင်း ခုန်ခြင်းမရှိတော့ပေ။

× × ×

ပထမဆုံး ကျန်းကျန်းက အစီအစဉ် ရေးဆွဲထားသည်မှာတော့ ကျောက်ဖြူစံအိမ်သခင်မ၏ ပိုင်နက်ဖြစ်သော နယ်အိုင်များကိုကျော်ကာ ရေတံခွန်တောင်သို့ ရောက်အောင်သွားရန် ဖြစ်သည်။

ထိုနေရာတွင် ဆေးဝါးအပြည့်အစုံ ပါလာသော သမားတော်နှင့် သူက စခန်းချကာ ဆေးကုမည်။ ပိုးပေါင်နှင့် ဖိဖေးတို့ကို တောင်သုံးလုံးသခင်မ တာမရီနှင့် သူရဲကောင်းကျူးရဲတို့ထံ နိဝင်ခွင့်ပြုရန် တောင်းခံဖို့ပင် ဖြစ်သည်။

သူ့ကဲ့သို့ ကျောက်ဖြူစံအိမ်၏ လျှို့ဝှက်တံခါးများ၊ လျှို့ဝှက်ပေါက်များ၊ စစ်ရေးစစ်ရာ အစီအစဉ်များ၊ ရန်သူကိုကြိုတင်ခုခံရန် လုပ်ထားနိုင်မှုများကို သိသော စစ်သူကြီးတစ်ဦးကို ရန်ဘက်ဖြစ်သော သူရဲကောင်းကျူးရဲတို့က လက်မခံဘဲနေမည် မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖြူစံအိမ်နှင့်တကွ ရာမှုးလူမျိုးစုနှင့် တဲပင်လူမျိုးစုတို့ကို နှိမ်နင်းထားလိုက်မည်ဆိုလျှင် ဤတစ်တောလုံးတစ်တောင်လုံးတွင် တောင်သုံးလုံးသခင်မ စာမရီ၏လက်အောက်သို့ ကျရောက်သွားလိမ့်မည်မှာ ဧကန်ပင်ဖြစ်လေသည်။

ညအမှောင်ထဲ၌ လှည်းသည် တအိအိလိုက်ပါသွားနေသည်။ မကြာမီ နွံအိုင်ရှိရာသို့ ရောက်ရှိလာလေတော့သည်။ ရှေ့ဆုံးမှ ပိုးပေါင်၏အော်ဟစ်သံ ပေါ်ထွက်လာသည်။

"နွံအိုင်ရောက်ပြီ"

"နွံအိုင်ရောက်ပြီတဲ့"

မြင်းများရပ်တန့်သွား၍ လှည်းမှာလည်း ရပ်တန့်သွားပါလေတော့သည်။

"ဘာလို့ လှည်းရပ်သွားတာလဲ ဖိဖေး"

ကျန်းကျန်းက အထဲမှ ခပ်ယဲ့ယဲ့အသံဖြင့် မေးလိုက်သည်။

"နွံအိုင်ကိုရောက်ပြီလို့ ပြောပါတယ် သခင်ကြီး"

"အေး . . ဖိဖေး ဒါဆိုရင် ပိုးပေါင်ကို ငါ့ဆီကို အမြန်လာဖို့ ပြောလိုက်"

"ကောင်းပါပြီ သခင်ကြီး"

တကယ်တော့ ဖိဖေး၏လက်ပြင်တွင် ညက ခံခဲ့ရသော ပေါက်ဆိန်ရာ လတ်လတ်ဆတ်ဆတ် ရှိပါသေးသည်။

သို့သော် ကျောက်ဖြူစံအိမ်တွင် ဆက်နေပါက သခင်မရှင်းလွယ်က သူတို့ကို ချမ်းသာပေးတော့မည် မဟုတ်ကြောင်းကို





သိရှိရသောကြောင့် ကျန်းကျန်းခေါ်ဆောင်ရာသို့ လိုက်ပါလာခဲ့ခြင်း ဖြစ်၏။ ကျန်းကျန်း၏အပေါ်တွင် သိပ်ယုံကြည် နှစ်သက်မှုရှိလှသည်တော့ မဟုတ်ပါပေ။

သို့သော် ပိုးပေါင်နှင့် ဖိဖေးတို့က ခြိမ်းခြောက်၍ ခေါ်ဆောင်သောကြောင့် အချို့က လိုက်ပါခဲ့ရခြင်း ဖြစ်သည်။ သူတို့မှာ စစ်သူကြီး၏ အခြံအရံဟု ဆိုသော်လည်း ကျောက်ဖြူစံအိမ်ရှိ လူမျိုးစုတပ်ဖွဲ့ဝင်များပင် ဖြစ်သည်။

လောလောဆယ်မှာတော့ မည်သို့မျှမတတ်နိုင်။ ပိုးပေါင်နှင့် ကျန်းကျန်းကို ယုံကြည်သောသူများ၏ နောက်သို့ လိုက်ပါလာခဲ့ရပြီ ဖြစ်သည်။

ပိုးပေါင်သည် သူ့နောက်မှ မြင်းစီးသမားများကို ကွေ့ကာ လှည်းနောက်သို့ ရောက်ရှိလာသည်။ ပိုးပေါင်က

"အမိန့်ရှိပါ သခင်ကြီး ပိုးပေါင် ရောက်လာပါပြီ"

ဟု အသံပေးလိုက်၏။

"ဖိဖေး ဒီကောင့်ကို လှည်းဦးကိုလာဖို့ ပြောလိုက်၊ မြင်းမောင်းတဲ့နေရာကနေထိုင်ပြီး ငါ့ကိုစကားပြော၊ ငါမအော်နိုင်ဘူးလို့ ပြောပေးပါ"

ကျန်းကျန်းသည် ယခင်ကဆိုလျှင် ဤနေရာမျိုး၌ ကျားဟိန်းသံကဲ့သို့ အော်ဟစ်ကာ လှည်းပေါ်မှခုန်ဆင်း၍ ပိုးပေါင်ကို မသိတတ်ရကောင်းလားဟု ဘယ်ပြန်ညာပြန် ရိုက်ပြီးမှ စကားပြောမည် ဖြစ်၏။

"ပိုးပေါင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ဖိုဖေး"

"သခင်ကြီးက အော်မပြောနိုင်ဘူး၊ မင်း လှည်းဦးကို လာခဲ့၊ ငါ့နေရာက လာစကားပြော"

"အေး . . ငါမေ့သွားတယ်"

မမှားသင့်သည့် အမှားပင်ဖြစ်သည်။ မြင်းပေါ်မှဆင်းကာ ဖိုဖေးထိုင်သည့် လှည်းမောင်းသည့်နေရာ ရောက်လာ၏။

"ပိုးပေါင်"

"ပိုးပေါင်"

ပိုးပေါင် လှည်းဦးကို တက်လာမှန်းသိ၍ ကျန်းကျန်းက လှမ်းခေါ်လိုက်သည်။

"ပြောပါ သခင်ကြီး"

"ဒီနွံအိုင်မှာ ရန်သူတွေ အကြိမ်ကြိမ်နစ်သေခဲ့ဖူးတယ်၊ မြင်းတွေ လူတွေ လှည်းတွေကို မပြောနဲ့၊ ဒီနွံထဲကိုကျသွားတဲ့ ဆင်တစ်ကောင်ကိုတောင် ပြန်ဆွဲတင်လို့ မရဘူး၊ နားလည်လား"

"နားထောင်နေပါတယ် သခင်ကြီး၊ ဒီနွံအိုင်ရဲ့လျှို့ဝှက်လမ်းကို ကျောက်ဖြူသခင်မက ပြောပြလို့ ငါသိခဲ့ရတာ၊ ဘယ်ရန်သူမှ ဒီဘက်က တို့နယ်ကိုကျော်ဖြတ်လာလို့ မရဘူး၊ ဒီတော့ မင်း ဝါးတစ်လုံးရှည်ရှည် ခုတ်ပါ"

"ခုတ်ပြီးတော့ ဘာလုပ်ရမှာလဲ"

"ငါ့ကိုမမေးနဲ့ ငါမောနေတယ်"

ကျန်းကျန်းက စကားကို ခေတ္တနားထားလိုက်၏။ ခဏ





ကြာမှ

"မင်းနဲ့ မင်းရဲ့ထိပ်က မြင်းစီးသမားကို ခေါ်ပြီး နွံအိုင်ကို ဝါးနဲ့လိုက်ထိုးပါ၊ လိုက်ထိုးရင် နွံအိုင်ရဲ့အောက် တစ်ထောက်လောက်မှာ မြုပ်နေတဲ့ ကျောက်လမ်းရှိတယ်"

အမှန်တော့ မိမိတို့ဘက်ကသာ ဖြတ်သန်းနိုင်ပြီး ရန်သူတို့ဘက်မှ မဖြတ်သန်းနိုင်စေရန် စီစဉ်ဆောင်ရွက်ထားခြင်းပင်ဖြစ်လေသည်။

"ကျောက်လမ်းကတစ်ပြင်ထည်းမဟုတ်ဘူး၊ တစ်တန်းကို နှစ်တောင်လောက်ကျယ်တယ်၊ တို့လှည်း တစ်ဘီးစာကျယ်တယ်၊ ဒီလမ်းနှစ်လမ်းကို စမ်းလို့တွေ့ရင် မြင်းသမားတွေကို အလျင်နှစ်ယောက်စီ မြင်းကိုဆွဲပြီးကူးခိုင်း၊ ငါ့လှည်းကလဲ မြင်းတွေဖြုတ်ရလိမ့်မယ်၊ မင်းနဲ့ ဖိုဖေးက ပခုံးနဲ့ထမ်းပြီး ကျောက်လမ်းပေါ်က လှည်းဘီးမှန်အောင် နေရာချပြီးဆွဲပါ၊ မင်းမှားတာနဲ့ လူတွေရော မြင်းတွေရော ငါတို့သုံးယောက်ပါ သေသွားလိမ့်မယ် နားလည်လား"

"နားလည်ပါတယ် သခင်ကြီး"

"ကူးရင် စိတ်ကိုငြိမ်ငြိမ်ထားပြီး မြင်းကိုဆွဲကူးခိုင်း၊ ခြေချော်ကျတာနဲ့ မြင်းရောလူပါ သေလိမ့်မယ်"

ထိုအခါတွင်မှ ပိုး ပေါင်သည် အသေးစိတ်မှတ်သားကာ ကျန်းကျန်းပြောသည့်အတိုင်း နွံအိုင်စပ်ကို ဝါးလုံးဖြင့် ထိုးကာ ဆွဲကာ ရှာဖွေရာ သူတို့ရောက်ရှိနေသည့် နေရာနှင့် ခြေလှမ်းတစ်ရာအကွာတွင် ကျောက်လမ်းနှစ်ခု ရှိနေကြောင်း သိရှိရလေတော့၏။



× × ×

www.burmeseclassic.com

www.burmeseclassic.com



နံနက်မိုးသောက်သည်နှင့် အောက်ထပ်ရှိ အစည်းဝေးခန်းမကျယ်တွင် ပိုးပနှင့် လူမျိုးစုခေါင်းဆောင်များ မျက်နှာပျက်ပျက်နှင့် ကျောက်ဖြူစံအိမ်သခင်မ ဆင်းအလာကို စောင့်ကြိုနေကြလေသည်။

ပိုးပသည် လူမျိုးစုတပ်ဖွဲ့များကိုလည်း လက်နက်များနှင့် အဆင်သင့် နှင်းမခလွင်ပြင်တွင် ပြင်ဆင်ထားကြလေသည်။

မိုးသောက်ချိန်မှစ၍ ချောင်းချောင်းနှင့် ရာမူးလူမျိုးစုတို့က နှုတ်ဆက်ကာ သူတို့နေထိုင်ရာအရပ်သို့ ပြန်သွားသည်။

သူ့တို့ဒေသတွင် သမားတော်ရှားပါးခြင်း၊ နေရာထိုင်ခင်း မကောင်းခြင်းတို့ကြောင့် အနိုင်ရရှိသည့် သူရဲကောင်းတုန်းချိကို အနာပျောက်သည်အထိ ဆေးဝါးကုသပြီး လိုက်ပါပို့ဆောင်ပေးမည်ဟု ကျောက်ဖြူစံအိမ်သခင်မက ညစာစားပွဲမှာကတည်းက ကတိကဝတ်ပြုထားသောကြောင့် ချောင်းချောင်းနှင့် ရာမူးခေါင်းဆောင်များက လှိုဂုက်ခန်းသို့ လာရောက်၍နှုတ်ဆက်ကြကာ သူတို့လူမျိုးစုအား ဦးဆောင်၍ သူတို့နေထိုင်ရာဂူကြီးသို့ ပြန်ကြပေတော့မည်။

ချောင်းချောင်းက

"တုန်းချိရေ မင်းကိုတော့ ကျောက်ဖြူစံအိမ်သခင်မရှင်းလွယ်က နှစ်သက်သဘောကျနေပုံရတယ်ကွ၊ မပျောက်မ





ချင်းတဲ့ . . မင်းအခန်းကလဲ တယ်ဇိမ်ရှိတာပဲ၊ အံမယ် မင်းကိုမှီပြီး ဟိုဘက်ခုတင်မှာ ချန်ကောင်းက ခုထိ မနိုးသေးပါလားကွ"

နံနက်ပိုင်းတွင် လာရောက်နှုတ်ဆက်မည်ဟု ပြောထားသောကြောင့် မိုးမလင်းမီပင် သူ့မျက်နှာဖုံးကို ပြန်စွပ်ထားရသည်။

"ဘာပဲဖြစ်ဖြစ် မင်းဟာ တို့လူမျိုးဂုဏ်ကိုဆယ်တဲ့လူပဲ ရာမူးလူမျိုးစုခေါင်းဆောင်က ကျောက်ဖြူစံအိမ်သခင်မကို သိမ်းပိုက်လိုက်ရင်လဲ တို့ပိုပြီး ဂုဏ်ရှိတာပေါ့ကွာ . . ဟား . . ဟား . . ဟား"

"ချောင်းချောင်း ရှေ့ခန်းမှာ စံအိမ်သခင်မလူတွေ ရှိတယ်"

"အံမယ် မင်းက ခုထဲက ဂရုစိုက်နေပြီပေါ့၊ ပျော်သလောက်နေပါကွာ၊ ဒီနှစ်တော့ တို့က လက်အောက်ခံ မဟုတ်ဘဲ၊ တန်းတူရည်တူ ဖြစ်သွားတဲ့အတွက် တို့ရဲ့ကျောက်ဂူနီဒေသမှာ ပျော်ပွဲတွေ ကျင်းပလိုက်ဦးမယ်၊ အကြောင်းထူးရင်လဲ လူလွှတ်ပြီး တို့ကိုခေါ်ပေါ့"

"ရပါတယ် ကျုပ်အတွက် ဘာမှမပူပါနဲ့၊ ချောင်းချောင်းတို့စိတ်ချမ်းသာတာကို ကျုပ်မြင်ရတာ ပီတိဖြစ်တယ်၊ ကျုပ်ဒဏ်ရာကလဲ သုံးလေးရက်ဆိုရင် သက်သာလာမှာပါ၊ သူတာဆွဲထားချင်ပေမယ့်ကျုပ်ကထွက်ချင်ရင် ထွက်လာခဲ့မှာပါ"

"အေးအေး . . ချန်ကောင်းကိုပြောလိုက် တို့သွားပြီ



www.burmeseclassic.com

www.burmeseclassic.com



လို့ ဒီကောင်က မင်းထက် စည်းစိမ်ခံချင်တဲ့ကောင်"

"သွားမယ် သူရဲကောင်းကြီး"

"သွားပြီ တုန်းချီရေ"

"မြန်မြန်ကျန်းမာပြီး တို့ကျောက်ဂူနီကို ပြန်လာခဲ့ပါ"

× × ×

အမှန်တော့ ချန်ကောင်းအဖြစ် ဟန်ဆောင်ထားသော ဦးထွန်းရမှာလည်း နိုးနေပြီ ဖြစ်သည်။

သို့သော် ချောင်းချောင်းတို့ စကားပြောပြီး ထွက်သွားသည်နှင့် လျှို့ဝှက်တံခါးကို ပေါက်ကြီးက ပြန်ပိတ်လိုက်လေသည်။ ပေါက်ကြီးသည် ချောင်းချောင်းဆိုသော လူဝကြီးကို သိပ်ကြည့်မရပေ။

"ပင်စိမ်း"

"ဟေ"

"လူဝသလောက် လေပေါတယ်နော်"

"အေးကွာ . . သူနဲ့ကျန်းကျန်း တိုက်လို့ကတော့ သုံးလေးပိုင်း ပြတ်သွားမှာ သေချာတယ်"

ပင်စိမ်းကလည်း မျက်လုံးပွတ်၍ ပြောလိုက်လေသည်။

"မီးဖိုထဲသွားကြည့်ဦးကွ၊ တုန်းချီအတွက် မနက်စာ စွပ်ပြုတ်နဲ့ ကြက်ပေါင်းထပ်လုပ်ထားတာ ရေတွေခန်းကုန်ဦးမယ်"





ပင်စိမ်းက သူဘာမှ ဝီရိယရှိရှိ မလုပ်သော်လည်း စီစဉ်သည့်နေရာတွင်မူ အတော်အကွက်ကျသူ ဖြစ်လေသည်။

"ဟာ . . ဟုတ်သားပဲ"

နံနက်စာစားသောက်ရန် နှစ်ယောက်စာအတွက် ပြုလုပ်ထားသော ကြက်ပေါင်းအိုးမှာ ဆူပွက်နေသောကြောင့် မီးများလျှော့လိုက်ရသည်။

ကျောက်ဖြူစုံအိမ်၏ နံနက်စာတွင် မပါမဖြစ် ဖြစ်သော အလွန်လှပ ဖြူဖွေးသည့် မှိုလုံးလေးများနှင့် ငှက်ဥတို့ကို လှည့်ကာ ကင်ပေးလိုက်သည်။

စားဖိုဆောင်ထဲတွင် ပေါက်ကြီးတစ်ယောက် အလုပ်ရှုပ်နေသလောက် ပင်စိမ်းကတော့ တံခါးနံရံကိုမှီကာ ပြန်၍ အိပ်သွားပြီ ဖြစ်လေသည်။

နံနက်မိုးလင်းပြီဖြစ်၍ ခေါင်းကြည်လင်စေရန် အသင့်ရှိနေသော မြေအိုးထဲမှ ရေကိုခပ်ကာ ဦးထွန်းရက မျက်နှာသစ်သည်။

မျက်နှာသစ်သော ရေများမှာ မြောင်းကလေးထဲ စီးဆင်းသွားသည်။ မည်သည့်နေရာသို့ သွားပါလိမ့်ဟု ကြည့်သောအခါ အခန်းထောင့်မှ အောက်ထပ်ရှိ ရေမြောင်းထဲသို့ ကူးပြောင်းဆင်းသွားသံ ကြားရသည်။

"ရာဟုရေ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဒီကျောက်ဖြူစံအိမ်ကြီး ဆောက်ထားတာ နှစ်ပေါင်း ဘယ်လောက်ရှိပြီလဲတော့ မသိဘူး၊ သိပ်ပြီး သစ်ရစ်တာပဲ၊ တို့ မန္တလေးရွှေမြို့တော်မှာတောင် ဒီလိုကျောက်ထွင်းတွေ၊ ကျောက်ဆင့်တွေနဲ့ ခိုင်မာတဲ့အရာဆိုလို့ ဘုရားကလွဲပြီ ဘယ်သူမှ မနေနိုင်ဘူး"

"ဟုတ်တယ် ဦးလေးရ၊ သူတို့ တဲ့ပင်လူမျိုးစုက သိပ်ရှေးကျတယ်၊ ခုလဲ လူမျိုးစုတွေ တဖြည်းဖြည်းလျော့နေတယ်လို့ပြောတယ်"

မျက်နှာဖုံးကိုချွတ်ခွာကာ 'ရာဟု' ထလိုက်လေသည်။ သောက်ဆေးနှင့် လိမ်းဆေးက ကောင်းသောကြောင့် ဒဏ်ရာများ တော်တော်ပင် သက်သာနေလေသည်။

သူတို့ မျက်နှာသစ်ပြီး စားပွဲတွင်ထိုင်လိုက်စဉ်မှာပင် မွေးပျံ့သော မှိုကင်များ၊ အသားကင်များ၊ ဥကင်များ၊ ကြက်ပေါင်းနှင့် စွပ်ပြုတ်များကို ဘန်းနှင့်ထည့်ကာ ပေါက်ကြီးက လာ၍ချသည်။

"ဟာ ပေါက်ကြီး အများကြီးပါလားကွ၊ ဟိုဖြူဖြူ အစေ့လေးတွေက ဘာလဲ"

"အဲဒါ တောင်ပေါ်ဆန်လို့ ခေါ်တယ်၊ ပျော့တယ် စီးတယ်၊ အဆီရှိတယ် အရသာရှိတယ်"

မြေပြန့်သားဖြစ်သော ဦးထွန်းရနှင့် ရာဟုတို့မှာ မြေဖလုံကို သူတို့ရှေ့သို့ ဆွဲယူလိုက်ကြသည်။ ထို့နောက် မြေနွှန်းနှင့် ကော်ကာစားပြီး ကြက်ပေါင်ကိုဖဲ့လျက် အရသာရှိရှိ စားနေကြလေသည်။





သူတို့နှစ်ဦးက မှိုကင်များ၊ ယုန်ကင်များဖြင့် နံနက်စာစားကောင်းနေစဉ်မှာပင် အောက်ထပ်ခန်းမကျယ်ကြီးထဲမှာကား ကျောက်ဖြူစံအိမ်သခင်မ ရှင်းလွယ်သည် အကြီးအကျယ် ဒေါသထွက်လျက်ရှိသည်။

သူမ၏လက်ထဲတွင် ကျာပွတ်တစ်ချောင်းကို ကိုင်ထားပြီး ထိုကျာပွတ်မှာ အဖြူဆွတ်ဆွတ်ဖြစ်၍ လိပ်ကျောက်မြီးကဲ့သို့ အဖုလေးများ ပါနေလေသည်။

သူမသည် ကျာပွတ်ကိုခေါက်ကိုင်ထားရင်း တဲ့ပင်လူမျိုးစုခေါင်းဆောင် အယောက်နှစ်ဆယ်၏ရှေ့တွင် လမ်းလျှောက်လျက်ရှိနေ၏။

"စစ်သူကြီးကျန်းကျန်းရဲ့ အဆောင်ကို စောင့်ကြည့်ဖို့ တာဝန် ဘယ်သူ့ကိုပေးထားလဲ"

အသက်လေးဆယ်ကျော်အရွယ်ရှိ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးကားကားနှင့်လူက တုန်ရီစွာ

"ကျုပ်ကို တာဝန်ပေးထားတာပါ"

ဟု ထိတ်လန့်သံနှင့် ဖြေလိုက်သည်။

"ဒီတာဝန်ကို ရှင်ကျေပွန်လား၊ မကျေပွန်လား ပြောစမ်း"

ကျောက်ဖြူစံအိမ်သခင်မ၏အသံက ဒေါသဖြင့် အက်ကွဲကျယ်လောင်နေသည်။ ထိုအသံသည် သေးငယ်သောငွေပေါက်လေးမှတစ်ဆင့် စားပွဲပေါ်တွင် စားသောက်နေသော ရာဟုနားသို့ လာရောက်ရိုက်ခတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် အဲတော်အတန်စားပြီးပြီ ဖြစ်သောကြောင့် အသံမှာ စံအိမ်သခင်မရှင်းရှင်း၏အသံဖြစ်ပြီး အောက်ထပ်မှလာသော အသံဖြစ်ကြောင်းကို ကောင်းကောင်းရိပ်မိသည်။ ထို့ကြောင့် အခန်းပတ်ပတ်လည်ရှိ နေရာများကို စေ့စေ့စပ်စပ်ငုံ့ကာ လိုက်လံရှာဖွေ နေလေတော့သည်။

သူ့ခုတင်ခေါင်းရင်း အရောက်တွင်

"ကျုပ်က ရာမူးလူမျိုးတွေရဲ့ ဧည့်ခံပွဲမှာ ရောက်နေလို့ပါ" ဟူသော အသံကိုကြားရသည်။

ဦးထွန်းရကတော့ စားကောင်းနေ၏။ ခုတင်မှာ သစ်သားတိုင်များပေါ်တွင် ကျောက်ပြားခင်းကာ ကတ္တီပါခင်းထားသောကြောင့် တွန်းကြည့်လိုက်သည်။

"ဂရစ် . . ရစ်"

"ကျွီ . . . ကျွီ"

"ဟာ . . ရာဟု ဘာလုပ်တာလဲ"

"ခင်ဗျား မသိရင် အသာနေပါဗျာ၊ ကျုပ် ကိစ္စရှိလို့"

ညာဘက် ခုတင်တိုင်အောက်မှဆီးသီးခန့်အပေါက်လေးပေါ်လာသည်။ ထိုအပေါက်မှာ အောက်ထပ်သို့ကန်တော့ပုံကားသွား၍ သူငုံ့ကြည့်သောအခါ အောက်ထပ်ခန်းမ၏ အခြေအနေအရပ်ရပ်ကို တွေ့မြင်ရလေတော့သည်။

လူနှစ်ဆယ်ခန့်က ခေါင်းငုံ့နေကြသည်။ ကျောက်ဖြူစံအိမ်သခင်မ၏ မျက်လုံးများက မီးဝင်းဝင်းတောက်နေ၏။ နှုတ်ခမ်းများက ဒေါသကြောင့် တဆတ်ဆတ် တုန်နေ၏။





လက်ထဲမှ ကျာပွတ်ကို လေထဲတွင် ဝှေ့ယမ်းလိုက်လေသည်။

"ဖြောင်း . . ဖြောင်း . . ဖြောင်း"

ကြာပွတ်ဝှေ့ယမ်းသံမှာ မရဏသေမင်းခေါ်သံကဲ့သို့ လူမျိုးစုခေါင်းဆောင်ကြီးများကို တုန်သွားစေသည်။

"ရှင်တာဝန်ကို ရှင်မကျေဘူး ရှေ့ထွက်"

နှုတ်ခမ်းမွေးနှင့်လူမှာ ကြောက်ကြောက်ရွံ့ရွံ့နှင့် ရှေ့သို့ ထွက်လာသည်။ စံအိမ်သခင်မ ရှင်းလွယ်သည် ကျာပွတ်ကို သူမ၏ခေါင်းပေါ်တွင် တစ်ချက်ဝှေ့ယမ်းလိုက်သည်။

"ဝှီး"

ထို့နောက် အသက်လေးဆယ်အရွယ် လူကြီးကို ကျာပွတ်ဖြင့် ရိုက်ချလိုက်လေတော့သည်။

"ရွှမ်း"

"အား"

ကျောမှသားရေအကျိုပါ စုတ်ပြတ်သွားကာ သွေးစီးကြောင်းများ ဝင်းခနဲပေါ်လာလေသည်။

"နောက်ထပ်တရားခံ တစ်ယောက်ရှိသေးတယ်"

အားလုံးသည် ငြိမ်နေကြပြီးခေါင်းငုံ့နေကြ၏။

"ရှင်တို့တွေဟာ အသက်အရွယ်တွေလဲ ကြီးနေကြပြီ၊ အမြော်အမြင် မရှိဘူး၊ ကျန်းကျန်းဟာ ဒီလိုလုပ်လိမ့်မယ်ဆို တာ သိပြီးတော့ ကြိုတင်တားဆီးမှုတွေ အဆင့်ဆင့်လုပ်ထားဖို့ကောင်းတယ်၊ ရှင်တို့အားလုံးကို ဝပုလွေ့စာကျွေးပစ်လိုက်တာ အကောင်းဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းတမ်းလှသော ကျောက်ဖြူစံအိမ်သခင်မ ရှင်းလွယ်၏စကားနှင့် လုပ်ရပ်များကို မြင်သောအခါ ရာဟုမှာ အတော်ပင် ထိတ်လန့်သွားလေတော့သည်။

"အင်း . . ဒီလူတွေဟာ တဲ့ပင်လူမျိုးစုခေါင်းဆောင်တွေပဲ၊ ဒါကို ရှင်းလွယ်က ဒီလိုဆက်ဆံတာ မသင့်လျော်ဘူး၊ သူ့ရဲ့ကြမ်းတမ်းမှုဟာ အတော်ကြောက်စရာ ကောင်းတာပဲ"

"ကျုပ်ပါ . . ကျုပ်က စံအိမ်ရဲ့အနောက်ဘက်ကတံခါးမှူးပါ၊ ကျုပ်ကို မျက်နှာဖုံးစွပ်နဲ့လူက လာပြီးဖမ်းပါတယ်၊ ပြီးတော့ ဟောဒီမှာ လည်ပင်းကိုဓားနဲ့လှီးပြီး ခြိမ်းခြောက်တဲ့ ဒဏ်ရာက မြင်တဲ့အတိုင်းပဲ၊ ကျုပ်ခေါင်းကို ရိုက်လိုက်တော့ ကျုပ်ဘာမှ သတိမရတော့ဘူး"

"ဘာပဲဖြစ်ဖြစ် ရှင်လဲ ဒီထက်လုံခြုံရေး အဆင့်ဆင့်ထားဖို့ကောင်းတယ်၊ ခု ကျန်းကျန်းက အနောက်ပေါက်က ထွက်သွားပြီ၊ တပ်မှူးကျောက်တု သူတို့ လူဘယ်နှစ်ယောက်လဲ၊ ဘယ်သူတွေလဲ စာရင်းအတိအကျ လုပ်ပြီးပြီလား"

"လုပ်ပြီးပါပြီ၊ ငါးဆယ့်တစ်ယောက် လူမျိုးစုထဲက ပျောက်နေပါတယ်"

"ကဲ . . သွားကြ သွားကြ၊ ဒီကိစ္စကို ကျွန်မ ဘယ်လိုဆက်လုပ်ရဦးမလဲဆိုတာကို စဉ်းစားရဦးမယ်၊ ခုချက်ချင်း သူ့နောက်ကို လိုက်ရင် ရှင့်လူတွေ နွံအိုင်ထဲမှာ နစ်ကုန်မယ်၊ ကျန်းကျန်းဟာ တောင်သုံးလုံးသခင်မနဲ့ ပေါင်းမိပြီဆိုရင်တော့ ကျွန်မတို့လူမျိုးတွေအားလုံး ပြာဖြစ်ပြီ မျိုးပြုတ်ပြီ"





"ရှမ်း"

"ရှမ်း"

"ဝုန်း . . ဝုန်း"

လက်ထဲမှ ကျာပွတ်ဖြင့် လှမ်းကာရိုက်နေသောကြောင့် လူမျိုးစုခေါင်းဆောင်များမှာ ကျောက်ဖြူစံအိမ်သခင်မ ရှင်းလွယ်၏ရှေ့မှ ဖရိုဖရဲထွက်ခွာ ပြေးသွားကြလေသည်။

ကျန်းကျန်း လွတ်မြောက်သွားခြင်းအတွက် ကျောက်ဖြူစံအိမ်သခင်မ ရှင်းလွယ်မှာ အတော်စိတ်ဒုက္ခရောက်ကာ ပူပင်စိုးရိမ်သွားပုံရလေသည်။

လူမျိုးစုခေါင်းဆောင်များ မရှိတော့မှပင် သူမသည် ကျောက်ကုလားထိုင်တွင်ဝင်ကာ ထိုင်လိုက်သည်။ ဝါမိုးက ရေတကောင်းအဖွင်းမှ ရေကိုငှဲ့ယူလာကာ ကျောက်ဖြူစံအိမ်သခင်မ ရှင်းလွယ်ကို တိုက်လိုက်သည်။

"ရေအေးအေးသောက်လိုက်ပါ"

ပြာဝေလည်း ကုလားထိုင်ဘေးတွင် လာ၍ဒူးထောက်လိုက်သည်။ ကျာပွတ်ကိုပစ်ချကာ သူမခေါင်းကို လက်နှင့်ထောက်ကာ ခေါင်းငိုက်စိုက်ကျနေသည်။

"သခင်မရဲ့တန်ခိုးသတ္တိနဲ့ အရာရာ အောင်မြင်မှာပါ"

ပြာဝေက ပြုံး၍ပြောလိုက်၏။

စိတ်ဒေါသကို ကြိုးစားဖြေနေရသော သခင်မက ပြုံး၍



www.burmeseclassic.com

www.burmeseclassic.com



"ပြာဝေတစ်ယောက်ပဲ ငါ့ကို စိတ်ချမ်းသာအောင် ပြောတတ်တယ်၊ ဟော . , သမားတော်ကြီး ကြွလာပြီ ဝါမိုး လှို့ဝှက်ခန်းထဲ သမားတော်ကြီးကို လိုက်ပို့လိုက်ပါ"

ချောင်းကြည့်ပေါက်မှ ရာဟုက ခေါင်းခွာလိုက်သည်။ ထိုအခါတွင်မှ ဦးထွန်းရသည်လည်း ဘယ်ဘက်ခုတင်ပေါက်မှ ချောင်းကြည့်၍ တွေ့မြင်ရကြောင်း သိလိုက်ရတော့သည်။

"ဦးလေး ခုတင်ကိုပြန်ရွှေ့၊ ဒီအပေါက်တွေ ဖုံးအောင်ရွှေ့၊ တော်ကြာ ရှင်းရှင်းက သိပ်ပါးတယ်"

"အေးပါ . . မင်းရဲ့ ရှင်းရှင်းကလဲ ဘီလူးသဘက်လို ကြောက်စရာကြီးပါလား"

"ဟုတ်တယ်နော် . . ဖေဖေ ဆုံးမသလို ဒေါသထွက်တဲ့သူဟာ ဘယ်တော့မှ မလှဘူးဆိုတာ သိပ်မှန်တာပဲ"

စကားအဆုံးတွင် ခုတင်ပေါ်တွင် နေသားတကျတက်ကာ နေလိုက်စဉ် ဝါမိုးနှင့် သမားတော်ကြီးတို့ ဝင်လာလေတော့၏။

စာမရီသည် သူမ၏အဖော်နှစ်ဦးနှင့်အတူ လှည်းပေါ်မှ ဆင်းလာခဲ့သည်။ တောင်ကြားမှ စီးဆင်းလာသော ရေတံခွန်မှ ရေပန်းဖွားများက နှစ်ဆင့်သုံးဆင့်ဖွာကာ တောင်အောက်ရှိ ရေကန်ထဲသို့ ကျနေသည်ကို တွေ့ရသည်။

ထိုရေတံခွန် စီးကျရာ ကျောက်တောင်ကွဲကြားသည် သူမတို့ပိုင်နက်၏အဆုံး ဖြစ်လေသည်။

စာမရီက ရေတံခွန်ကို ရပ်ကြည့်နေစဉ်မှာပင် ရေတံခွန်နှင့် မျက်နှာချင်းဆိုင် သစ်ပင်များအကြွယ်တွင် သစ်ကိုင်းများကိုခုတ်ကာ ကျူးရဲက တောင်သုံးလုံးသခင်မ စာမရီနှင့် အထိန်းတော်နှစ်ဦး သက်သောင့်သက်သာ နေထိုင်နိုင်ရန် လှပသပ်ရပ်သော သစ်ရွက်မိုးကာ အမိုးချထားသည့် ခပ် ပြား ပြားသာယီ အိမ်ကလေးကို ဆောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျူးရဲသည် တောတောင်ထဲတွင် တောင်သုံးလုံးလူမျိုးစု တပ်ဖွဲ့ဝင်များအား စနစ်တကျ အုပ်ချုပ်ကွပ်ကဲနိုင်သူ ဖြစ်သည်။

ကျူးရဲမှာ ဖြူနုသွယ်လျသော စာမရိ၏ ရေတံခွန်ကြီး ရှေ့တွင် မခို့တရို့ရပ်နေဟန်ကို ကြည့်ရင်း ရင်များခုန်လာမိ သည်။

"အင်း . . စာမရိဟာ ခုထိတော့ ငါ့ပေါ်မှာ မတိမ်းညွတ်လာသေးဘူး၊ ဒါပေမယ့်တောင်သုံးလုံးဒေသမှာငါ့ကလွဲပြီး စာမရိနဲ့ ထိုက်တန်တာ ဘယ်သူရှိသလဲ၊ ဘယ်သူကရော ငါ့ကို ယှဉ်ပြိုင်အန်တုနိုင်သလဲ၊ တစ်နေ့တော့ စာမရိဟာ ငါ့ရင်ခွင်ထဲကို ရောက်လာမှာပါ"

လူသူအရောက်အပေါက်နည်းသော နေရာဖြစ်သောကြောင့် ရေစပ်တွင် သဘာဝအလျောက် လှပသောတောပန်းလေးများ ပွင့်နေသည်။ ပင်စည်ကြီးမားသော သစ်ပင်ကြီးများပေါ်တွင် အခက်လိုက်ကျနေသော နေရောင်မခံ စိမ်းလန်းစိုပြည်လှပသော ရောင်စုံသစ်ခွပန်းခက်များမှာ ပန်းဆိုင်းများဆွဲထားသကဲ့သို့ပင် ဖြစ်နေသည်။

အေးမြသောအတွေ့၊ ပန်းရနံ့တို့၏ တိုးဝှေ့မှုကြောင့် စာမရိသည် စိတ်ကြည်လင်လာကာ ပျော်ရွှင်လာလေသည်။

"ကြေးကြေးရေ"

"ရှင်"





"သခင်မကို ဟိုရေစပ်က အနီရောင်ပန်းလေးတွေ ခူးလာခဲ့စမ်းပါကွယ်"

ကျူးရဲမှာ ထိုအသံကိုကြားသည်နှင့် သွက်လက်သော ခြေလှမ်းများဖြင့် သွားကာ ရေစပ်မှ အနီရောင်ပန်းပွင့်လေးများကိုတစ်ပွင့်ပြီးတစ်ပွင့် ခူးနေသည်။ ကြေးကြေးခူးသည်က တစ်နေရာ၊ ကျူးရဲခူးသည်က တစ်နေရာ၊ မကြာမီ ကျူးရဲသည် အနီရောင်ပန်းပွင့်လေးများကို လက်တစ်ဆုပ်စာရသည်နှင့် ယူဆောင်လာကာ စာမရိနှင့် ထူးတာတို့ ရှိရာသို့လျှောက်လှမ်းလာသည်။

"စာမရိ"

သူ့ကိုကျောပေးကာ ရေတံခွန်တောင်ထိပ်သို့ ကြည့်ရှုနေသော စာမရိကို ခေါ်လိုက်သည်။

"ရှင်"

"ဒီမှာလေ စာမရိက ဒီပန်းပွင့်တွေ လိုချင်လို့ဆို"

စာမရိက ပန်းများကို လှမ်း၍မယူပေ။ သူမ၏မျက်နှာက တည်ငြိမ်နေသည်။

"ကျွန်မက ကြေးကြေးကို ခူးခိုင်းတာပါ၊ ကျူးရဲလိုတပ်မှူးတစ်ယောက်ကို ကျွန်မ ဒီလိုအလုပ်မျိုး မခိုင်းပါဘူး"

"ဒါပေမယ့် ကြေးကြေးကိုခိုင်းတာ ကြားလို့ ကျုပ်က ခူးလာတာပါ၊ ရော့ ယူလိုက်ပါ၊ ကြေးကြေးခူးလာတဲ့ အပွင့်တွေထက် လှမှာပါ၊ ဟိုခပ်ဝေးဝေး ရေစပ်က ခူးလာတာ"

စာမရိက ခေါင်းခါလိုက်သည်။

www.burmeseclassic.com



"ကျွန်မက အပွင့်ကြီးတာ လှတာ လိုချင်တယ်လို့ ပြောတာမှ မဟုတ်ဘဲ၊ သူ့သဘာဝ ဘယ်လိုပဲနေနေ သေးသေးကြီးကြီး ကျွန်မက လှတယ်လို့ထင်တာပါပဲ၊ ကျူးရဲ့ ရှင့်မှာ တဲ့ပင်လူမျိုးစုတွေရဲ့ အခြေအနေကို လူလွတ်ပြီးထောက်လှမ်းဖို့ ကိစ္စတွေ ရှိတယ် မဟုတ်လား"

"ဟုတ်ပါတယ် စာမရီ"

"ဒါဆိုလဲ အဲဒီအလုပ်တွေကို အချိန်မီအောင် စီစဉ်ပါရှင်၊ မိန်းကလေးတစ်ယောက်ရဲ့ ဘာမဟုတ်တဲ့ အပျင်းပြေကိစ္စဟာ အရေးမကြီးပါဘူး"

ကျူးရဲ့ မျက်နှာကွက်ခနဲ ပျက်သွားသည်။ ထူးတာက "ပန်းတွေ ကျွန်မကို ပေးခဲ့ပါ" ဟု အရှက်ပြေအောင် ယူထားလိုက်သည်။

ကျူးရဲ့ ချာခနဲ လှည့်ထွက်သွားလေသည်။

× × ×



သမားတော်ကြီးက ရာဟုကိုမောက်ခိုင်းကာ ဒဏ်ရာကို ကြည့်ရှုစစ်ဆေးလိုက်သည်။ ဆေးဝါးကောင်းမွန်မှုကြောင့် ဒဏ်ရာမှာ ပြည်ကင်းစင်ကာ သန့်ရှင်းခြောက်ကပ်နေသည်ကို တွေ့ရသည်။

"မင်းက အရမ်းကိုခံနိုင်ရည် ရှိတာပဲ၊ မင်းရဲ့ခန္ဓာကိုယ်ကလဲ အနာအတွက် အင်အားကို သိပ်ဖြည့်နိုင်တယ်၊ ဒီအတိုင်းဆို တစ်ရက်နှစ်ရက်နဲ့ ဒဏ်ရာပျောက်ပြီး ကောင်းကောင်းမွန်မွန် လှုပ်ရှားလို့ရမှာပါ"

သမားတော်ကြီးက ဆေးလိမ်းပေးနေရင်းမှ ပြောလိုက်လေသည်။

"ဝါမိုးနဲ့ ပြာဝေ သမားတော်ကြီးကိုဝိုင်းပြီးကူလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတောင် ညက ရန်သူနဲ့လှုပ်ရှားပြီး တိုက်ခိုက်ရလို့ သွေးတွေစီးကျလာသေးတယ်"

'ရာဟု'က ညက သူ့အားလုပ်ကြံဖို့လာသည့်အကြောင်းနှင့် သူနှင့် ပေါက်ကြီးတို့ ရန်သူများကို ရင်ဆိုင်လိုက်ရပုံအား ပြောပြလိုက်သည်။

"အေး . . အဲဒါကံကောင်းတာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ အထဲမှာ မြုနေတဲ့သွေးနဲ့ ပြည်တွေထွက်ပြီးတော့ ဆေးနဲ့တွေ့လို့ချုပ်ပြီး အခုကျက်စပြုနေပြီ၊ နောက်ကို ပြည်မရှိနိုင်တော့ဘူး"

"ဟုတ်မယ် သမားတော်ကြီး၊ ဒီမနက် နာတာကိုက်တာ လျော့သွားတယ်"

သမားတော်ကြီးက သောက်ဆေးနှင့် အတွင်းမှအားဖြည့်ကာ အနာကျက်စေသည့် ဆေးများကိုပေးကာ ဆေးများကို ပြန်ထည့်နေသည်။ ဝါမိုးကား ရာဟုကိုသာ ငေးကြည့်နေသည်။

သမားတော်ကြီးက ဆေးအိတ်အားဆွဲရန် မျက်နှာအမူအရာဖြင့် ပြသည်ကိုပင် သတိမထားမိ ဖြစ်နေသည်။ အောက်ထပ်မှတက်လာကာ တံခါးဝသို့ရောက်လာသော ကျောက်ဖြူစံအိမ်သခင်မက

"ဝါမိုး . . သမားတော်ကြီးဆေးအိတ်ကို ယူလိုက်လေ"

ဟုဆိုတော့မှပင် လန့်ကာ သမားတော်ကြီးပေးနေသောဆေးအိတ်ကို ကမန်းကတန်း ယူလိုက်ရလေတော့သည်။ သမား





တော်ကြီးက စံအိမ်သခင်မ ရှင်းလွယ် ဝင်လာသောကြောင့် ခပ်ယို့ယို့နောက်သို့ ဆုတ်လိုက်သည်။

"သမားတော်ကြီး ဒဏ်ရာရဲ့အခြေအနေက ဘယ်လိုနေသေးလဲ"

"သိပ်ကို ထင်တာထက် ကောင်းပါတယ်၊ နောက်တစ်ရက်လောက်ဆိုရင်တော့ ဒဏ်ရာက လုံးလုံးပျောက်သလောက်ရှိပါပြီ"

"အို တကယ်ပဲလား"

"မယုံရင် သခင်မကိုယ်တိုင် စစ်ဆေးကြည့်ပါ"

ပတ်တီးဖြင့် စည်းနှောင်ကာ ဆေးများထည့်ထားပြီးပြီဖြစ်သောကြောင့် ထပ်မံဖွင့်၍ မကြည့်တော့ပေ။

"သမားတော်ကြီး ဘယ်နေ့လာဦးမလဲ"

စံအိမ်သခင်မက မေးသည်။

"လိုအပ်ရင်တော့ ကျုပ်အဆောင်ကို လူလွှတ်ခေါ်ပါ၊ ကျုပ်ကတော့ လာစရာမလိုတော့ဘူးလို့ ထင်တာပဲ၊ ဆေးလဲ အပြည့်အစုံ ပေးခဲ့ပြီးပါပြီ"

ဦးထွန်းရမှာ စံအိမ်သခင်မက 'ရာဟု'နှင့် လွတ်လပ်စွာစကားပြောနိုင်ရန်အတွက် သမားတော်ကြီးနှင့် ဝါမိုးတို့နောက်မှ ကပ်လိုက်သွားပြီး အပြင်ရှိ ပင်စိမ်းနှင့် ပေါက်ကြီးတို့နေသည့် အခန်းထဲသို့ ဝင်ထိုင်လိုက်သည်။

ပင်စိမ်းနှင့် ပေါက်ကြီးတို့မှာ ငါးခြောက်နှင့် ရေနွေးကြမ်းများ သောက်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"လာဗျို့ . . ဒီမှာ ငါးကြီးခြောက်နဲ့ ရေနွေးကြမ်းကောင်းတယ်၊ စံအိမ်သခင်မက သူ့ရဲကောင်းတုန်းချိန်နဲ့ စကားပြောဦးမယ် ထင်ရဲ့"

"ဟုတ်လား"

"ဟုတ်တယ် ချန်ကောင်း၊ ခင်ဗျားက ကျုပ်တို့လူဆိုတော့ ပြောရဦးမယ်၊ အခု ဒီကျောက်ဖြူစံအိမ်မှာ ပြဿနာကြီးတစ်ခု ဖြစ်နေပြီ"

ချန်ကောင်းက ဝင်ထိုင်လိုက်သည်။

"ဘာတွေဖြစ်လို့လဲ"

"အခု ကျန်းကျန်းနဲ့ သူ့ကိုယ်ရံတော်တပ် မရှိတော့ဘူး၊ ညက လှို့ဂှက်တံခါးက ထွက်သွားကြပြီ"

ဦးထွန်းရက မသိချင်ယောင်ဆောင်ကာ နားထောင်နေလေသည်။ စင်စစ် သူတို့သည် အခန်းထဲရှိ လှို့ဂှက်ပေါက်မှ ချောင်းကြည့်ပြီးကတည်းက အခြေအနေအားလုံး သိရှိနေခဲ့ပြီ ဖြစ်ပါသည်။

"ဒါပေါ့လေ သူကလဲ ပွဲရှုံးနိမ့်တဲ့သူဆိုတော့ ကျောက်ဖြူစံအိမ်မှာ အောက်ကျနောက်ကျ မနေချင်ဘူးဆိုတဲ့ သဘောပေါ့"

"ဒီသဘောမျိုးဆိုရင်တော့ ဘာမှစိတ်ပူစရာ မရှိပါဘူး ချန်ကောင်းရဲ့ဒါပေမယ့်ကျန်းကျန်းဆိုတဲ့သူက အင်မတန်ကောက်ကျစ်တဲ့သူ၊ သူများကို ဆိုးသွမ်းနှိပ်စက်သတ်ဖြတ်ချင်တဲ့သူ. . ဒီတော့ သူဟာ တောင်သုံးလုံး သခင်မရဲ့ လူမျိုးစုတွေထဲ ခိုဝင်





ပြီး ကျောက်ဖြူစံအိမ်ရဲ့ လှို့ဂှက်ချက်နဲ့ အဝင်လမ်းကြောင်းတွေကို ပြောပြပူးပေါင်းမယ်၊ ဒါဆိုရင် ခင်ဗျားတို့ ရာမူးလူမျိုးစုတွေရော ကျုပ်တို့ တဲ့ပင်လူမျိုးစုတွေပါ တောင်သုံးလုံးသခင်မရဲ့ လူတွေကို နိုင်မှာ မဟုတ်ဘူး၊ ဒီစံအိမ်ရဲ့ လှို့ဂှက်ပေါက်တွေနဲ့ ခုခံတဲ့အစီအစဉ်အားလုံးကို ကျန်းကျန်းဟာ စံအိမ်သခင်မပြီးရင် သိခွင့်ရှိတဲ့သူပဲ"

"ဩော် . . ဒါကြောင့်ကိုး"

ပေါက်ကြီးက အလေးအနက် ရှင်းပြလိုက်သောကြောင့် ဦးထွန်းရမှာ စံအိမ်သခင်မ ရှင်းလွယ် အဘယ်ကြောင့် စိတ်ပူနေရသည်ကို နားလည်သဘောပေါက်သွားတော့သည်။

ရန်သူ မလာနိုင်စေရန် လုပ်ထားသည့် လှို့ဂှက်လမ်းသည် နံ့အိုင်အောက်မှာ ရှိသည်။

ရန်သူကို ထွက်တိုက်၍ ထိုနံ့အိုင်သို့ မှုားခေါ်လျှင် အများအပြား သေဆုံးကာ ထိတ်လန့်ထွက်ပြေးကြရလေသည်။ ဤအချက်ကို စစ်သူကြီးကျန်းကျန်းအား အသိပေးထားရခြင်းမှာ ယခုတော့ အန္တရာယ်ရှိနေပေပြီ။

× × ×

တောင်ကြားရေတံခွန်နားသို့ ရောက်သောအခါ နယ်ခြားနှင့် နီးလာပြီဖြစ်ပြီး နယ်ခြားစောင့်တပ်ရှိမရှိ စုံစမ်းရန်အတွက် သစ်ပင်အုပ်ကောင်းသော ရေတံခွန်၏တစ်ဖက်တွင် ကျန်းကျန်းက စခန်းချဖို့ ပိုးပေါင်ကို အမိန့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုးပေါင်က သူတို့အတွက် သစ်ဝါးများဖြင့် ယာယီအဆောက်အအုံ ဆောက်လုပ်ရန်နှင့် ကျန်းကျန်းအတွက် နွေးထွေးသော အခန်းလေးတစ်ခန်းပါ လုပ်နိုင်ရန် စီစဉ်ရသည်။

ပိုးပေါင်သည် "ကျန်းကျန်း"ကို တင်ထားသည့် ဝါးနှစ်လုံးကြားမှ သားရေချပ်အတိုင်း လူလေးယောက်ကို ဆွဲမကာ သစ်ပင်ရိပ်သို့ ချထားခိုင်းလိုက်သည်။

"ဟူး . . ခုမှပဲ သက်သာသွားတော့တယ်"

သမားတော်ကြီး၏လည်း သစ်ပင်ရိပ်မြက်ခင်းပေါ်တွင် ပြုလုပ်ထားသော သားရေချပ်အိပ်ရာပေါ်၌ လိုက်ပါလာသော ကျန်းကျန်းအတွက် အားဆေးရည်ကို ချပေးနေသည်။

"သမားတော်ကြီး"

"ပြောပါ သခင်ကြီး"

"အနာက သွေးများယိုနေသလား မသိဘူး"

သမားတော်ကြီးက ဝါးဖြင့်ညှပ်ထားသည်ကို မကာ တင်ပါးအောက်မှ စမ်းကြည့်လိုက်သည်။ ဘောင်းဘီပွပေါ်တွင် စိုနေသော သွေးများကိုတွေ့ရသည်။

လှည်းပေါ် တစ်လမ်းလုံးခုန်မှုကြောင့် အနာကို မည်မျှပင် ငြိမ်သက်အောင် ထားရှိသော်လည်း ဒဏ်ရာက ပြင်းလှ၍ သွေးများက ယိုစီးလာပြီဖြစ်သည်။ ကျန်းကျန်း၏သမီး ကျန်းဖြူက သမားတော်ကြီး၏တစ်ဖက်တွင် သူမ၏ဖခင် သက်သာစေရန် မည်သို့ကူညီရမည်ကို မျက်လုံးဝိုင်းလေးဖြင့် ကြည့်နေ၏။





"သွေးပုပ်တွေထွက်တာ ဖြစ်နိုင်တယ်၊ လောလောဆယ် ရေနွေးပူပူတစ်လုံးလောက် လိုတယ်"

"ဟုတ်ကဲ့ရှင့်"

သူတို့သည် လမ်းခရီးတွက် စခန်းချပါက ချက်ပြုတ်စားသောက်ရန် ရိက္ခာပစ္စည်းနှင့် မြေအိုးများကို မြင်းနှစ်ကောင်သုံးကောင်ဆွဲ၍ ယူလာခဲ့လေသည်။

သမားတော်ကြီးက အမိန့်ရှိသည်နှင့် ကျန်းကျန်းမညှော်စေရန် လေအောက်ရှိ သဲမြေတွင် သဲကိုယက်ကာ ကျန်းဖြူသည် မြေကြီးမီးဖိုလေး လုပ်လိုက်သည်။ ထို့နောက် နှစ်ဖက်ခွဲ၍စီးလာသော ရေတံခွန်မှ သူတို့နယ်နိမိတ်ရှိ ချောင်းသွယ်လေးထဲမှရေကို မြေအိုးလေးဖြင့် ခပ်လိုက်၏။

ဖိဖေးက အလိုက်သိစွာ သစ်ကိုင်းခြောက်များကို သူ၏ပေါက်ဆိန်ဖြင့်ပေါက်ကာ မီးဖိုပြုလုပ်မည့် ကျင်းဘေးတွင် ပုံပေးထားလိုက်လေသည်။ မြေအိုးတစ်ဝက်လောက်ရေကို ယူကာ တင်လိုက်သည်နှင့် ဖိဖေးက မီးခတ်ကျောက်ကိုခတ်ကာ မီးတို့ပေးလိုက်တော့၏။

တဖျစ်ဖျစ် တဖြောက်ဖြောက်မြည်ကာ မီးတောက်လာသည်။

"ကျန်းဖြူ မြန်မြန်ဆူချင်ရင် ထင်းများများထည့်"

သစ်ကိုင်းခြောက်များကိုရှာလျက် ဖိဖေးက နောက်ထပ်ချက်ရန်ပြုတ်ရန်ကိစ္စများရှိ၍ ကျန်းဖြူထံတွင် ထင်းပိုအောင်သော အလုပ်ကို လုပ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် လူအများနှင့် ယာယီအဆောက်အဦ ဆောက်နေသော ပိုးပေါင်က ဖိဖေးကို သတိထားမိသွားလေသည်။

"ဒီကောင် ကျန်းဖြူအနားပဲ ကပ်နေပါလား၊ ဒီမှာတော့ မြန်မြန်ပြီးအောင် လာမကူညီဘူး၊ ကေန္တ ဒီကောင် ကျန်းဖြူကို များ သဘောကျနေလား မသိဘူး"

ပိုးပေါင်က ဝါးနှင့်ယက်ထားသော အကာကို တဲရှည်ကြီးရှေ့ မျက်နှာစာခြမ်းတွင် ကပ်နေကြသည်ကို ကြည့်ရင်း တွေးလိုက်လေသည်။

ကျန်းဖြူဆိုသည်မှာ ရုပ်ရည်က အချောအလှချည်းထဲက မဟုတ်သော်လည်း မျက်လုံးမျက်ခုံးကောင်း၍ အသားလတ်သည်။ ကိုယ်လုံးကိုယ်ပေါက် တောင့်တင်း၍ ပြုံးရွှင်သော မျက်နှာရှိသည်။

ပိုးပေါင်က ကျန်းဖြူနှင့် ရင်းနှီးအောင်ကြိုးစားနေခဲ့သည်မှာ ကြာပြီ။ သူနှင့်ယှူလျှင်လည်း သူ့သခင်ကြီးကျန်းကျန်းက မည်သို့မျှ ပြောမည်မဟုတ်ဟု ယူဆထားသည်။

"ဖိဖေး မင်းကို ငါသတိထားရတော့မှာပေါ့ကွာ၊ ကျန်းဖြူနဲ့ ပတ်သက်လာရင်တော့ မင်းကိုလဲ ငါခွင့်လွှတ်နိုင်မှာ မဟုတ်ဘူး"

တက်ညီလက်ညီလုပ်ကြ၍ မကြာမီ နွေးထွေးသော အခန်းနှင့် အများနေရန် တန်းလျားရှည်ကြီးတစ်ခု ပြီးစီးသွားလေသည်။

ပန်းလက်ဆောင်စာပေ



ရေနွေးအိုးလည်း ဆူပြီဖြစ်သဖြင့် ကျန်းဖြူသည် တန်းလျားရှည်အတွင်းသို့ သယ်ယူသွားကာ ကျန်းကျန်း၏အခန်းအတွင်းသို့ ဝင်၍ ပွက်ပွက်ဆူနေသော ရေနွေးအိုးကိုပေးလိုက်လေသည်။

ထိုအခါ ပေါင်ကြောများပြတ်နေ၍ ဒဏ်ရာမှာ ပြည်များစို့နေသော ကျန်းကျန်း၏အနာကို ရေနွေးပူပူဖြင့် ဆေးကြောပေးလိုက်လေသည်။

"အား"

ကျန်းကျန်းမှာ ငယ်သံပါအောင် အော်လိုက်သည်။ ကျန်းဖြူမှာ သူမအဖေ၏အော်သံကြောင့် မျက်နှာပျက်သွားလေသည်။

"သခင်ကြီး နည်းနည်းတော့ နာမှာပဲ၊ ပြည်မကုန်ရင် အနာကျက်မှာ မဟုတ်ဘူး၊ အနာမကျက်ရင် ဆက်ပြီးချုပ်ထားတဲ့ အကြောတွေပုပ်ရင် အရိုးထိပြီး ပေါင်ရင်းက ဖြတ်ရလိမ့်မယ် သခင်ကြီး"

သမားတော်ကြီးက စကားတပြောပြောဖြင့် ပြည်များကိုကုန်အောင် အဝတ်ဖြင့်နှိုက်ထုတ် လိုက်ပြန်လေသည်။

"အား"

ပူလောင်သော ရေနွေး၏ဒဏ်ကြောင့် ပြည်များမှာ အထွေးလိုက်ပျော်ကာ ထွက်ကျလာသည်။ ပြီးတော့မှ ရေနွေးနှင့်စင်ကြယ်အောင် ဆေးပြီး ဆေးမှုန့်များပက်ဖျန်း လိုက်လေတော့၏။

ပန်းလက်ဆောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေး"

"အိုး . . အိုး"

အနီရောင် အနာကျက်ဆေးမှုန့်များမှာ အသားနုများကို အထိုက်အလျောက် စပ်စေသောကြောင့် ထွန့်ထွန့်လူးသွားလေသည်။ ထိုကိစ္စပြီးသည်နှင့် ဆေးရွက်များကို တစ်ထပ်ချင်းကပ်ကာ အပေါ်မှ အဖြူရောင်ဆေးတစ်ထပ် သုတ်လိမ်းပြီး အဝတ်ဖြင့်ပတ်ကာ စည်းနှောင်ပေးလိုက်လေသည်။

သည့်နောက်တွင်ကား ပူစပ်ပူလောင်ဖြစ်နေသော အနာမှ ဝေဒနာသည် တဖြည်းဖြည်းလျော့ကာ သွားလေတော့သည်။ ကျန်းကျန်းသည် အလွန်သတိကောင်းသူ ဖြစ်သည်။ သူသည် ရှေ့ဆောင်ရွက်ရမည့် အစီအစဉ်ကို သတိရသွားသည်။

"သမားတော်ကြီးကျေးဇူး ကြီးမားပါတယ်၊ ကျုပ်နဲ့ ခုလို တောထဲတောင်ထဲကို ခေါ်လာတာ စိတ်ထဲမှာ အနှောင့်အယှက်မဖြစ်ဘဲ အသက်ကိုစောင့်ရှောက်ပေးတာ ကျေးဇူးတင်ပါတယ်"

"သမားတော်ဆိုတာ ဝေဒနာရှင်ရဲ့အသက်နဲ့ ရောဂါကိုကြည့်ရမှာပါ၊ ကိုယ်ကျိုးဆိုတာကတော့ လူနာရှင်ရဲ့စေတနာနဲ့ စိတ်ဆန္ဒပါ၊ ခု သခင်ကြီး သက်သာပြီ မဟုတ်လား"

"သက်သာပါပြီ၊ စောစောကလို လေးလံကိုက်ခဲနေတာ မရှိတော့ဘူး၊ သမားတော်ကြီးလဲ အနားယူပါတော့၊ ချက်ပြုတ်တဲ့အဖွဲ့တွေက သမားတော်ကြီးအတွက် ထမင်းဟင်း စီစဉ်ပါလိမ့်မယ်"





သမားတော်ကြီးက သူ့အတွက် စီစဉ်ပေးထားသော အခန်းထောင့်ရှိ ကတ္တီပါအခင်းနှင့် ခြင်္သေ့ရုပ်ပေါ်ခင်းထားသည့် နေရာသို့ ကျန်းဖြူက လိုက်ပို့လိုက်သည်။

"သမီး . . ကျန်းဖြူ"

ကျန်းဖြူ သမားတော်ကြီးထံမှ ပြန်အလာတွင် အခန်းထဲမှ ကျန်းကျန်းက လှမ်းခေါ်လိုက်သည်။

"ရှင် . . ပြောပါ ဖေဖေ"

"ပိုးပေါင်နဲ့ ဖိဖေးလာရင် နှစ်ယောက်လုံးကို ဖေဖေ့ဆီကိုလွှတ်လိုက် ပြောစရာ စီစဉ်စရာရှိတယ်"

"သူတို့ အမဲလိုက်သွားတယ် ဖေဖေ၊ ညနေစာအတွက် ချက်ပြုတ်စားသောက်ကြဖို့ ထင်ပါရဲ့"

မကြာမီမှာပင် ပြန်လာကြသော အမဲလိုက်သမားများသည် သားကောင်ရသမျှကို မီးမြိုက်နိုင်ရန် ကြိုးစားကြသည်။ မီးဖို၍ တဲတန်းရှည်ဘက်သို့ အငွေ့ရောက်မရောက် တစ်ယောက်ပြီးတစ်ယောက် ထွက်၍လှေ့လာကြ၏။

မီးဖိုမှ အညှော်နံ့မှာ ပြင်ဘက်သို့ လွင့်ပါးသွားကာ အငွေ့များကို မတွေ့ရတော့မှပင် စိတ်ချလက်ချ အရေခွံများကို ဆုတ်ကာ မီးကင်နေလေသည်။ သည့်နောက်တော့ မြေအိုးများနှင့် ချက်ပြုတ်ကြလေတော့သည်။ ထိုအချိန်သည်ကား လမထွက်မီ မိုးချုပ်စအချိန်ပင် ဖြစ်လေသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

ဝါမနသည် သူ၏လူနှစ်ဦးအား ညဘက်တွင် တောင်ထိပ်ပေါ်တက်ကာ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရှုနိုင်းနေလေသည်။

ထိုအခါ တောင်နှစ်လုံး၏တစ်ဖက်မှ မီးရောင်လက်လက်ကို တွေ့ရသောကြောင့် ချူးဟူနှင့် ပိုက်တင်တို့သည် တောင်အောက်မှလူများကို အချက်ပေးသော ဝါးပီပီကို မှုတ်လိုက်လေသည်။

ထိုအချိန်တွင် တောင်သုံးလုံးသခင်မ စာမရီမှာ သူ့အတွက် ဆောက်လုပ်ထားသော လှပသပ်ရပ်သည့် သစ်နှင့်ဝါးကို အဆင်တန်ဆာလှလှဖြင့် ပြုလုပ်ထားသည့် ယာယီအဆောက်အဦး၏အလယ်တွင် ထူးတာ၊ ကြေးကြေးတို့နှင့်အတူ စကား





ထိုင်ပြောရင်း တောတွင်းမှ ရှာဖွေရရှိလာသော ငှက်ပျောသီးနှင့် ပိန္နဲသီးများ သုံးဆောင်လျက် ရှိသည်။

ကျူးရဲသည် ရောက်သည့်အရပ်တိုင်းတွင် သူ့လူများကို သစ်သီးပင်မှည့်များကို ရှာဖွေခိုင်းလေ့ရှိသည်။ တောတွင်းရှိ ပင်မှည့်သစ်သီးများမှာ လူတို့စိုက်ပျိုးထားသော သစ်သီးထက် ပိုမို၍ ချိုမြိန်လေသည်။

ထိုအပင်များရှိသည့်နေရာကို ယခင်ခရီးစဉ်များကတည်းက ရှာဖွေကာ မှတ်တမ်းတင်ထားရာ ယခုအခါတွင် ရောက်လာသည်နှင့် မြေပုံဖြင့် ရာသီသဘာဝကိုကြည့်ကာ စေလွှတ်ရုံပင် ဖြစ်လေတော့သည်။

ထူးတာမှာ သဘောသီးနှင့် ပိန္နဲသီးများကို သူတို့အတွက် ခွဲပေးထားသည့် ပန်းကန်ထဲမှ ယူကာစားရင်း

"သခင်မ . . ဒီအသီးတွေက ဘာလို့ ပိုချိုနေတာလဲ သိလား"

"ပင်မှည့်မို့လို့ပါကွယ်"

"ပင်မှည့်ဆိုတာထက် သခင်လေးကျူးရဲရဲ့ မေတ္တာတွေ ပျော်ဝင်နေတဲ့အတွက် ပိုချိုနေတာ သခင်မရဲ့"

"ဟုတ်တယ် . . ဟုတ်တယ်"

ထိုအခါမှ ကြေးကြေးကပါ ပြောရင်း ရယ်မောနေကြလေသည်။

ယာယီအဆောက်အဦ ဟုပင် ဆိုသော်လည်း အိန္ဒိယ ပြည်တောင်ပိုင်းမှ လာသော ကော်ဇောနီများကို ကြမ်းများပေါ်



www.burmeseclassic.com

www.burmeseclassic.com



တွင် အပြည့်ခင်းထားသည်။ အခန်းထောင့်များတွင် အသင့်ယူဆောင်လာသည့် မီးပုံးအဖြူ အနီ အဝါများကို ထွန်းညှိထား၏။

သခင်မစာမရီအတွက် သီးခြားကတ္တီပါလိုက်ကာများကာဆီးထားပြီး အစိမ်းရောင်ခန်းဆီးဖြင့် ဖြူစင်နုနယ်သော စာမရီ၏မျက်နှာလေးမှာ ဝင်းပနေသည်။

ထူးတာနှင့် ကြေးကြေးတို့၏စကားကြောင့် စာမရီ၏ ရှက်သွေးဖြာနေသော မျက်နှာလေးမှာ ရဲနေလေသည်။

"သခင်မကို ဒီလူနဲ့ပတ်သက်ပြီး နေရာဒေသက ဝေးတဲ့နေရာမှာ မပြောပါနဲ့. မနောက်ကြပါနဲ့."

"ဘာဖြစ်လို့လဲ သခင်မ"

"ဒီမှာပါတဲ့ တပ်ဖွဲ့အားလုံးကို သူကအကြီးဆုံး အုပ်ချုပ်တာ ဒီနေရာမှာ ကိစ္စက ဘယ်လောက်ကြာမှန်း မသိတော့ သူသာ သခင်မကို မရိုးမသားအနိုင်ကျင့်ပြီး သိမ်းပိုက်ရင် ဘယ်လိုလုပ်မလဲ"

"အို . . သခင်မကလဲကျူးရဲကဒီလိုလုပ်မယ့် လူမျိုးလား သခင်လေး ကျူးရဲနဲ့ အမြဲတမ်းခရီးသွားဖူးတာပဲ"

ထူးတာက သခင်လေးကျူးရဲဘက်မှ ဝင်ကာပြောလိုက်သည်။

"ထူးတာရော ကြေးကြေးရော သခင်မရဲ့ဘွားဘွားနဲ့ မယ်တော်က လူတွေရဲ့အကြောင်းကို သားရေပုရပိုဒ်ထဲက ဆုံးမစကားတွေနဲ့ ကျကျနနသင်ပေးထားတာ အရွယ်နုပျိုတဲ့ ယောကျ်ားကို ဘယ်တော့မှ မယုံကြည်ရဘူး၊ ကိုယ်နဲ့အတူ မ





နေရသေးသမျှ သူ့ရဲ့အကျင့်စာရိတ္တကို ဘယ်လိုမှ မသိနိုင်ဘူး၊ ကိုယ့်ကို မပိုင်ဆိုင်သေးသမျှလဲ ယောကျ်ားတွေဟာ အမြဲတမ်း သဘောအကောင်းဆုံးလူအဖြစ် ဟန်ဆောင်ကြတယ်တဲ့"

သူတို့စကားပြောနေစဉ်မှာပင် တောင်ထိပ်မှ အချက်ပေးဝါးမှုတ်သံကို ကြားရလေတော့သည်။

"ရှိ . . တူ . . တူ . . တူ"

"ဟော . . ဒါ ကင်းက မှုတ်တာပဲ၊ နယ်စပ်မှာ ထူးခြားမှုတစ်ခုခု ဖြစ်ပြီထင်တယ်"

ခန့်ညားသော လုံရှည်ကြီးကိုကိုင်ကာ ချပ်ရပ်သော သားရေဝတ်စုံကို ဝတ်ဆင်ထားသော ကျူးရဲသည် တပ်ဖွဲ့များကို တောင်သုံးလုံးသခင်မ၏ အဆောင်ပတ်လည်တွင် နေရာချကာ တောင်သုံးလုံးသခင်မ အဆောင်ထဲသို့ ဝင်လာလေတော့သည်။

လုံရှည်ကိုင်ဆောင်ကာ ကျူးရဲ့က ဦးညွှတ်လိုက်၏။

"သခင်မ စာမရီ"

"ပြောပါ ကျူးရဲ"

"အခု အချက်ပေးတဲ့ ဝါးမှုတ်သံကို ကြားတယ် မဟုတ်လား"

"ကြားပါတယ် . . တောင်ထိပ်ကင်းက ရေတံခွန်ရဲ့ တစ်ဖက်မှာ လှုပ်ရှားမှုတစ်ခုခု မြင်ရလို့ အချက်ပေးတာထင်တယ်၊ ဒီတော့ ကျောက်ဖြူစံအိမ်က ရှင်းလွယ်က နယ်ခြားကို ကျော်ဖြတ်ပြီး တိုက်ခိုက်ဖို့ အင်အားအလုံးအရင်းနဲ့များ ရောက်



www.burmeseclassic.com

www.burmeseclassic.com



နေသလား မပြောနိုင်ဘူး၊ ဘာပဲဖြစ်ဖြစ် ဒီညအဖို့တော့ သတိနဲ့ နေသင့်ပါတယ်"

"မပူပါနဲ့ ကျူးရဲ . . ကျွန်မက တုန်လှုပ်ကြောက်ရွံ့တတ်တဲ့စိတ် မရှိပါဘူး၊ ကျွန်မကိုယ်တိုင်ကလဲ တိုက်ရည်ခိုက်ရည်ရှိတယ်ဆိုတာကို ယုံတယ် မဟုတ်လား"

"ယုံပေမယ့် ဒီလို စစ်ပွဲကြီးထဲမှာတော့ သခင်မတို့လို နုနယ်တဲ့မိန်းမတွေ ဝင်ပြီးတော့ မတိုက်ခိုက်သင့်ပါဘူး၊ အရာရာကို ကျုပ်စီစဉ်ပါ့မယ်၊ သခင်မ အခု လုံခြုံရေးတွေရဲ့စောင့်ရှောက်မှုတွေနဲ့ ငြိမ်သက်စွာ နေတော်မူပါ"

"ကဲ . . ကျူးရဲ ဆောင်ရွက်စရာရှိတာသာ သွားဆောင်ရွက်ပါ၊ တောင်ထိပ်က ဘာထူးခြားမှု ရှိတာလဲဆိုတာတော့ ကျွန်မလဲ သိချင်တာပေါ့"

"ဒါဆိုရင် ကျုပ်ကိုခွင့်ပြုပါဦး"

ကျူးရဲ့သည် သခင်မကို ဦးညွှတ်ကာ ထွက်ခွာသွားလေတော့သည်။

ဝါမနသည် တောင်ထိပ်ပေါ်သို့ သူ့လူများနှင့် တက်လာခဲ့သည်။ ကျူးရဲသည်လည်း မီးတုတ်ကိုထွန်းညှိကာ တောင်ထိပ်ပေါ်သို့ တက်လာရာ တောင်ထိပ်ပေါ်မှ လှမ်းအော်သော ဝါမနအသံကို ကြားရသည်။

"ကျူးရဲ တောင်ထိပ်အထိ မီးတုတ်ကို မထွန်းနဲ့၊ လမ်းမြင်ရအောင် ကြည့်ပြီး တောင်ထိပ်ရောက်ခါနီးတာနဲ့ ငြိမ်းခဲ့"

"ကောင်းပါပြီ သခင်ကြီး"





ဝါမနသည် တကယ်တော့ ရှေးတောင်သုံးလုံးလူမျိုးများ၏ မျိုးဆက်မှ ကျန်ခဲ့သော အကြီးအအုပ်ဖြစ်သည်။ သင့်လျော်သည် မသင့်လျော်သည်ကို သူသည် များစွာအကဲခတ်တတ်သည်။

ကျောက်ဖြူစံအိမ်နှင့် တောင်ခြေလူမျိုးစုများမှ လူအင်အား၊ တိုက်ရည်ခိုက်ရည်နှင့် အရှုံးအနိုင်အခြေအနေကို အမြဲဆုံးဖြတ်သိရှိတတ်သူ ဖြစ်သည်။

စာမရီ၏ဖခင်ကြီး တောင်သုံးလုံးသခင်ကြီးပင် ဝါမနကို လေးစားရိုသေစွာ အကြံယူရလေသည်။ ထို့ကြောင့် ကျူးရဲမှာ လူ့ငယ်သူရဲကောင်းပင် ဖြစ်စေကာမူ ဝါမန၏ဆုံးမစကားကိုတော့ လွန်ဆန်ရဲသူ မဟုတ်ပေ။

ထို့ကြောင့် တစ်ဖက်တောင်ခြေမှလူများ မီးရောင် မမြင်နိုင်စေရန် တောင်တက်လမ်းကိုကြည့်ပြီး တောင်ထိပ်ရောက်လုနီးတွင် ကညင်ဆီမီးပုံးကို မီးငြိမ်းလိုက်လေတော့သည်။

ကျူးရဲ့နှင့်အတူ တပ်ဖွဲ့ဝင်ငါးဦး ပါလာသည်။ တောင်ထိပ်မှာ လေတဖြူးဖြူးတိုက်၍ နှင်းများက တဖွဲဖွဲကျလျက်ရှိနေသည်။ လရောင်ကြောင့် တစ်ဖက်တောင်ကြားမှ မီးဖို၏မီးလျှံအရောင်ကို တွေ့မြင်ရသည်။

ထိုအနားတွင် ဝင်လိုက်ထွက်လိုက်ဖြင့် လှုပ်ရှားသွားလာနေသော လူများကို တွေ့ရသည်။ အဖြူရောင်အကျီနှင့် ပေါင်လယ်လောက်ရှိ အဝတ်အစားများကို မီးတောက်အရှိန်ကောင်းလာသောအခါတွင် တွေ့မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝါမနနှင့်လူသုံးဦး၏ နောက်သို့ ကျူးရဲ့နှင့်လူငါးဦး ရောက်ရှိလာရာ စုစုပေါင်း လူခြောက်ဦးတို့ တန်းစီရပ်လိုက်သည်။

"ဦးလေး ဝါမန ဒါဟာ ကျောက်ဖြူစံအိမ်က လူတွေပဲ မဟုတ်လား"

"ဟုတ်တယ် . . သူတို့ဟာ နယ်ခြားကိုထောက်လှမ်းဖို့လာတာလား၊ ဒါမှမဟုတ် နယ်ခြားကို ကျော်ပြီးတော့ တို့တောင်သုံးလုံးလူမျိုးစုတွေ ရှိတဲ့နေရာတွေကို ကျူးကျော်ပြီး တိုက်ဖို့စီစဉ်တာလားဆိုတာ ပြောလို့မရဘူး"

"သူတို့ကင်းတွေက သစ်ပင်ပေါ်မှာ ရှိနိုင်တယ်၊ လရောင်နဲ့တော့ လူသိပ်များတာ မတွေ့ရဘူး ဦးလေးဝါမန"

"သူတို့ကြည့်ရတာ တို့ရှိတာ သိပုံမရပါဘူး"

အချိန်အတော်ကြာကြာ စောင့်ကြည့်သည့်တိုင် အေးဆေးသော အခြေအနေကို တွေ့မြင်ရလျှင် တောင်ကြားရေတံခွန်ကို ကျော်လွှန်လာမည့် အရိပ်အယောင်ကို မတွေ့ရသဖြင့် တောင်ထိပ်ပေါ်တွင် လူလဲနှင့်စောင့်ရန် တာဝန်ပေးခဲ့ပြီး ဝါမနနှင့် ကျူးရဲတို့လူစုကတော့ တောင်အောက်သို့ ပြန်ဆင်းလာခဲ့လေသည်။

ဝါမနနှင့် ကျူးရဲသည် သခင်မ စာမရိက အကျိုးအကြောင်းသိချင်သောစိတ် ရှိနေကြောင်းသိ၍ သခင်မအဆောင်သို့ ဝင်လာခဲ့သည်။

ထိုအချိန်တွင် စာမရိသခင်မမှာ ထူးတာ၏ ကြိုးသုံးချောင်းတပ် တယောသံကိုနားထောင်ကာ ခုတင်ပေါ်တွင် ငြိမ်သက်လျက် ရှိနေသည်။





ဝါမနနှင့် ကျူးရဲတို့သည် အခြေအနေကို စောင့်ကြည့်ရန် ကုလားထိုင်ဖြင့်ထိုင်ကာ နေကြသည်။ တယောသံကို ထူးတာက ရပ်ပစ်လိုက်သည်။

"ဘာဖြစ်လို့ ရပ်လိုက်တာလဲ ထူးတာ"

"ဘဘဝါမနနှင့် သခင်လေး ကျူးရဲတို့ ရောက်လာကြလို့ပါ သခင်မ"

သူမ ခုတင်ပေါ်မှ လူးလဲကာ ထလိုက်ပြီး အောက်တွင်ထိုင်ကာ လက်အုပ်ချီလိုက်သည်။

"ဘဘဝါမန သမီး မရှိမသေပြုသလို ဖြစ်မိရင် ခွင့်လွှတ်ပါ"

ယဉ်ကျေးလိမ္မာသော သခင်မ စာမရိကြောင့် ဝါမနက ပြုံးကာ ခေါင်းညိတ်လိုက်သည်။

"ထပါ သမီး ဘဘတို့က အကြောင်းမကြားဘဲ အဆောင်ထဲ ဝင်လာတာကို၊ အခု တစ်ဖက်နယ်စပ်က အခြေအနေကို အစီရင်ခံမလို့ပါ"

"ပြောပါ ဘဘ"

"သူတို့ဟာ အခုနယ်စပ်မှာ ရောက်နေကြတယ်၊ ချက်ပြုတ်စားသောက်နေကြတယ်၊ ဒီညတော့ ဒီဘက်ကိုကူးလာမယ့်ပုံ မရှိဘူး၊ သူတို့ဟာ တို့ရှိနေတာကော မသိဘူး ထင်ပါရဲ့"

"သေချာမသေချာ ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



စာမရီ၏မေးခွန်းက မေးသင့်သည့် မေးခွန်းဖြစ်သည်။

"ဒါကတော့ ကင်းတွေက အချက်ပေးဖို့ အသင့်ထားပါတယ်၊ တပ်တွေကိုလဲ အကုန် သတိနဲ့လှည့်ထားပါတယ်၊ ဟုတ်တယ် မဟုတ်လား ကျုံးရဲ"

"ဟုတ်ပါတယ် ဦးလေး၊ ကင်းအလှည့်နဲ့ပဲ သူတို့ကို အနားယူအိပ်စက် ခိုင်းပါတယ်၊ နို့မဟုတ်ရင် ရတ်တရက် လူမစုမိဘဲ ကသောင်းကနင်း ဖြစ်မှာစိုးလို့"

ကျုံးရဲက စာမရီ၏မျက်နှာကို ငေးစိုက်ကာ ကြည့်၍ ပြောသော်လည်း စာမရီကတော့ မျက်နှာကိုငုံ့၍ ထားလေသည်။

"ဘဘရဲ့အထင်ကို ပြောပါဦး"

"ဘဘရဲ့အထင်ကို ပြောရရင်တော့ ကျုပ်တို့ကသာ နယ်စပ်ကို တစ်နှစ်တစ်ခါလာလေ့ရှိတာ ကျောက်ဖြူစံအိမ်သခင်မ ရှင်းလွယ်က လာလေ့လာထ မရှိပါဘူး၊ ပြီးတော့ သူက ရန်မလိုပါဘူး၊ ရန်ပြုတာကို ကြောက်လို့သာ လူစုတာလို့ ကျုပ်တို့သိရတာ ကြာပြီ"

"ဒါဆိုရင်တော့ အကြမ်းပတမ်းဝင်ပြီး တိုက်တာဖမ်းတာ လုပ်ဖို့မကောင်းဘူးပေါ့နော် ဘဘ"

"ဟုတ်တာပေါ့ သခင်မ"

"ကျောက်ဖြူစံအိမ်သခင်မဆီက ရာဇဝတ်မှုနဲ့ပြေးပြီး ကျုပ်တို့ဆီမှာ ခိုအောင်းတဲ့လူ တစ်ယောက်နှစ်ယောက် ရှိခဲ့ဖူးတယ်ဒါပေမယ့်ကျုပ်တို့က လက်မခံဘဲ ရန်ငြိုးမဖြစ်စေချင်လို့ ကျောက်ဖြူစံအိမ်သခင်မဆီကို အကြောင်းကြားပြီး ပြန်အပ်ခဲ့တယ်"





"ကျွန်မကို ဖေဖေက ဒါတွေပြောမပြခဲ့ဘူး"

"ဘယ်ပြောပြခဲ့မလဲ .. ဒီအချိန်တုန်းက သမီးက လမ်းလျှောက်တတ် ခါစပဲ၊ ပြီးတော့ သမီးတို့အဖေ သခင်ကြီးက ဒီတောင်တန်းတစ်ဝိုက်မှာ ခိုအောင်းနေတဲ့ လူမျိုးစုတွေကို အချင်းချင်း စစ်မက်မဖြစ်ဖို့ အမြဲမှာကြားတယ်၊ ဒါကြောင့် သခင်ကြီး ဒေဗီရဲ့လက်ထက်မှာ ကျောက်ဖြူစံအိမ်နဲ့ရော ရာမူးတို့နဲ့ပါ တိုက်ခိုက်လို့ သေဆုံးတာ မရှိခဲ့ဘူး"

"ဒါပေမယ့် ဦးလေး ဝါမန ကျွန်တော်တို့က စစ်ကို မလိုလားပေမယ့်သူတို့ကတိုက်ခိုက်လုပ်ကြံဖို့ ကျုံးကျော်လာရင်တော့ ကျုပ်တို့က ပြန်မတိုက်လို့ ဘယ်ရမလဲ"

ကျုံးရဲက စိတ်အားတက်ကြွစွာ လက်သီးဆုပ်ကာ ပြောလိုက်သည်ကို ဝါမနက မည်သို့မျှမပြောဘဲ ပြုံး၍နားထောင်နေသော်လည်း စာမရီက ဆတ်ခနဲ စူးရဲသောမျက်လုံးဖြင့် ကြည့်လိုက်၏။

စာမရီ၏အကြည့်မှာ ကြောက်ရွံ့ခြင်း ထိတ်လန့်ခြင်း မပါသော အကြည့်မျိုး ဖြစ်သည်။

"ကျုံးရဲ ရှင့်ကို ကျွန်မ ရန်လိုတာ မကြိုက်ဘူးလို့ တစ်ကြိမ်မက ပြောခဲ့ပြီးပြီနော်၊ ပြီးတော့ အားနည်းသူကို အနိုင်ကျင့်တာ ဖမ်းတာဆီးတာ နှိပ်စက်တာတွေဟာ သူရဲကောင်းစစ်စစ်တွေရဲ့ အလုပ် မဟုတ်ဘူး၊ ကျွန်မ ဒါပဲပြောချင်တယ်"

ထူးတာနှင့် ကြေးကြေးတို့ရှေ့တွင် အားမနာပါးမနာ ပြောလိုက်သောကြောင့် ကျုံးရဲမှာ ရှက်ရွံ့ကာ မျက်နှာပျက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"သူက လူငယ်ဆိုတော့ သွေးက တိုက်ချင်ခိုက်ချင်တာ သူ့အစွမ်းပြချင်တာတွေ သူ့လူတွေရဲ့အင်အား ဘယ်လောက် အရည်အချင်း ရှိတယ်ဆိုတာ တစ်ဖက်ရန်သူက သိစေချင်တာတွေလဲ ပါပါတယ်၊ ဒါတွေဟာ စိတ်နှလုံးကြီးကြီးနဲ့ စဉ်းစားရင်တော့ အကျိုးမများလှပါဘူး"

× × ×

ကျူးရဲသည် ထိုညအဖို့ ဝါမနနှင့်အတူ စာမရီ၏အဆောင်မှ ထွက်ခွာလာခဲ့ပြီးနောက် သူ့အသည်းနှလုံးသည် အလွန်ပင် နာကျင်ထိခိုက်သွားလေသည်။ သူသည် လရောင်အောက် ရှိ ရေတံခွန်ဘေးတွင် ထိုင်လျက်ရှိသည်။

"ငါ့ကို တ ခြားမိန်းကလေးတွေက ချစ်ခင်နှစ်လိုကြသလို စာမရီက ဘာလို့ မချစ်ခင်မနှစ်လို ရတာလဲ၊ ငါ့မှာ အပြစ်တစ်ခုခု ရှိနေတယ်လို့ သူထင်တယ်၊ ခုတော့ ငါ့ရဲ့အပြစ်ဟာ ကြမ်းတမ်းမှု ရန်လိုမှုလို့ သူကပြောလာပြီ၊ တကယ်လို့ ကြမ်းတမ်းမှု ရန်လိုမှု မရှိဘူးဆိုရင် သူငါ့ကို သဘောကျလာမှာလား"

ရေတံခွန်ဘေးရှိ ရေကန်နားမှ သစ်ပင်ကိုမှီကာ သူသည် စဉ်းစားနေသည်။ သူ၏နောက်မှာတော့ သူတို့တပ်ဖွဲ့များ အိပ်ဘက်အနားယူရန် တဲတန်းလျားရှည်ကြီးကို အခိုင်အမာဆောက်ထားလျက် ရှိနေလေသည်။

"ငါက သူ သခင်မဆိုတဲ့

ဂုဏ် . ကို မက်တာ မဟုတ်ဘူး၊ ငယ်





ယ်ကတည်းက ငါဟာ သူ့ကိုသဘောကျခဲ့တာပဲ၊ သူကလဲ ငါနဲ့အတူတူ ဆော့ကစားခဲ့တာပဲ၊ ခုတော့ သူက ငါ့ကိုခွဲခြားပြီး ဆက်ဆံတဲ့သဘောတွေ ရှိတယ်၊ အေးလေ . . သူဒီလိုဆက်ဆံရင် ငါလဲ ငါ့သိက္ခာနဲ့ငါ အဝေးကပဲ သူ့ကို ကာကွယ်ရတော့မှာပေါ့"

"သခင်လေး ကျူးရဲကို လိုက်ရှာတာ ကျုပ်တို့ ဘယ်မှာမှ မတွေ့ဘူး၊ ညဥ့်နက်လှပြီ သခင်လေး ဟိုမှာ သခင်လေးရဲ့လူတွေက အရက်နဲ့စားစရာတွေချပြီး ရှာခိုင်းလို့"

သူ့လက်အောက်မှ အမှုထမ်းရဲမက်များ လိုက်လာသောကြောင့် အတွေးလွန်နေသော ကျူးရဲမှာ ရပ်ကာ လိုက်ပါလာရလေတော့သည်။

ကျူးရဲ၏အကြောင်းကိုသိသော ချင်းဟူနှင့် ဝိုက်တင်တို့က စောင့်နေရာမှ

"သခင်လေး ကျူးရဲကလဲ အတွေးတွေ သိပ်များနေပြီ၊ စစ်ရေးကိစ္စတွေ ရှိနေတဲ့အခါမှာ နှလုံးသားရေးရာကလဲ ပိုပြီးတော့ ခံစားနေရပြီ ထင်တယ်"

ဟုပြောလိုက်သည်။

"ဒါတွေထားပါ . . တောင်ထိပ်က ဘာသတင်းပို့သေးသလဲ"

သူ၏စကားမှာ နှလုံးသားရေးရာကိစ္စကို ဖြတ်လျက် စစ်ရေးသို့လွှဲပြောင်းလိုက်ခြင်းပင် ဖြစ်လေသည်။ ချူ[illegible] စကားပြတ်မသွားစေရန်



www.burmeseclassic.com

www.burmeseclassic.com



"အေးချမ်းတဲ့သတင်းပဲ ရတယ်၊ ဘာလှုပ်ရှားမှုမှ မရှိဘူး၊ ကင်းနှစ်ယောက်ကလွဲပြီး အိပ်စက်သွားကြတဲ့ပုံပဲ၊ သခင်လေး ကျူးရဲက စစ်ရေးကို ဒီလောက်မပူပါဘူး ဟုတ်တယ်မဟုတ်လား၊ သခင်မ စာမရီက သိပ်နူးညံ့သိမ်မွေ့တယ်"

ထိုအခါတွင် သူ့အား အပြစ်တင်လိုက်သော စကားသံကို ကြားရ၍ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် သူဟာ နူးညံ့တယ် ကြမ်းတမ်းတာကို မကြိုက်ဘူး"

ပိုက်တင်နှင့် ချူးဟူတို့က အရက်တစ်ခွက်စီ မော့ကာ ဟဟားဟား ရယ်မောလိုက်ကြလေသည်။

"ဟား . . ဟား . . ဟား . . ဟား"

"ဟား . . ဟား . . ဟား"

ချူးဟူတို့က သူ့ကို လှောင်သလိုဖြစ်၍ ကျူးရဲက တင်းမာသွားလေသည်။

"ဒါ ဘာသဘောလဲ"

"ဒါဟာ ယောကျ်ားဆိုတဲ့ခာတ်နဲ့ မတွေ့သေးတဲ့သဘောပဲပေါ့ . . သခင်လေး"

"ဘာ"

"ဟုတ်တယ် . . သခင်လေးက အိမ်ထောင်မရှိဘူး၊ ကျုပ်တို့က အိမ်ထောင်ရှိတယ်၊ သူကတို့ပြန်မယ့်အချိန်ကိုစောင့်ရင် အိုသွားလိမ့်မယ်"





ပိုက်တင်က မူးသံနှင့်ပြောသည်။ ချူးဟူက အရက်တစ်ခွက် လှမ်းပေးသောကြောင့် စိတ်လှုပ်ရှားနေသော ကျူးရဲက အရက်ကိုယူကာ မော့လိုက်၏။

"ဒါဆိုရင် ငါက ဘာလုပ်ရမှာလဲ ပိုက်တင်"

"သူတို့ပြန်မယ့်အချိန်ကို အသနားခံပြီး စောင့်မနေရဘူး၊ ကိုယ်က အကြမ်းဖက်ပြီးတော့ သိမ်းပိုက်လိုက်ရတယ်"

ခပ်တိုးတိုး ကျူးရဲနားသို့ကပ်ကာ ပိုက်တင်က အကြံပေးလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ရာဟု"၏ ကျန်းမာရေးမှာ မထင်မှတ်ဘဲ ကောင်းမွန်သွားသောကြောင့် ကျန်းကျန်း ထွက်ခွာသွားပြီးသည့် နောက်နေ့ ညနေမှာပင် လူအင်အားတစ်ထောင်ခန့်နှင့် ကျန်းကျန်းကို လိုက်လံဖမ်းဆီးရန် ပြင်ဆင်လေတော့သည်။

ရာဟုသည် လက်ကိုမြှောက်လိုက် လှည့်လိုက်လုပ်ကြည့်သည်။ ဒဏ်ရာ၏တုံ့ပြန်မှုကို ကြည့်ခြင်းအားဖြင့် သမားတော်ကြီး၏ ဆေးဝါးကောင်းမွန်မှုနှင့် မူလဒဏ်ရာမှာ သေးငယ်မှုကြောင့် သုံးရက်မြောက်နေ့မှာ အနာကျက်သွားခြင်းပင် ဖြစ်၏။

ကျောက်ဖြူစုံအိမ်သခင်မ ရှင်းလွယ်မှာ အားကိုးစရာ စစ်သူကြီး မရှိသော်လည်း 'ရာဟု'က သူ လိုက်ပါဖမ်းဆီးပေးမည်ဟု ဝန်ခံရုံသာမက သူ့အထိန်းတော် ဦးထွန်းရပါ လိုက်ပါလျက် တပ်များ၏ တပ်မှူးများနှင့် ကူညီမည်ဆိုသောကြောင့် အားတက်သွားလေတော့သည်။

ညဘက်တွင် ခရီးစတင်ထွက်နိုင်ရန် ရိက္ခာလှည်း ၂၂ စခန်းချနိုင်ရန်ပစ္စည်းများ၊ စစ်ရေးအရ လိုအပ်သောပစ္စည်းများ စသဖြင့် လှည်းအစီးပေါင်း ၂၀ ကျော်ကို ယူဆောင်ရန် ပြင်ဆင်ထားသည်။

အားလုံးမှာ စနစ်တကျ လေ့ကျင့်ဖွဲ့စည်းထားသော တပ်များဖြစ်၍ ကျောက်ဖြူစုံအိမ်သခင်မသည် ရှေ့ဆုံးမှ မြင်းသုံးစီးနှင့်အတူ ဦးဆောင်ကာ ထွက်ခွာလာလေသည်။





အလယ်မှမြင်းဖြူတွင် ကျောက်ဖြူစုံအိမ်သခင်မက ဖြူဆွတ်သော သားမွေးအင်္ကျီကို ဝတ်ဆင်လျက် ကျာပွတ်တစ်ချောင်း ခါးတွင်ပတ်ထားသည်။ လှံတစ်ချောင်းကိုလည်း ကျောတွင်ထောင်လျက် ဦးထွန်းရနှင့် ရာဟုတို့နှစ်ဦးကြားမှ စိုင်းနှင်လာခဲ့၏။

ရာဟု၏ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်နေပြီး ရာဟု၏လူယုံတော် ဦးထွန်းရမှာလည်း ကျန်းမာသန်စွမ်း၍ တိုက်ရည်ခိုက်ရည်ရှိကြောင်း ရာဟုက အာမခံသောကြောင့် ထိုသို့ သူမ၏ဘေးတစ်ဖက်တစ်ချက်မှ အားအကိုးရဆုံး လူနှစ်ဦးအဖြစ် ယုံကြည်ကာ ခေါ်ဆောင်လာခြင်း ဖြစ်၏။

တပ်မှူးများမှာရှင်းလွယ် သခင်မ၏အလုပ်ကိစ္စများတွင် ဝင်ရောက်စွက်ဖက်ရိုး ထုံးစံမရှိဘဲ အမိန့်ကိုသာ နာခံဆောင်ရွက်ကြသူများ ဖြစ်သောကြောင့် မည်သို့မျှဝင်ရောက် ပြောဆိုခြင်း မပြုပေ။

သူတို့သည် ညဦးစောစောပိုင်းမှာပင် နွံအိုင်ကြီးသို့ ရောက်ရှိလာကြ၏။

"ဒီခရီးကို ကျွန်မ မလိုက်လို့ မရဘူးဆိုတာ ဒီနွံအိုင်ပဲ၊ ဒီနွံအိုင်မှာ လျှို့ဝှက်ချက်ရှိတယ်၊ ကျွန်မတို့ အဘိုးအဘွားတွေ အဖေအမေတွေက ရန်သူအလွယ်တကူ မဝင်နိုင်အောင် စီစဉ်ခဲ့တာ"

သူမသည် တပ်မှူးကြီးတစ်ဦးကို ခေါ်ဆောင်ကာ နွံအိုင်ဖြတ်ရမည့် နွံအောက်ကျောက်ခင်းလမ်းအကြောင်းကို ပြောဆိုရှင်းလင်းပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နွံအိုင်ကို ဖြတ်သည့်အချိန်တွင် သူတို့ မြင်းသုံးစီးလုံး ယှဉ်၍မသွားနိုင်ပေ။ ထို့ကြောင့် ကျောက်တံတားကို ရှာဖွေပြီးနောက် ကျောက်ဖြူစံအိမ်သခင်မက အလျင်ဖြတ်သည်။

တစ်ဦးလျှင် ဝါးတံတစ်ချောင်းစီနှင့် စမ်းကာ နွံအိုင်ကို ဖြတ်နေသည့်အချိန်တွင် တစ်ဖက်မှရန်သူသာ ရှိနေလျှင် မလွယ်။ ထို့ကြောင့် မြားသမားများက နွံအိုင်တစ်ဖက်မှ အသင့်ချိန်ရွယ်ပြီးမှ ဖြတ်ကြရလေသည်။

လမ်းခရီးတစ်လျှောက် သိပ်မကြာလှသော်လည်း နွံအိုင်ကိုဖြတ်သည့် အချိန်တွင်ကား အချိန်အတော်ယူရလေသည်။ သူတို့ တဲပင်လူမျိုးစုကြီး နွံအိုင်ကိုဖြတ်၍ ပြီးသောအခါတွင် မိုးပင်လင်းလုလု ဖြစ်သွားလေသည်။

ယာယီစခန်းချ မနေတော့ဘဲ ခေတ္တနားပြီး အစားအသောက်များ စားကာ မှန်မှန်ပင် ခရီးဆက်၍ လာခဲ့ကြလေတော့သည်။ လူသူဖြတ်၍ သွားသောကြောင့် မြက်များပြားနေသည့်လမ်းကို တွေ့သည်နှင့် မည်သည့်နေရာသို့ ကျွန်းကျွန်းတို့လူစု သွားနေကြောင်းကို ရိပ်မိလိုက်လေတော့သည်။

"ဒီအတိုင်းဆိုရင်တော့ ကျွန်းကျွန်းဟာ သစ္စာဖောက်ပြီး နယ်စပ်ကိုဖြတ်ကျော် ခိုဝင်ဖို့ကြိုးစားပြီ တုန်းချီ"

'ရာဟု'ကို ယခုအချိန်ထိပင် ကျောက်ဖြူစံအိမ်သခင်မ ရှင်းလွယ်က 'တုန်းချီ'ဟုခေါ်သည်။ ရာဟုက သူ့ဘဝအမှန်ကို ဖွင့်ပြောရန် ရှိသော်လည်း သူ့လက်အောက်ငယ်သားများအပေါ် ကြမ်းတမ်းရက်စက်စွာ နှိမ်နင်းသော ရှင်းလွယ်ကို မနှစ်သက်လှပေ။

ပန်းလက်ဆောင်စာပေ



သို့သော် သူနှင့်ပတ်သက်၍ ကျောက်ဖြူစံအိမ်ရှိ တဲပင်လူမျိုးစုနှင့် ရာမူးလူမျိုးစုတို့တွင် အန္တရာယ်ကျရောက်နိုင်သောကြောင့် ကျွန်းကျွန်းကိုဖမ်းမိဖို့ လိုက်ပါကူညီခြင်းပင် ဖြစ်လေတော့သည်။ မိုးစင်စင်လင်းနေပြီ ဖြစ်သောကြောင့် နေရောင်ခြည်ဖြင့် တောရိပ်တောင်ရိပ်များသည် အလွန်သာယာ ပျော်ရွှင်ဖွယ် ဖြစ်နေလေသည်။

ကျောက်ဖြူစံအိမ်သခင်မသည် နှင်းငွေ့များကြားတွင် ပြုံးနေသည်။ သူမသည် ရာဟု၏မြင်းနားသို့ တိုးကပ်သွားကာ တောရိပ်တောင်ရိပ်နှင့် သစ်ပင်ကြီးများကို ကြည့်ရင်း

"ဒီနေရာတွေက သိပ်သာယာတာပဲ တုန်းချီ"

ဟုပြောလိုက်၏။

"ဟုတ်တယ် . . ကျုပ်ဒီလောက်စိုပြည်သာယာတဲ့ တောတောင်မျိုးကို မရောက်ဖူးဘူး"

"အရင်ကတည်းက ဒီနေရာတွေမှာ နှစ်ဖက်လူမျိုးစုတွေဟာ သွေးချောင်းစီးတိုက်ပွဲတွေ မတိုက်ခိုက်ခဲ့ဘူး၊ ဖေဖေနဲ့ တောင်သုံးလုံးသခင်ကြီးတို့ဟာ မဟာမိတ်တွေလို့ ပြောတယ်"

"ဒီလို တောနက်ထဲမှာနေတဲ့ လူမျိုးတွေဟာ စည်းလုံးညီညွတ်ရင် သိပ်ပြီး ပျော်စရာကောင်းမှာပေါ့"

ရာဟုက သူ့ရင်ထဲတွင်ရှိသည့်အတိုင်း ပြောလိုက်သည်။

× × ×

ပန်းလက်ဆောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

နံနက်မိုးလင်းသည်နှင့် 'ကျူးရဲ'သည် သူ၏တောင်သုံးလုံးလူမျိုးစု ငါးဆယ်ခန့်နှင့်အတူ ရေတံခွန်တောင်ထိပ်မှ အနီရောင်တောင်သုံးလုံးတံဆိပ်ပါ အလံများကို လွှင့်ထူကာ ဖြတ်ကျော်လာလေသည်။

ကျွဲချိုမှုတ်သံ၊ ဝါးဆစ်မှုတ်သံများမှာ ဆူဆူညံလျက်ရှိနေလေသည်။

"တူ . . တူ . . တူ"

"တူ . . တူ . . တူ"

ကျူးရဲသည် စာမရှိနှင့် ပတ်သက်သော ခံစားမှုရှိသည်။ ကျောက်ဖြူစံအိမ်မှလူများနှင့် တိုက်ခိုက်ရင်း သူကျဆုံးသွားလျှင်လည်း သူ့ဘဝသည် အေးသည်ဟု ယူဆထားသူ ဖြစ်လေ





သည်။ နံနက်နေရောင်သည် ရေတံခွန်တောင်ကြားသို့ ထိုးဟပ်နေသောကြောင့် တောင်ကြားမှ ရေတိမ်သည့် စမ်းချောင်းကျောက်ခဲကလေးများ မြင်နေရသည်။ ခြေသလုံးမြုပ်သည့်ချောင်းထဲမှ ဖြတ်ကျော်လာသည်။

တောင်သုံးလုံးအလံမှာ ကြက်လျှာသဏ္ဌာန်မျိုးရှိ၍ ထိပ်တွင် လေတိုက်ပါက လွင့်လျက် လှုပ်ရှားစေရန် ရွှေရောင်သုတ်ပြီး အစိတ်စိတ်အမွှာမွှာ ခွဲထားလေသည်။

ထိုအလံကြီးကို 'ကျူးရဲ'ကိုယ်တိုင် ဘယ်လက်ဖြင့် ထမ်းကာညာဘက်က ထွားကျိုင်းလှသော မြင်းဖြူကြီးကို စီးလျက်ချောင်းရိုးကို ဖြတ်လာသည်။

အညိုရောင်ဝတ်စုံ သားမွေးဝတ်စုံများ၊ ရွှေရောင်နှင့်အနီရောင်အလံများ၊ မြင်းဖြူကြီးများ၊ ဝါးပလွေနှင့် ကျွဲချိုမှုတ်သံများကြောင့် ယာယီတဲထဲမှ ကျောက်ဖြူစံအိမ်မှလာကြသည့်တဲ့ပင်လူမျိုးစုများ လက်နက်များကိုင်စွဲကာ ထွက်လာကြရှာသည်။

တောင်ကြားစမ်းချောင်းမှာ ကုန်းမြေမြင့်ပေါ်တွင် ရှိသောကြောင့် သူတို့တဲတန်းလျားရှေ့မှ လှမ်းမြင်နေရလေသည်။ ကျွန်းကျွန်းသည် အလွန်သတိကောင်းသူ ဖြစ်သည်။

ဖိုဖေးကို လှမ်းခေါ်လိုက်သည်။

"ဖိုဖေး"

"လာပါပြီ သခင်ကြီး"

"သွား . . ဘာကိုတွေ့တွေ့ တပ်ဖွဲ့တွေကို ယာယီတဲ



www.burmeseclassic.com

www.burmeseclassic.com



သောမှာ တန်းစီခိုင်းထား၊ တစ်ယောက်မှ ထွက်မသွားစေနဲ့ ကြားလား"

"ကြားပါတယ် သခင်ကြီး"

"ပိုးပေါင်"

"ပိုးပေါင်"

ပိုးပေါင်ကိုထပ်၍ လှမ်းခေါ်သည်။

"ပိုးပေါင်မှာ အပြင်မှာ ရောက်နေပါတယ် သခင်ကြီး"

"ခုချက်ချင်း သွားခေါ်စမ်း"

တဲ့ပင်လူမျိုးတပ်မှူးတစ်ဦး ပြေးထွက်လာသည်။ သဲချောင်းနှင့် သူတို့တဲမှာ တော်တော်ပင်ဝေးလှသည်။ သဲပြင်ကျယ်ကြီးနှင့် မြက်ခင်းပြင်ကြီးကို ဖြတ်ပြီးတော့မှပင် သူတို့နေသောနေရာသို့ ရောက်ရှိလာမည် ဖြစ်သည်။

သို့သော် လုံသွားနှင့် မြားအရောင်များ၊ အလံများကို နေရောင်ဖြင့် မြင်နေရသောကြောင့် အားလုံးထိတ်လန့်နေကြလေသည်။

× × ×

ဖိဖေးက အမိန့်ပေးကာ တဲရှေ့မြေကွက်လပ်တွင် သူ့လူများကို ထိန်းနေသည်။

"သခင်လေး ပိုးပေါင် . . သခင်လေးပိုးပေါင် သခင်ကြီးကျန်းကျန်း ခေါ်နေတယ်"

မမျှော်လင့်ဘဲ တွေ့မြင်ရသော တောင်သုံးလုံးလူမျိုးစုတပ်ဖွဲ့ကြီး တိုက်ခိုက်ရန် လာသည်ကို တွေ့ရ၍ ပိုးပေါင်မှာ





ထိတ်လန့်အံ့ဩနေသည်။

သူသည် စစ်ပွဲအတွေ့အကြုံရှိသူ မဟုတ်၍ ဝါးမှုတ်သံ၊ ကျွဲချိုမှုတ်သံနှင့် ကြေးနီရောင်ပြောင်နေသော လှံရှည်ကြီးများ တလက်လက်နှင့် ရန်သူများ ချောင်းကိုဖြတ်၍ လာသည်ကိုတွေ့သည်နှင့်တုန်တုန် ယင်ယင် ဖြစ်နေလေ သည်။

"သခင်လေး ပိုးပေါင်"

"သခင်လေး ပိုးပေါင်"

"ဟေ"

တပ်မှူးကို ထိတ်လန့်စွာ လှည့်ကြည့်လိုက်၏။

"သခင်ကြီး ကျန်းကျန်းက ခေါ်နေတယ်"

"အေး ခုပဲလိုက်ခဲ့မယ်"

ပိုးပေါင်သည် မျက်နှာပျက်ပျက်ဖြင့် တဲထဲသို့ဝင်ကာ အိပ်ရာထဲတွင် လဲနေသော ကျန်းကျန်းနားသို့ ရောက်သွားသည်။

"ဝါးမှုတ်သံ၊ ကျွဲချိုမှုတ်သံတွေ ကြားရတယ်၊ ဒါဟာ တောင်သုံးလုံးလူမျိုးတွေရဲ့ စစ်ချီသံပဲ၊ အထူးသဖြင့် သူရဲကောင်းကျူးရဲဟာ ရန်သူကိုတိုက်ခိုက်ခါနီးရင် ခုလိုပဲ ကီးမှုတ်လာလေ့ရှိတယ်၊ ပိုးပေါင် သဲချောင်းကို သူတို့ဖြတ်လာကြပြီလား"

"ဖြတ်လာကြပြီ သခင်ကြီး . . . လူတွေအများကြီးပဲ၊ တောင်သုံးလုံးလူမျိုးတွေ အများကြီးပဲ"

"ကိစ္စမရှိပါဘူး ပိုးပေါင်ရာ၊ ငါက အခုအချိန်ကို စောင့်နေတာ၊ ကဲ . . . မင်း ဟိုထောင့်က အိတ်ကိုဖွင့်၊ အဲဒီထဲမှာ အလံဖြူတွေရှိတယ်၊ အဲဒီအလံဖြူတွေကို ရှေ့တန်းက လူတွေ



www.burmeseclassic.com

ကိုယေးပြီးတော့ ဗေ့ယမ်းပြလိုက်၊ ဖိဖေးကို တစ်ချောင်းပေးပြီး ငါခိုင်းတဲ့အတိုင်းလုပ်လိုက်"

"ဟုတ်ကဲ့"

"ခဏနေဦး"

"ပြီးတော့ စားစရာသောက်စရာတွေကို ချက်ပြုတ်ဖို့ စီစဉ်ခိုင်း၊ လူတ ချို့ကို စိတ်မပူဖို့ပြောပြီးတော့ အထဲသွင်း၊ တဲနောက်မှာ ညကရလို့ ကျပ်တင်ထားတဲ့ အသားတွေကို ချက်ပြုတ်ခိုင်း၊ သေရည်အိုးအကောင်းစားတစ်အိုး ယူလာတာ ရှိတယ် မဟုတ်လား"

"ရှိပါတယ် သခင်ကြီး"

"ကဲ . . ဒါဆို ငါ့ကို အလင်းရောင်ရှိတဲ့ ပြတင်းပေါက်နားကို ဒီအခန်းထဲက ရွှေ့ဖို့ လူလေးယောက်နဲ့ စီစဉ်ပါ"

"ကောင်းပါပြီ"

ကျန်းကျန်းကား စစ်ရေးအတွေ့အကြုံရော သတိနှင့်ဉာဏ်ပညာပါ ကောင်းသူဖြစ်၍ သူ့လူများကို စနစ်တကျစီစဉ်ညွှန်ကြားနိုင်သည်။ ထိုအခါတွင်မှ ကျန်းကျန်းဘာလုပ်သည်ကို သိ၍ ပိုးပေါင်မှာ တုန်လှုပ်နေသောစိတ် လျော့ပါးသွားလေတော့၏။

ဝါးမှုတ်သံ၊ ကျွဲချိုမှုတ်သံဖြင့် အပြင်းစိုင်းနှင်လာသော တောင်သုံးလုံးလူမျိုး စစ်ပွဲကြီးမှာ မြက်ခင်းပြင်ကိုဖြတ်လိုက်သည်နှင့် အလံဖြူများ ဗေ့ယမ်းပြနေသည်ကို တွေ့သွားလေသည်။





ကျူးရဲသည် မြက်ခင်းပေါ်မှဆုံးလျှင် သဲပြင်ပေါ်သို့ ရောက်တော့မည်ဖြစ်၍ သူ့တပ်ဖွဲ့များအား လှံဖြင့်ဗေ့ယမ်းကာပြလိုက်ပြီး ရပ်နိုင်းလိုက်သည်။

အားလုံးသည် လှံများကို တကိုင်ကိုင်ဖြင့် တိုက်ပွဲဝင်တော့မည့် ဟန်အမူအရာအကြည့်ဖြင့် တက်ကြွမာလာခဲ့ကြရာ ကျူးရဲက သူ့မြင်းဖြူပေါ်မှ လက်နှစ်ဖက်အား ကာရပ်နိုင်းလိုက်သောကြောင့် အားလုံး မြင်းဇက်ကြိုးများဆွဲကာ ရပ်လိုက်ကြသည်။

ချူးဟူနှင့် ပိုက်တင်တို့မှာ အလွန်ရက်စက်သော လူကြမ်းကြီးများ ဖြစ်သည်။ တိုက်ပွဲကြားတွင်ဆိုလျှင် မည်သူ့ကိုမျှ ညှာတာစိတ်မရှိ။ တွေ့သမျှကိုသတ် မြင်သမျှကိုထိုးဖောက်ကာ သရဲမရဲစီး၍ တိုက်ပွဲဝင်လေ့ရှိသူများပင် ဖြစ်သည်။

ကျူးရဲ၏မြင်းဖြူကြီးနောက်မှ ကပ်ပါလာသော ချူးဟူနှင့် ပိုက်တင်တို့သည် ရှေ့သို့တက်လာကာ

"ဘာသဘောလဲ သခင်လေး"

"လက်နက်ချ အညံ့ခံတဲ့သဘောပေါ့ကွ"

"ဒါဆိုလဲ အကုန်သတ်ပစ်လိုက်တာ အေးတယ်၊ နို့မို့ဆိုရင် ဒီကျောက်ဖြူစုံအိမ်ကလူတွေက အလုပ်ရှုပ်တယ်"

ပိုက်တင်က သူ့ဆန္ဒကို ပြောလိုက်သည်။ ကျူးရဲက သူရဲကောင်းပီသစွာ စစ်ပွဲ၏စည်းကမ်းကို နားလည်သည်။

www.burmeseclassic.com



"ဒီလိုလုပ်ဖို့တော့ မသင့်လျော်ဘူး၊ ဦးလေးဝါမနတို့ လူမျိုးစုခေါင်းဆောင် လူကြီးတွေတို့ သခင်မစာမရိတို့က သဘောတူမှာ မဟုတ်ဘူး"

"အို . . သူတို့သိတာမှ မဟုတ်ဘဲ သခင်လေးရယ်"

ချူးဟူက လုံရှည်ကြီးကို ဝှေ့ယမ်းရင်းပြောလိုက်၏။

ကျန်းကျန်းက မှာကြားထားသည့်အတိုင်းပင် ပိုးပေါင်သည် မြင်းတစ်စီးဖြင့် ကျူးရဲရှိရာသို့ စိုင်းနှင်သွားလေသည်။ သူ၏ခန္ဓာကိုယ်တွင် မည်သည့်လက်နက်မျှ ယူဆောင်မသွားခဲ့ပေ။

"သခင်လေးက တောင်သုံးလုံးလူမျိုးစုခေါင်းဆောင် သူရဲကောင်းလား ခင်ဗျာ"

ပိုးပေါင်က မြင်းပေါ်မှ ဦးညွှတ်ကာ မေးလိုက်သည်။

"ဟုတ်တယ် . . ငါနာမည် သူရဲကောင်းကျူးရဲပဲ၊ မင်းတို့ဆီမှာ ငါနဲ့ယှဉ်ပြိုင်တိုက်ခိုက်ဖို့ သူရဲကောင်းပါလား"

ကျူးရဲက မာကျောစွာမေးသည်။

"မပါပါဘူး ခင်ဗျာ၊ ကျုပ်တို့ဟာ သူရဲကောင်းကျန်းကျန်းရဲ့နောက်လိုက်တွေပါ၊ သူရဲကောင်းကျန်းကျန်းက ခု သခင်လေးကျူးရဲဆီမှာ လက်နက်ချလိုက်ပါပြီ"

ကျူးရဲသည် ပိုးပေါင်ပြောသည့်စကား ဟုတ်မဟုတ်ကို မျက်လုံးဝှေ့ကစားကာ ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။ ယတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်နေ၏။ အလံဖြူကိုင်ဆောင်ထားသော လူအစိတ်ခန့်မှာလည်း မည်သည့်လက်နက်မျှ ကိုင်





စွဲထားသည်ကို မတွေ့ရပေ။

"ခု ကျောက်ဖြူစံအိမ်သခင်မရဲ့ စစ်သူကြီးသူရဲကောင်းကျန်းကျန်း ပါသလား"

"ပါပါတယ်"

"ဒါဖြင့် ကျုပ်ကို ဘာလို့ထွက်ပြီး မတွေ့တာလဲ၊ အဖက်မတန်လို့လား"

"မဟုတ်ပါဘူး ကျောက်ဖြူစံအိမ်သခင်မရဲ့ ရက်စက်မှုကြောင့် သူရဲကောင်းကျန်းကျန်းဟာ ဒဏ်ရာအပြင်းအထန်ရရှိထားပါတယ်"

"သခင်လေးကျူးရဲကို ဖိတ်ခေါ်ပါတယ်၊ ကျုပ်တို့အားလုံး လက်နက်ချထားပါတယ်၊ မယုံရင် တောင်သုံးလုံးက ရဲမက်တွေကို စစ်ဆေးခိုင်းပြီးတော့မှ သခင်လေး တဲထဲကိုဝင်ရောက်နိုင်ပါတယ်"

ကျူးရဲသည် သူ၏လက်ဝဲလက်ယာရှိလူများကို လက်ဝှေ့ယမ်းပြလိုက်သည်။

"ချွမ်း"

လုံရှည်များထုတ်ကာ တဲပတ်ပတ်လည်ကို ဝိုင်းထားလိုက်ကြသည်။ ထို့နောက်တွင် လူသုံးယောက်အား တဲထဲသို့ ဝင်ရောက်စစ်ဆေးစေလေသည်။ မည်သည့်အန္တရာယ်မျှ မရှိမှပင် ကျူးရဲသည် သူ့အခြွေအရံငါးဦးနှင့်အတူ တဲထဲသို့ဝင်သာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျန်းကျန်းသည် ခေါင်းအုံးထူထူများ ခုပေးထား၍ ကိုယ်တစ်ပိုင်းမှာ ခပ်ထောင်ထောင် ဖြစ်နေသည်။ ကျူးရဲ ထိုင်ရန် ကတ္တီပါထိုင်ခုံဝိုင်းအထူကို သူ့ဘေးတွင် ချပေးထား၏။ ရှေ့တွင် အရက်အိုးနှင့် စားစရာများ တင်ထားသည့် စားပွဲပုလေး အသင့်ရှိနေလေသည်။

"ကျုပ်ကိုယ်တိုင် မိတ်ဆွေကြီး ကျူးရဲကို ထွက်ပြီးမကြို ဆိုနိုင်တာကတော့ ခွင့်လွှတ်ပါ"

"ကျုပ်နားလည်ပါတယ် ခင်ဗျားရဲ့ခြေတစ်ဖက်မှာ ဒဏ်ရာအပြင်းအထန် ရထားတယ် မဟုတ်လား၊ ကိစ္စမရှိပါဘူး အခု ဒီနယ်စပ်ကို လာတဲ့ကိစ္စက ဘာကိစ္စလဲ"

"ကျုပ် တောင်သုံးလုံးလူမျိုးစုတွေဆီကို လက်နက်ချပြီး နိုဝင်ချင်ပါတယ်၊ ပြီးတော့ ကျုပ်ပေါ်မှာ ရက်စက်တဲ့ ကျောက်ဖြူစုံအိမ်သခင်မနဲ့ တဲ့ပင်လူမျိုးစုတွေကို တောင်သုံးလုံးလူမျိုးစုတွေက အပြီးအနိုင်ရပြီး သိမ်းပိုက်စေချင်ပါတယ်"

ကျူးရဲက အားရပါးရ ရယ်မောလိုက်လေသည်။

"ဟား . . ဟား . . ဟား သူ့ရဲကောင်းကျန်းကျန်းက တဲ့ပင်လူမျိုးစုတွေအပေါ်မှာ ဒီလောက်ထိပဲ စိတ်မကျေမနပ် ဖြစ်နေသလား၊ ကျုပ်တို့တိုက်တော့ရော လွယ်လွယ်ရမတဲ့လား"

"ရပါတယ် ကျုပ်ဟာ စစ်သူကြီးတစ်ဦးဖြစ်တဲ့အတွက် ကျောက်ဖြူစုံအိမ်ရဲ့ လျှို့ဝှက်ချက်တွေအားလုံးကို သိရှိထားတယ်၊ စစ်ရေးအရ လျှို့ဝှက်ခုခံမယ့်နေရာတွေ၊လွယ်ပေါက်တွေ လှိုင်ခေါင်းတွေအားလုံးဟာ ကျုပ်စီစဉ်ခဲ့တာပဲ"





ကျူးရဲ၏မျက်လုံးများ တောက်ပသွားလေတော့သည်။

"အင်း . . ဒါဆိုရင်တော့ ကျောက်ဖြူစုံအိမ်နဲ့ အဲဒီ တောင်တန်းက ဓားမူးလူမျိုးစုတွေပါ ကျုပ်တို့လက်အောက်ကို ရောက်မှာပေါ့၊ ဒီနယ်မှာ ကျုပ်တို့သခင်မစာမရှိ မပိုင်တဲ့နယ် နိမိတ်ရှိမှာ မဟုတ်တော့ဘူး"

"ကျုပ်ကလဲ ဒီအကြံရှိလို့ ပူးပေါင်းတာပေါ့၊ ကျုပ်လဲ အသက်ချမ်းသာရာရပြီး ကောင်းကောင်းနေရ စားရမှာပဲ မဟုတ်လား"

"ဒါပေါ့ ခင်ဗျားကိုလဲ အနိမ့်ဆုံးတော့ တပ်မှူးကြီးတို့ ဘာတို့ ရာထူးမျိုးနဲ့ ကျုပ်တို့သခင်မက ကောင်းကောင်းမြှောက်စားမှာပါ"

"ကဲ .. ဒါဆိုရင် ကျုပ်တို့ဆီက နှစ်ချို့အရက်လေးကို သောက်လိုက်ပါဦး သူ့ရဲကောင်းကြီး . . ကျုပ်ဂုဏ်ပြုပါရစေ"

ခုံပုလေးပေါ်မှ အရက်အိုးကို ဖွင့်ကာ ကြွေပန်းကန်လေး နှစ်ခုထဲသို့ထည့်ကာ ကျူးရဲကိုတစ်ခွက် ကမ်းပေးပြီး ကျန်းကျန်းက တစ်ခွက်မော့သောက်လိုက်သည်။ ကျူးရဲကလည်း မော့သောက်လိုက်ရာ အလွန်ချိုမြိန်ရှတသော အရက်ပြင်းဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

"တော်တော်ကောင်းတဲ့ အရက်ပဲ ကျန်းကျန်း"

"ဟုတ်တယ် သူ့ရဲကောင်းကြီးကို ဧည့်ခံဖို့ သက်သက် ယူလာခဲ့တာပါ၊ ကျုပ်တို့ကို ပြီးရင် တောင်သုံးလုံးနယ်နိမိတ် အာက်မှာ ခိုလှုံခွင့်ပေးမယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ ခုလို အတွင်းလူက လာပြီးပူးပေါင်းတာကို ကျုပ်တို့က လက်ခံရမှာပေါ့၊ ပြီးရင် တောင်သုံးလုံးက လူအင်အားထပ်ဆင့်ပြီး အမြန်ဆုံး ကျောက်ဖြူစံအိမ်နဲ့ တဲ့ပင်လူမျိုးစုတွေကို နှိမ်နင်းသိမ်းပိုက်ဖို့ လုပ်ရမယ်"

"ဒါ အသင့်လျော်ဆုံးပါ"

× × ×

ရာဟု၊ ကျောက်ဖြူစံအိမ်သခင်မနှင့် ဦးထွန်းရတို့ ဦးဆောင်လာသော တဲ့ပင်လူမျိုးစုတပ်ကြီးသည် ကျန်းကျန်းတို့အား တောင်သုံးလုံးသူ့ရဲကောင်း ကျူးရဲတို့က ရေတံခွန်တောင်ကြားမှ တစ်ဖက်သို့ခေါ်ဆောင်သွားပြီးနောက် များမကြာမီမှာပင် ကျန်းကျန်းတို့ စခန်းချခဲ့သည့် နေရာသို့ ရောက်ရှိလာခဲ့ကြလေသည်။

ကျန်းကျန်းတို့က နံနက်ပိုင်းစောစောတွင် ရေတံခွန်တောင်ကြားသို့ လိုက်ပါသွားကြသည်။ နေမွန်းတည့်လုနီးပါးတွင် ရာဟုတို့က ထိုအဆောက်အဦ များကို တောအုပ်ထဲမှ လှမ်းမြင်နေရလေသည်။

"ကျုပ်တို့ကတော့ လွင်ပြင်မှာ ခုလိုထွက်ပြီး နေလို့မဖြစ်ဘူး၊ သစ်ပင်တွေရှိတဲ့ တောအုပ်ထဲမှာ ယာယီတဲတွေဆောက်ပြီးတော့ နားကြတာ ကောင်းမယ်"

ရာဟုက အကြံပေးစကား ပြောလိုက်သည်။





"ဟုတ်တယ် . . ရေတံခွန်တောင်ကြားထိပ်က ကြည့်ရင် ဒီအဆောက်အဦ တဲတန်းလျားက ထင်ရှားနေတာပဲ၊ ကြည့်ရတာ ကျန်းကျန်းက တောင်သုံးလုံးလူမျိုးစုတွေနဲ့ ပေါင်းပြီး ကျွန်မတို့ကို ပြန်တိုက်ဖို့ စီစဉ်နေတယ် ထင်တယ်"

"သေချာတာပေါ့ သခင်မ၊ သူက လှို့ဝှက်ချက်တွေ ပြောပြပြီး တဲ့ပင်လူမျိုးစုတွေ ဒုက္ခရောက်အောင် ကြံစည်နေမှာ သေချာတယ်၊ ခုတော့ဟို ဖက်နှယ်နိမိတ်ထဲ ရောက်သွားပြီထင်တယ်၊ နယ်ခြားစောင့်တပ်တွေ ရောက်လာသလား မသိဘူး"

"ဒါကြောင့် တောအုပ်ထဲမှာ နေတာ ကောင်းတယ်၊ ကဲ ပါလာတဲ့ ရွက်ဖျင်တွေနဲ့ တဲတွေထိုးကြ၊ လိုအပ်ရင် ဝါးတွေ ခုတ်ပြီးတော့ စားစရာတွေချက်ပြုတ်တဲ့ လူတွေက ချက်ကြပြုတ်ကြ၊ စားစရာလေး ဘာလေးရှာချင်လဲ ကိုယ့်ခေါင်းဆောင်ကို ပြောပြီးထွက်ရှာကြ"

"ကောင်းပါပြီ သခင်မ"

တပ်မှူးများက သူ့လူအုပ်နှင့်သူ တဲဆောက်လုပ်ရန်ကိစ္စ၊ ချက်ပြုတ်ရန်ကိစ္စများကို စီစဉ်လိုက်ကြလေတော့သည်။

မြင်းပေါ်မှဆင်းကာ ရာဟုသည် ကေခဲအုပ်ထဲသို့ လျှောက်လှမ်းလာ၏။ သူသည် သစ်ပင်ကြီးကြီးတစ်ပင်အောက်တွင် ထိုင်ချကာ အမောဖြေလိုက်လေသည်။

"ရှင်တော်တော် ပင်ပန်းနေပြီ ထင်တယ်၊ ရှင့်ဒဏ်ရာက ဘယ့်နှယ်နေသေးလဲ"

"ဒဏ်ရာက ဘာမှမဖြစ်တော့ပါဘူး၊ ခဏနားနေတာ



www.burmeseclassic.com

www.burmeseclassic.com



ပါ"

ကျောက်ဖြူစံအိမ်သခင်မက သူ့ဘေးတွင် လာ၍ထိုင်ကာ ရာဟုကို ရွှန်းရွှန်းစားစား ကြည့်နေသည်။ ရာဟုက မသိချင်ယောင်ဆောင်ကာ မျက်နှာလွှဲနေ၏။

"တုန်းချီ"

"ဟင်"

"ရှင့်စိတ်ထဲမှာ ကျွန်မ ရှင့်ဘေးမှာရှိတယ်ဆိုတာ အသိအမှတ်ပြုထားရဲ့လား"

"ဟင့်အင်း . . ကျုပ်က ကျုပ်တွေးချင်တာတွေး၊ တစ်ယောက်ထည်းလွတ်လွတ်လပ်လပ်တွေးနေချင်တာ"

"အို"

ကျောက်ဖြူစံအိမ်သခင်မ မျက်နှာပျက်သွားသည်။ သူမသည် ဆတ်ခနဲထကာ ထွက်သွားတော့၏။ သည်တော့မှ ရာဟုမှာ စိတ်လက်ပေါ့ပါးသွားလေသည်။



ညနေစားစားကြခြင်းကား ပျော်စရာကောင်းလေသည်။ သစ်ပင်အုပ်များအောက်တွင် အသားခြောက်ကင်များ၊ ငါးခြောက်ဖုတ်များနှင့် အသားပြုတ်များကို အားရပါးရစားကြသည်။

ရာဟုသည် ကျောက်ဖြူစံအိမ်သခင်မအတွက် ဆောက်လုပ်ထားသည့် အလယ်မှ သုံးဆင့်တဲကြီးနှင့်ဝေးရာ တောအုပ်တွင်းရှိ သစ်ခက်မိုးတဲလေးတွင် ဦးထွန်းရကိုခေါ်ကာ နေသည်။

ကျောက်ဖြူစံအိမ်သခင်မကား ရာဟုနှင့် ဦးထွန်းရတို့အတွက် သူမ၏သုံးထပ်သုံးဆင့် ရွက်ဖျင်တဲရှေ့တွင် သပ်သပ်ရပ်ရပ် အမိုးချွန်ရွက်ဖျင်အဆောက်အဦးနှင့် ကတ္တီပါကော်ဇောကို ခင်းပေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



လူအားလုံးလိုလိုက ရာဟုအတွက် ရည်ရွယ်ထားသော ရွက်ဖျင်တဲမှန်းသိ၍ မည်သူမျှပင် မနေရဲပေ။

ရာဟုကလည်း ကျောက်ဖြူစုံအိမ်သခင်မနှင့် နီးနေ၍ ထိုတဲထဲတွင် မနေပေ။ တပ်ဖွဲ့များနေသော သစ်ခက်မိုးသစ်ခက်ကာ မြက်ဖျာခင်းထားသည့် တဲလေးထဲတွင် ဦးထွန်းရနှင့်ပင် နေလိုက်သည်။

"ဘာဖြစ်တာလဲ ရာဟုရ"

"ဘာဖြစ်ရမလဲ ကျောက်ဖြူစုံအိမ်သခင်မက စကားများတယ်၊ ရက်စက်တယ် . . သူ့နားမှာ ကျုပ်မနေချင်ဘူး"

"ဒါပေမယ့်သူကတော့ မင်းကို သဘောကျနေတယ်ကွ၊ မင်းကို ကျောက်ဖြူစုံအိမ်ရဲ့ သခင်ကြီးအဖြစ်နဲ့ တစ်သက်လုံး နေစေချင်တယ်"

"တော်စမ်းပါ ဦးလေးရာ . . ကျုပ်က မိန်းမဖြစ်ပြီး ကြမ်းတမ်းတာ၊ ရက်စက်ကြမ်းကြုတ်တာကို သဘောမကျဘူး သူ့လူမျိုးခေါင်းဆောင်တွေကို ကျာပွတ်နဲ့ရိုက်တဲ့ မျက်လုံးတွေ ဦးလေး တွေ့တယ်မဟုတ်လား၊ ဒေါသတွေ ရမ္မက်တွေ ဒါဘယ် လောက် ကြောက်စရာကောင်းလဲ၊ ကျုပ်ကတော့ ခုတောင် ထွက် ပြေးချင်ပြီ"

"ဟား . . ဟား . . ဟား"

ရယ်လိုက်ပြီးနောက် ဦးထွန်းရက ခေါင်းခါလိုက်သည်။

"ဟာကွာ . . နစ်ဖက်လူမျိုးစုနယ်စပ်ရောက်မှ မင်းက ဘယ်ထွက်ပြေးချင်လို့လဲ၊ မင်းထွက်သွားချင်လဲ ကျန်းကျန်းတို့





လူစုကို မိအောင်ဖမ်းပေးလိုက်၊ ဒါမှ ကျောက်ဖြူစုံအိမ်သခင် မ စိတ်ကျေနပ်သွားမယ်"

"သူက ကျုပ်ကို အသာတကြည် သွားခွင့်ပြုမှာမလား"

"မပြုလဲ မင်းနဲ့ငါ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ပြေးကြတာ ပေါ့ကွာ၊ ဒီညတောင် ဒီပတ်ဝန်းကျင်ကို တို့လှေ့လာကြည့်ဖို့ ကောင်းတယ် ရာဟု"

"ဟုတ်တယ် . . ကျုပ်လဲ အဲဒီအကြံရှိလို့ ဒီနေရာကို လာနေတာပဲ၊ ကျောက်ဖြူစုံအိမ်သခင်မနားဆိုရင် လွတ်လွတ် လပ်လပ် နေရမှာ မဟုတ်ဘူး၊ ကဲ လတောင့်ထွက်ပြီ၊ တောင် ကြားနဲ့ ရေတံခွန်ကလဲ ရှင်းပြီး သာယာနေတာပဲ၊ အဲဒီဘက်ကို သွားကြည့်ကြရအောင်"

"ကောင်းသားပဲ"

သူတို့သည် လက်နက်ကိရိယာများ ကြိုးများကို ခါးတွင် ပတ်ကာ ထွက်လာခဲ့ကြသည်။

ကျန်းကျန်းတို့နေထိုင်ခဲ့သည့် နေရာမှ လက်ရာခြေ ရာများကို တွေ့ရသည်။ အဝတ်အစား၊ အသုံးအဆောင်များကို တွေ့ရခြင်းအားဖြင့် ကျောက်ဖြူစုံအိမ်မှလူစု ခိုအောင်းသွား ခဲ့ခြင်းဟု သိရသည်။

တဖြည်းဖြည်းနှင့် သူတို့ သဲချောင်းကိုဖြတ်ကာ တောင် ကြားနားသို့ ရောက်လာခဲ့ကြလေတော့သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



လူမမြင်သာသောဘက်မှ တောင်ငုတ်များကို ကြိုးချည်ကာ ရာဟုနှင့် ဦးထွန်းရတို့ ကျော်ဖြတ်လိုက်သောအခါ စိမ်းစိုသော ရေတံခွန်ကြီး၏ဘေးတွင် မီးရောင်များနှင့် အဆောက်အဦ များကို တွေ့ရလေတော့သည်။

"ဦးလေးရေ"

"ဟေ"

"တွေ့လား သေချာပြီ၊ တောင်သုံးလုံးလူမျိုးစုတွေ ရောက်ပြီး စခန်းချနေကြတာ၊ ဦးလေး ဒီနားက စောင့်ကြည့်ဦး၊ ကျွန်တော် တောင်ပူစာလေးဆီသွားပြီးတော့ လူအင်အား ကြည့်လိုက်ဦးမယ်"

"သတိထားလုပ်ကွာ"

တောင်ပူစာလေးများ အဆင့်ဆင့်ဘေးတွင် နက်ရှိုင်းသော ရေတံခွန်သောက်ရေကန်ကြီး ရှိသည်။ ထိုရေကန်ကြီးမှ အရှိန်နှင့် ဒလဟော အောက်သို့စီးဆင်းနေသည်

တောင်သုံးဆင့်သို့ တစ်ဆင့်ပြီးတစ်ဆင့် စီးဆင်းနေသောကြောင့် ရေအရှိန်နှင့် ရေကျသံများမှာ ဝေါဝေါဝုန်းဝုန်းနှင့် မြည်ဟည်းနေလေသည်။

ဤနေရာသို့ တက်သောလမ်းလေးအတိုင်း လူရိပ်တစ်ရိပ် တက်လာသည်ကို တွေ့ရသောကြောင့် ရာဟုက လရောင်ဖြင့် မမြင်နိုင်သော တောင်ပူစာလေးဘေးရှိ ချုံထဲတွင် ဝင်နေလိုက်သည်။ မြေပြန့်အညီမှ တက်လာခြင်းဖြစ်သည်။





လရောင်က. တက်လာသော လူရိပ်ကို တဖြည်းဖြည်း ထင်ရှားစေရာ 'စာမရီ'၏ ချောမောသွယ်လျသော မျက်နှာလေးကို 'ရာဟု'တွေ့မြင်လိုက်ရလေတော့သည်။

ခန္ဓာကိုယ်မှာလည်း ကျစ်ကျစ်လျစ်လျစ် သွယ်သွယ်လျလျနှင့် ကြည့်ကောင်းလှသည်။ သူမ၏နောက်မှခေါ်သံတစ်သံ ကြားရသည်။

"သခင်မ . . သခင်မ စာမရီ အန္တရာယ်ရှိတဲ့နေရာတွေ မသွားပါနဲ့ ပြန်ဆင်းခဲ့ပါ"

စာမရီ၏အထိန်းတော် ထူးတာ၏အသံ ဖြစ်သည်။ စာမရီက သူ့ကိုရှာမတွေ့စေရန် ချုံတစ်ခုကို ကွယ်၍ပုန်းဖို့လုပ်နေသည်။ ထိုစဉ်မှာပင် ထူးဆန်းသော ဖြစ်ရပ်တစ်ခုက ဖြစ်ပွားသွားလေတော့၏။

ထိုချုံထဲတွင် ကြို၍စောင့်နေသော ယောကျာ်းတစ်ဦးက စာမရီ၏ခါးကိုဖက်ကာ သူ့ရင်ခွင်ထဲသို့

"သခင်မစာမရီ ဒီတစ်ခါတော့ ကျုပ်ကို ခွင့်လွှတ်ပါတော့"

"ရှင် . . ရှင် ဘာလုပ်တာလဲ ကျူးရဲ"

"စာမရီကို ကျုပ်စောင့်စားနေတာ သုံးနှစ်မကတော့ဘူး ဒီတစ်ခါတော့ သိမ်းပိုက်လိုက်တော့မယ်၊ စာမရီ ကျုပ်ရဲ့မိန်းမ ဖြစ်သွားရင် ဘာများငြင်းစရာ လိုတော့လဲ"

"အို . . ကျူးရဲ လွှတ် . . လွှတ်"



www.burmeseclassic.com

www.burmeseclassic.com



စာမရိက လူးလဲကာ ရုန်းသည်။ ကျူးရဲကလည်း သူ၏ သန်မာသော လက်မောင်းကြီးများဖြင့် ဖက်ထားလိုက်လေသည်။

"ကျုပ် စာမရိကို ချစ်တယ်"

"ကျွန်မ ရှင့်ကိုမချစ်ဘူး၊ ရှင် ဒီလိုအနိုင်ကျင့်ရင် ရှင် ကျွန်မကို ရမှာမဟုတ်ဘူး၊ မျိုးဖျက်ရန်သူ ဖြစ်သွားမယ် . . လွှတ် . . ရှင့်ရဲ့ ခုလိုလုပ်ရပ်ကြောင့် တစ်သက်လုံး ရှင့်ကို လှည့်ကြည့်မှာ မဟုတ်ဘူး"

"ကြည့်ကြည့် မကြည့်ကြည့် ခုတော့ ကျုပ် မင်းကို အပိုင်သိမ်းရမှာပဲ စာမရိ"

စာမရိ၏အားလေးဖြင့် ရုန်းသည်ကို လက်ကြမ်းကြီး ဖြင့်ဖက်ကာ သူ့ရင်ခွင်ထဲသို့ ဆွဲသွင်းနေသည်။

ရာဟုမှာ မိန်းကလေးတစ်ယောက်ကို မတရားအနိုင် ကျင့်နေသည်ကို သိရ၍ ရပ်ကြည့်မနေနိုင်တော့ဘဲ လှားခနဲ အောက်တစ်ဆင့် ခုန်ဆင်းကာ စာမရိ၏ခါးကို ဖက်ထားသည့် ကျူးရဲ၏လက်ချောင်းများကို လှန်ချိုးဆွဲဖယ်ကာ မျက်နှာကို သူ၏လက်ဖျံဖြင့် ရိုက်ချလိုက်တော့၏။

"မိန်းကလေးတစ်ယောက်ကို အနိုင်ကျင့်ချင်ဦးကွာ"

"အား"

စာမရိကို လွှတ်ပေးလိုက်ရကာ ကျူးရဲမှာ နောက်သို့ ခြေလှမ်းသုံးလှမ်းမျှ ယိုင်ထွက်သွားသည်။

"ဟေ့ကောင် . . မင်း ဘယ်သူလဲ၊ ဘာဝင်ရှုပ်တာလဲ ငါ သူ့ရဲ့ကောင်းကျူးရဲဆိုတာ မင်း မသိဘူးလား"





"မိန်းမတစ်ယောက်ကို အနိုင်ကျင့်တဲ့ကောင်က သူ့ရဲ့ ကောင်း ဖြစ်နိုင်မလားကွာ၊ သူ့ရဲကောင်းဆိုတာ ဖြောင့်မတ်ရ တယ်ကွ၊ သူများ မပေးတဲ့ပစ္စည်းကို မယူရဘူး"

ကျူးရဲမှာ စာမရိရှေ့တွင် ဖြစ်၍ ရှက်ရွံ့သွားကာ သူ့ ကျောမှ ပေါက်ဆိန်ကိုဖြုတ်ကာ ရာဟုကို လည်ပင်းအားချိန် ရွယ်ကာ ဖြတ်လိုက်သည်။ သူက ရာဟုကို လွယ်လွယ်နှင့်သတ် နိုင်လိမ့်မည်ဟု ထင်၏။

"သေပေတော့ကွာ . . လူပါးဝတဲ့ကောင်"

ရာဟုက အသာယိုင်ပေးလိုက်ရာ လည်တိုင်ကိုချိန်ရွယ် ကာ ပိုင်းခုတ်လိုက်သော ကျူးရဲ၏ကိုယ်ကြီးမှာ အရှိန်လွန်သွား သည်။

ရာဟု ထရပ်ရင်း ခြေတစ်ဖက်ကြွကာ ခြေစောင်းဖြင့် ကျူးရဲ၏နံကြားသို့ ကန်ချလိုက်သည်။

"အွန့်"

ကျူးရဲမှာ ဟန်ချက်ကို မထိန်းနိုင်တော့ဘဲ တောင်ပူစာ ပေါ်မှ အောက်သို့ ဒလိမ့်ခေါက်ကွေး လိမ့်ကျသွားလေတော့၏။ ယောကျာ်းနှစ်ယောက်၏ တိုက်ပွဲကိုငေးကာ ကြည့်ရှုနေသော စာမရိမှာ တောင်ကမူစွန်းဖျားတွင် ရောက်နေသည်။

ရာဟုက လှည့်ကြည့်လိုက်စဉ်မှာပင် လန့်ကာ နောက် သို့ ကိုယ်ကိုယိမ်းလိုက်ရာ တောင်ပူစာပေါ်မှ ရေတံခွန်အောက် ကန်ထဲသို့ ပြုတ်ကျသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အို"

"အား"

"ဝုန်း"

"ဟင်"

ရာဟုသည် တောင်ကြားမှကျနေသော ရေတံခွန်ကန်ကြီးထဲသို့ စာမရီပြုတ်ကျသွား၍ သူသည် နောက်မှလိုက်ကာ ခုန်ချလိုက်လေတော့သည်။

× × ×

ရေလုံးများလိမ့်ကာ တောင်အောက်ရေကန်ထဲတွင် လူးလိမ့်နေပြီးနောက် တစ်ဆင့်ထပ်၍ ပြုတ်ကျသွားသည်။ ထိုအခါတွင် စာမရီကို 'ရာဟု'လှမ်း၍ မြင်လိုက်ရသည်။

သူသည် အမီကူး၍ လိုက်ရာ မီလုမီခင်မှာပင် နောက်တစ်ဆင့် တောင်အောက်သို့ ထပ်၍ပြုတ်ကျသွားပြန်သည်။

"ဝေါ . . ဝေါ . . ဝေါ"

ရာဟုမှာလည်း ရေတွေမွန်နေသည်။ စာမရီသည် ပြေသွားသော တောင်ကြောသို့ရောက်၍ ရေစီးနှင့် ညင်သာစွာမျောနေရာ 'ရာဟု'က ကူး၍မီသွားကာ အညိုရောင်သားမွေးဝတ်စုံကိုဆွဲယူကာ ကမ်းစပ်သို့ကူးခတ် လာခဲ့တော့သည်။

စီးနေသော ရေရှိန်ကို ဆန့်ကျင်ကူးရသည်မှာ မလွယ်ပါ။ သို့သော် နောက်ဆုံးအဆင့်မှာ အသူတရာနက်သည့် ချောက်ကြီးထဲ ရေများစီးကျနေခြင်းဖြစ်၍ ဤတစ်ဆင့်တွင် မမီလျှင်





နှစ်ဦးလုံး ကျောက်ချွန်ကျောက်တက်များသော ချောက်ထဲသို့ကျကာ သေဆုံးသွားနိုင်လေသည်။

ကံအားလျော်စွာ ချောက်နှုတ်ခမ်းသို့ရောက်ရန် သုံးလေးလှမ်းစာအလိုတွင် ကမ်းစပ်မှ ကိုင်းမြက်ကိုဆွဲမိကာ ရာဟုသည် စာမရီ၏ခါးကိုဖက်ပြီး ကပ်လိုက်နိုင်သည်။

ထို့နောက် စာမရီ၏ကိုယ်ကို ခါးမှဖက်ကာ ကမ်းပေါ်သို့ လိမ့်တင်လိုက်သည်။ ပြီးတော့မှ သူက ဆွဲကာ တက်လိုက်လေသည်။

စာမရီမှာ သတိမေ့နေ၏။ လရောင်က သာနေသောကြောင့် တောင်ကုန်းနှင့်သစ်ပင်များကို မြင်နေရသည်။ ရေမွန်း၍ သတိမေ့နေသော စာမရီကို စောက်ထိုးထမ်းကာ မြက်ခင်းပေါ်တွင် 'ရာဟု'က ခုန်၍ ပြေးသွားသည်။

မကြာမီ သဘာဝသဲကျောက်ဂူလေးတွေ့၍ ထိုဂူလေးရှေ့တွင် ခေါက်ချိုးခေါက်ပြန်ထမ်းရာ ဗိုက်ထဲမှရေများ အန်ကာ စာမရီ၏သက်ပြင်းချသံ ပေါ်လာလေသည်။

"ဟင်း"

ရာဟုသည် သဲကျောက်ဂူလေးထဲသို့ ထိုးဝင်နေသော လရောင်အောက်တွင် စာမရီကိုပွေ့ချီသွားကာ ထူထဲသော မြက်ခင်းပေါ်တွင် အသာလှဲသိပ်လိုက်လေသည်။

"အိုး"

စာမရီထံမှ ထိတ်လန့်သံ ထွက်လာသည်။ သတိရလာခြင်းပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘယ်သူလဲ"

"ကျုပ်နာမည် ရာဟု၊ ခင်ဗျားကို လူတစ်ယောက် အနိုင်ကျင့်နေတာတွေ့လို့ ဝင်ကယ်တုန်း ခင်ဗျားက ရေတံခွန်ကန်ကြီးထဲကို ပြုတ်ကျတာ၊ နောက်တစ်ဆင့် ဆက်ပြုတ်ကျရင် ခင်ဗျားအသက် မရှိတော့ဘူး"

"ဩော်"

စာမရီမှာ အားနာသွားဟန်တူသည်။ သူမမျက်လုံးများမှာ ရှက်ကိုးရှက်ကန်း ဖြစ်နေသည်။

ယောကျ်ားပီသချောမောသော ရာဟု၏မျက်လုံးကြီးများကို ရင်မဆိုင်ရဲသလို ဖြစ်နေပြီး

"လူယုတ်မာလက်က ကယ်တာရယ်၊ ကျွန်မအသက်ကို မသေအောင် ကယ်တာရယ်မို့ ရှင့်ကို ဘယ်လိုကျေးဇူးဆပ်ရမှန်း မသိတော့ဘူး"

ရာဟုက ပြုံးလိုက်သည်။

"ဘယ်လိုမှ ကျေးဇူးဆပ်စရာ မလိုပါဘူး၊ ကျုပ်ကို ဘယ်တော့မှ ခင်ဗျား မေ့မပစ်ဘူးဆိုရင် ကျုပ်ကျေနပ်ပါပြီ"

"အို"

စာမရီမှာ သူမ သဘောကျသည့် ယောကျ်ားမျိုးကိုတွေ့ရ၍ ဟန်မဆောင်နိုင်တော့ပေ။ ထရပ်လိုက်ကာ ရာဟု၏ကိုယ်ကို တစောင်းမှီလိုက်သည်။

"ရှင်ကသာ ကျွန်မကိုပစ်ပြီး တစ်နေ့နေ့ ထွက်သွားမှာပါ"

မဉ္ဇိုးလက်ဆောင်စာပေ



ရာဟုက စာမရီကိုပွေ့ကာ သူ့ရင်ခွင်ထဲတွင် ဖက်ထားလိုက်လေတော့၏။

BURMESE CLASSIC

မဉ္ဇိုးလက်ဆောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သည့်နောက်တွင်ကား ကျူးရဲသည် အကျဉ်းသားဖြစ်သွား၏။ ကျန်းကျန်းနှင့် နိုဝင်သူများကို လက်မခံဘဲ ကြိုးများတုပ်ကာ တစ်ဖက်တောင်ကြား တောအုပ်တွင်ရှိသော ကျောက်ဖြူစံအိမ်သခင်မနှင့် တဲ့ပင်လူမျိုးစုခေါင်းဆောင်များ ရှိရာသို့ ဝါမနက ဦးဆောင်ကာ ပြန်အပ်လိုက်သည်။

တောင်သုံးလုံးလူမျိုးစုနှင့် ကျောက်ဖြူစံအိမ်မှ တဲ့ပင်လူမျိုးစုတို့ မည်သည့်အခါမျှ နယ်မြေကျူးကျော်မှုမပြု ဟူသောကတိကိုလည်း ပေးခဲ့လေသည်။

လွင်ပြင်ကိုထွက်ကာ ပြန်သွားသည့် တောင်သုံးလုံးလူမျိုးစုများကို ကြည့်နေစဉ် သူမအား လက်ပြနေသော တောင်ထိပ်ပေါ်မှ လူရိပ်နှစ်ခုကို တွေ့လိုက်ရ၏။

တစ်ယောက်မှာ စာမရှိနှင့် လိုက်သွားတော့မည့် 'ရာဟု' ဖြစ်၍ ကျန်တစ်ယောက်မှာ တောင်သုံးလုံးသခင်မ စာမရှိပင် ဖြစ်လေတော့၏။ ကျောက်ဖြူစံအိမ်သခင်မမှာ လက်မပြနိုင်ဘဲ ငေးငိုင်အံ့အားသင့် နေလေတော့၏။

ပြီးပါပြီ

*အိမ်းကြာ သိုက်*